


၂၀၂၀
အနာဂတ်
ဟောကိန်း
မောင်မိုးစည်
The WORLD in 2020
by HAMISH Mc.RAE

**ဒို့အာဇာနည်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိတ်ကူးချိုချိုစာအုပ်

မောင်မိုးစည်

# ၂၀၂၀ အနာဂတ်ဟောကိန်း

# The World in 2020

Hamish Mc.Rae

၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်

၂၀၂၀ အနာဂတ်ဟောကိန်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၀၅၁၀၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၃၉၀၁၁၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဆ.စ. ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ၊ ဇန်နဝါရီလတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

၃၄၈

မောင်မိုးစည်

၂၀၂၀ အနာဂတ်ဟောကိန်း / မောင်မိုးစည် ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၁၄၉ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

မူရင်းအမည် - The World in 2020 by Hamish Mc.Rae

(၁) ဘာသာပြန်သူ - မောင်မိုးစည်

(၂) ၂၀၂၀ အနာဂတ်ဟောကိန်း

## မာတိကာ


- နိဒါန်း ၁
ကြီးပွားရေး၏အရေးကြီးအချက် ၅
တိုးတက်ကြီးပွားရေး အရေးကြီးပုံ ၇
မည်ကဲ့သို့ ကြီးပွားလာကြသနည်း ၈
ပြောင်းလဲရေးအင်အားစုများ ၁၁
အသက်အရွယ်နှင့် ကြီးထွားမှု ၁၅
အသက်အရွယ်နှင့် တိုးတက်မှု ၁၇
အသက်အရွယ်နှင့်ကြီးပြင်းမှု ၂၀
အသက်ကြီးသူများနှင့် အသက်ငယ်သူများ ဘယ်လိုခြားနားသလဲ ၂၄
သက်ကြီးသက်ငယ် ဘယ်လိုခြားနားသလဲ ၂၆
ရှိခြင်းနှင့် မရှိခြင်းများ ၃၀
သဘာဝရင်းမြစ်များနှင့် ပတ်ဝန်းကျင်ပြဿနာ ရှိနိုင်သလား ၃၄
ကမ္ဘာကြီး အစားအစာလုံလောက်ပါ့မလား ၃၇
စွမ်းအင်လုံလောက်ရဲ့လား ၃၉
ကမ္ဘာကြီးက ကျွေးနိုင်ပါ့မလား ၄၃
ရေလုံလောက်ရဲ့လား ၄၄
သဘာဝပတ်ဝန်းကျင်အတွက် စိုးရိမ်ပူပန်မှုများ ၄၆
သဘာဝရင်းမြစ်များ၏နိုင်ငံရေး ၅၄
ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဈေးကွက်က ဖန်တီးပေးသည့် အခွင့်အရေးများ ၅၉
ဈေးကွက်ကဖန်တီးပေးသည့် အခွင့်အရေးများ ၆၃

ငွေစုဆောင်းသောနိုင်ငံများ ၆၆
ကုမ္ပဏီများပေါ် ရိုက်ခတ်မှု ၇၂
စီးပွားရေးစွန့်ဆောင်ရှင်များကို အားပေးခြင်း ၇၇
ရှေ့သို့မျှော်ကြည့်ခြင်း ၈၀
ကုန်သွယ်ရေးကို ဘယ်လောက် ရှေ့သို့ မြန်မြန်စီမံခန့်ခွဲနိုင်မလဲ ၈၃
ရှေ့သို့ ကြီးထွားတိုးတက်ရေး သို့မဟုတ် အခြေခံပြောင်းလဲရေးလား ၈၇
အီလက်ထရောနစ်ပြိုင်ပွဲ ၉၀
ပြိုင်ပွဲ ဆက်လက်ကျင်းပနေကြပြီ ၉၂
နည်းပညာသစ်တွေကို ဘယ်လိုသုံးမလဲ ၉၆
အစိုးရနှင့်အဖွဲ့အစည်း
သင်တန်းပေးခြင်းတို့ စီးပွားရေးလုပ်ငန်းအဖြစ် အစိုးရများက စဉ်းစားခြင်း ၉၈
အစိုးရပိုင်လုပ်ငန်းများ ကျဆုံးလာခြင်း ၁၀၀
ဆန္ဒမဲရှင်များက ပေးပါ့မလား ၁၀၀
ဒီမိုကရေစီနှင့်ပြဿနာ ၁၀၂
၂၀၂၀ မှာရှိမည့် ကမ္ဘာ့အခြေအနေ ၁၀၅
အမေရိကန်စီးပွားရေးနှင့် လုပ်ဆောင်ချက် ၁၀၉
အမေရိကန်စီးပွားရေးနှင့် ပုံသဏ္ဌာန် ၁၁၁
ရုပ်ပိုင်းဆိုင်ရာ ဆက်လက်တည်ရှိနေဦးမည် ၁၁၄
ရွေးချယ်စရာများ ၁၁၇
ဥရောပ ၁၂၀
အသင်းအဖွဲ့တစ်ခုသာဖြစ်ပြီး ရုပ်ဝတ္ထုမဟုတ် ၁၂၀
ဗြိတိန်နှင့် အိုင်ယာလန် ၁၂၅
အနောက်ဥရောပ ၁၂၆
အရှေ့အာရှ အာရှတိုက်ခေါင်းဆောင်ရွေးပွဲ ၁၃၀
ကမ္ဘာပေါ်တွင် အကြီးမားဆုံးစီးပွားရေးအင်ပါယာ- ဂျပန် ၁၃၃
တရုတ်ဘီလူးကြီး နိုးကြားလာခြင်း ၁၃၇
ကျားအပေါင်းနှင့် အသစ်များ ၁၃၉
အနောက်နှင့်ဆက်ဆံရေး ၁၄၅
၂၀၂၀ နောက်ပိုင်းအခြေအနေ (နိဂုံးချုပ်) ၁၄၆

## နိဒါန်း

### (၁)

လူတိုင်းသည် မိမိ၏ရှေ့ရေး(အနာဂတ်)တွင် ဘာတွေဖြစ်လာနိုင်သည်ကို ကြိုတင်သိရှိလိုကြသည်။ အတိအကျမဟုတ်သည့်တိုင် ယေဘုယျလောက်တော့ ခန့်မှန်းချင်သည်။ သို့မှသာ ဆင်ခြင်တွေးတောနိုင်မည်၊ ကြိုတင်ပြင်ဆင်ထားနိုင်မည်။ သို့နှင့် ဗေဒင်ပညာဆိုတာ ပေါ်လာသည်ဟုဆိုသည်။ အနာဂတ်ဝါဒီများ (Futurists) ခေတ်စားနေသည်မှာ အံ့သြစရာမဟုတ်ချေ။

### (၂)

၁၉၉၈ ခုနှစ် ဇူလိုင်လထဲမှာ ဂျပန်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတော်အစိုးရပြည်ထဲရေးဝန်ကြီးဌာနက "Top Managers Seminar" ရွေးချယ်စေလွှတ်ခြင်းခံခဲ့ရသည်။

တစ်နေ့တွင် တိုကျိုမြို့၌ မီးသတ်သင်တန်းတက်ရင်း အလုပ်လုပ်နေသူ ကိုဇော်ဝင်းစိုးကို မထင်မှတ်ဘဲ တွေ့ရသဖြင့် သူရော ကျွန်တော်ပါ ဝမ်းသာကြရသည်။ သူက ကျေးလက်မှသည် ရန်ကုန်၊ ရန်ကုန်မှသည် ဂျပန်သို့ရောက်လာခဲ့သည်ကို ပွင့်လင်းစွာပြောပြသည်မှာ ကျွန်တော့်အတွက် မှတ်သားစရာဖြစ်နေသည်။

သူ့ကို ကျွန်တော် မမေ့နိုင်သည်မှာ စီးပွားရေးလောကတွင် ဂုရုကြီးတစ်ဆူဟု နာမည်ကျော်ကြားပြီး လေးစားခြင်းခံနေရသည့် စာရေးဆရာ HAMISH McRAE ရေးသားသော THE WORLD in 2020 (Power, Culture In Prosperity: A Vision of the Future) စာအုပ်ကို လက်ဆောင်ပေးလိုက်သောကြောင့်ဖြစ်၏။ စာရေးသူက ဤစာအုပ်ကိုရေးဖြစ်ခြင်းမှာ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ဆောက်စဖို့ ညီလာခံဆွေးနွေးပွဲတွင် စိတ်ကူးရခြင်းဖြစ်ကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများနှင့် လာမည့်နှစ်ပေါင်း ၃၀ အတွင်း တိုးတက်လာနိုင်သည့် တိုင်းပြည်များအား ထေခန်

ဆန်းစစ်ထားကြောင်း ပဏာမ ရေးသားထားသည်။ ဤသို့ ဝေဖန်ဆန်းစစ်ရာ၌ ကမ္ဘာကြီးကို သုံးပိုင်းခွဲထားရာ မြောက်အမေရိက၊ ဥရောပနှင့် အရှေ့အာရှတို့သည် အကျယ်အပြန့်ဆုံးဒေသဖြစ်သည်။ လက်တင်အမေရိက၊ အာဖရိကအရှေ့အလယ်ပိုင်းနှင့် အိန္ဒိယတိုက်ငယ်တို့သည် ဆက်စပ်နေသောဒေသအဖြစ် ပိုင်းခြားထားသည်။ ထိုဒေသများသည် လူ့အခွင့်အရေး၊ လူမှုရေးနှင့် နိုင်ငံရေးတို့တွင် အလွန်အမင်း အရေးကြီးသည်။ သို့သော် ထိုနိုင်ငံများသည် (အရှေ့အလယ်ပိုင်းဒေသ ရေနံမြေမှ လွဲ၍) စီးပွားရေးကုန်ထုတ်သူများ သို့မဟုတ် မျိုးဆက်တစ်ဆက်အတွင်း စီးပွားရေးတွက် ခြေကိုက်ထုတ်လုပ်သူများ မဟုတ်ကြသေးပေ။ ကမ္ဘာပေါ်တွင် ဒုတိယလူဦးရေ အများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံကပင်လျှင် နောင်နှစ်ပေါင်း ၃၀ ကျော်မှ စီးပွားရေးတိုးတက်မည့်လက္ခဏာရှိ၏။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးအာဏာကို ချုပ်ကိုင်နိုင်ခြေတော့မရှိပေ။ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် တရုတ်နိုင်ငံသည် ၁၉၉၄ ခုနှစ်ထက် တိုးတက်လာပြီး ကမ္ဘာ့စီးပွားရေးကို ခြယ်လှယ်နိုင်မည့်အခြေအနေရှိသည်။

(၃)

နောင်နှစ်ပေါင်း ၃၀ တွင် တိုင်းပြည်တစ်ပြည်၏ အောင်မြင်မှု သို့မဟုတ် ကျဆုံးမှုသည် တိုးတက်မှုရှိ၊ မရှိပေါ်တွင် မူတည်မည်ဖြစ်သည်။ နောက်မျိုးဆက်သစ်များ လက်ထက်၌ လူနေမှုအဆင့်အတန်းနှင့် ဘဝတန်ဖိုးတိုးတက်ရန် အလားအလာများ ရှိသည်။ အချို့နိုင်ငံများတွင် အနည်းငယ် ချမ်းသာကြွယ်ဝလာပြီး အချို့ကမူ ကမောက်ကမဖြစ်၍ ရှုပ်ထွေးနေမည်ဖြစ်သည်။ ကျဆင်းလျက်ရှိသော လူနေမှုအဆင့်အတန်းက တိုင်းသူပြည်သားများအပေါ် ရိုက်ခတ်လျက်ရှိသည်။ မည်သည့်နိုင်ငံများ တိုးတက်အောင်မြင်ပြီး မည်သည့်တိုင်းပြည်တွင် ဆုတ်ယုတ်မည်ဆိုသည်ကို ထိုနိုင်ငံများ၏ လက်ရှိအခြေအနေနှင့် အတိတ်ကာလကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပေသည်။ အချို့နိုင်ငံများက အခြားတိုင်းပြည်အပေါ် ဘာကြောင့်ကျော်တက်ချင်ကြသလဲ။ ထိုနိုင်ငံများသည် သူတို့၏ လူမှုအဆင့်အတန်းတိုးတက်အောင် ကြိုးစားရုံသာမက ဩဇာအာဏာတိုးတက်ပြီး လွှမ်းမိုးရန် ကြံစည်ခြင်းသာဖြစ်၏။

ထိုနိုင်ငံများ ဘယ်လိုယှဉ်ပြိုင်ကြသလဲ။ ယှဉ်ပြိုင်ခြင်းကြောင့် နောင်မျိုးဆက်သစ်တို့၏ ခေတ်တွင် ဘယ်လိုပြောင်းလဲသွားလဲဆိုသည်ကို ဆန်းစစ်သင့်သည်။ မြောက်အမေရိက၊ ဥရောပနှင့် အရှေ့အာရှဒေသတို့တွင် လူမှုအဖွဲ့အစည်းတို့ကို ချဉ်းကပ်ရာ၌ ကွဲပြားခြားနားမှုများရှိနေသည်မှာ ထင်ရှား၏။ ထိုဒေသသုံးခုကို နည်းလမ်းသုံးမျိုးဖြင့် ချိန်ထိုးကြည့်လျှင် အကောင်းဆုံးဖြစ်၏။ ဂျီဒီပီ (ပြည်တွင်းကုန်ထုတ်လုပ်

မူတန်ဖိုး)အချိုးအစားသည် နိုင်ငံတော်အစိုးရမှတစ်ဆင့် တာဝန်ယူထားသည်။ ဈေးကွက်စီးပွားရေးမှုအနေအထားက ရင်းနှီးမြှုပ်နှံမှုအတွက် ရန်ပုံငွေရစေရန် လှုံ့ဆော်ပေးသည်။ အထက်တန်းပညာတတ်လူငယ်များအချိုးအစားက လူသားဖွံ့ဖြိုးတိုးတက်မှုကို စိတ်ပါစေသည်။

မြောက်အမေရိကနှင့် အရှေ့အာရှဒေသနှစ်ခုစလုံးတွင် ပြည်သူများသုံးစွဲငွေသည် ဥရောပထက် ဂျီဒီပီနိမ့်ကျသဖြင့် နည်းပါးကြောင်း ထင်ရှား၏။ ဥရောပတွင် အစိုးရဘဏ္ဍာငွေအပေါ် အမှီပြုသည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအာမခံစနစ်များရှိသဖြင့် ပြည်သူများ၏သုံးစွဲငွေသည် ၆၀ ရာနှုန်းအထိရှိကြောင်း လေ့လာတွေ့ရှိရသည်။ အရှေ့အာရှဒေသများသည် ဈေးကွက်စီးပွားရေးမှုအမြင့်မားဆုံးဖြစ်၍ အမေရိကနှင့် အချမ်းသာဆုံး အာရှနိုင်ငံများသည် ဥရောပနိုင်ငံများထက် ပို၍ စိတ်ဖိစီးမှုခံကြရသည်။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံများရှိ လူများသည် တတိယအဆင့်ပညာရေးကိုသာ သင်ကြားကြသောကြောင့်ဖြစ်၏။ မြောက်အမေရိကပညာရေးစနစ်သည် ဥရောပ သို့မဟုတ် အရှေ့အာရှပညာရေးစနစ်ထက် အရည်အချင်းပိုမိုမြင့်မားသော ပညာရေးကို မပေးနိုင်ချေ။ ပညာရေးကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများကို နှိုင်းယှဉ်ကြည့်သောအခါ အဝင်ထက် အထွက်က ပိုများနေသည်ကို တွေ့ရ၏။

**ယခုကမ္ဘာကြီး ဘယ်မှာရပ်တည်နေသလဲ?**

**ဘာကြောင့် တိုင်းပြည်တွေ တိုးတက်လာသလဲ?**

အရှေ့အာရှတိုင်းပြည်များတွင် ဒီမိုကရေစီစနစ်နှင့် အာဏာရှင်နိုင်ငံဟူ၍ နိုင်ငံရေးအခြေခံများ ကွဲပြားခြားနားကြသည်။ ထိုနိုင်ငံများသည် မည်သည့်လမ်းကြောင်းကို လျှောက်မည်ဟု လက်တွေ့ဆုံးဖြတ် လုပ်ကိုင်ကြသည်။ လူမှုရေးကိစ္စများတွင် ပျော့ပျောင်းညင်သာသင့်သည်ဟု ယုံကြည်ကြပြီး ပညာရေးကို အလေးထားကြသည်။

ထိုတိုင်းပြည်များ၏ တိုးတက်မှုနှုန်းကို ခန့်မှန်းမည်ဆိုလျှင် ၎င်းတို့မျှော်မှန်းထားသောလမ်းကို မည်မျှအထိ တက်လှမ်းနိုင်သည်ကိုကြည့်၍ ဆုံးဖြတ်လေ့ရှိ၏။ ဖွံ့ဖြိုးပြီးတိုင်းပြည်များ တစ်ပြည်နှင့်တစ်ပြည် တိကျစွာတူညီမှုမရှိသော်လည်း ထိုတိုင်းပြည်စီးပွားရေးတိုးတက်စေသည့် မောင်းနှင်အားက ဘာလဲဆိုသည်ကိုတော့ ကျွန်တော်တို့ သိနိုင်သည်။

နိုင်ငံများက အချင်းချင်းလေ့လာကြသည်။ ထိုနိုင်ငံများ ဘယ်လိုစခန်းသွားနေသည်ကို သတင်းအဖြစ် ကမ္ဘာတစ်ဝန်းလုံး သိနေကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် နိုင်ငံများချမ်းသာအောင် ကြိုးပမ်းသည့်အလားအလာများကို ကျယ်

ပြန့်ပွားသိခွင့်ရပြီး ဘယ်လိုအဆင့်အထိ ပြောင်းလဲတိုးတက်လာသည်ကိုလည်း လေ့လာကြသည်။ တစ်နည်းအားဖြင့် ချမ်းသာသောစက်မှုနိုင်ငံများက ဆင်းရဲပြီး ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများနှင့် နီးကပ်စွာဆက်ဆံပြီး ကွာဟချက်များကို တွေ့ရှိကြရသဖြင့် ပိုမိုကျယ်ပြန့်လာကြသည်။ အရှေ့တောင်အာရှရှိ လက်တစ်ဆုပ်စာမျှရှိသောနိုင်ငံများကသာလျှင် ကွာဟချက်ကို ကျော်လွှားနိုင်ကြသည်။ စင်ကာပူမှ အာဏာရနိုင်ငံရေးသမား လီကွမ်ယုကဲ့သို့ ခေါင်းဆောင်မျိုးကတော့ သူတိုင်းပြည်မှာ စည်းကမ်းရှိသဖြင့် အလုပ်ကြိုးစားသောကြောင့် တိုးတက်လာပုံကို ရှင်းပြနိုင်ပေလိမ့်မည်။ ဂျပန်မှာတော့ ယဉ်ကျေးမှုနှင့်တစ်ပြိုင်တည်းသော မျိုးရိုးဗီဇ တိုးတက်နေ၏။ တစ်နည်းအားဖြင့် စီးပွားရေးသီအိုရီအရ ဒေသတွင်းရှိ နိုင်ငံတိုင်းက ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုအပေါ် အကဲဖြတ်ကြသည်။ သို့သော် ဤချဉ်းကပ်နည်းများသည် အကူအညီသိပ်မရ၊ ဘာကြောင့်လဲဆိုသည့်မေးခွန်းကို သူတို့မဖြေနိုင်ကြသောကြောင့် ဖြစ်၏။ အရှေ့အာရှသည် ဘာကြောင့် မိမိဘာသာ စည်းကမ်းလုပ်သနည်း။ အမျိုးတူ ယဉ်ကျေးမှု ဘာကြောင့်ကြီးထွားလာသည်ကို မေးခွန်းထုတ်သင့်သည်။ အကယ်၍ ပညာရေးသည် သည်လောက်အရေးကြီးသည်ဟုဆိုလျှင် ဘာကြောင့် အကျိုးသက်ရောက်မှုမသေချာသော ရင်းနှီးမြှုပ်နှံမှုဟု ပြောကြသနည်း။ လျင်မြန်သောကြီးထွားလာသော အသင်းအဖွဲ့များတွင် တူညီသောလက္ခဏာများရှိကြောင်း ကျွန်တော်တို့ သတိထားကြ၏။ ထိုတူညီသော သို့မဟုတ် ဘုံလက္ခဏာများကို အရှေ့တောင်အာရှမှာ တွေ့ကြရသည်။ အရေးပေါ် အစီအစဉ်ဖွင့်ဆိုချက်သည် ချေတာစုဆောင်းမှုဖြင့် တက်လာသည့်အပြင် အလုပ်ကြိုးစားမှုကိုလည်း ဖြစ်ပေါ်စေသည်။ သို့သော်လည်း အသင်းအဖွဲ့များသည် ဤလက္ခဏာများ ဘာကြောင့်ဖွံ့ဖြိုးတိုးတက်လာသည်ကို အနည်းငယ်သာ သဘောပေါက်နားလည်၏။

ဥရောပနှင့် မြောက်အမေရိကကဲ့သို့သော စက်မှုနိုင်ငံဟောင်းများသည် ၂၁ ရာစု လေးပုံတစ်ပုံအရောက်တွင် ဖွံ့ဖြိုးတိုးတက်လာသော စက်မှုနိုင်ငံသစ်များ အထူးသဖြင့် ဂျပန်ထံမှ သင်ခန်းစာများ ရယူနေကြရသည်။ နောက်ရာစုသစ်တွင် စက်မှုနိုင်ငံများသည် အချင်းချင်း အပြန်အလှန်လေ့လာနိုင်မည်လား။ သူတို့၏အရည်အချင်းပြည့်ဝရေးသာမက သူတို့၏အသင်းအဖွဲ့များအားလုံး ပိုမိုအရည်အချင်းပြည့်ဝလာစေရန် ဘယ်လိုလုပ်မည်နည်းဆိုတာကိုပါ လေ့လာကြမည်ဖြစ်၏။

●




## ကြီးပွားရေး၏အရေးကြီးအချက်

အရည်အချင်းပြည့်ဝရေးကို သည်လောက် အဓိပ္ပာယ်များများ ဖွင့်ဆိုနေကြသည်မှာ အရည်အချင်းပြည့်ဝခြင်း သို့မဟုတ် အရည်အချင်းပြည့်ဝမှုက ပေးအပ်သည့် တိုးတက်မှုကို တောင်းဆိုရန်မဟုတ်ချေ။ အနည်းငယ်တော့ဆန်းသည်။ တကယ်တော့ အဓိကအငြင်းပွားမှုတိုးတက်လာနေသည်မှာ အကယ်၍ စီးပွားရေး တိုးတက်မှုက လူနေမှုတိုးတက်ရေးကို အထောက်အကူပြုသည်။ လူမှုရေးနှင့် ပတ်ဝန်းကျင်များနှင့်လည်း ပတ်သက်သည်ဟု ယူဆပြောဆိုငြင်းခုံနေကြခြင်းဖြစ်သည်။ ပြဿနာပေါင်းများစွာတွင် သဘာဝပတ်ဝန်းကျင်ကိစ္စလည်း ပါဝင်နေပြီး စီးပွားရေးတိုးတက်မှုက ယင်းပြဿနာများကို ဖြေရှင်းနိုင်ရပေမည်။ ကြီးပွားတိုးတက်ခြင်းတစ်ခုတည်းနှင့်တော့ ပျက်စီးကျဆုံးသွားနိုင်သည်ဟု ယခင်ဆိုဗီယက်ပြည်ထောင်စုခေတ်က စီးပွားရေးပိတ်ဆို့မှုဝါဒက သက်သေပြနေ၏။ အရေအတွက်အရ စီးပွားရေးပန်းတိုင်ဆီသို့ မျက်ကန်းတစ္ဆေမကြောက်သွားနေလျှင် ပတ်ဝန်းကျင်ညစ်ညမ်းမှု အလွန်အကျွံဖြစ်ပေါ်ခြင်း၊ ဘဝမျှော်လင့်ချက်များကျဆုံးခြင်း၊ လာဘ်ပေးလာဘ်ယူမှုနှင့် စိတ်ဆင်းရဲခြင်းတို့ ဖြစ်ပေါ်စေသည်။ သို့သော် ကြီးပွားရေးပြဿနာအားလုံးကို ဖြေရှင်းမပေးနိုင်လျှင် ကြီးပွားရေးမရှိခြင်းကြောင့် ပြဿနာကို ဖြေရှင်းကိုင်တွယ်ရန် ပိုမိုခက်ခဲလိမ့်မည်။

ပိုမိုချမ်းသာကြွယ်ဝလာခြင်းသည် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာ

သည့် အကြောင်းတစ်ရပ်သာမကဘဲ စားသုံးသူများက ပိုမိုဝယ်ယူခြင်း၊ သို့မဟုတ် ပညာရေးနှင့် ကျန်းမာရေးဘက်တွင် ငွေကြေးပိုမိုသုံးစွဲခြင်းများ ဖြစ်လာသည်။

ကြီးပွားခြင်းကြောင့် ဩဇာအာဏာလည်းရှိလာသည်။ အကြောင်းကတော့ ကမ္ဘာ့နိုင်ငံရေးအနေအထားကို ပြောင်းလဲပစ်နိုင်သောကြောင့်ဖြစ်၏။ ၂၀ ရာစုနှစ်ကို အမေရိကန်၏ရာစုနှစ်ဖြစ်သည်ဟု ပြောဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်စီးပွားရေးအရှိန်အဝါသည် ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်မှုကို သက်ရောက်စေသောကြောင့်ဖြစ်၏။ နောက်ရာစုနှစ်စောစောပိုင်းတွင် အမေရိကန်၏စီးပွားရေး ပြန်လည်ကျဆင်းလာနိုင်ပြီး တရုတ်နိုင်ငံက ကျော်တက်သွားနိုင်သည်။

၁၉၈၀ ခုနှစ်က တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် စီးပွားရေးအတိုးတက်ဆုံး လမ်းကြောင်းပေါ်သို့ ရောက်ခဲ့သည်။ တရုတ်နိုင်ငံအပြင်ဘက်တွင် တရုတ်လူမျိုးများသည် စီးပွားရေးလုပ်ငန်းများ အောင်မြင်နေကြသည်ကို တရုတ်ခေါင်းဆောင်များက သတိပြုမိကြသည်။ တရုတ်(ထိုင်ဝမ်)၊ စင်ကာပူနှင့် ဟောင်ကောင်တို့တွင် တရုတ်လူမျိုးများက အဓိကစီးပွားရေးသော့ချက်များကို ကိုင်တွယ်ထားကြပြီး ဂျပန်၏ စီးပွားရေးတိုးတက်မှုနောက်ကို အမီလိုက်နေကြသည်။ သို့သော် တရုတ်ပြည်မကြီးမှာမူ ထိုလူမျိုးများပင် စီးပွားရေးကျဆင်းနေကြသည်။ စီးပွားရေးယိုင်လဲနေရုံသာမက ပြည်သူလူထုကို ကျွေးမွေးရန်ပင် အခက်အခဲတွေ့နေရသည်။ ၁၉၇၉ ခုနှစ်တွင် တိန့်ရှောက်ဖိန်က စီးပွားရေးပြုပြင်ပြောင်းလဲမှုများ တသီတတန်းကြီး ပြုလုပ်လိုက်သဖြင့် စီးပွားရေးတိုးတက်လာသည့်အပြင် ၁၉၈၀ ခုနှစ်များတွင် တရုတ်ပြည်သည် စီးပွားရေးတိုးတက်မှုအမြန်ဆုံးနိုင်ငံဖြစ်လာသည်။

●



## တိုးတက်ကြီးပွားရေး-အရေးကြီးပုံ

တရုတ်အစိုးရသည် လွတ်လပ်သောဈေးကွက်စီးပွားရေးကို ဖော်ဆောင်နိုင်မည့် စီးပွားရေးအထူးဇုန်များကို ဖန်တီးလိုက်ရာ ၁၉၈၀ ခုနှစ်များတွင် တရုတ်တစ်နိုင်ငံလုံးသို့ ကျယ်ပြန့်သွားသည်။ လူဦးရေသန်းပေါင်း ၁၂၀၀ ကျော်ရှိသော တရုတ်ပြည်အနေဖြင့် ၎င်း၏တိုးတက်မှုကို ထိန်းထားနိုင်လျှင် အမေရိကန်ထက် ပြည်တွင်းအသားတင်ထုတ်လုပ်မှု (ဂျီဒီပီ) ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ ၁၉၈၀ ခုနှစ်များတွင် မျှော်မှန်းထားသည်ထက် တစ်ဝက်မျှသာ တိုးတက်သည်ဆိုဦးတော့ ၂၀၁၄ ခုနှစ်တွင် တရုတ်ပြည်သည် အမေရိကန်ထက် ပိုမိုအောင်မြင်လာမည်ဟု ခန့်မှန်းထားကြသည်။ ၂၀၂၀ ခုနှစ်တွင် ကမ္ဘာပေါ်တွင် စီးပွားရေးအတိုးတက်ဆုံးနိုင်ငံများအနက် တရုတ်နိုင်ငံကို ၎င်း၏နိုင်ငံရေးမူဝါဒများကြောင့် ခန့်မှန်းအကဲခတ်ရန်ခက်ခဲသည်။ ကမ္ဘာ့နိုင်ငံရေးလောကတွင်မူ တရုတ်ပြည်၏နိုင်ငံရေးကို အကျွမ်းတဝင်သိထားကြသည်။

စီးပွားရေးဝေါဟာရသက်သက်ဖြင့်ပြောရလျှင် အသေးစားစီးပွားရေးလုပ်ငန်းများ၏အခြေအနေသည် မယုံကြည်နိုင်လောက်အောင်ပင် ပြောင်းလဲသွားနိုင်သည်။ အာကျင်တီးနားနှင့် စင်ကာပူနိုင်ငံများ၏အခြေအနေကို ပြန်လည်သုံးသပ်ကြည့်လျှင် ပထမကမ္ဘာစစ်မဖြစ်မီက အာကျင်တီးနားနိုင်ငံသားများသည် ချမ်းသာသောနိုင်ငံသားစာရင်းတွင် ပါဝင်ကြပြီး အမေရိကန်နှင့်ယှဉ်လျှင် ဒုတိယနေရာတွင်ရှိခဲ့သည်။ ထိုအခြေအနေကိုသာ ဆက်လက်ထိန်းထားနိုင်ပါက ယခုအခါ ဗြိတိန် သို့မဟုတ် အီတလီတို့လောက်အရွယ်အစား ဖြစ်လာနိုင်ခြေရှိသည်။ လူနေမှုအဆင့်အတန်းမှာမူ ဂျာမနီ သို့မဟုတ် ဂျပန်တို့ထက် နောက်ကျသာနေသည်။ အာကျင်တီးနား၏စီးပွား

ရေးသည် အကြမ်းဖျင်းအားဖြင့် နော်ဝေး၏ အရွယ်ပမာဏရှိနေပြီး ဆွစ်ဇာလန်၏ ဆယ်ပုံတစ်ပုံခန့်ရှိနေသည်။ သို့ရာတွင် ယခုအခါ အာကျင်တီးနားနိုင်ငံသားများသည် ဟန်ဂေရီနိုင်ငံသားများထက်ပင် ဆင်းရဲနေကြသည်။

စင်ကာပူသည် ဗြိတိန်၏ ကုန်သွယ်မှုပြုလုပ်ရာနေရာဖြစ်ပြီး ၁၉၀၀ ပြည့်နှစ်တွင် အင်္ဂလိပ်စစ်စခန်းချထားခဲ့သည့်ဒေသဖြစ်၏။ လူဦးရေမှာ ၂၂၀၀၀၀ သာရှိ၏။ ၁၉၅၀–၆၀ ခုနှစ်များတွင် ဗြိတိသျှအုပ်ချုပ်မှုအောက်မှာသာရှိနေသေးပြီး စီးပွားရေးတည်ငြိမ်စပြုလာပြီး၊ ၁၉၇၀ ခုနှစ်တွင် တစ်ဦးချင်းဝင်ငွေသည် ဒေါ်လာ ၉၅၀ ရှိလာသည်။ ၁၉၆၅ ခုနှစ်တွင် မလေးရှားမှခွဲထွက်ပြီးနောက် ခေတ်မီစက်မှုနိုင်ငံအဖြစ် အံ့ညြဖွယ်ရာ ပြောင်းလဲတိုးတက်လာခြင်းဖြစ်သည်။ ၁၉၉၀ ခုနှစ်တွင်မူ တစ်ဦးချင်းဝင်ငွေသည် ဒေါ်လာ ၁၂၃၂၀ အထိရှိလာပြီး လူတိုင်းအလုပ်အကိုင်နှင့်ဖြစ်လာကာ အိုးရာတော်ကျက်လိုငွေပြလာခဲ့သည်။ အောင်မြင်နေသော စက်မှုနိုင်ငံအများစုကဲ့သို့ပင် လူမှုရေးပြဿနာ နည်းပါးသည်။ ၂၁ ရာစုနှစ်ကုန်ခါနီးအချိန်တွင် စင်ကာပူ၏ တစ်ဦးချင်းဝင်ငွေမှာ ဗြိတိန်ထက်ပင် သာလွန်သွားနိုင်သည်။



## မည်ကဲ့သို့ ကြီးပွားလာကြသနည်း

စီးပွားရေးတိုးတက်မှုသည် နိုင်ငံတစ်ခုစီအလိုက် မတူညီသောနည်းလမ်းများဖြင့် ဖြစ်ပေါ်လာကြောင်း ဦးစားပေးသိထားရန်လိုအပ်သည်။ စက်မှုနိုင်ငံမဖြစ်သေး

သည့် ပြင်သစ်၊ ဗင်းနစ်မြို့ပြနိုင်ငံ၊ ခေတ်သစ်ဟောင်ကောင်နှင့် နယူးဒေလီတို့ကို နမူနာအဖြစ် လေ့လာကြည့်မယ်ဆိုပါက စက်မှုတော်လှန်ရေးမတိုင်မီက ဓနဥစ္စာသည် အခြေခံအားဖြင့် မြေယာ သို့မဟုတ် ကုန်သွယ်မှုမှဖြစ်ပေါ်လာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ၁၅၀၀ ပြည့်နှစ်တွင် ပြင်သစ်သည် ဗြိတိန်ထက် အကြမ်းဖျင်းအားဖြင့် နှစ်ဆမျှချမ်းသာသည်။ အဘယ့်ကြောင့်ဆိုသော် မြေယာကောင်းများ အကျိုးကျေးဇူးကြောင့်ဖြစ်သည်။ သို့သော် ဗင်းနစ်မြို့ပြနိုင်ငံသည် မြေယာလုံးဝမရှိဘဲ လက်မှုပညာနှင့် ကုန်သွယ်ရေးကြောင့် ပြင်သစ်ထက် နှစ်ဆချမ်းသာသည်ကို တွေ့ရ၏။ ထို့အတူပင် ၁၉၉၁ ခုနှစ်တွင် နယူးဒီလန်နှင့် ဟောင်ကောင်တို့သည် အကြမ်းဖျင်းအားဖြင့် လူတစ်ဦးချင်းဝင်ငွေတူညီခဲ့သော်လည်း ချမ်းသာကြွယ်ဝမှုကတော့ အလွန်ခြားနားနေသည်။ နယူးဇီလန်တွင် မြေယာအမြောက်အမြားရှိသည်။ သို့သော် လူအနည်းငယ်နှင့် ကျွမ်းကျင်စရိတ်သက်သာသော စိုက်ပျိုးထုတ်လုပ်သူများသာလျှင် ၂၀ ရာခိုင်နှုန်းခန့် နိုင်ငံခြားပို့ကုန်အဖြစ် ရောင်းချနိုင်သည်။ (ဥပမာ သစ်၊ ခတ်သတ္တု၊ သား၊ ငါး၊ မွေးမြူရေးခြံထွက်ပစ္စည်းများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် ဖျော်ရည်များပါ ပေါင်းထည့်လျှင် ၇၀ ရာခိုင်နှုန်းအထိရှိနိုင်သည်။) အခြားတစ်ဖက်တွင် ဟောင်ကောင်သည် မြေယာအနည်းငယ်သာရှိပြီး ကမ္ဘာပေါ်တွင်လူဦးရေအနည်းငယ်ရှိသည့်အပြင် စက်မှုထုတ်ကုန်ပစ္စည်းများသာ ထုတ်လုပ်ခြင်းကြောင့် ၎င်း၏ ပို့ကုန်ပမာဏမှာ ၉၀ ရာခိုင်နှုန်းရှိသည်။ ၁၆ ရာစုက နယူးဇီလန်သည် ပြင်သစ်နှင့် တူပြီး ဟောင်ကောင်ကဗင်းနစ် မြို့ပြနိုင်ငံနှင့် တူညီခဲ့သည်။

ဥရောပတိုက်အတွင်း ယဉ်ကျေးမှုနှင့်အတူ လူနေမှုအဆင့်အတန်းတူသည့် နိုင်ငံများပင်လျှင် ကွဲပြားခြားနားသောနည်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြရ၏။ ဂျာမနီ၏ ပြည်ပပို့ကုန်ဝင်ငွေသည် ထုတ်ကုန်ပစ္စည်းများမှရရှိပြီး ပြင်သစ်ကမူ ခရီးသွားလုပ်ငန်းမှရရှိသည်။ နော်ဝေးနိုင်ငံသည် ပြည်ပပို့ကုန်ဝင်ငွေ ၃၃ ရာခိုင်နှုန်းမှ စက်သုံးဆီနှင့် ဓာတ်ငွေ့မှရရှိသည်။ ၁၉၉၁ ခုနှစ်တွင် စကော့တလန်သည် စကော့ဝီစကီ တင်ပို့ရောင်းချခြင်းတစ်ခုတည်းမှပင် ပေါင်သန်း ၁၈၀၀ ရရှိခဲ့သည်။ အိုင်ယာလန်ကလည်း ဝီစကီနှင့် အဖျော်ယမကာ တင်ပို့ရောင်းချခြင်းတစ်မျိုးတည်းမှာပင် ဝင်ငွေရရှိသည်။ စက်မှုတော်လှန်ရေးခေတ်ဆီက ဗြိတိန်နိုင်ငံသည် ပထမဦးဆုံးသော စက်မှုနိုင်ငံဖြစ်ခဲ့ပြီး ကုန်ပစ္စည်းများကို အလုံးအရင်းဖြင့် ထုတ်လုပ်လိုက်သောအခါ ချမ်းသာကြွယ်ဝလာတော့သည်။ စက်ရုံစနစ်၏ စွမ်းအင်ကိုလည်း ကမ္ဘာကို ပြသနိုင်ခဲ့သည်။ ဗြိတိန်၏ မော်ဒယ်လ်ကိုအတုယူပြီး အနောက်ဥရောပနိုင်ငံများ၊ မြောက်အမေရိကနှင့် ဂျပန်တို့က တိုးတက်ကောင်းမွန်အောင် ပြုလုပ်လာကြသဖြင့် ယခုတိုင်

အမိကစက်မှုနိုင်ငံများအဖြစ် ရပ်တည်နေနိုင်ကြ၏။ ချမ်းသာကြွယ်ဝဖို့လမ်းသည် စက်မှုနိုင်ငံအဖြစ် လျင်မြန်နိုင်သမျှ မြန်အောင်လုပ်ဖို့ဖြစ်သည်ဟု ထင်မြင်လာကြသည်။

●



## ဘယ်လိုကြီးပွားတိုးတက်လာသလဲ

ထိုအချိန်မှာ ထူးဆန်းသောဖြစ်စဉ်တွေ ပေါ်လာသည်။ စက်မှုနိုင်ငံများအားလုံး လုပ်ငန်းများ လျော့ကျလာသည်။ စက်မှုလုပ်ငန်းကို လျင်မြန်စွာ ဖြတ်သိမ်းသောနိုင်ငံများထက် ဖြည်းဖြည်းချင်းလျှော့ချသောနိုင်ငံများက အောင်မြင်လာသည်ဟု ထင်မြင်ရသည်။

သို့သော် ဗြိတိန်နှင့် အမေရိကန်တို့တွင် စက်မှုလုပ်ငန်းများကျဆင်းမှုကို

ကာကွယ်ရန်ပျက်ကွက်သဖြင့် ပြည်သူလူထုမူဝါဒများ၊ ပညာရေး၊ ဘဏ္ဍာရေးနှင့် ယဉ်ကျေးမှုများတွင်ပါ ထိခိုက်ဆုံးရှုံးမှုများရှိလာသည်။ တကယ်တမ်းတွင်မူ အမေရိကန်နှင့် ဗြိတိန်ကဲ့သို့ တခြားနိုင်ငံများသည်လည်း စက်မှုလုပ်ငန်းမှ ဝန်ဆောင်မှုလုပ်ငန်းများသို့ လျင်မြန်စွာပြောင်းလဲလိုက်သည့်အခါ လုပ်ခပေးရန် ပြဿနာများပေါ်လာသည်။

သို့သော် နည်းဗျူဟာအရ ပြောရလျှင် ထိုနိုင်ငံများအနေဖြင့် အနာဂတ်အကျိုးအမြတ်ရရှိလာပြီး စီးပွားရေးတိုးတက်လာဖွယ်ရာရှိသည်။ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့သည် ၎င်းတို့၏စက်မှုလုပ်ငန်းများကို ထိန်းရန်နည်းလမ်းရှာကြရင်း တည်ဆောက်မှုပြဿနာတွေ့လာသည်။ အကျိုးဆက်အဖြစ် အနည်းဆုံး နောက်ဆယ်စုနှစ်တွင် စီးပွားရေးအကျိုးအမြတ်များ ဆုံးရှုံးလာနိုင်သည်။

●



## ပြောင်းလဲရေးအင်အားစုများ

### လူဦးရေ

နောင်လာမည့်မျိုးဆက်များတွင် ကမ္ဘာကြီးကိုပြောင်းလဲစေသော အင်အားစုအားလုံး၌ လူဦးရေသည် အရေးကြီးဆုံးဖြစ်နိုင်ပေသည်။ ကျေးမွေးရမည့်ပါးစပ်ပေါက်

များအရေးအတွက်၊ စက်မှုကမ္ဘာ၏ လူဦးရေအရွယ်အစားနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ စသည့်အင်အားစုသည် နက်နဲသော အကျိုးသက်ရောက်မှုများကို ဖြစ်ပေးစေမည်ဖြစ်သည်။ ထိုအကျိုးသက်ရောက်မှုများသည် ကမ္ဘာ့စီးပွားရေးအတွက်သာမက ချမ်းသာ၊ ဆင်းရဲအဖွဲ့အစည်းများကိုပါ သက်ရောက်မှုဖြစ်စေသည်။ ပြောင်းလဲမှုကတော့ ပုံမှန်ဖြစ်ပေါ်နေမည်ဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉၃ သန်း တိုးလာသဖြင့် သန်းပေါင်း ၅၅၀၀ အထိ ရှိလာသည်။

လူဦးရေပြောင်းရွှေ့မှုသည် ကမ္ဘာ့လူနေမှုအဆင့်အတန်း၊ နိုင်ငံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အဖွဲ့အစည်းများတွင် လူတွေ ဘယ်လိုပြုမူဆက်ဆံကြသည်ကို အီတလီနှင့် တရုတ်ပြည်များမှာကဲ့သို့ အကျိုးသက်ရောက်ပြီး ပြောင်းလဲသွားတတ်သည်။

လူဦးရေအပြောင်းအလဲ၊ မွေးဖွားနှုန်း၊ လက်ထပ်နိုင်သည့်အသက်အရွယ်၊ ကလေးဦးရေ၊ လင်မယားကွာရှင်းမှုအရေအတွက် စသည့် ကိန်းဂဏန်းများ အပြည့်အဝရှိထားသည်။ တချို့တိုင်းပြည်များမှာတော့ ရာစုနှစ်ပေါင်းများစွာနောက်သို့ ပြန်ရောက်နေသည်။ ဤကိန်းဂဏန်းများသည် ထူးဆန်းသောပဟေဠိများဖြစ်နေကြ၏။ ဘာကြောင့်လဲ၊ ဥပမာ ကက်သလစ်ဘာသာကိုးကွယ်သည့် အီတလီနိုင်ငံသည် အနောက်ဥရောပတွင် မွေးဖွားနှုန်း အနည်းဆုံးဖြစ်နေပြီး ကက်သလစ်ဘာသာ ကိုးကွယ်သည့် အိုင်ယာလန်တွင်မူ အမြင့်ဆုံးဖြစ်နေ၏။ ထို့ပြင် ကုလသမဂ္ဂက ခန့်မှန်းထားသည့် ၂၀၂၀ ပြည့်တွင်ရှိနေမည့် လူဦးရေသန်းပေါင်း ရှစ်ထောင်ကျော်ကို ကမ္ဘာက ကျွေးထားနိုင်ပါ့မလားဟူသောမေးခွန်းများလည်း ထွက်ပေါ်နေသည်။

လူဦးရေစာရင်း ခန့်မှန်းတွက်ချက်သူများအဖို့ မှားယွင်းသောအချက်အလက်များရနေသည့် ဒေသများရှိနေသည်။ ၁၉၅၀ ပြည့်နှစ်များက ဗြိတိသျှလူဦးရေစာရင်း ခန့်မှန်းသူများသည် နောင်နှစ်ပေါင်း ၄၀ ကြာလျှင် အင်္ဂလန်နှင့် ဝေလဒေသများတွင် လူဦးရေ ၄၆.၅ သန်းခန့်ရှိလိမ့်မည်ဟု ပြောကြသည်။

၁၉၉၀ ပြည့်နှစ်တွင်ရှိမည့် စာရင်းများဖြစ်၍ သန်း ၅၀ ထက် ခုနစ်ရာနှုန်း လျော့နည်း၏။ ကမ္ဘာ့စစ်ကြီးအပြီး နောက်မျိုးဆက်နှစ်ဆက် ကလေးမွေးဖွားနှုန်းကို သူတို့ ထည့်မတွက်မိကြချေ။ ထို့ပြင် ယခင်ဗြိတိသျှကိုလိုနီနိုင်ငံများက ပြောင်းရွှေ့ဝင်ရောက်လာမည့် လူဦးရေကိုလည်း မခန့်မှန်းခဲ့ကြပေ။ ၁၅ နှစ်မှ နှစ် ၂၀ အတွင်း အချိန်တိုကာလအတွင်းမှာ စာရင်းဇယားမှားယွင်းမှုနည်းပါးလာသည်။ ၂၀၁၀ ပြည့်နှစ်တွင် လူဦးရေသန်းပေါင်း ၇၅၀၀ နှင့် ၁၄၂၀၀ အကြားရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။ ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏စီမံကိန်းများသည် အသေးစိတ်

အားဖြင့် မှန်ကန်မှုရှိလိမ့်မည်မဟုတ်သော်လည်း သူတို့ပြောမည့်ဖြစ်စဉ်ကတော့ အနိုက်အတန့်မှန်နေလိမ့်မည်။

ထိုမှာ နှစ်ပိုင်းရှိပြီး ယခုဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာက အာရုံစိုက်လျက်ရှိသည့် ကမ္ဘာ့လူဦးရေတိုးနှုန်းက ဦးစွာပတ်သက်သည်။ ဆယ်စုနှစ်များစွာက ပို၍ဆင်းရဲသောနိုင်ငံများသည် ပို၍ပို၍ လူဦးရေများလာသည်။

၁၉၅၀ ပြည့်နှစ်က လူဦးရေသုံးပုံတစ်ပုံသည် စက်မှုနိုင်ငံများတွင် နေထိုင်ကြပြီး ယခုလေးပုံတစ်ပုံအောက်သာ ရှိတော့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ငါးပုံတစ်ပုံအောက် လျော့နည်းသွားနိုင်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူဦးရေတိုးနှုန်းမတူကြ။ တိုင်းပြည်များ ပိုမိုချမ်းသာကြွယ်ဝလာသဖြင့် ကလေးသေပျောက်မှုနှုန်း ကျဆင်းလာသည်။

ကလေးမွေးဖွားနှုန်းရော အလားတူကျဆင်းပါ့မလား။ တရုတ်ပြည်တွင် ကမ္ဘာ့လူဦးရေငါးပုံတစ်ပုံနေထိုင်ကြသောကြောင့် ကလေးမွေးဖွားနှုန်းတိုးလာလျှင် ထိရောက်မှုရှိလာနိုင်သည်။

ယခုအခါ အရေးကြီးသည့်ပြဿနာတစ်ရပ်မှာ AIDS ရောဂါ ကူးစက်ခြင်းဖြစ်သည်။ အာဖရိကနိုင်ငံအချို့၌ လူသုံးယောက်လျှင် တစ်ယောက်မှာ HIV ပိုး ရှိနေသည်ဟုဆိုသည်။ အကယ်၍ မတားဆီးနိုင်ပါက လူဦးရေတိုးနှုန်း တည်ငြိမ်လာ၊ ကျဆင်းလာနိုင်သည်ဟုဆိုသည်။

●



ပြောင်းလဲရေးအင်အားစုများ

လူဦးရေ

အချမ်းသာဆုံးနိုင်ငံများ၌ ကလေးမွေးဖွားနှုန်းသည် ပျမ်းမျှ ၂.၁ ရာခိုင်နှုန်း

အောက် လျော့နည်းပြီး မိန်းမတစ်ဦးစီအတွက် ရေရှည်တည်တံ့နိုင်သော အနေအထားဖြစ်၏။ ထိုအကျိုးတရားကြောင့် ဖွံ့ဖြိုးပြီး ကမ္ဘာတွင် သက်ကြီးရွယ်အိုဦးရေများပြားလာသည်။ တစ်နည်းအားဖြင့် ချမ်းသာသောနိုင်ငံများတွင် သက်ကြီးရွယ်အိုများပြားပြီး ဆင်းရဲသောနိုင်ငံများ၌ အသက်ငယ်ရွယ်သူအရေအတွက် များပြားသည်ဟု ဆိုနိုင်သည်။

လူဦးရေစာရင်းဇယားရှုထောင့်မှကြည့်လျှင် ဗြိတိန်နှင့်ဂျပန်တို့၏စာရင်းများက စိတ်ဝင်စားဖွယ်ဖြစ်သည်။ ဗြိတိန်က အခြားနိုင်ငံများထက် လူဦးရေပြောင်းလဲမှုနှုန်းနည်းပြီး၊ ဂျပန်က ပြောင်းလဲမှုနှုန်းများသောကြောင့်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ဗြိတိန်သည် အမေရိကန်နှင့်တန်းတူ အသက်ငယ်ရွယ်သူအများဆုံးဖြစ်လာမည်။ ရေရှည်သက်တမ်းအနေဖြင့် ၁၉၉၀ နှင့် ၂၀၁၀ ခုနှစ်အကြားတွင် အမှန်တကယ်အသက်ငယ်သူများလာပြီး ပျမ်းမျှအချိုးအားဖြင့် အသက် ၆၅ နှစ်အရွယ်များ အနည်းငယ်ကျဆင်းသွားလိမ့်မည်ဟုဆိုသည်။ အသက် ၈၅ နှစ်အထက်လူကြီးများကတော့ ဆက်လက်၍များလာနိုင်သည်။ ဤကဲ့သို့ဆက်နွယ်၍ ပြောင်းလဲလာမှုကြောင့် ဗြိတိန်သည် စီးပွားရေးတွင် အကျိုးရှိလာနိုင်သည်။

ဂျပန်မှာ ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်။ အဘယ့်ကြောင့်ဆိုသော် သက်တမ်းအငယ်ဆုံး စက်မှုနိုင်ငံအဖြစ်မှ သက်တမ်းအရင့်ဆုံးစက်မှုနိုင်ငံဖြစ်လာသောကြောင့်ဖြစ်သည်။ မည်သည့်နိုင်ငံမျှ ဤကဲ့သို့ လျင်မြန်စွာပြောင်းလဲခြင်းမရှိချေ။ စက်မှုတော်လှန်ရေးကာလမှစ၍ ခေတ်သစ်ကမ္ဘာတွင် ထိုကဲ့သို့ညီမျှအောင် ချိန်ဆသည့်အတွေ့အကြုံမရှိပါ။ နောင် ၂၅ နှစ်အတွင်း ဂျပန်စီးပွားရေးတိုးတက်အောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ဆိုသည့်အချက်က အရေးကြီးလျက်ရှိသည်။

အခြားတိုင်းပြည်များ၏ ပြောင်းလဲမှုများကတော့ အစွန်းရောက်ခြင်း နည်းသည်။ အမေရိကန်နိုင်ငံသည် လက်ရှိအတိုင်း ငယ်ရွယ်သူဦးရေ ဆက်လက်များပြားနေဦးမည်ဟု ခန့်မှန်းရသည်။ ဂျာမနီတွင် အိုမင်းသူဦးရေ ဆက်လက်များပြားနေဦးမည်သာ။ ပြင်သစ်သည် အစွန်းရောက်ပုံစံမဟုတ်သော်လည်း ဂျာမနီနှင့် ခပ်ဆင်ဆင်တူနေပြီး အီတလီသည် ဂျပန်နှင့် အသွင်တူ၏။ ကနေဒါကတော့ အမေရိကန်ထက် အသက်ငယ်သူ ပိုများနေသည်။

●



## အသက်အရွယ်နှင့် ကြီးထွားမှု

အိုမင်းသော စက်မှုကမ္ဘာသည် မလွှဲမရှောင်သာတဲ ကြီးထွားမှုနှေးကွေးမည် ဖြစ်၏။ အသက်ကြီးသူအချိုးအစား ပိုများလာသည့်အပြင် လူဦးရေကျုံ့သည့် တိုင်းပြည်၌ စီးပွားရေးထုထည် နိမ့်ကျမည်ကို သံသယဖြစ်ဖွယ်မရှိချေ။

လူဦးရေတိုးမှုက စီးပွားရေးတိုးတက်မှုကို သေချာမှုမပေးနိုင်ပေ။ မကြာခဏ ဆိုသလိုပင် ပြောင်းပြန်ဦးတည်သွားတတ်သည်။ အာဖရိကတိုက်ကိုကြည့်လျှင် လူဦးရေထူထပ်ပြီး စီးပွားရေးတိုးတက်မှုမရှိသောကြောင့် ဆင်းရဲမွဲတေခြင်း သို့မဟုတ် ဘေးအန္တရာယ်ကျရောက်ခြင်းဖြစ်နေကြ၏။ သို့သော် ထိုအရာက လျင်မြန်သော လှုပ်ရှားမှုကို ဖြစ်ပေါ်စေနိုင်သည်။

ထို့ကြောင့် စက်မှုနိုင်ငံများသည် မိုငြမ်းနည်းယူရန် လေ့လာဖို့လိုအပ်သည်။ ပထမအစတွင် သူတို့သည် အတိတ်ကကဲ့သို့ လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးရန် မလိုအပ်ကြောင်း အသိအမှတ်ပြုသင့်သည်။ တိုးတက်လာသောလူဦးရေအတွက် အခြေခံအဆောက်အအုံအတွက် လုံလောက်စွာနေထိုင်ရန် နေအိမ်များကို ဆောက်လုပ်ရန် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်သည်။

ဖွံ့ဖြိုးတိုးတက်မှုနည်းသည့် ကမ္ဘာမှ ညံ့ဖျင်းသောတဲအိမ်များသည် ရင်းနှီးမြှုပ်နှံမှုမလုံလောက်ကြောင်း ပြသနေသည်။ လူဦးရေတည်ငြိမ်သောနိုင်ငံများသည် အခြေခံအဆောက်အအုံကို အဆင့်မြှင့်၍ လူနေအိမ်များကို တိုးတက်အောင်လုပ်သင့်သည်။ သို့သော် ပထမဦးစားပေးနေရာတွင် ရင်းနှီးမြှုပ်နှံရမည့်ငွေပမာဏကို အနည်းငယ် ထိန်းကိုင်နိုင်သည်။

သို့သော် စက်မှုကမ္ဘာရှိလူထုက သူတို့၏လူနေမှုအဆင့်အတန်းကို မြှင့်တင်လိုကြသည်။ အကယ်၍ သူတို့ ဤကဲ့သို့ပြုလုပ်နိုင်လျှင် ရနိုင်သည့်လုပ်အားကို အသုံးပြုသည့်နည်းများ ပြောင်းလဲသင့်ပေသည်။ အကယ်၍ အလုပ်လုပ်နိုင်သော အသက်အရွယ်အချိုးအစားနည်းနေလျှင် ထိုနိုင်ငံများသည် ယခုလက်ရှိလုပ်နေသည်ထက် ရနိုင်သောအလုပ်စွမ်းအားကို သေချာစိစစ်၍ အသုံးချရပေလိမ့်မည်။

ထင်ရှားသော ဥပမာများမှာ

- အငြိမ်းစားယူသည့် အသက်အရွယ်တိုးလာမည်။
- အလုပ်စွမ်းအားစုထဲတွင် အမျိုးသမီးများပါဝင်မှုနှုန်း တက်လာမည်။
- အချိန်ပိုင်းအလုပ်လုပ်ခြင်း (အိမ်မှုကိစ္စအပါအဝင်) ဆက်လက်များပြားလာမည်။
- တက္ကသိုလ်ကျောင်းသားများသည် စာသင်ကြားရင်း အချိန်ပိုင်းအလုပ်များ ဝင်လုပ်လာနိုင်မည်။
- အလုပ်လက်မဲ့များ အလုပ်လုပ်နေကြသည်ကို ကြည့်ရှုလေ့လာရန် အားထုတ်ရလိမ့်မည်။
- အလုပ်ခွင်တစ်ခု၌ မွမ်းမံသင်တန်းအကြိမ်ပေါင်းများစွာ ပို့ချမှုသည် ပို၍ သာမန်ဖြစ်လာမည်။
- လုပ်အားပေးများကို ပိုမိုကျယ်ပြန့်စွာ သုံးရမည်။
- ကလေးသူငယ်များ ဝင်ငွေရရှိပြီး ကျွမ်းကျင်မှုကိုသင်ကြားရန် ပိုမိုဖိအားပေးခံရလိမ့်မည်။

အထက်ပါအချက်အလက်များသည် အလွန်ထင်ရှားသည်။ ဥရောပသမဂ္ဂ

အဖွဲ့ဝင်နိုင်ငံများတွင် အငြိမ်းစားယူမည့်အရွယ်များ ပိုမိုတိုးလာသည် သို့မဟုတ် ဤသို့လုပ်ရန် စဉ်းစားနေကြသည်။ ၂၀၂၀ ပြည့်နှစ်တွင် စက်မှုအထွန်းကားဆုံးနိုင်ငံများတွင် အငြိမ်းစားယူရမည့် အသက်အရွယ်သည် ၆၇ သို့မဟုတ် ၇၀ ဖြစ်လာဖွယ်ရှိသည်။

ဥရောပတွင် အဓိကအလုပ်သည် နိုင်ငံတော်အစိုးရအား စရိတ်ကုန်ကျစေသည်။ အကယ်၍ အငြိမ်းစားယူရမည့် အသက်အရွယ်သက်တမ်းမတိုးလျှင် ပင်စင်လစာပေးရမည့် ဝန်ထုပ်ဝန်ပိုးသည် အလွန်ပိုမိုလာမည်။ ထို့ကြောင့် အလုပ်လုပ်နေသူများသည်။ ပင်စင်လစာရန်ပုံငွေအတွက် အခွန်တော်ပေးဆောင်နိုင်လိမ့်မည်မဟုတ်ချေ။ သို့သော် အငြိမ်းစားယူရမည့်အသက် တိုးမြှင့်ခြင်းသည် စီးပွားရေးနှင့် ဘဏ္ဍာရေးတို့တွင် အရေးကြီးသောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာမည်။



## အသက်အရွယ်နှင့် တိုးတက်မှု

လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်မှစ၍ အလုပ်စွမ်းအားများတွင် အမျိုးသမီးဦးရေက ပိုမိုများလာသည်။ အနာဂတ်ကာလ၌ နိုင်ငံအများအပြားတွင် အမျိုးသမီးများပါဝင်မှုတိုးတက်လာခြင်းသည် လုပ်အားအသစ်အတွက် ပင်မရင်းမြစ်ဖြစ်လာလိမ့်မည်။ ဂျပန်နိုင်ငံတွင် အမျိုးသမီးအလုပ်သမားများ ပိုမိုတိုးတက်လာသောကြောင့် စိတ်ဝင်စားစရာကိစ္စတစ်ရပ် ဖြစ်လာ၏။ ထိုကိစ္စကို ပြဿနာတစ်ရပ်ဟုစဉ်းစားသည့် ဂျပန်နိုင်ငံ၌ ကျွမ်းကျင် အမျိုးသမီးလုပ်သားများကို ပြိုင်ဘက်အဖြစ်ရှုမြင်ပြီး များများ

အသုံးမပြုကြပေ။ မိခင်များက ကလေးငယ်များကို ကျွေးမွေးပြုစုနေချိန်တွင် စီမံကိန်းချသူများက အမျိုးသမီးအလုပ်သမားများကိုဖယ်ရှားရန် ရည်ရွယ်နေကြသည်။ ၁၉၉၀ ပြည့်နှစ်တွင် ဂျပန်အမျိုးသမီး ၇၇ ရာနိုင်နှုန်းသည် အလုပ်လုပ်နေကြ၏။ ၂၀၁၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်ကထက် အမျိုးသမီးအလုပ်သမားဦးရေ ပိုမိုများပြားလာနိုင်သည်။

ထို့အပြင် သက်ကြီးရွယ်အိုများ ပိုမိုများလာမည်ဖြစ်၏။

ထိုအုပ်စုနှစ်ခုလုံးက ထင်ရှားသောအကြောင်းပြချက်များဖြင့် အချိန်ပိုင်းအလုပ်လုပ်လိုကြသည်။ အမေရိကန်နှင့် အင်္ဂလန်တို့တွင် အချိန်ပိုင်းအလုပ်သမားများ အသုံးပြုခြင်းအတွက် အတွေ့အကြုံများရှိကြ၏။ သို့သော် နှစ်နိုင်ငံစလုံးပင် မှုတသောကိန်းဂဏန်းကိုအခြေခံလျက် အချိန်ပြည့်နှင့် အချိန်ပိုင်းအလုပ်သမား အမျိုးအစားကို ခွဲခြားသင့်ပေသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အလုပ်သမားများသည် သူတို့၏အလုပ်ချိန်ကို ရွေးချယ်နိုင်ကြပြီး အမှန်တကယ်အလုပ်လုပ်ချိန်အတွက် လုပ်ခကို ရရှိနိုင်ကြလိမ့်မည်။ အရည်အချင်းပြည့်ဝရေးအတွက် အကျိုးရှိလာနိုင်မည်ဖြစ်သည်။ အကြောင်းမှာ အလုပ်ရှင်များသည် ပိုလျှံလုပ်သားများကို ဆက်လက်ထားရှိရန် မလိုအပ်တော့သောကြောင့်ဖြစ်၏။ လိုအပ်သမျှ အချိန်အတွက်သာ လုပ်အားကို ဝယ်ယူနိုင်တော့မည်ဖြစ်သည်။

အမေရိကန်ရှိ တက္ကသိုလ်ကျောင်းသားကျောင်းသူများသည် သူတို့စာသင်နေသည့် ပညာရေးဌာနမှာပင် အချိန်ပိုင်းအလုပ်ဝင်လုပ်လေ့ရှိကြသည်။ ထို့ပြင် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း အချိန်ပိုင်းအလုပ်လုပ်ကြသည်။ သာမန်အားဖြင့် ကျောင်းသားများသည် အလုပ်စွမ်းအားစုတွင် အရေးကြီးသောအပိုင်းမှပါဝင်နိုင်ရန် မျှော်လင့်ချက်ထားနိုင်ကြသည်။ အလုပ်ရှင်များသည် ပိုမိုအဆင့်မြင့်သည့် ကျွမ်းကျင်သည့်လုပ်သားများကို လိုအပ်နေကြသည်။ ထို့ကြောင့် လုပ်ငန်းခွင်မှာ မွမ်းမံသင်တန်းပေးခြင်းသည် သာမန်ကိစ္စဖြစ်လာနိုင်သည်။

အကယ်၍ သာမန်အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသူ နည်းပါးပါက အလုပ်လက်မဲ့များသည် ပို၍ပြန်းတီးမှုဖြစ်သည်ဟု ထင်မြင်လာနိုင်သည်။ သို့သော် အလုပ်လက်မဲ့များအပေါ် အမြင်သဘောထားလည်း ပြောင်းလဲသွားနိုင်သည်။ အစောပိုင်း ၁၉၉၀ ပြည့်နှစ်များက ဥရောပမြင်ကွင်း၌ အလုပ်လက်မဲ့ပြဿနာသည် လွယ်ကူစွာထိန်း၍မရနိုင်သော ပြဿနာဟု ထင်မြင်ခဲ့ကြသည်။ ၂၁ ရာစုရောက်သည့်အခါ စက်မှုကမ္ဘာတွင် အလုပ်လက်မဲ့ပြဿနာသည် အရေးမကြီးတော့ပေ။ တကယ်တော့ အချိန်ပြည့် အလုပ်နှင့် အချိန်ပိုင်းအလုပ်၊ ကိုယ်ပိုင်အလုပ်နှင့် စုဆောင်းငွေ

သို့မဟုတ် ပင်စင်လစာဖြင့် စားသုံးခြင်းနယ်နိမိတ်များ မှုန်ဝါးလာမည်ဆိုပါက အလုပ်လက်မဲ့အပေါ် သဘောထားလည်း ပြောင်းလဲသွားပေမည်။ အကယ်၍ တိုင်းပြည်များလည်း သူတို့ရရှိနိုင်သည့် အလုပ်သမားများကို အကောင်းဆုံးအသုံးချနိုင်မည်ဆိုပါက မွမ်းမံသင်တန်းပေးခြင်းသည် အရေးကြီးလာသည်။ လွန်ခဲ့သည့် ၂၀ ရာစုနှစ်များက အလုပ်များကို များစွာလုပ်သူများသည် လူငယ်အလုပ်သမားများသာဖြစ်၏။ ကုမ္ပဏီများက အလုပ်ခေါ်သည့်အခါ အသက် ၄၀ ကျော်လျှင် တွေ့ဆုံဖို့ငြင်းဆိုကြသည်မှာ သာမန်ကိစ္စဟု ယူဆခဲ့ကြသည်။ ထိုအခါ အသက် ၅၀ ကျော်သူများသည် အလုပ်မရနိုင်တော့ပေ။ ကာယလုပ်သားများသည် အသက် ၂၀ နှင့် ၃၀ များတွင် လုပ်ခအများဆုံးရချိန်ဖြစ်၏။ အချိန်စော အငြိမ်းစားယူခြင်းအတွက် အငြိမ်းစားလစာတစ်ခုတည်းဖြင့် ရပ်တည်နေထိုင်ရန်မဖြစ်ပေ။

အငြိမ်းစားများအနေဖြင့် လုပ်ခအနည်းငယ်ရရှိဖို့ အလုပ်လုပ်ကြရလိမ့်မည်။ အကျိုးအမြတ်တစ်မျိုးမျိုးရရှိစေသည့် ပုံစံမျိုးဖြစ်၏။ သက်ကြီးရွယ်အိုတိုးလာခြင်းသည် ချမ်းသာကြွယ်ဝမှုနှင့်ဆက်စပ်နေသည်။ အများစုသည် စီမံကိန်းရန်ပုံငွေမှ အငြိမ်းစားလစာများများရနိုင်သည်။ သူတို့သည် လုပ်ခရသောအလုပ်ခွင်သို့ ပြန်လာချင်ကြမည်မဟုတ်။ သို့သော် သူတို့သည် အသင်း၏သက်သာချောင်ချိရေးကို မျှဝေခံစားလိုကြသည်။ ရှေးဗစ်တိုးရီးယားခေတ် အင်္ဂလန်တွင် ပုဂ္ဂလိကနည်းဖြင့် လူတချို့ကို ထောက်ပံ့သောအခါ စေတနာ့ဝန်ထမ်းအလုပ်များတွင် သူတို့လုပ်အားကို အသုံးပြုလာကြသည်။

နောက်ဆုံးတွင် လူငယ်လုပ်သားဦးရေနည်းလျှင် သူတို့ကို တောင်းဆိုမှုများ ရှိသာမက ဈေးကွက်နေရာများတွင် လိုအပ်သည့်ကျွမ်းကျင်သူများ တိုးတက်လာစေသည်။ ဤအချက်သည် ဂျပန်နှင့် ဇင်ကာပူတို့တွင် ထင်ရှားသိသာလှသည်။ သို့သော် အလုပ်မျိုးစုံအတွက် သက်ငယ်လုပ်သားများနှင့် သက်ကြီးလုပ်သားများကို အကျိုးအမြတ်ဖြင့် နှိုင်းယှဉ်လျှင် စီးပွားရေးအောင်မြင်နေသော အဖွဲ့အစည်းများသည် သက်ငယ်လုပ်သားများက ကျွမ်းကျင်မှုပိုမိုပြည့်ဝကြောင်း တွေ့ရှိထားကြသည်။

ဤပြောင်းလဲမှုများကို အလုပ်သမားဈေးကွက်တွင်ပြုလုပ်စဉ် သူတို့သည် အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ အနည်းထိုင်ပြီးသော စက်မှုစီးပွားရေးတည်ဆောက်ပုံကို ပြင်ဆင်ရန် မဖြစ်မနေတောင်းဆိုလာသည်။ အစပထမတွင် လူဦးရေစာရင်းဇယားသည် စွမ်းအားစုများအနက်တစ်ခုဖြစ်ပြီး နိုင်ငံများကို ကုန်ထုတ်မှုတိုးတက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်ရေးတို့မှ ကင်းကွာစေသည်။ ဥပမာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို အခွန်ငွေ

ကောက်ခံခြင်းဖြင့် ကုန်ကျစရိတ်များ ပိုမိုလာသည်။ အထင်ရှားဆုံးသော ကျန်းမာရေး စောင့်ရှောက်မှုကို အသက်အလွန်ငယ်သူများနှင့် အသက်ကြီးသူများက အထူးသဖြင့် သူတို့၏ နောက်ဆုံးနှစ်များတွင် လုပ်ကိုင်ကြသည်။

●



## အသက်အရွယ်နှင့်ကိုးပြောင်းမှု

အကယ်၍ အသက်ငယ်သူနည်းပါးလျှင် ပညာရေးအတွက် တောင်းဆိုမှု လျော့ကျနိုင်သည်။ သို့သော် လက်တွေ့မှာ ပြောင်းပြန်ဖြစ်နေတတ်သည်။ အကယ်၍ ကလေးသူငယ်ဦးရေကျဆင်းနေလျှင် ကျွမ်းကျင်မှုတောင်းဆိုခြင်း ရှိနေဦးမည်။ အကျိုးတရားကတော့ စက်မှုလုပ်ငန်းများသည် ငယ်ရွယ်သူများကို အခြေခံပညာရေး သင်ကြားပေးမည့်အစား သိပ်ပြီးအသက်မငယ်သူများကို ကျွမ်းကျင်မှုပညာ သင်ကြားပေးသည့်နည်းသို့ ပြောင်းလဲကျင့်သုံးရလိမ့်မည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ဈေးကွက်မြှင့်တင်ခြင်းဟု ပြောရလိမ့်မည်။ ကျောင်းများတွင် ကလေးများအား အလုံးအရင်းဖြင့် ကုန်ထုတ်မှုပညာကို သင်ကြားပေးမည့်အစား စာတတ်မြောက်ပြီး လူကြီးများကို လောကီရေးရာပညာသင်ကြားမှုနှင့် လုပ်ငန်းခွင်သင်တန်းပေးခြင်းများ လိုအပ်လာသည်။ ကြီးထွားလာသော ဒေသများတွင် ဈေးကွက်တောင်းဆိုမှု သိပ်မရှိသေးသော အဆင့်မြင့်ပညာရေးသင်ကြားရန် ပါဝင်လိမ့်မည်။ အရည်အချင်းကို ထိန်းချုပ်မှုမပါဘဲ အဆင့်မြင့်စက်မှုလုပ်ငန်းများတွင် အပျင်းပြေလေ့လာခြင်း၊ ကျွမ်းကျင်မှု

သင်ကြားခြင်းနှင့် အပန်းဖြေရေးသက်သက်အတွက် ဗဟုသုတရှာဖွေခြင်းများသည်လည်း အရေးပါလျက်ပင်ရှိနေ၏။

သာမန်နေရာပါပဲဟု ပြောရလိမ့်မည်။ ဤစက်မှုလုပ်ငန်းတိုးတက်လာလိမ့်မည်ဟု တစ်ယောက်ကပြောလျှင် အားလုံးက လက်ခံလိမ့်မည်။ သို့သော် စက်မှုနိုင်ငံများသည် ဤပြောင်းလဲမှုများကြားမှ သူတို့ကိုဆုပ်ကိုင်ရန် ခက်ခဲနေဆဲဖြစ်သည်ဟု ခက်ခဲစွာ စတင်စဉ်းစားနေကြပါပြီ။ ဥပမာ ၁၉၉၃ ခုနှစ်တွင် သမ္မတကလင်တန်ကို ရွေးကောက်ပွဲအပြီးတွင် အမေရိကန်နိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အပြည့်အဝလုပ်ဆောင်နဲ့ကြသည်။

အောက်စ်ဖို့၊ ကိန်းဘရစ်နှင့် ဟားဗတ်ကဲ့သို့ တက္ကသိုလ်ကြီးများသည် ဘွဲ့မရသေးသူများကဲ့သို့ အဆင့်မြင့်ပညာ မပြည့်ဝသေးသည့်ကိစ္စကို သာမန်ဟုပင် ယူဆ နေကြသည်။

အသက် ၁၈ နှစ်အရွယ် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအတွက် ကုန်ကျစရိတ်သည် များပြားနေဆဲဖြစ်၏။ စီးပွားရေးဝေါဟာရဖြင့်ပြောရလျှင် ဈေးကွက်မြင့်တင်ပြီး ဘွဲ့လွန်သင်ကြားရေးလုပ်ငန်းများတွင် အထူးပြုသင့်ပေသည်။ ဂျပန်နိုင်ငံ၌ တိုကျိုတက္ကသိုလ်တွင် ဘွဲ့လွန်ပညာရေးတိုးတက်လာသည့်ကိစ္စကို အလေးအနက်ထား၍ ဆွေးနွေးနေကြသည်မှာ စိတ်ဝင်စားစရာဖြစ်၏။ ဆွေးနွေးငြင်းခုံသည့်အချက်များတွင် ဘွဲ့မရမီပညာရေးအသုံးစရိတ်စကကြီးနေပြီး ဘွဲ့လွန်ပညာရေးအတွက် ဂျပန်နိုင်ငံ၏ စီးပွားရေးလိုအပ်ချက်သည် တက္ကသိုလ်များက အထူးသင်ကြားခြင်းမရှိလျှင် ကျွမ်းကျင်မှုပိုင်းမှာ လျော့ကျသွားနိုင်ခြေရှိသည်ဟူသော အချက်များပါဝင်သည်။ ဂျပန်နိုင်ငံအတွက် အကောင်းဆုံးနည်းလမ်းမှာ လူငယ်များ တစ်နည်းနည်းဖြင့် အလုပ်လုပ်ဖို့ကတော့ ဖြစ်နိုင်ခြေရှိသည့် အဆင့်မြင့်ဆုံးပညာသင်ကြားရေး သေချာရန်ဖြစ်၏။

ဤဥပမာနှစ်ခုက ပြသသည်မှာ ကျန်းမာရေးနှင့် ပညာရေးတို့ကဲ့သို့ အသက်မွေးဝမ်းကျောင်း စက်မှုလုပ်ငန်းများတွင် မူဝါဒချမှတ်သူများ ဘယ်မျှအရေးကြီးကြောင်းဖြစ်၏။ ထို့ပြင် လူဦးရေစာရင်းပြောင်းလဲမှုကြောင့် ထိခိုက်မှု ပြည့်ဝစွာမဖြစ်နိုင်ချေ။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် သက်ကြီးရွယ်အိုများအတွက် သူနာပြုအထောက်အဦများကို ပိုမိုလိုအပ်လာမည်။ ထို့ပြင် ပညာရေးလုပ်ငန်းတွင် စီးပွားရေးအရ နီးကပ်စွာတည်ရှိနေသောဒေသများတွင် တိုးတက်ဖွံ့ဖြိုးလာလိမ့်မည်ဟု ခန့်မှန်းရသည်။ သို့သော် သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးလုပ်ငန်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဆောင်ရွက်ရန် သို့မဟုတ် ပညာရေးအနာဂတ်သည် မတူညီ

သောဦးတည်ချက်မှာ ရပ်တည်နေသည်ဆိုသော အတွေးအခေါ်များသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဟာယဖြစ်နေသည်ဆိုကြပြန်သည်။ ဤအဆိုများသည် ကုန်ထုတ်လုပ်သော သာမန်စက်ရုံများနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၏။ ဥပမာ မော်တာထုတ်လုပ်သော စက်ရုံပိုင်ရှင်များက ယခုအချိန်မှစ မျိုးဆက်တစ်ခုအတွက် ပိုမိုကောင်းမွန်တိုးတက်သော ထုတ်လုပ်မှုဖြစ်ရန်ကြိုးစားသင့်ပြီဖြစ်ကြောင်း သဘောပေါက်လာကြသည်။ ထို့ပြင် လုပ်ငန်းဖွဲ့စည်းပုံသည်လည်း သူ့ဘာသာ ပြောင်းလဲသွားလိမ့်မည်ဟု သူတို့ သတိပြုမိကြသည်။ ဝါရင့်စက်မှုနိုင်ငံများရှိ တည်ဆောက်ပြီး ထုတ်လုပ်သူများသည် စက်မှုကမ္ဘာသစ်တွင် နေရာရရှိလိမ့်မည်ဟု မျှော်လင့်ကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့သည် သမ္ဘာရင့်စက်မှုနိုင်ငံများအတွက် စိန်ခေါ်မှုများဖြစ်နေ၏။ ဤဖြစ်စဉ်တွင် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများက ထိုလစ်ဟာချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ သို့သော် အသွင်မတူသော တိုင်းပြည်များ၏ အောင်မြင်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းများက ကွာဟချက်ကို ဖြည့်ဆည်းပေးသည့်အရည်အချင်းအပေါ် ဆုံးဖြတ်ရန်မဟုတ်ချေ။ ထိုကိစ္စများသည် ပြည်သူတို့၏ ကဏ္ဍနှင့် မူဝါဒအပေါ် အမှီသဟဲပြုနေ၏။ တိုင်းပြည်တစ်ပြည်တွင် သက်ကြီးရွယ်အိုများလေလေ ကျန်းမာရေးနှင့် ပညာရေးရပိုင်ခွင့်များက ပိုအရေးကြီးလေလေဖြစ်၏။

မည်သည့်ပုဂ္ဂလိကကဏ္ဍမှာမဆို အကယ်၍ သူတို့မှန်ကန်စွာမွေးယူမည်ဆိုလျှင် တခြားဝန်ဆောင်မှုလုပ်ငန်းများသည်လည်း သက်ကြီးရွယ်အိုများထံမှ အကျိုးအမြတ်ရနိုင်လိမ့်မည်။ လက်လီရောင်းဝယ်ခြင်းသည် ထင်ရှားပြီးဖြစ်သော ဦးတည်ချက်သို့ ပြောင်းသွားမည်ဖြစ်သည်။ ဥပမာ စာတိုက်မှ မှာယူခြင်းလုပ်ငန်း။ ဘာကြောင့်လဲဆိုတော့ သက်ကြီးရွယ်အိုများသည် ကုန်ပစ္စည်းများကို သူတို့ထံ အရောက်ပို့စေချင်ကြသောကြောင့် ဖြစ်၏။ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာမည်။ ရာဖြတ်လုပ်ငန်းများ၊ အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာမည်။ ထို့ပြင် ငွေလွှဲခြင်းအတတ်ပညာများ အသုံးပြုခြင်း ပို၍များလာမည်။

အပန်းဖြေဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ ဟိုတယ်များ၊ ခရီးသွားကုမ္ပဏီများ၊ လေကြောင်းခရီးသည်များ ပို၍သတိရှိသော သက်ကြီးဖောက်သည်များအတွက် ဖြစ်သည်။ သက်ကြီးရွယ်အိုများသည် ဝန်ဆောင်မှုလုပ်ငန်းများ အရေးကြီးသောကွင်းဆက်များဖြစ်၏။ သို့သော် သူတို့၏ သဘာဝအရ ဝန်ဆောင်မှုလုပ်ငန်းများသည် နိုင်ငံတကာ ကုန်သွယ်ရေးအဆင့်မရောက်နိုင်။ ဝန်ဆောင်မှုလုပ်ငန်းများကို ကောင်းစွာ အမှီသဟဲပြုကြသော တိုင်းပြည်များတွင် သက်ကြီးရွယ်အိုများအတွက် ပိုမိုကောင်းမွန်သည်။

၁၉၈၀ ပြည့်နှစ်အလယ်လောက်က ဂျပန်များသည် ပင်လယ်ရပ်ခြားတိုင်းတစ်ပါးသို့ ခရီးထွက်ကြသဖြင့် နောက်ထပ်ဖွံ့ဖြိုးတိုးတက်လာမည့်ပုံစံကို တွေ့ကြရသည်။ ဖွံ့ဖြိုးပြီး ကမ္ဘာတွင် လုံခြုံစိတ်ချရသောပန်းတိုင်အထိ ခရီးသွားကြလေ့ရှိ၏။ ကြီးထွားလာသည့်လုပ်ငန်းအားလုံးသည် လုပ်အားပိုမိုလိုအပ်လျက်ပင်ရှိသေးသည်။ တစ်ခါတစ်ရံ ကျွမ်းကျင်မှုအသစ် လိုနေသည်။ လူငယ်အလုပ်သမားရှားပါးသည့်အခါ ဖြန့်ဝေမှု ပိုမိုခက်ခဲလာမည်။ လန်ဒန်ရှိ ဟိုတယ်များမှ မျှော်လင့်ချက်ရှိသော စားပွဲထိုးများသည် နိုင်ငံခြားသားများဖြစ်ကြပြီး လန်ဒန်စီးပွားရေးတက္ကသိုလ်မှာ မဟာဘွဲ့ရအောင် သင်တန်းတက်ကြ၏။ ထိုအချိန်မှာ ပညာသင်လာရောက်ကြသော ဧည့်သည်များကလည်း ယူနီလီဗာတက္ကသိုလ်မှ အငြိမ်းစားကထိကများ သင်ခန်းစာများကို သင်ယူနေကြသည်။

သို့သော် အသားကျပြီးဖြစ်သော စက်မှုကမ္ဘာ ခေတ်သစ်တည်ဆောက်ဖွဲ့စည်းမှုကို ဆက်နွှယ်ယူသောကြောင့် ကောင်းလာသည့်အခါ စက်မှုလုပ်ငန်းတိုးတက်လာမည်။ သို့သော် နိုင်ငံငယ်များတွင် ပေါက်ကွဲမှုအချို့ ဆုံးရှုံးခြင်းဖြစ်ပေါ်လာလိမ့်မည်။ ဤသို့ဖြစ်ပေါ်လာခြင်းသည် အရည်အသွေး၊ သဘောထားနှင့် စက်မှုနိုင်ငံများမှ သက်လတ်ရွယ်များ၏ မျှော်လင့်ချက်များပေါ် မူတည်နေသည်။ သက်ကြီးရွယ်အိုများ၏ နောက်မျိုးဆက်သစ်များသည်လည်း သူတို့၏မိဘများနှင့် ဘိုးဘွားများကဲ့သို့ပင်ဖြစ်မည်လော။ အကယ်၍ သူတို့သည် ပိုမိုကောင်းမွန်သည့်ပညာရေးနှင့် ကျန်းမာရေးရှိကြမည်ဆိုပါက အတိတ်ကထက် စီးပွားရေးသဘောသက်သက်အရ ပိုမိုကောင်းမွန်သည့် မျိုးဆက်သစ်များ ထွန်းကားလာမည်လော။ ပြဿနာနက်ရှိုင်းသော ဂျပန်ပြည်တွင် ထိုကိစ္စကို မကြာခဏ ပြောဆိုငြင်းခုံနေကြသော်လည်း အဖြေကို မည်သူမှမသိကြပေ။ အဖြေကို ပညာရေးနှင့်သာရှာရမည်။ အကယ်၍ ပြည်သူတွေ၏သဘောထားကို ပျော့ပျောင်းအောင်သင်ကြားနိုင်ပါက အသက်ကြီးလာသောအခါ ပိုမိုအကျိုးရှိလာမည်ဖြစ်သည်။ ပြည်သူတွေ၏သဘောထားကို ပျော့ပျောင်းအောင် သင်ကြားပေးခြင်းရှိ၊ မရှိက တခြားကိစ္စဖြစ်သည်။ ဤအချက်သည် သက်ကြီးရွယ်အိုများ၏ လူမှုရေးကိစ္စသို့ ဦးတည်နေသည်။



## အသက်ကြီးသူများနှင့် အသက်ငယ်သူများ ဘယ်လိုခြားနားသလဲ

လူငယ်များ၏ စံပြုစရိုက်လက္ခဏာများကို ရှုမြင်ရန် လွယ်ကူသည်။ ဘာကြောင့်လဲဆိုတော့ ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာတွင် ထိုလူငယ်များစွာရှိနေသောကြောင့်ဖြစ်၏။ သို့သော် စက်မှုကမ္ဘာတွင် အသက်ကြီးသူများ၏ခံစားမှုကို ဖမ်းယူရန် ပိုမိုခက်ခဲသည်။

ဂျပန်နှင့် မြောက်အမေရိကအပါအဝင် စက်မှုနိုင်ငံဟောင်းများသည် အချိုးအစားအားဖြင့် မည်ကဲ့သို့ ခံစားရသနည်း။ တစ်စုံတစ်ယောက်သည် အကြောင်းခြင်းရာအားဖြင့် ချိန်ကြည့်လျှင် သက်ကြီးရွယ်အိုများ၏ တန်ဖိုးအလေးချိန်သည် ပိုလိမ့်မည်ဟု မျှော်လင့်ထားလိမ့်မည်။ စီးပွားရေးလုပ်ငန်းများနှင့် အသင်းအဖွဲ့လုပ်ငန်းများကို မည်မျှလုပ်နိုင်သည်ဆိုခြင်းအပေါ် ဆုံးဖြတ်ခြင်းဖြစ်၏။ ထိုလောကမျိုးတွင် အောက်ပါစရိုက်လက္ခဏာများပါဝင်သည်။

- ငွေကြေးဖောင်းပွမှုနည်းခြင်း
- အလုပ်လက်မဲ့ဦးရေနည်းခြင်း
- ရာဇဝတ်မှုနည်းပါးခြင်း
- သည်းခံရောင့်ရဲမှုနည်းပါးခြင်း
- ထိုအပြုအမူကိုထိန်းရာ၌ ဩဇာအာဏာရှိသူအား လက်ခံယုံကြည်ခြင်း

လုပ်အားဈေးကွက်သည် လူမှုရေးသဘောထားအမြင်အပေါ် အကြီးအကျယ်ပြောင်းလဲလာမည်။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ဆက်ဆံရေး ပို၍တိကျလာမည်။ ထိုအရာသည် အလုပ်တစ်ခုအားဆောင်ရွက်ရန် ကန်ထရိုက်စနစ်ဖြင့် လုပ်ပြီး

သူတို့အတွက် လုပ်ပေးခြင်းဖြစ်၏။ အလုပ်သမားဟုခေါ်ဆိုသောသူများအတွက် အမိကအခန်းကဏ္ဍမှပါဝင်ပြီး အချိန်ပြည့်အလုပ်မဟုတ်တော့ချေ။ အကယ်၍ အကြီးမားဆုံးသော ကော်ပိုရေးရှင်းများ၏ အလုပ်စွမ်းအားစုသည် အချိန်ပိုင်းကန်ထရိုက်လုပ်ငန်းဖြစ်ပါက အလုပ်ရှင်နှင့် အလုပ်သမားတို့၏ဆက်ဆံရေးသည် ကြေးစားသာသာဖြစ်သောကြောင့် ကသိကအောက်နိုင်ပေလိမ့်မည်။ ထို့ကြောင့် နှစ်ဖက်စလုံးမှ ဆက်ဆံရေးသည် မိုင်းနှုန်းစနစ်ပါသော စာဖြင့်ရေးမထားသည့် ကန်ထရိုက်ပုံစံဖြစ်သင့်သည်။ ကန်ထရိုက်စာချုပ်ထဲတွင် ပါဝင်သော စကားလုံးများကို အဆုံးသတ်ရန် လွတ်လပ်မှုရှိကြောင်း နှစ်ဖက်စလုံးက ရှုမြင်ကြသည်။

လုပ်အားဈေးကွက်တွင် ဤကဲ့သို့ပြောင်းလဲခြင်းသည် ချွေတာစုဆောင်းရေး၌ ပရိမီယံအကြီးအကျယ်ဝင်လာမည်။ အလုပ်သမားအားလုံးသည် သူတို့၏ အလုပ်ကန်ထရိုက်ကို ယာယီအစီအစဉ်သက်သက်သာဖြစ်ကြောင်း ယူဆလာကြသည်။ ထို့ပြင် သူတို့သည် အလုပ်လက်မဲ့ဖြစ်နေချိန် သို့မဟုတ် ထူးခြားသောအလုပ်ကိုစောင့်နေချိန်မှာ အလုပ်သမားဘဝတွင် အချိန်များစွာရှိသေးသည်ကို လက်ခံကောင်းလက်ခံလာကြပေမည်။ အဖွဲ့အစည်းက ပိုမိုအသက်ကြီးလေ အလုပ်မှရရှိသည့်ဝင်ငွေသက် ချွေတာစုဆောင်းငွေကို ပို၍မှီခိုကြရသည်။ ချွေတာစုဆောင်းခြင်းမှန်ကန်၍ မျိုးဆက်တစ်ခုမှတစ်ခုသို့ ကူးပြောင်းလျှင် နိုင်ငံရေးအခြေခံဖွဲ့စည်းပုံကိုလည်း ဖန်တီးရတော့မည်။

ဥရောပတစ်ခွင်မှ အလုပ်သမားများသည် သူတို့ကလေးအတွက် ပုဂ္ဂလိကဝင်ငွေကို ပေးနိုင်သဖြင့် အလုပ်လုပ်ဖို့ စဉ်းစားခြင်းမပြုတော့ပေ။ သောမတ်စ်ကဲ့သို့သော ထိုခေတ်စာရေးဆရာကြီးများသည် အေးဆေးသက်သာစွာနေထိုင်ခဲ့သော လူတန်းစားများအကြောင်း ရေးသားသရုပ်ဖော်ခဲ့ကြသည်။ တကယ်တော့ ပုဂ္ဂလိကဝင်ငွေသည် ဝတ္ထုများ ရေးသားထုတ်ဝေခြင်းမှရရှိခဲ့ခြင်းဖြစ်သည်။ စာရေးဆရာကြီး ဂုစတာပ်ဖလော်ဘဲယား၏ဖခင် နာမည်ကျော်ဆရာဝန်ကြီးသည် ကောင်းစွာချွေတာ၍ ငွေစုနိုင်သဖြင့် သူ့သားကို ဘဝတစ်လျှောက်လုံး အေးဆေးသက်သာစွာ နေနိုင်အောင် ထားနိုင်ခဲ့သည်။

**ချွေတာစုဆောင်းနိုင်သူများလေလေ နိုင်ငံရေးအပေါ် ဩဇာသက်ရောက်လေဖြစ်၏။**

●



## သက်ကြီးသက်ငယ် ဘယ်လိုခြားနားသလဲ

ငွေချေတာရနေသောင်း၍ နေသူများသည် နိုင်ငံတကာရင်းမြစ်အနေဖြင့် ထင်ရှားလာလိမ့်မည်။ သူတို့နှင့် သူတို့ငွေကြေးသည် ရွှေ့လျားနေသည်။ သူတို့ထဲမှသူတစ်စုကတော့ အခွန်ကိစ္စကြောင့် တစ်နေရာတည်းမှာ အမြဲနေတတ်ကြသည်။ ထိုအုပ်စုပိုများလာပါက တိုင်းပြည်များအတွက် တန်ဖိုးရှိသော လူသားရင်းမြစ်ဖြစ်လာနိုင်သည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများရှိကြသူတချို့က သူတို့ပြောင်းရွှေ့နေထိုင်သောတိုင်း ပြည်များသို့ အလုပ်များနှင့် အရင်းအနှီးများကိုယူဆောင်လာကြမည်ဖြစ်သည်။ ထိုအချိန်ကာလမျိုးတွင် နိုင်ငံခြားစက်မှုရင်းနှီးမြှုပ်နှံမှုထက် ပြည်ပမှလူသားအရင်းအမြစ်များဆွဲဆောင်ရန် နည်းလမ်းရှာလာကြမည်။

ကျန်းမာရေးစောင့်ရှောက်မှုပိုပေးရသော သက်ကြီးရွယ်အိုများကို ထင်ရှားသောအကြောင်းပြချက်ဖြင့် ဆွဲဆောင်လိုခြင်းရှိမည်မဟုတ်ပေ။

၁၉၉၀ ပြည့်နှစ်အဆောပိုင်းကာလများက စက်မှုနိုင်ငံများတွင် ပြည်သူ့ဘဏ္ဍာရေးနှင့်ပတ်သက်၍ ဖိအားပေးခံခဲ့ရသည်မှာ ထင်ရှားသည်။ ရွေးချယ်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်များက အစိုးရများအား ဝန်ဆောင်မှုလုပ်ငန်းတွင်သာ

ငွေကိုသုံးစွဲနေလိုကြသည်။ သို့သော် ဤကိစ္စအတွက် ဆန္ဒမဲပေးရန် ပြင်ဆင်ထားခြင်း မရှိကြပေ။ ပြည်သူ့ဘဏ္ဍာသုံးစွဲမှုနှင့်ပတ်သက်၍ ဖိအားပေးမှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်သာ ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ရွေးချယ်တင်မြှောက်ပွဲများတွင်လည်း သက်ကြီးကိုယ်စားလှယ်များက လူမှုရေးကိစ္စများတွင် တိုးမြှင့်ဆောင်ရွက်လာကြမည် ဖြစ်ပြီး အစိုးရများအတွက် ပို၍အခက်ကြုံလာနိုင်သည်။ ဥပမာ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူ့လုံခြုံရေးကို ပို၍ဦးစားပေးလုပ်ဆောင်လိုကြမည့်အပြင် အကြမ်းဖက်ရာဇဝတ်ဖြစ်မှုများကို ပို၍တိုက်ဖျက်ကြလိမ့်မည်။ ထိုအချိန်တွင် ငယ်ရွယ်သူလူနည်းစု အသက်ငယ်ပြည်သူများက ရာဇဝတ်မှုကို တိုက်ဖျက်သင့်သည်။ ရာဇဝတ်အများအပြားကို ကျူးလွန်ကြသူများမှာ အသက်ငယ်သူများဖြစ်ပြီး အစိုးရများ၏ မူဝါဒများကြောင့် ဆောင်ရွက်ရခြင်းထက် လူမှုရေးအသိစိတ်ဓာတ်ဖြင့် ဖြစ်မှုများ လျော့နည်းပပျောက်အောင် လုပ်သင့်ကြသည်။ အစိုးရများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုပေးလာကြလိမ့်မည်။ ခြွင်းချက်အနေဖြင့် ပြည်သူများက ထိုကုန်ကျစရိတ်ကိုပေးရန် အဆင်သင့်ပြုလုပ်ထားရန်ဖြစ်သည်။

ပျမ်းမျှအသက်အရွယ်ရှိသော လူဦးရေများလာခြင်းသည် အနာဂတ်လူမှုရေးလမ်းကြောင်းကို အဆုံးအဖြတ်ပေးရန် အရေးကြီးသောအင်အားဖြစ်လာနိုင်သည်။ သို့သော် ထိုအချိန်တွင် အပြောင်းအလဲပြုလုပ်ခြင်းသည် ပို၍သိသာထင်ရှားသည်။ အလုပ်စွမ်းအားစုများတွင် အမျိုးသမီးဦးရေ ပို၍များလာနိုင်သည်။ နေအိမ်ပြင်ပထွက်၍ အလုပ်လုပ်ကြသော အမျိုးသမီးများနှင့် အခြားလူမှုရေးကိစ္စများအကြား ဆက်သွယ်မှုအချိုးအစား ပိုမိုတိုးတက်လာနေ၏။ အထူးသဖြင့် ကလေးမွေးဖွားနှုန်းကျဆင်းလာခြင်း၊ လင်မယားကွာရှင်းပြတ်စဲမှုများလာခြင်း၊ မိသားစုတစ်စုချင်း ကလေးမွေးဖွားနှုန်းတိုးလာခြင်းကိစ္စများတွင်ဖြစ်၏။ ထိုအချက်များထဲမှ ပထမဦးဆုံးအချက်ဖြစ်သည့် ကလေးမွေးဖွားနှုန်းကျဆင်းခြင်းသည် စက်မှုကမ္ဘာတွင် ဖြစ်ပေါ်လျက်ရှိ၏။ နောက်ရာစုနှစ်တစ်ဝက်ခန့်ရောက်လျှင် ကမ္ဘာ့လူဦးရေတိုးနှုန်းသည် မညီမျှဖြစ်လာမည်ဟု ကမ္ဘာ့ကုလသမဂ္ဂမှ လူဦးရေဆိုင်ရာ ကျွမ်းကျင်သူများက ကြိုတင်ဟောကိန်းထုတ်ထားကြသည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများသည် အမျိုးသမီးများအတွက် ပိုမိုရရှိလာကြမည်ဖြစ်၏။

စက်မှုကမ္ဘာတွင် ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်း စသည့် လူမှုရေးပြဿနာကြီးများ ဆက်လက်ဖြစ်ပေါ်နေဦးမည်။ အလုပ်စွမ်းအားစုများတွင် အမျိုးသမီးဦးရေ တိုးပွားလာခြင်း ဆက်လက်ဖြစ်ပေါ်နေသည်ကို ရှုမြင်ရန် ခက်ခဲလာသည်။ သို့သော် အမျိုးသမီးအများစုက အလုပ်ထွက်လုပ်လျှင် မိသားစုများ ပိုမို

ကွဲကွာကြပြီး တစ်ဦးတည်းသော မိဘပိုများလာမည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နေမည်လား။ အကယ်၍ ဤကဲ့သို့ဖြစ်နေလျှင် အကြောင်းပြချက်နှစ်ခုအတွက် အနှောင့်အယှက်ဖြစ်လာနိုင်သည်။ ပထမအချက်က လူများသည် အကျိုးတရားနှင့် ပတ်သက်၍ ဗဟုသုတနည်းပါးလာဟန်ရှိပြီး သူတို့ကိုယ်တိုင် သို့မဟုတ် တခြားသူများအတွက် နှစ်ထောင်ပေါင်းများစွာ ကြာမြင့်နေသော အသိပညာများ ထိမ်းမြားလက်ထပ်ခြင်းများကို ငြင်းပယ်လာကြသည်။ ဒုတိယအချက်မှာ အကျိုးသက်ရောက်မှုကိုသိရသရွေ့ပြောရလျှင် မိဘတစ်ယောက်တည်းရှိသည့်ကလေးများနှင့် မိဘနှစ်ပါးကွာရှင်းပြတ်စဲထားသည့်ကလေးများ (ပြန်လည်လက်ထပ်သည့် စုံတွဲများအပါအဝင်) သည် ပညာရေးအခြေအနေဆိုးရွားပြီး မိဘနှစ်ပါးနှင့် တည်ငြိမ်စွာနေရသည့် ကလေးများထက် လူမှုရေးပြဿနာများ ဖြစ်ပေါ်နေကြသည်။ ဝင်ငွေအနည်းဆုံးလူများတွင် မိဘတစ်ဦးတည်းသာ အများဆုံးရှိတတ်ကြပြီး အန္တရာယ်ကတော့ ပုဂ္ဂလိကတစ်ယောက်တည်းနေရသည့် သံသရာကို ဖြစ်ပေါ်စေခြင်းဖြစ်၏။

ဗြိတိန်နှင့် နိုင်ငံအချို့တို့တွင် လူမှုရေးပြောင်းလဲမှုသည် မှတ်သားဖွယ်ကောင်းသည်။ ၁၉၆၀ ပြည့်နှစ်တွင် အင်္ဂလန်တွင်မွေးဖွားသည့် ၆ ရာခိုင်နှုန်းသော ကလေးများသည် လက်မထပ်ရသေးသော မိဘများက မွေးဖွားခြင်းဖြစ်သည်။ ၁၉၉၃ ပြည့်နှစ်တွင် ၂၈ ရာခိုင်နှုန်း၊ ၁၉၉၂ ခုနှစ်တွင် ၃၁ ရာခိုင်နှုန်းထိ တက်လာသည်။ ထိုနည်းတူပင် စက်မှုနိုင်ငံများတွင်လည်း ကြောက်မက်ဖွယ်ရာ တိုးလာနေသည်။ စက်မှုနိုင်ငံများတွင် အမျိုးသမီးအချို့ဆက ပိုများနေသည်ကို မေးခွန်းထုတ်သင့်ပါပြီ။ တကယ်တော့ ထိုကိစ္စသည် နိုင်ငံရေးအရရော လူမှုရေးကျင့်ဝတ်အရပါ ဖြေရှင်းရန်ခက်ခဲလာသည်။ ဘာကြောင့်လဲဆိုတော့ အမျိုးသမီးများကို အလုပ်ပေးရန် ငြင်းဆန်လာတော့မည် ဖြစ်သောကြောင့်ဖြစ်၏။ အပြန်အလှန်အားဖြင့်ပြောရမည်ဆိုလျှင် အမျိုးသားနှင့် အမျိုးသမီးများသည် ဘာကိုမျှော်လင့်ပြီး လက်ထပ်ကြသလဲဟု မေးရမလိုဖြစ်နေ၏။ တွန်းလှန်ရန်ခက်ခဲလာသည်ကို တွေ့ရပေမည်။

အကျိုးဆက်တချို့သည် အလွန်ကျေးဇူးပြု၏။ မိန်းမများသည် သူတို့ကို ရိုက်နှက်သော ယောကျ်ားများနှင့် ကြာရှည်အတူနေရန်မလိုတော့။ သို့သော် တချို့ကတော့ သည်လိုမဟုတ်။ အသေးစိတ်ပြောရလျှင် မိသားစုများပြိုကွဲသောအခါ ကလေးများနစ်နာကြသည်။ ရာဇဝတ်မှုတွေ တိုးလာသည်။ လူတိုင်း ပို၍ဆင်းရဲမွဲတေလာကြသည်။ သာတူညီမျှရေးဆီသို့ ဦးတည်၍သွားနေသော လွတ်လပ်ရေးက ကုန်ကျစရိတ်များ သယ်ဆောင်လာသည်ကို တိုင်းပြည်များက ဘယ်လိုမျှတအောင် ထိန်းပေးမလဲ။ လူမှုရေးနှင့် စီးပွားရေးအရ အောင်မြင်အောင် ကူညီနိုင်မလား စဉ်းစား

ဖွယ်ဖြစ်လာ၏။ အိမ်ထောင်ရေးပြိုကွဲမှုပြဿနာ လျော့နည်းကျဆင်းစေရန် အရင်းအမြစ်များစွာသုံးစွဲနေသော တိုင်းပြည်တစ်ပြည်သည် တခြားကိစ္စများအတွက် အရင်းအမြစ်လျော့နည်းလာသည်။ မည်သည့်ကိစ္စမဆို လူမှုရေးပြဿနာကို ဖြေရှင်းရာ၌ ငွေကြေးသည် အဓိကမကျပေ။ ပြဿနာအရပ်ရပ်ကိုကိုင်တွယ်၍ ကူညီခြင်းသာလျှင် အကောင်းဆုံးဖြစ်၏။ ထို့ထက်ကောင်းသည်က လင်မယားကွာရှင်းခြင်းကို ပထမနေရာမှာမထားခြင်းဖြစ်၏။

အသက်အပိုင်းအခြားက လူမှုရေးအပြောင်းအလဲကို တွန်းအားပေးသော စွမ်းအင်မဟုတ်။ စည်းကမ်းအလွန်ကြီးသော ဂျပန်နိုင်ငံသည် ၁၉၅၀ ပြည့်လွန်တစ်ပိုက်မှာ သက်တမ်းနုနယ်သေးသော်လည်း စက်မှုနိုင်ငံကြီးကို ထူထောင်ခဲ့သည်။ ထိုအချိန်မှာ သက်တမ်းအရင့်ဆုံး စက်မှုနိုင်ငံကြီးဖြစ်သည့် ဗြိတိန်သည် အသက် ၆၀ နီးပါးရှိ အလုပ်သမားများနှင့် ကုန်ထုတ်လုပ်နေ၏။ အသက်ငယ်သူတွေများသော အမေရိကန်သည် ယဉ်ကျေးမှုပေါင်းစုံသော ပြည်သူလူထုနှင့် ပုဂ္ဂလိကအခွင့်အရေးကို သမိုင်းကြောင်းအရ လေးစားသဖြင့် ပြိုင်ဘက်များနှင့်ယှဉ်လျှင် စည်းကမ်းလိုက်နာမှု အလွန်နည်းသည်ကို တွေ့ရပေသည်။ သို့သော် ယေဘုယျအားဖြင့် စက်မှုကမ္ဘာအိုမင်းရင့်ရော်လာသည်နှင့်အမျှ ကျွန်တော်တို့တွင်ရှိပြီးသော စရိုက်လက္ခဏာများပိုမိုထွန်းကားလာနေသည်။ အငြိမ်းစားယူရသော လူဦးရေကလည်း အချိုးအဆများလာသည်။ ဖွံ့ဖြိုးပြီးကမ္ဘာမှ အသက်ငယ်သူ ပိုများလာသည်နှင့်အမျှ အစီအစဉ်ကျမှုနည်းပြီး အချိန်ကာလများသည် ဖရိုဖရဲဖြစ်လာသည်။ ကိုလိုနီခေတ်နောက်ပိုင်းတွင် ဆင်းရဲသားများနှင့် ချမ်းသာကြွယ်ဝသူများအကြား တင်းမာမှုများ ပို၍ကြီးထွားလာသည်။

## ဆောင်ရန်နှင့် ရှောင်ရန်အချက်များ

နည်းလမ်းက အန္တရာယ်ရှိသည်။ တခြားတစ်ဖက်မှာ အသက်ကြီးပြီး စည်းကမ်းကြီးသောသူများ ချမ်းသာသည်။ ကမ္ဘာမှာတိုးနေသည်။ တခြားတစ်ဖက်မှာ ချမ်းသာသော ကမ္ဘာ့နယ်နိမိတ်ရှိ လူဦးရေထူထပ်သော မြို့ကြီးများတွင် နေထိုင်ကြသည့် လူငယ်များသည် သူတို့မျှော်လင့်မထားသည့် လူနေမှုအဆင့်အတန်းတွင် ရောက်ရှိနေပြီး နေ့စဉ်ဝင် ရုပ်မြင်သံကြားကြည့်နေကြ၏။ ဤဖွံ့ဖြိုးပြီး ကမ္ဘာ့အစိတ်အပိုင်းအချို့တွင် အခက်အခဲအတားအဆီးများကို ခုန်ကျော်၍ သူတို့ဘာသာ ချမ်းသာကြွယ်ဝအောင် လုပ်ကြလိမ့်မည်။ သို့သော် ကျဆုံးလျက်ရှိသည့်နိုင်ငံများနှင့် ပြည်သူလူထုသည် ခါးသီးစွာ မုန်းတီးစိတ်များကြီးမားလာသည့် အကြမ်းဖက်သမား

များနှင့် ဖျက်ဆီးနိုင်စွမ်းအားကြီးသော လက်နက်ကြီးများခေတ်တွင် အမှန်ပင် ထိတ်လန့်နေကြရ၏။ ချမ်းသာသည့်နိုင်ငံနှင့် ဆင်းရဲသည့်နိုင်ငံများ နှစ်မျိုးစလုံးကပင် ဤအန္တရာယ်ကို သေးငယ်အောင်စီမံသင့်သည်ဟု ထင်မြင်ယူဆလျက်ရှိကြသည်။ သို့သော် မလွယ်ကူချေ။

အတိတ်ကကဲ့သို့ပင် ထိုကမ္ဘာလောကကြီးနှစ်ခုတွင် မညီမျှသည့် ထင်ရှားသည့်နည်းလမ်းသည် လူဦးရေလှုပ်ရှားမှုတွင် ဖြစ်ပေါ်လာလိမ့်မည်။ နောက်ရာစုနှစ်ပထမပိုင်း၌ လူဝင်မှုသည် အဓိကပြဿနာဖြစ်လာမည်။ အဘယ့်ကြောင့်ဆိုသော် သဘာဝစီးပွားရေးတုံ့ပြန်မှုကြောင့်ဖြစ်၏။ ချမ်းသာသည့်ကမ္ဘာမှ ဆင်းရဲသားအချို့သည် မရှောင်လွှဲနိုင်သော ကြီးမားသောဖိနှိပ်မှုကို ခံနေရသည်။ မြောက်အာဖရိကနှင့် ချမ်းသာသောအာရှနိုင်ငံများသည် သူစိမ်းဝင်ရောက်မှုကြောင့် ဆင်းရဲသော အိမ်နီးချင်းနိုင်ငံများ၏ ဖိစီးမှုဒဏ်ခံနေကြရသည်။ ထိုကဲ့သို့ လူဦးရေပြောင်းရွှေ့မှုကြောင့် နှစ်ဖက်စလုံးမှာ အကျိုးရှိကြသည်။ ချမ်းသာသောနိုင်ငံများက အသုံးတည့်သည့် လုပ်အားကို အမြတ်ရရှိကြသလို ပြည်ပမှဝင်လာသူများက ကျွန်ရစ်သူမိသားစုများကို ပိုမိုထောက်ပံ့နိုင်သည့်အပြင် ဝင်ငွေပါတိုးလာကြသည်။ သို့သော် လူဦးရေ မညီမျှမှုကို သက်သာအောင် ပြည့်ပမှဝင်ရောက်လာသူများက လုပ်နိုင်သည့် အရေးကြီးသောအကြောင်းနှစ်ရပ်ရှိ၏။ အရေအတွက်က အလုပ်မဖြစ်ချေ။ ထို့ပြင် ထိုကိစ္စကို ကန့်သတ်ထားသည့် ခိုင်လုံသောလူမှုရေးအကြောင်းပြချက်များရှိသည်။

အရေအတွက် ကိန်းဂဏန်းကို လျင်မြန်စွာပြုလုပ်နိုင်သည်။ ကမ္ဘာ့လူဦးရေသည် တစ်နှစ်လျှင် သန်း ၉၀ မှ ၁၀၀ အတွင်း တိုးလျက်ရှိသည်။ စက်မှုကမ္ဘာက တိုးလာသောလူဦးရေ၏ တစ်ဆယ်ရာခိုင်နှုန်းကိုသာ ယူနိုင်သည်ဆိုပါစို့။ မျိုးဆက်တစ်ခုတွင် လူဦးရေ သန်း ၂၀၀ ခန့်ရှိသည်။ စက်မှုကမ္ဘာက ပြည်ပမှဝင်ရောက်လာသူအရေအတွက် အနည်းငယ်လောက်ကိုသာ ခေါ်ယူအလုပ်ပေးခြင်းအပေါ် သဘောမပေါက်ကြချေ။ ဖွံ့ဖြိုးပြီးကမ္ဘာတွင် နေရာယူထားသော အရေအတွက်အနည်းဆုံး လူဦးရေဖြစ်၏။ ချမ်းသာသောကမ္ဘာတွင် ပြည်ပလူဦးရေဝင်ရောက်မှုကြောင့် ဆင်းရဲသောနိုင်ငံများတွင် လူဦးရေတိုးနှုန်းကျမသွားပေ။

မည်သို့ပင်ဖြစ်စေ ပြည်ပလူများ ဝင်ရောက်မှု ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ပိုမိုများပြားလာသောကြောင့် လူမှုရေးအငြင်းပွားမှုများ ပြင်းထန်လာသည်။ ပညာအကောင်းဆုံးတတ်သူများနှင့် ကျွမ်းကျင်မှုအရှိဆုံးလူများကို စက်မှုကမ္ဘာက ဆွဲဆောင်လျက်ရှိသည်။ ဖွံ့ဖြိုးပြီးကမ္ဘာမှ လူများကတော့ သူတို့ကိုထိန်းထားရန် အလိုအပ်ဆုံးဖြစ်နေ၏။ မတူညီသောလူမျိုးစုနှင့် ဘာသာရေးနောက်ခံများ ပြိုင်ဆိုင်

မှုကြောင့် လူမှုရေးဖိနှိပ်မှုခံနေကြရသည်ကို မိခင်နိုင်ငံရင်းရှိ လူများက သိထားကြသည်။



## ရှိခြင်းနှင့် မရှိခြင်းများ

ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက အရှေ့အာရှ၌ စီးပွားဖြစ်လုပ်ငန်းများ ဆက်လက်ထူထောင်နေချိန်တွင် ဂျပန်နိုင်ငံ၌ အတိုင်းအတာတစ်ခုအထိ ပြည်ပမှ ဝင်ရောက်လာသူများ ဆက်လက်တိုးပွားနေဦးမည်။ သို့သော် ခိုင်မြဲသော ဂျပန်တို့၏ယဉ်ကျေးမှုကြောင့် ကွဲပြားနေမည်။ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတွင် အာရှတိုက်မှ ဝင်ရောက်လာသူများကို ဆွဲဆောင်လျက်ရှိပြီး နှစ်နိုင်ငံစလုံးတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဩဇာသက်ရောက်မှုရှိစေရန်အတွက် သဘောထားများကို စတင်နေကြပြီဖြစ်၏။ အထူးသဖြင့် ဩစတြေးလျတွင် ပြည်ပဝင်ရောက်လာသူများက အင်္ဂလိုဆက်ဆွန်ဓာတ်မြစ်ကို နှတ်ပယ်ရန်ကူညီကြလိမ့်မည်။

နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခြင်းသည် အတိုင်းအတာတစ်ခုအထိ စက်မှုကမ္ဘာတွင် ရုပ်ဝတ္ထုပစ္စည်းအကျိုးသက်ရောက်မှုများရှိလာမည်။

စက်မှုကမ္ဘာအတွက် ယေဘုယျအဖြေကိုရှာရန်မှာ ပြည်သူလူထု၏ နေထိုင်မှုအဆင့်အတန်း တိုးတက်ရေးအတွက် လုပ်ဆောင်စွမ်းရှိရေးဖြစ်၏။ သို့မှသာ ပြည်သူလူထုက တိုးတက်မှုအချို့ကို တွေ့နိုင်လိမ့်မည်။ သို့သော် ဘယ်လိုလုပ်ကြ

မလဲ။ ကိုလိုနီခေတ်နောက်ပိုင်းကာလများတွင် ထိုမေးခွန်း၏အဖြေများထဲတွင် ကုန်သွယ်ရေးနှင့် အကူအညီပေးရေးအချို့ ပါဝင်သည်။ ကုန်သွယ်ရေးနှင့် မကြာမီ ရောက်ရှိလာမည့် အကူအညီပေးရေးစီမံကိန်းများကို ချိန်ဆထား၏။ သို့သော် စက်မှုကမ္ဘာတွင် ကာကွယ်ရေးဝါဒနှင့် ဖွံ့ဖြိုးဆဲကမ္ဘာများက တတ်နိုင်စွမ်းသည့်နည်းပညာနှင့် ဈေးကွက်များမပါဘဲ ကုန်ပစ္စည်းများတင်ပို့မှုအခွင့်အရေးကို ကန့်သတ်ထားကြသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အယူအဆသစ်များပေါ်လာ၏။ ဖွံ့ဖြိုးပြီး ကမ္ဘာတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပိုမိုများလာသည်။ ဖွံ့ဖြိုးပြီး အနောက်နိုင်ငံများသည် တခြားနိုင်ငံမှ လုပ်သားအင်အားကို တင်သွင်းမည့်အစား အလုပ်အကိုင်များကို တင်ပို့ကြသည်။

ဤသို့ပြုလုပ်ခြင်းသည် အလွန်အကျုံအာမခံထားသော ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်၏။ အကြောင်းမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်း၊ စက်ရုံများတည်ဆောက်ခြင်း၊ အလုပ်သမားများကို သင်တန်းပေးခြင်း၊ အနောက်နိုင်ငံရှိ လုပ်ငန်းဌာနများက အလုပ်သင်များ ဖန်တီးပေးသလို အနောက်တိုင်းနိုင်ငံ အတတ်ပညာများကို သင်ကြားပေးခြင်းများ ပြုလုပ်လျက်ရှိသည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် လုပ်ခနည်းသဖြင့် အကျိုးအမြတ်ရရှိနေသည်။

ထိုကဲ့သို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်သောကြောင့် ဖွံ့ဖြိုးပြီးကမ္ဘာသို့ လူအများ စုပြုဝင်ရောက်သည့်ပြဿနာကို ဖြေရှင်းပေးရာလည်းရောက်၏။ ထို့ပြင် ဖွံ့ဖြိုးတိုးတက်မှုသည် မက္ကဆီကိုနှင့် ထိုင်းကဲ့သို့ ဝင်ငွေအလယ်အလတ်သာရှိသော နိုင်ငံများတွင် ဆင်းရဲမွဲတေမှု ပိုမိုမဖြစ်နိုင်တော့ပေ။ သူတို့သည် အရည်အသွေးရှိသော အလုပ်သမား သို့မဟုတ် ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများ ရရှိနိုင်သော အခြေခံအဆောက်အအုံများကို ပေးနိုင်စွမ်းမရှိကြ။ သို့သော် ထိုအရာသည် အရေးကြီးအလားအလာရှိသော စွမ်းအားတစ်ခုဖြစ်၏။ ထို့ပြင် နောက်ဆယ်စုနှစ်စောစောပိုင်းကာလတွင် ပို၍အရေးကြီးလာလိမ့်မည်ဟု ခန့်မှန်းကြသည်။

တခြားအားတက်ဖွယ်ရာ လက္ခဏာများလည်းရှိသေး၏။ တချို့စာရေးဆရာများက လူဦးရေတိုးလာမှုသည် အန္တရာယ်အဖြစ်ဆိုးတစ်ခုကို ဖြစ်ပေါ်လာလိမ့်မည်ဟု ထင်မြင်ကြသည်။ စာရေးဆရာ မယ်လ်သူစ် ရေးခဲ့တာမှန်သည်။ သို့သော် သူ့ခေတ်ထက် အနည်းငယ်စောသည့် (မှတ်ချက်- မယ်လ်သူစ်က စာအုပ်ကို အမည်မခံဘဲ ၁၇၉၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ လူဦးရေတိုးလာခြင်းသည် စားနပ်ရိက္ခာဖြန့်ဝေခြင်းကို အမြဲတမ်းခက်ခဲစေလိမ့်မည်ဟု သူက အယူအဆတစ်ရပ် ဖော်ထုတ်ခဲ့သည်။) နောက်ဆယ်စုနှစ်တစ်ဝက်ရောက်၍ ဘာတွေပဲဖြစ်စေ ၂၀၂၀ ခုနှစ်

ရောက်လျှင် လူဦးရေတိုးလာခြင်းကြောင့်ဖြစ်ပေါ်လာမည့် ဘေးဒုက္ခသည် တူညီနိုင်မည် မဟုတ်ချေ။ ဤအချိန်စကေးအရ လူဦးရေတိုးမှုကြောင့် စီးပွားရေးကျပ်တည်းခြင်းကို ထိန်းနိုင်ခြင်းမရှိတော့။ အကယ်၍ ဘေးဒုက္ခကြုံလာလျှင် လူဦးရေကြောင့်မဟုတ်ဘဲ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်သာလျှင် ဖြစ်လိမ့်မည်။ သို့သော်ကျွန်တော်တို့သည် လူဦးရေစာရင်းဖိစီးမှုနှင့် မွတ်စလင်အခြေခံဝါဒတို့အကြားအပြန်အလှန်လှုပ်ရှားမှုကို တွေးပူသင့်သည်။ ၁၉၉၀ ပြည့်နှစ်များစောစောပိုင်းနှစ်များကဲ့သို့ ပိုမိုထက်မြက်သော ကမ္ဘာလုံးဆိုင်ရာ ခွဲခြားမှု ထင်ရှားလာလိမ့်မည်။ တစ်နည်းအားဖြင့် ကြောက်ရွံ့နေကြသော်လည်း စက်မှုကမ္ဘာတွင် စိုးရိမ်ပူပန်မှုများဖြစ်လာနိုင်သည်။ ထိုစိုးရိမ်မှုက လူနေမှုအဆင့်အတန်းကို ထိန်းရန် နည်းပညာများကို အသုံးပြုရင်း လူဦးရေထိုးဖောက်မှုကို နေရာတိုင်းမှာ ကာကွယ်ပေးလိမ့်မည်။ တခြားနည်းအားဖြင့် လူငယ်များ၊ ဆင်းရဲသားများနှင့်ပြည့်နှက်နေသော မြို့ပြများသည် ဖွံ့ဖြိုးပြီးကမ္ဘာတွင် ပေါ်ပေါက်လာနိုင်သည်။ စက်မှုကမ္ဘာအထိ ထိရောက်မှုရှိသော ကုန်ထုတ်ယူနစ်များကို ပေးစွမ်းနိုင်သည့် အခြေခံအဆောက်အအုံများမရှိချေ။ ထိုအကြားတွင် ဖွံ့ဖြိုးပြီး နိုင်ငံမှသည် စက်မှုကမ္ဘာသို့ ခုန်ကျော်သွားရန် ပြုလုပ်နေသော လက်တစ်ဆုပ်စာနိုင်ငံ သို့မဟုတ် ဒေသများဖြစ်ပေါ်လာလိမ့်မည်။

ဤခုန်ပျံကျော်လွှားမှုပြုလုပ်ရာ၌ ဤစက်မှုနိုင်ငံအသစ်များသည် ကမ္ဘာ့အကြီးမားဆုံးသဘာဝအရင်းအမြစ်များကို အသုံးပြုကြမည်ဖြစ်သည်။ ထိုကဲ့သို့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်းရှိ၊ မရှိဆိုသည့်မေးခွန်းကို ဖြစ်ပေါ်စေနိုင်သည်။

●



## သဘာဝရင်းမြစ်များနှင့် ပတ်ဝန်းကျင်ပြဿနာ ရှိနိုင်သလား

ယခုအခြေအနေက မယ်လ်သူ့စ်၏အဆို မှားနေပြန်သည်။ ကမ္ဘာ့အစိတ်အပိုင်းများစွာမှာ ငတ်မွတ်ခြင်းမရှိကြချေ။ တကယ်တော့ ကမ္ဘာပေါ်ရှိ နေရာအများဆုံးမှ တိုးလာသောလူဦးရေကို ကျွေးမွေးစည့်ခံနိုင်ခြင်း မရှိတာမဟုတ်။ သို့သော် လူနည်းစုကတော့ လူနေမှုအဆင့်မြင့်လာကြသည်။ စက်မှုကမ္ဘာမှ သာမန်လူများသည် လူနေမှုအဆင့်ကို အတွေ့အကြုံရှိကြ၏။ ဥပမာ နေအိမ်အကျယ်အဝန်း၊ ခရီးသွားရေး အခွင့်အရေးအမျိုးမျိုး၊ အကယ်၍ အားလုံးအခွင့်အရေးကို ရရှိသောလူများသည် ရှေးအခါက ချမ်းသာသည့် လက်တစ်ဆုပ်စာလူများသာဖြစ်သည်။ အရေးကြီး ကုန်ပစ္စည်းများ ရှားပါးမှုမရှိ၊ စက်မှုကမ္ဘာသည် တခြားကိုပေးပစ်ရန်စက်ခဲသည့် ပိုလျှံကုန်များ စုပုံနေကြ၏။ လယ်သမားများကို စားကုန်များ ပို၍စိုက်ပျိုးခြင်းမပြုရန် ထောက်ပံ့ကြေးပေးနေကြသည်။ ဗြိတိန်တွင် တူးဖော်ရန်စက်ခဲသည့် ကျောက်မီးသွေးများ ပိုလျှံနေသည်။ ၁၉၆၀ ပြည့်နှစ်များဆီက ရေနံသည် ဈေးနှုန်းသက်သာခဲ့သည်။ ထို့ပြင် ဓာတ်သတ္တုများ ပြတ်လပ်မှုမရှိ၊ ကမ္ဘာ့နေရာအနှံ့အပြားတွင် အရေးကြီးသည့် သဘာဝရင်းမြစ်သည် ရေသာဖြစ်သည်။

နေ့ခင်းတွင် လူများသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုတ်ယုတ်လာမည်ကို စိုးရိမ်ပူပန်နေကြသည်။ စိုးရိမ်ပူပန်ရသည့် အခြားအကြောင်းကိစ္စများလည်း ရှိ

ကြသည်။ အပူပိုင်းဒေသ သစ်တောများနှင့် ဝင်လယ်ငါးဖမ်းလုပ်ငန်းကဲ့သို့သော သဘာဝရင်းမြစ်တချို့သည် ထုတ်လုပ်မှုများပြားသောကြောင့် အန္တရာယ်များနှင့် ရင်ဆိုင်နေကြရသည်။ ဈေးကွက်ပြင်ပ၌ရှိသော ဤကဲ့သို့သော သဘာဝရင်းမြစ်များကို သာမန်လူများ သို့မဟုတ် အစိုးရ သို့မဟုတ် ပိုင်ရှင်မဲ့ဖြစ်ကြပြီး အကာအကွယ်မဲ့နေကြသည်။ တစ်ချိန်တည်းမှာပင် ပုဂ္ဂလိကအနေဖြင့် ထိန်းချုပ်ထားသော ထိုမူလထုတ်ကုန်များသည် ကုန်ခန်းမည့်ဘေးအန္တရာယ်မရှိချေ။ အကယ်၍ အန္တရာယ်ရှိလျှင် ၁၉၅၀ ပြည့်နှစ်များကကဲ့သို့ ထိုပစ္စည်းများ ဈေးကျလိမ့်မည်မဟုတ်။



## ပြဿနာရှိနိုင်သလား

အကယ်၍ တစ်ကမ္ဘာလုံးဆိုင်ရာ အရင်းအမြစ်နှင့်ပတ်သက်၍ ပြဿနာဖြစ်စရာအကြောင်းရှိလာလျှင် ဒေသဆိုင်ရာ အာရုံစူးစိုက်မှုလည်း ရှိလာနိုင်သည်။

ကမ္ဘာပေါ်တွင် ရင်းမြစ်များ ရုတ်တရက်လျော့နည်းသွားသည့်ကာလများ ရှိခဲ့ဖူးသည်။ ကိုရီးယားစစ်ပွဲကာလက စစ်စရိတ်များပြားလာမှုကြောင့် ရေနံပြတ်လပ်မှုတွေ့ကြုံရမည်ကို စိုးထိတ်ခဲ့သည်မှာ သာဓကတစ်ရပ်ဖြစ်သည်။ ဤကဲ့သို့သော ရင်းမြစ်တစ်ခုအတွက် ထိတ်လန့်မှုများမှာ ပို၍ဖြစ်လာနေသည်။ သို့သော် ကြိုတင်ဟောကိန်းထုတ်၍မရ။ ဖွံ့ဖြိုးပြီးကမ္ဘာတွင် ကုန်ကျစရိတ်သက်သာစွာဖြင့် ဘဝနေထိုင်မှုစတိုင်ကို ပြည်သူများအားပေးနိုင်သောနိုင်ငံများသည် မြန်းတီးကုန်ကျစရိတ်ဖြင့်နှိုင်းယှဉ်လျှင် အောင်မြင်မှုများ ရနိုင်ပေသည်။ အရှည်အချင်း၊ အရေအတွက် မဟုတ်

သည်က ပို၍ပို၍အကြောင်းတရားဖြစ်လာသည်။ ဤအကြောင်းတရားများသည် နေ့စဉ်လိုအပ်ချက်ကို ဦးတည်လျက်ရှိသော စားသုံးသူများ၏ သဘောထားကို ထင်ဟပ်စေလိမ့်မည်။ ထိုလိုအပ်ချက်များမှာ အစားအစာ၊ အဖျော်ယမကာ၊ သယ်ယူပို့ဆောင်ရေးဖျော်ဖြေမှုများဖြစ်၏။ ဖွံ့ဖြိုးပြီးကမ္ဘာမှာ ရင်းမြစ်ပြဿနာသည် ပို၍ကြောက်စရာကောင်းလာမည်။ အထူးသဖြင့် အစားအစာထုတ်လုပ်မှု၊ ရေကိုအသုံးပြုမှုနှင့် ပတ်သက်လာလိမ့်မည်။

ထို့နောက်ကာလများတွင် ကမ္ဘာ့သဘာဝရင်းမြစ်များသည် အနည်းဆုံး မျိုးဆက်သစ်တစ်ခုစာထက်မက လုံလောက်ပြီး လူဦးရေကို အထောက်အကူပြုရုံသာမက တိုးလာသောလူဦးရေကိုလည်း သက်သာသောဘဝနေထိုင်မှုကိုလည်း ပေးနိုင်လိမ့်မည်။ တစ်ချိန်တည်းမှာပင် အချိန်အားလျော်စွာ ဘေးအန္တရာယ်များလည်း ကျရောက်နိုင်သည်။ ပဋိပက္ခဖြစ်မှုများတွင် နိုင်ငံရေးတင်းမာမှုများ နက်ရှိုင်းစွာ ပါဝင်ပေါ်ပေါက်လာနိုင်သည်။

အဓိကနေရာများတွင် အစားအစာ၊ ရေနှင့်စွမ်းအင်ဟူသည့် ရင်းမြစ်များ အားနည်းမှုကို ရှာဖွေကြည့်ရှုရန် လူအများ နည်းဗျူဟာကျသော သတ္တုများနှင့် အချို့ကမူ ရွှေကို ရင်းမြစ်အဖြစ် ပေါင်းထည့်ချင်ကြသည်မှာ ပူပန်စရာမဟုတ်။ ကမ္ဘာပေါ်တွင် နည်းဗျူဟာအရ အသုံးဝင်သည့် ဓာတ်သတ္တုနှင့်ရွှေကို အဓိကထုတ်လုပ်သည့်နိုင်ငံများမှာ ရုရှားနှင့် တောင်အာဖရိကတို့ဖြစ်သည်။ ထိုနှစ်နိုင်ငံလုံးသည် အနာဂတ်တွင် နိုင်ငံရေးမတည်ငြိမ်မှုကို ရင်ဆိုင်ရမည့်အခြေအနေရှိသည်။ သို့သော် အစားအစာ၊ ရေနှင့်စွမ်းအင်တို့ အများဆုံးအခက်အခဲဖြစ်နိုင်ခြေရှိသည်။ အကယ်၍ အကိုင်အတွယ်မတတ်လျှင် ကြောက်မက်ဖွယ်ရာသဘာဝပတ်ဝန်းကျင်ယိုယွင်းမှုနှင့် လူအများ ဝေ်မွတ်ဆင်းရဲခြင်းဘေးဒုက္ခများကို ရင်ဆိုင်ရဖွယ်ရှိသည်။

●



## ကမ္ဘာကြီး အစားအစာလုံလောက်ပါ့မလား

လွန်ခဲ့သည့်နှစ်သုံးဆယ်ခန့်က အစားအစာထုတ်လုပ်မှုသည် လိုအပ်သည်ထက်ပိုပြီး လျင်မြန်စွာထုတ်လုပ်နိုင်ခဲ့သည့်အတွက် အဓိကစားကုန်ဈေးနှုန်းများ ကျဆင်းသွားခဲ့သည်။ အကြောင်းကတော့ ၁၉၆၀ ပြည့်နှစ်များက အစိမ်းရောင်တော်လှန်ရေး (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး)ကြောင့် အာရှနိုင်ငံများတွင် ဆန်စပါးကို တိုးတက်ထုတ်လုပ်နိုင်ခဲ့သောကြောင့်ဖြစ်သည်။ ရှေ့ကိုကျော်၍ကြည့်မည်ဆိုပါက ကမ္ဘာကြီးသည် ထိုကဲ့သို့သော အကျိုးဖြစ်ထွန်းမှုရှိသည့် နောက်ထပ်တော်လှန်ရေးတစ်ရပ်ကို လိုအပ်နေသည်။ သို့သော် သဘာဝချင်းမတူသော တော်လှန်ရေးဖြစ်သည်။

ပိုမိုများပြားလာသော လူများကို ကျွေးမွေးရန်အတွက် ကမ္ဘာကြီး၏ ထုတ်လုပ်မှုအနေအထားသည် အမှန်တကယ် သံသယဖြစ်ဖွယ်မဟုတ်။ လူများသည် သူတို့၏အစားအစာထဲမှာ အသားအနည်းငယ်တော့ စားနိုင်ကြသေးသည်။ တိရစ္ဆာန်များကို ကျွေးရန် သီးနှံ သို့မဟုတ် မြက်များစိုက်ပျိုးကြသော်လည်း မြေယာက မလုံလောက်ချေ။ အကြောင်းကတော့ လူများက စားကျက်များကို လူတို့အတွက် သီးနှံစိုက်ခင်းအဖြစ် ပြောင်းလဲလိုက်သောကြောင့်ဖြစ်သည်။ ယခုအခါ အိန္ဒိယကဲ့သို့သောနိုင်ငံများတွင် လူအများစုသည် အသားငါးများကို အနည်းငယ်သာ စားနိုင်ကြ

သဖြင့် တစ်နေ့တစ်နေ့ သီးနှံစားသုံးမှုသည် ကယ်လိုရီ ၃၀၀၀ ခန့်ရှိသည်။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက မြောက်အမေရိက၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ပြင်သစ်နိုင်ငံသားတို့သည် တစ်နေ့လျှင် ကယ်လိုရီ ၆၀၀၀ ခန့် စားသုံးနေသည်ကို တွေ့ရသည်။ လူဦးရေပိုများသော ကမ္ဘာကြီးကို ကျွေးနိုင်စွမ်းအားအရေအတွက်ကို စီးပွားရေးပညာရှင် ဘားနဒ်ဂျီလန်က ပြုစုထားသည်။ သူက စိုက်ပျိုးမြေတိုးလာသည့်အပြင် သီးနှံအထွက်နှုန်း နှစ်ဆမြင့်တက်လာသဖြင့် ကမ္ဘာကြီးသည် ၇.၅ ဘီလျံရှိ လူများကို ကျွေးမွေးနိုင်သည်ဟု ခန့်မှန်းထားသည်။ ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေသည် ၇.၅ ဘီလျံရှိလာမည်ကို သူက ဆိုလိုခြင်းဖြစ်သည်။ တစ်နေ့လျှင် ကယ်လိုရီ ၆၀၀၀ ခန့် ကျေနပ်ဖွယ်ရာ စားသုံးနိုင်ကြမည်ဟုဆိုသည်။ အကယ်၍ တွက်ချက်မှုမှန်ကန်ပါက ကမ္ဘာကြီးသည် လက်ရှိလူဦးရေ၏နှစ်ဆကို ကျွေးနိုင်သည့်အပြင် စားသုံးမှုလည်း နှစ်ဆတိုးလာနိုင်သည်ဟု ယူဆရပေသည်။

ဤတွက်ချက်မှုတွင် အခက်အခဲနှစ်မျိုးရှိသည်။ ပထမအခက်အခဲမှာ စုစုပေါင်းအစားအစာထုတ်လုပ်မှု မည်သို့ပင်ရှိစေကာမူ ထိုကဲ့သို့ကြီးထွားလာမှုက နေရာယူထားသဖြင့် စေ့ငှစွာဖြန့်ဝေခြင်းမပြုနိုင်ပေ။ တချို့နိုင်ငံများတွင် ယာယီပြတ်လပ်မှုနှင့် ရင်ဆိုင်နေကြရ၏။ ဤပြတ်လပ်မှုများသည် ပိုမိုဆိုးရွားလာနိုင်သည်။ အကြောင်းမှာ အများစုက အာဖရိကတိုက်မှဖြစ်ပြီး၊ အာဖရိကတိုက်သည် ၁၉၆၀ ခုနှစ်ကပင် လူဦးရေတိုးနှုန်း မြန်ဆန်ပြီး အစားအစာထုတ်လုပ်မှုကျဆင်းလျက်ရှိနေရာ ကမ္ဘာ၏ တခြားဒေသများနှင့်မတူညီဘဲဖြစ်နေသည်။ ရေရှည်ရာသီဥတုပြောင်းလဲမှုသည် ဆာဟာရသဲကန္တာရတစ်ပိုင်း အာဖရိကတွင် လွန်ခဲ့သည့် ဆယ်စုနှစ်ကထက် မိုးခေါင်မှု ပိုများလာနိုင်သည်ဟု ကျွန်ုပ်တို့ယူဆထားကြသည်။ လယ်ယာစိုက်ပျိုးရေးနည်းလမ်းသစ်များအသုံးပြုရန် ပိုမိုခက်ခဲနေသည့်အပြင် သီးနှံအမျိုးအစားများကို စိုက်ပျိုးရန်လည်း အခက်အခဲရှိနေသည်။ အာရှတိုက်လယ်ပိုင်ရှင်ကြီးများထက် အာဖရိကလယ်သမားများမှာ ကန့်သတ်ချက်များရှိနေသည်ကို တွေ့ရသည်။

ဒုတိယအချက်အနေဖြင့် နောက်ထပ် အစိမ်းရောင်တော်လှန်ရေးဖြစ်ပေါ်မည်ဆိုက မရှင်းလင်းပေ။ ထိုတော်လှန်ရေးမဖြစ်ပေါ်လျှင် လိုသလောက်သီးနှံအထွက်တိုးလာမည်မဟုတ်ချေ။ ရှေ့သို့ ခြေလှမ်းတချို့ကို အမှန်ပင်လှမ်းရပေလိမ့်မည်။ သို့သော် အတိတ်ကလုပ်နည်းပုံစံများနှင့် ခြားနားနိုင်ရမည်။ အစိမ်းရောင်တော်လှန်ရေးသည် သင့်တော်သော မြေယာ၊ ရာသီဥတုမှန်ကန်မှုနှင့် ရေလုံလောက်စွာရရှိမှုပေါ်တွင်မူတည်နေသည်။

အကျိုးဆက်အနေဖြင့် ရှေ့သို့တိုးရမည့် ရေရှည်တည်တံ့မှုအခြေအနေကို

ယခုအခါ မေးခွန်းထုတ်စရာဖြစ်လာသည်။ ရှေ့ကိုမျှော်ကြည့်လိုက်လျှင် မျိုးဗီဇ ထုတ်လုပ်မှုသည် အစိမ်းရောင်တော်လှန်ရေးကို ထူးခြားစေလိမ့်မည်ဟု တွေးဆနေကြသည်။ ထိုကဲ့သို့ထုတ်လုပ်မှုသည် အထွက်နှုန်းပိုမိုများပြားသည့် အစိကသီးနှံများကိုလည်း ထုတ်လုပ်နိုင်လိမ့်မည်။ သို့သော် အထွက်နှုန်းပိုအောင် တွန်းအားပေးသည့် ပတ်ဝန်းကျင်အကျိုးဆက်များကိုတော့ မသိနိုင်ကြပေ။ ထို့အပြင် အထွက်တိုးနှုန်း နည်းပညာနှင့်အမျှ လယ်မြေများကို အသုံးချစိုက်ပျိုးရပေမည်။ အကယ်၍ ယခုအခါ မသင့်လျော်ဘူးဟုထင်ရသည့် စိုက်ပျိုးရေးသည် မြေယာများဆီသို့ ပျံ့နှံ့သွားလျှင် ပတ်ဝန်းကျင်ပျက်စီးမှုကို ပိုမိုဖြစ်ပေါ်လာလိမ့်မည်ဟု ဆိုကြသည်။

●



## စွမ်းအင်လုံလောက်ရဲ့လား

ဆင်းရဲသောနိုင်ငံများတွင် ထင်းလောင်စာရှားပါးသဖြင့် အခြေအနေဆိုးရွားလာပြီး လောလောဆယ် ထင်းကိုသုံးစွဲသူများသည် အခြားလောင်စာကို ပြောင်းလဲသုံးစွဲရန်ဖြစ်လာသည်။ ယခင်က အခမဲ့ရယူခဲ့သောထင်းကို ယခုအခါ ဝယ်ယူသုံးစွဲနိုင်စွမ်းရှိ၊ မရှိ မသိနိုင်ပေ။

ထင်းမီးနှင့်နှိုင်းယှဉ်လျှင် တခြားစွမ်းအင်အသစ်ရင်းမြစ်သည် အသေးအစွဲ

သာဖြစ်၏။ လျှပ်စစ်စွမ်းအင်ကို ဒီရေ၊ လေ၊ နေရောင်ခြည် သို့မဟုတ် မြေကြီးထဲမှ အပူစွမ်းအင်တို့မှ ထုတ်နိုင်သည်။ သို့သော် ဒေသတွင်းမှသာ ထိုစွမ်းအင်မျိုးကို သုံးစွဲနိုင်ပေသည်။ ဒေသတွင်း စွမ်းအင်ရင်းမြစ်မရနိုင်သောနေရာများတွင် နေရောင်ခြည်စွမ်းအင်သုံးစွဲမှု ပိုမိုကျယ်ပြန့်လာလိမ့်မည်။ ထို့ပြင် လေအားနှင့် ဒီရေလှိုင်းတို့မှ စွမ်းအင်ထုတ်လုပ်မှုလည်း ပိုမိုများပြားလာနိုင်သည်။ ရေလှိုင်းမှ စွမ်းအင်ထုတ်လုပ်ရန် စမ်းသပ်လေ့လာမှုများ ဆက်လက်လုပ်ကြမည်။ သို့သော် အနည်းဆုံး မျိုးဆက်သစ်တစ်သက်အတွက် စွမ်းအင်ရှားပါးလာခြင်းကြောင့် ဈေးနှုန်းမြင့်မလာမချင်း ဤစွမ်းအင်များသည် ကမ္ဘာကြီးအတွက် စွမ်းအင်ကို သိသာစွာပေးနိုင်စွမ်းရှိမည်မဟုတ်ချေ။ သယ်ယူပို့ဆောင်ရေးအတွက် စွမ်းအင်လည်း ထုတ်ပေးနိုင်မည်မဟုတ်သလို လျှပ်စစ်ဓာတ်အားလို စွမ်းအင်မျိုး ပြောင်းလဲထုတ်လုပ်ရန်လည်း များစွာလိုအပ်လာသည်။ ဘက်ထရီအိုးကိုရှာဖွေခြင်းထက် လျှပ်စစ်ဓာတ်အားကို သိုလှောင်သည့်နည်းလမ်းကိုရှာဖွေနိုင်လျှင် အပြည့်အဝအသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။ မီးရထားကဲ့သို့ သယ်ယူပို့ဆောင်ရေးတစ်မျိုးတည်းအတွက် စွမ်းအင်ရရှိနိုင်လိမ့်မည်။

စွမ်းအင်ရှားပါးမှုကို ဖြေရှင်းရန် တိကျသောလုပ်နည်းက မရှိသေးပေ။ သို့သော် နောက်ရာစုနှစ်တွင် ပြဿနာ ၃ မျိုး ပေါ်ပေါက်လာနိုင်သည်။

- သယ်ယူပို့ဆောင်ရေးအတွက် တစ်ခုတည်းသော လောင်စာစွမ်းအင်ဖြစ်သည့် ရေနံရှားပါးမှု
- အလွယ်တကူဆုံး သယ်ယူပို့ဆောင်နိုင်သည့် တစ်မျိုးတည်းသော လောင်စာ ရေနံလောင်စာဈေးကြီးလာမှု
- ရုပ်ကြွင်းလောင်စာကို အသုံးပြုခြင်းကြောင့် လေထုညစ်ညမ်းခြင်းနှင့် ရာသီဥတု ထိခိုက်ပြောင်းလဲစေမှု

အတိတ်က ရေနံဈေးကွက်နှင့်ပတ်သက်၍ ကြိုတင်ဟောကိန်းများမှာ လုံးဝမှားယွင်းနေသည်။ သို့သော် အရန်သိုလှောင်ထားသည့် ရေနံများ သုံး၍ကုန်သွားလျှင် ဈေးကွက်၌ သံသယဖြစ်ဖွယ်ရာရှိ၏။ ထို့ပြင် အကျိုးဆက်အနေဖြင့် ဈေးနှုန်းကြီးမြင့်လာမည်။ ၁၉၈၇ ခုနှစ်က အရန်သိုလှောင်ထားသော ရေနံများကို ၃၂ နှစ်ကြာ သုံးစွဲနိုင်မည်ဟု ခန့်မှန်းထားခဲ့ကြသည်။ ရေနံသုံးစွဲမှုလျှော့ချခြင်းမရှိဘဲ နောက်ထပ် ရေနံရှာဖွေတွေ့ရှိမှုလည်း မရှိလျှင် သဘောတရားအရ ၂၀၂၀ ပြည့်နှစ်တွင် ရေနံကုန်ခန်းသွားလိမ့်မည်။ တကယ်တော့ ဖြစ်မှာမဟုတ်၊ မြေအောက် နောက်ဆုံးရေနံတစ်ဝက်စုပ်မထုတ်မီကာလကြာရှည်ကပင် ရေနံဈေးမြင့်တက်လာလိမ့်မည်။ ထို့ပြင် ရေနံမြေများ နောက်ထပ်တွေ့ရှိပြီး အစားထိုးလောင်စာဆီများ သုံးစွဲလာဖွယ်ရှိလာ

သည်။ ပိုမိုကြီးလားသော ရေနံမြေများ ပိုမိုတွေ့ရှိနိုင်သည့် တိုးတက်သည့်ထုတ်လုပ်နည်းများ၊ ရေနံမြေအသစ်များ ပို၍တွေ့ရှိနိုင်သည့်အခွင့်အလမ်းများနှင့် သမားရိုးကျကြိုးပမ်းမှုများကြောင့် ရေနံဖြန့်ဖြူးမှုသည် တင်းကျပ်နေဦးမည်ဖြစ်သည်။ ထိုတင်းကျပ်မှုသည် အစားထိုးလောင်စာဆီသုံးစွဲမှုအပေါ် မူတည်နေသည်။ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၂၀ မှ ၂၅ ဈေးနှုန်းရှိလျှင် အစားထိုးလောင်စာဆီ ပိုမိုထုတ်လုပ်မှုအတွက် ငွေကြေးကုန်ကျမှုများနေသည့်အတွက် မတန်ချေ။ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ မှ ၈၀ ဖြစ်လျှင် စီးပွားရေးတွက်ခြေကိုက်သည်။ အစားထိုးလောင်စာများမှာ တောင်အာဖရိကမှတီထွင်ခဲ့သည့် ကျောက်မီးသွေးများနှင့် ဘရာဇီးနိုင်ငံတွင် ကားဆီအဖြစ်သုံးသည့် အရက်ရောထားသော ရေနံများဖြစ်၏။ ဘရာဇီးတွင် ကားပေါင်း ၁၂ သန်းခန့်ရှိသည့်အနက် ၄ သန်းတွင် ထိုအရက်ရောရေနံကိုသုံးစွဲလျက်ရှိသည်။ ပြင်သစ်နိုင်ငံတွင် ဝက်စာပင်စေ့မှထုတ်သောဆီကို ဒီဇယ်ဆီအဖြစ်ပြောင်းလဲအသုံးပြုရန် စမ်းသပ်နေကြသည်။ ရှာလီဆီနှင့် ကတ္တရာသဲများကိုလည်း အသုံးပြုကြည့်ကြသည်။ သဘာဝဓာတ်ငွေ့ကို အရည်သို့ပြောင်းလဲရန် ကြိုးစားနေကြသည်။ လတ်တလော ၎င်းတို့ထုတ်လုပ်နေသည့် နည်းပညာများမှာ ရေနံသည် အရှေ့အလယ်ပိုင်းဒေသသဲကန္တာရများမှထွက်ရှိသော ရေနံထက်ပို၍ ငွေကုန်ကြေးကျများသည့်ပြဿနာရှိနေ၏။

အဓိပ္ပာယ်အရှိဆုံး မျှော်လင့်ချက်မှာ ရေနံဈေးနှုန်း တက်ရန်ဖြစ်၏။ ဤအစားထိုးလောင်စာဆီများ ချောင်းရေပမာ မထွက်မချင်း ရေနံဈေးနှုန်းတက်ရန် အလားအလာရှိနေသည်။ ထို့ကြောင့် ရေနံသည် ပို၍ငွေကုန်စရာဖြစ်လာနိုင်ပြီး ဓာတ်အားထုတ်လုပ်ခြင်းနှင့် အိမ်သုံးရန်အတွက် အဆင်သင့် အပြန်အလှန်ပြောင်းလဲသွားတတ်သည်။ ကုန်းလမ်းနှင့် လေကြောင်းခရီးများအတွက် အခြားလောင်စာဆီကို ပြောင်းလဲသုံးစွဲရေးသည် နောက်မျိုးဆက်အတွင်း အခက်အခဲရှိနေဦးမည်။ သို့သော် အကယ်၍ ရေနံဈေးကြီးလာလျှင် ၁၉၇၀ ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်များက အကျိုးသက်ရောက်မှုမျိုးဖြစ်လာနိုင်သည်။ ဤသို့ဖြစ်ပေါ်လာနိုင်မှုသည် ကြိုတင်ဟောကိန်းထုတ်ရန် ခက်ခဲ၏။

သို့သော် ရေနံဖြန့်ဝေမှုကျဆင်းမှုကြောင့် ပိုမိုတင်းကျပ်လာလျှင် ထိုအခက်အခဲမျိုး ဖြစ်လာနိုင်သည်။ ၂၀၀၀ ပြည့်နှစ်မှာထက် ၂၀၁၅ ခုနှစ်တွင် ရေနံပြတ်လပ်မှုနှင့် တွေ့ကြုံနိုင်သည်ဟု ကြိုတင်မျှော်မှန်းထားကြသည်။ ဒေသအရပြောရလျှင် အရှေ့အာရှတွင် အများဆုံးဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ရေနံစိမ်းနှင့် ရေနံချက်လုပ်မှု ကျဆင်းမှုတစ်ခုတည်းအကြောင်းကြောင့်မဟုတ်ဘဲ လျင်မြန်စွာလျော့နည်း

လာနေသောကြောင့်ဖြစ်၏။

အနည်းဆုံး နောက်မျိုးဆက်အထိ ရုပ်ကြွင်းလောင်စာသည် ကမ္ဘာ၏ အဓိကစွမ်းအင်အဖြစ် ဆက်လက်တည်ရှိနေမည်ဆိုပါက စွမ်းအင်သုံးစွဲမှုများလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်အတွက် ဓိုးရိမ်ပူပန်မှု ပိုမိုဖြစ်ပေါ်နိုင်သည့်အချက် နှစ်ခုပေါ်လာသည်။ ဒေသအတွင်း ညစ်ညမ်းမှုနှင့် တစ်ကမ္ဘာလုံးပူနွေးလာမှုများ ဖြစ်သည်။

နောင် ၂၅ နှစ်တွင် ရေနံသိုလှောင်ခြင်းသည် တစ်ကမ္ဘာလုံးပျံ့နှံ့သွားနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာရုပ်ကြွင်းလောင်စာဖြန့်ဖြူးခြင်း ဖြစ်လာနိုင်သည်။ ၁၉၇၃–၇၄ ခုနှစ်က ရေနံပြဿနာမပေါ်မီက စက်မှုကမ္ဘာမှာ စွမ်းအင်အသုံးပြုမှုသည် သာမန်ပုံစံသာဖြစ်ခဲ့သည်။ ရေနံထုတ်လုပ်မှု တစ်ရာခိုင်နှုန်းတိုးတိုင်း သုံးစွဲမှုက ဝ.၁ ရာခိုင်နှုန်းသာ မြင့်လာခဲ့သည်။ ထိုအခါမှစ၍ စက်မှုလုပ်ငန်းရှင်များသည် စွမ်းအင်ကို ပိုမိုလုံလောက်စွာသုံးစွဲနိုင်ရန် လေ့လာကြရတော့သည်။ စက်မှုနိုင်ငံများတွင် စွမ်းအင်သုံးစွဲမှုကို သုံးပုံတစ်ပုံခန့် လျှော့ချနေကြ၏။ အမေရိကန်နှင့် တစ်ဦးချင်းဝင်ငွေတူသည့် ဂျပန်တွင် စွမ်းအင်ကို တစ်ဝက်ထိလျှော့ချသုံးစွဲကြသည်။ အိမ်ငယ်ကလေးများစွာရှိပြီး ရာသီဥတုအေးသည့် ဂျပန်နိုင်ငံတွင် ဤသို့ စွမ်းအင်ကို လျှော့ချသုံးကြသလို အမေရိကန်တွင်လည်း သုံးပုံတစ်ပုံခန့်လျှော့လျှင် ယခုအချိန်အထိ ရေနံပြဿနာ ပေါ်ပေါက်မည်မဟုတ်ပေ။ ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်းနှင့် အရှေ့ဥရောပနိုင်ငံများတွင် စွမ်းအင်ကို ဖြုန်းတီးသုံးစွဲကြသဖြင့် အလားအလာကောင်းများ ရှိနေ၏။

အိန္ဒိယနှင့် လက်တင်အမေရိကကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ယာဉ်စီးရေပိုများလာသကဲ့သို့ လေကြောင်းခရီးသွားသူများလည်း ကမ္ဘာတစ်ဝန်းလုံး ပိုမိုတိုးလာသည်ကို တွေ့ရသည်။ စက်မှုကမ္ဘာတွင် စွမ်းအင်နှင့်ရေနံကို အားကောင်းကောင်းနှင့် သိုလှောင်ထားကြသော်လည်း ၁၉၉၀ ပြည့်နှစ်များကထက် ၂၀၂၀ ခုနှစ်တွင် စွမ်းအင်ကို လျှော့ချသုံးစွဲကြရမည့်အခြေအနေသို့ ဆိုက်ရောက်လာနိုင်သည်မှာ အံ့ဩစရာဖြစ်၏။ ရုပ်ကြွင်းထင်းလောင်စာများကိုတော့ ပိုမိုသုံးစွဲနိုင်ကြသလို ထပ်မံ၍ တွေ့ရှိကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

●




## ကမ္ဘာကြီးက ကျွေးနိုင်ပါ့မလား

ရေ့မှာ မတူညီသည့်လမ်းရှိသည်။ အစိမ်းရောင်တော်လှန်ရေးကို ယူဆောင်လာသည့် ထိပ်–အောက်ချဉ်းကပ်မှု အစားထိုးဓာတ်ခွဲခန်းများ စတင်သော တိုးတက်မှုရှိသည့်နေရာတွင် လယ်သမားများကို ဤသို့ပြုလုပ်ရန် ပြောဆိုထားလျှင် အောက်–အထက်ချဉ်းကပ်မှုဖြစ်ပေါ်လာနိုင်သည်။ ဤနေရာတွင် ဒေသတွင်းလယ်ယာစိုက်ပျိုးနည်းကို စစ်ဆေးရန် ရည်ရွယ်ချက်ထားသင့်သည်။ ထို့ပြင် နည်းလမ်းများကို ကန့်သတ်မျဉ်းအတိုင်း တိုးတက်မှုဖြစ်ပေါ်ရန်ကြိုးစားရမည်။ သို့မှသာ ရေရှည်ခံနိုင်သည့် ကုန်ထုတ်လုပ်မှုအားလုံး တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်၏။ သို့သော် ထိုချဉ်းကပ်မှုမျိုးသည် စည်းရုံးရန်နှင့် လက်တွေ့ဆောင်ရွက်ရန်ခက်ခဲသည်။ စိတ်ပျက်ဖွယ်ကောင်းအောင်လည်း နှေးကွေးနိုင်သည်။

အကယ်၍ တိုးတက်လာသောလူဦးရေကိုကျွေးမွေးရန် ကမ္ဘာ့အစိတ်အပိုင်းတစ်ခုတွင် အခက်အခဲတွေ့နေလျှင် သူတို့သည် ပြည်ပမှအစားအစာများကို တင်သွင်းသည့်နည်းကိုသာ အမှီသဟဲပြုကြရတော့မည်။ သူတို့ကတော့ ပြန်လည်တင်ပို့နိုင်မည်မဟုတ်။ ထိုကဲ့သို့သော တိုင်းပြည်ကိုကျွေးမွေးရန်အတွက် အနောက်နိုင်ငံများနှင့်မတူသည့် တုံ့ပြန်မှုရရှိရေးအတွက် ပြည်သူများသတိပြုလာစေရန် တီဗွီများမှ ကြေညာသင့်ပေသည်။ ကမ္ဘာကြီးကိုကျွေးမွေးရန် နှစ်စဉ်နှစ်တိုင်း နိုင်ငံတကာ၏ အလှူကို လိုအပ်သည်။ မြောက်အမေရိကကဲ့သို့ အစားအစာပိုမိုထုတ်လုပ်နိုင်သည့်နိုင်ငံများက အာဖရိကတိုက်ရှိ သန်းပေါင်းများစွာသော လူသားများအတွက် အသက်သွေးကြောပမာ အရေးကြီးသည့်နိုင်ငံများဖြစ်၏။ ဖွံ့ဖြိုးနေသောကမ္ဘာတွင် လူဦးရေလမ်းကြောင်းကို သိရှိထားရန် ခက်ခဲနေသည်။ အစားအစာများကို ဆက်လက်ပေး

ပို့ရန်လည်း လိုအပ်ချက်မမြင်ဘဲရှိနေ၏။ ပြဿနာကတော့ အစားအစာများကို ပြောင်းလဲပေးပို့ရန် နိုင်ငံရေးအရရော လူမှုရေးအရပါ အမှန်တကယ်စီမံခန့်ခွဲနိုင်ခြင်း ရှိ၊ မရှိဆိုတာပဲဖြစ်၏။

●



## ရေလုံလောက်ရဲ့လား

၂၀၂၀ ပြည့်နှစ်တွင် သန့်ရှင်းလတ်ဆတ်သော ရေရရှိမှု နည်းလာမည်ဖြစ်၍ အဆိုးဆုံးသဘာဝရင်းမြစ်ပြဿနာနှင့် ကမ္ဘာကြီးရင်ဆိုင်ရပေလိမ့်မည်။ ရေကို အလကားရနေသည်ဟု ထင်နေကြသည့် အနောက်ဥရောပတိုက်သားများအတွက် ပို၍အခက်အခဲဖြစ်နိုင်သည်။ သို့သော် များပြားလာသော ကယ်လီဖိုးနီးယားပြည်နယ်သားများနှင့် ဩစတြေးလျတိုက်သားများသည် သူတို့၏ ရေသုံးစွဲမှုမြိုးမြိုက်ရန်လိုအပ်သည်။

အစားအစာဆိုလျှင် တစ်ကမ္ဘာလုံး ရှားပါးသွားမည်မဟုတ်။ သို့သော် ဖြန့်ဝေမှုတော့ ယခင်ကနှင့်မတူတော့ပေ။ ဤကမ္ဘာကြီးပြဲမှာတွင် လေးပုံသုံးပုံသော

ရေပမာဏသည် ဝန်ရိုးစွန်းရှိ ရေခဲပြင်များနှင့် ရေခဲပြင်ခိုင်ကြီးများတွင်ရှိပြီး အသုံးချ၍ မရနိုင်ပေ။ လူနည်းသောနေရာများတွင် ရေပေါသည်။ အပြန်အလှန်အားဖြင့် လူဦးရေ ထူထပ်သောနေရာများတွင် ရေရှားသည်။ မိုးရေများများရသဖြင့် ရေအပေါဆုံးဒေသ သည် အိုက်စလန်ကျွန်းဖြစ်ပြီး လူဦးရေနည်း၏။ တစ်နှစ်လျှင် လူတစ်ဦးသည် ရေကုဗ မီတာ ၅၀၀၀၀၀ သုံးစွဲနိုင်သည်။ ရေ အဆင်းရဲဆုံးနိုင်ငံသည် အီဂျစ်ဖြစ်ပြီး လူတစ်ဦး လျှင် ရေ ၀.၁၂ ကုဗမီတာကိုသာ သုံးစွဲနိုင်သည်။ ရေရှားပါးသောနိုင်ငံများတွင် လယ်သမားများက လယ်ယာမြေထဲသို့ ရေသွင်းစိုက်ပျိုးမှုကြောင့် ရေများစွာကုန်မည်။ အကြောင်းကတော့ အစိုးရဆည်မြောင်းများ တည်ဆောက်သည့် ကုန်ကျစရိတ်များ ပြားပြီး လယ်သမားများ ဆည်ရေသုံးစွဲခကို အနည်းသာပေးကြသည့်အပြင် ဆည်ရေ များကို အကောင်းဆုံးနည်းဖြင့် သုံးစွဲရန် သူတို့မှာ မက်လုံးမရှိသောကြောင့်ဖြစ်၏။

ရေလျော့နည်းရှားပါးမှု ပိုဆိုးလာရန် အကြောင်းများစွာရှိလေသည်။

- ဆည်ရေသောက်လယ်များ ပိုမိုများပြားလာခြင်းသည် ကမ္ဘာကြီး၏ စားနပ်ရိက္ခာအတွက် အရေးကြီးသည်။
- ဖွံ့ဖြိုးနေသောကမ္ဘာတွင် လူဦးရေများလာသဖြင့် ရေသုံးစွဲမှု ပိုများလာ သည်။
- ဆည်များ၊ ရေကာတာများ ပိုမိုတည်ဆောက်မည့် သာမန်နည်းလမ်းဖြင့် ရေဖြန့်ဝေခြင်းသည် ပတ်ဝန်းကျင်ကို အကျိုးသက်ရောက်စေသည့် မည်သည့်ကိစ္စတွင်မဆို ကမ္ဘာပေါ်ရှိ အကောင်းဆုံးဆည်ကြီးများသည် နေရာများစွာယူထားသည်ကို တွေ့ရ၏။
- နိုင်ငံများ၏ နယ်စပ်ကိုဖြတ်သန်းစီးဆင်းသည့် မြစ်များရှိနေသည့်နေရာ များတွင် တိုင်းပြည်များက အိမ်နီးချင်းနိုင်ငံများကိုသာ အကုန်အကျခံ

ရန် ဆုပ်ကိုင်ထားကြသည်။ လူဦးရေသုံးစွဲသည့် ရေ၏ခုနစ်ဆယ်ရာခိုင်နှုန်းသည် လယ်ယာများကို ဆည်ရေသွင်းခြင်းဖြစ်၏။ ၁၉၅၀ ခုနှစ်မှ စတင်၍ ဆည်ရေသောက် လယ် သုံးဆတက်လာပြီး ကမ္ဘာ့စားနပ်ရိက္ခာသုံးပုံတစ်ပုံသည် ထိုဆည်ရေသောက် လယ်မြေများတွင် စိုက်ပျိုးကြသည်။ ဤကဲ့သို့ ဆည်ရေသောက်လယ်များ တိုးမလာ ပါက ကမ္ဘာကြီး ငတ်မွတ်နေလိမ့်မည်။ သို့သော် တချို့ဒေသတွင် စားနပ်ရိက္ခာ ထုတ်လုပ်မှုတိုးတက်ရေးအတွက် နေရာအတော်များများယူထားသဖြင့် ပတ်ဝန်းကျင် သိနိုက်လာသည်။ အဆိုးရွားဆုံး ရေရှည်ပြဿနာမှာ ဆားငန်ရည် စုပ်ယူသွားပြီး မြေပြင်ပေါ်သို့ မှုတ်ထုတ်လေသည်။ ရေများအငွေ့ပျံသောအခါ ဤဆားများသည် လယ်မြေပေါ်တွင် ခြောက်သွေ့သွားပြီး မြေဩဇာကို ဖျက်ဆီးလေတော့သည်။

ပါကစ္စတန်နိုင်ငံ၏ ၂၅ ရာခိုင်နှုန်းသော လယ်ယာမြေများမှာ ဤနည်းလမ်းဖြင့် ပျက်စီးနေကြရသည်။ အဆိပ်သင့်လယ်ယာမြေများကို ပြန်လည်ပြုပြင်လျှင် ကုန်ကျစရိတ် အလွန်များသည်။ **စီမံခန့်ခွဲရေးညံ့ဖျင်းသော ဆည်ရေပေးဝေရေးစီမံကိန်းကြောင့် ပတ်ဝန်းကျင်ပျက်စီးခြင်းသည် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးအတွက် ခြိမ်းခြောက်နေသော ချိန်ကိုက်ဗုံးဖြစ်သည်။**

ထိုပြဿနာကို ဆိုးရွားစွာရင်ဆိုင်နေရသော နိုင်ငံလေးနိုင်ငံရှိသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်ရှိ ဆည်ရေသောက်လယ်ယာမြေ သုံးပုံတစ်ပုံရှိသည်ဟု တွက်ချက်ထားကြသည်။ ပါကစ္စတန်နိုင်ငံတွင် ၈၀ ရာခိုင်နှုန်းသည် ဆည်ရေသောက်လယ်မြေများဖြစ်၏။ အီဂျစ်နိုင်ငံသည်လည်း ထိုရာခိုင်နှုန်းလောက် ဆည်ရေသောက်လယ်ယာမြေများရှိပြီး နိုင်းလ်မြစ်တစ်ခုတည်းမှသာ ရေကိုရရှိနိုင်သည့်အတွက် ပြဿနာဖြစ်နေသည်။ ထိုလယ်ယာမြေအားလုံးသည် အနည်းနဲ့အများ ဆားဓာတ်ပိုမိုလာသဖြင့် ဒုက္ခတွေ့နိုင်သည်။ သူတို့အတွက်မှာမူ ဆည်ရေသောက်လယ်ယာမြေများကို ရေရှည်ထိန်းသိမ်းရခြင်းသည် ရှန်းကန်မှုတစ်ရပ်ဖြစ်နေပြီး ဆားငန်ဒဏ်ကို ခံနိုင်သည့် အပင်တစ်မျိုးမျိုးကို စိုက်ပျိုးနေကြသော်လည်း နောက်ဆုံးတွင် ဆားကပဲ အနိုင်ရရှိသွားလိမ့်မည်။

●



## သဘာဝပတ်ဝန်းကျင်အတွက် စိုးရိမ်ပူပန်မှုများ

စိုးရိမ်ပူပန်မှု ၃ မျိုးရှိသည်။ ယင်းတို့မှာ ဒေသတွင်းညစ်ညမ်းမှု၊ ကမ္ဘာကြီး

ပွန်အေးလာမှုနှင့် ပကတိဒေသများ ပျောက်ဆုံးခြင်းတို့ဖြစ်သည်။

ဒေသတွင်းညစ်ညမ်းမှုများ ဖြစ်ပွားရခြင်းနှင့် ပကတိဒေသများ ပျောက်ဆုံးခြင်းတို့သည် လျင်မြန်နေပြီး ရှောင်လွှဲ၍မရချေ။ ထိုအကျိုးဆက်က တိုးပွားလာသော ကမ္ဘာ့လူဦးရေအတွက် အစားရေစာ ပိုမိုလိုအပ်လာခြင်း၊ စွမ်းအင်နှင့် ရေဖြန့်ဝေမှု ပိုမိုခက်ခဲလာခြင်းတို့ကို ဖြစ်ပေါ်စေသည်။ တိုးလာသော ကမ္ဘာ့လူဦးရေအတွက် နေထိုင်စရာများ ပြုလုပ်ပေးရခြင်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်နေသော တိုင်းပြည်များတွင် ပိုမိုကြီးမားသောမြို့ပြများ တည်ဆောက်ရခြင်းကို ဆိုလိုသည်။ ထိုလူသားများကို ကျွေးရန်အတွက် မြေယာများ ပိုမိုတိုးချဲ့စိုက်ပျိုးရပြီး ရေသွင်းရန် မကြာခဏ ပြုလုပ်ရသည်။ ထို့ကြောင့် ရေအတွက် အခက်အခဲကြုံတွေ့နေရရုံသာမက သတ္တဝါအများအပြား အထူးသဖြင့် သားကောင်ကြီးများ နေစရာရှားပါးလာသည်။ သစ်တောပြုန်းတီးခြင်းနှင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှု ပိုမိုများပြားလာခြင်းကြောင့် ကမ္ဘာ့လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် ပိုများလာကာ ကမ္ဘာ့ရာသီဥတုအပေါ် စိတ်ချရမှု နည်းပါးသွားသည်။

သဘာဝပတ်ဝန်းကျင်ယိုယွင်းလာခြင်းပြဿနာသည် တစ်ကမ္ဘာလုံးအညီအမျှ ဖြစ်ပေါ်နိုင်ခြင်းမရှိပေ။ စက်မှုဖွံ့ဖြိုးပြီး ကမ္ဘာ့အစိတ်အပိုင်းတွင် ညစ်ညမ်းမှုဖြစ်ပေါ်ကာ လူတို့အတွက် နေစရာများ ပျောက်ကွယ်လျက်ရှိနေသည်။ စက်မှုဖွံ့ဖြိုးစနိုင်ငံများတွင်မူ လေထုနှင့်မြစ်များ ပိုမိုသန့်ရှင်းလာဖွယ်ရှိပြီး တောရိုင်းတိရစ္ဆာန်များအတွက် နေထိုင်စရာ ပိုမိုများပြားလာလိမ့်မည်။ ထိုတိုင်းပြည်များ ချမ်းသာကြွယ်ဝလာလျှင် သူတို့၏စည်းစိမ်ဥစ္စာကို ပိုမိုမြတ်နိုးပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းသိမ်းလာနိုင်သည်။ ယင်းသို့ထိန်းသိမ်းရန်အတွက် နည်းပညာကိုလည်းရနိုင်သည်။ ထိုနည်းပညာများကို အသုံးချရန်အတွက်မူ ငွေကြေးလိုအပ်သည်။

စက်မှုကမ္ဘာတစ်လျှောက်လုံး ဒေသတွင်းညစ်ညမ်းမှုပြဿနာရှိသည်။ ဒေသတွင်းဟူသော အဓိပ္ပာယ်မှာ ညစ်ညမ်းမှုဖြစ်ပေါ်စေသောနေရာများတွင်သာ ညစ်ညမ်းမှုဖြစ်စေနိုင်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုကိစ္စက အရေးကြီးသည်။ လော့စ်အိန်ဂျလိစ်နှင့် အေသင်မြို့များမှမီးခိုးများသည် ရိုင်းမြစ် သို့မဟုတ် အရှေ့ဥရောပသို့တိုင်အောင် ဓာတုပစ္စည်းအဖြစ် လေထုနှင့် ရေထုကို ညစ်ညမ်းစေသည်။ ညစ်ညမ်းမှုသည် လူသားတို့၏ကျန်းမာရေးကို ဆုတ်ယုတ်စေပြီး တခြားကမ္ဘာ့အစိတ်အပိုင်းများ၌ သာယာမှုဆုံးရှုံးခြင်းများဖြစ်ပေါ်စေသည်။ တိုကျိုမြို့သည် ၁၉၆၀ ပြည့်နှစ်ကထက် ပိုမိုသန့်ရှင်းလာပြီး မီးခိုးထုတ်လွှတ်မှု ထိန်းချုပ်နိုင်သည်ကို ကျေးဇူးတင်ရပေမည်။ လန်ဒန်မြို့၏လေထုသည် ၁၉၅၀ ပြည့်နှစ်များကထက် ပို၍သန့်ရှင်းလာပြီး

မီးခိုးမထွက်ရေးစနစ်များကို သတ်မှတ်ထားသည်။ မြစ်ရေများ၏ အရည်အသွေးကို သတ်မှတ်ထားသည်။ မြစ်ရေများ၏ အရည်အသွေးတိုးတက်လာပြီး အနောက်မြောက် ဥရောပကမ်းခြေများသည်လည်း တဖြည်းဖြည်းတိုးတက်လာသည်။ အမှိုက်သရိုက်စွန့်ပစ်ပစ္စည်းများကို စနစ်တကျထိန်းချုပ်ဆောင်ရွက်ခြင်းနှင့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားစက်ရုံများတွင် ကန့်ဓာတ်လျှော့ချနိုင်ခြင်းတို့ကို ကျေးဇူးတင်ရပေမည်။

အမှန်စင်စစ် ပြဿနာများစွာ ကျန်ရှိနေသေးသည်။ အတိတ်က အမှားများပြင်ဆင်ရေးကိစ္စသည် ငွေကုန်များပြီး နည်းပညာအရ ခက်ခဲသည်။ ညစ်ညမ်းမှုပြဿနာများကြောင့် ကြောက်ရွံ့ထိတ်လန့်နေသော အရှေ့ဥရောပသည် ပထမဦးဆုံးနမူနာဖြစ်သည်။ သန့်ရှင်းအောင်တော့လုပ်နိုင်သည်။ သို့ရာတွင် လက်ရှိ အနောက်ဥရောပစံချိန်မီစက်ရုံများကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်စေရန်လုပ်မည်ဆိုပါက မျိုးဆက်တစ်ဆက်ခန့် ကြာမြင့်လိမ့်ဦးမည်။ ကယ်လီဖိုးနီးယားပြည်နယ်သည် ဥပမာကောင်းတစ်ခုဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့သည် ပထဝီဝင်အရရော ရာသီဥတုအခြေအနေအရပါ ကားများကြောင့် ညစ်ညမ်းနေသဖြင့် ဆိုးရွားသောအခြေအနေနှင့်တွေ့ကြုံနေရသည်။ မီးခိုးထုတ်လွှင့်မှုနည်းပါးအောင် စီစဉ်နိုင်သဖြင့် လေထုပိုမိုသန့်ရှင်းလာသော်လည်း လမ်းများပေါ်၌ ကားစီးရေတိုးလာသောကြောင့် ကမ္ဘာပေါ်တွင် နိုးရိမ်ပူပန်ရမှု အဖြစ်ဆုံးဒေသဖြစ်နေသည်။

သို့ရာတွင် ဤပြဿနာများကို ဖြေရှင်းနိုင်ဖွယ်ရှိနေသည်။

ဗြိတိန်တွင် ကားအိုကားဟောင်းများကို လမ်းပေါ်မှဖယ်ရှားပစ်နိုင်မည်ဆိုပါက တိုးတက်မှုရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ညစ်ညမ်းမှု ၅၀ ရာခိုင်နှုန်းအနက် တစ်ဆယ်ရာခိုင်နှုန်းသည် ထိုကားများကြောင့်ဖြစ်သည်ဟု ခန့်မှန်းရသောကြောင့်ဖြစ်သည်။ နိုင်ငံရေးအရ မှန်သည်ဟုပြောရန်ခက်ခဲသော်လည်း ဝါရင့်စက်မှုနိုင်ငံများတွင် ညစ်ညမ်းမှုပြဿနာသည် သိပ်အဆိုးရွားကြီး မဟုတ်တော့ပေ။ နောက်မျိုးဆက်သစ်တွင် ဤစက်မှုနိုင်ငံများသည် ညစ်ညမ်းမှုကိုထိန်းချုပ်ရန် အမျိုးသားဝင်ငွေ အချိုးအဆများစွာကို ပြောင်းလဲပစ်လိမ့်မည်။ ထို့အပြင် အကျိုးဆက်အားဖြင့် ဤနိုင်ငံများတွင် နေထိုင်ကြသော ပြည်သူများသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု လျော့နည်းသွားနိုင်သည်။ သို့သော် သူတို့သည် ပိုမိုသန့်ရှင်းသောကမ္ဘာတွင် သံသယကင်းမဲ့စွာ နေထိုင်ရခြင်းကို ကြိုဆိုကြလိမ့်မည်။

အနောက်စက်မှုနိုင်ငံများတွင် တောရိုင်းတိရစ္ဆာန်များအတွက် နေစရာ ပိုများလာသည်မှာ ထင်ရှားသောသာဓကဖြစ်၏။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေအနေနှင့် ဆန့်

ကျင်ပြီး စိုက်ပျိုးမြေလိုအပ်ချက် နည်းလာသည်။ ပြည်သူများသည်လည်း သနား ကြင်နာစိတ်ရှိလာပြီး တောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်နေကြသည်။ အကာယ်၍ ငှက်နှင့် တောရိုင်းတိရစ္ဆာန်များ ဤကမ္ဘာ့ခွဲမှပျောက်ကွယ်သွားလျှင် ကမ္ဘာကြီးသည် ပိုမိုဆိုးရွားသောအခြေအနေသို့ ရောက်ရှိသွားလိမ့်မည်ဟု ခံစားလာကြလိမ့်မည်။ ဤတိုင်းပြည်များ၏ အသက်အပိုင်းအခြားပြောင်းလဲမှုက သက်ရှိမျိုးစိတ်များ ကာကွယ်ရေးကို အားပေးရာရောက်သည်။

ထို့ကြောင့် စက်မှုနိုင်ငံများတွင် ပတ်ဝန်းကျင်နှင့် ဇီဝဖြစ်စဉ်များ ပြောင်းလဲ တိုးတက်လာပြီး နောင် ၂၅ နှစ်ကျော်အထိ အနည်းဆုံးပျက်စီးမှုသာဖြစ်လာနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့မှ မျှော်လင့်ချက်မေးမှိန်နေဆဲဖြစ်သည်။ ထိုနိုင်ငံအများစုသည် ဒေသတွင်းညစ်ညမ်းမှုပြဿနာကို ဆိုးရွားစွာရင်ဆိုင်နေကြရသည်။ အထူးသဖြင့် စက်မှုနိုင်ငံအဖြစ် ပြောင်းလဲစဉ် အစောပိုင်းကာလများတွင် အာရှတိုက်ရှိ နိုင်ငံ ၇ နိုင်ငံတွင် ၅ နိုင်ငံသည် ညစ်ညမ်းမှုပြဿနာကို ရင်ဆိုင်နေရကြောင်း ကမ္ဘာဘဏ်မှ ထုတ်ပြန်သော စာရင်းအရ သိရှိရသည်။ စက်မှုနိုင်ငံ တည်ဆောက်ရေးကာလအစောပိုင်း၌ ပိုမိုချမ်းသာကြွယ်ဝရေးအတွက် အလုပ်များနေကြသဖြင့် ပန်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရန် မေ့လျော့နေကြသည်။ လွန်ခဲ့သည့်ရာစုနှစ်အတွင်း စက်မှုနိုင်ငံများသည် ၎င်းတို့၏ သစ်ပင်တောတောင်များကို ပြုပြင်ထိန်းသိမ်းလာကြသည်။ ၁၉၅၀ ပြည့်နှစ်များက ဂျပန်နိုင်ငံတွင် ပင်လယ်များ၊ လေထုနှင့် ပြည်သူအချို့ အဆိပ်သင့်ကြသဖြင့် ပျက်စီးဆုံးရှုံးမှုများနှင့် တွေ့ကြုံခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်များရောက်သောအခါမှ ဂျပန်နိုင်ငံသည် ချမ်းသာကြွယ်ဝလာသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းရေး ဦးစားပေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ပြီး အောင်မြင်မှုရလာခဲ့သည်။ တရုတ်ပြည်ကတော့ သိပ်ထူးခြားမှုမရှိ။ တိုင်းပြည်က လွန်စွာကျယ်ဝန်းသောကြောင့် ပတ်ဝန်းကျင် ပျက်စီးမှု သိပ်မဖြစ်ခဲ့ပေ။

●



## ရေလုံလောက်မှုရှိရဲ့လား

နိုင်ငံပေါင်းများစွာသည် သူတို့ရရှိသည့်ရေကို အများဆုံးအသုံးပြုကြသည်။ ဥပမာ အိန္ဒိယနိုင်ငံသည် လယ်ရေသွင်းရေးအတွက် ရေကို ၉၇ ရာခိုင်နှုန်း အသုံးချလျက်ရှိပြီး၊ စီးဆင်းနေသော မြစ်၊ ချောင်းများမှ ရရှိနိုင်သည့် ရေ၏ထက်ဝက်ကို အသုံးပြုနေခြင်းဖြစ်၏။ ထို့အပြင် မြေအောက်စမ်းချောင်း ရေစီးကြောင်းမှလည်း ရေပမာဏတစ်ဝက်ခန့်ကိုစုပ်ယူ၍ အသုံးပြုကြသေးသည်။ ၂၀၂၅ ခုနှစ်ရောက်လျှင် စီးဆင်းနေသည့်ရေ၏ ၉၂ ရာခိုင်နှုန်းအထိ ရှိလာလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

ထိုကဲ့သို့သောနိုင်ငံများသည် ကသိကအောက်နိုင်လှသော ရွေးချယ်မှုမျိုးနှင့် ရင်ဆိုင်ရတတ်သည်။ လယ်သမားများ အသုံးပြုသည့်ရေပမာဏကို လျှော့ချမည်လား သို့မဟုတ် ရေခွဲဝေသုံးစွဲမှုပုံစံသစ်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှု အကြီးအကျယ်လုပ်မည်လားဆိုသည်ကို စဉ်းစားရပေတော့မည်။ တရုတ်ပြည်သည်လည်း ရေရှားပါးမှုအခက်အခဲနှင့် ရင်ဆိုင်နေရပြီး ယန်စီမြစ်ရေသည် ၂ရာခိုင်နှုန်းကို မြောက်ပိုင်းဒေသသို့ လွှဲယူသည့် ကြီးမားသောစီမံကိန်းကို လုပ်ဆောင်နေရသည်။ ထို့အပြင် အနောက်ဘက်ဒေသသို့ ရေကိုလွှဲယူသည့်စီမံကိန်းများလည်း အကောင်အထည်ဖော်လျက်ရှိ၏။

တရုတ်ပြည်သူလူထုကို ကျွေးမွေးရန်အတွက် ထိုကဲ့သို့သောကြီးမားသည့် စီမံကိန်းများ အောင်မြင်ရန်လိုအပ်သည်။ သို့မဟုတ် လယ်သမားများက ရေကို လုံလောက်စွာသုံးစွဲရန်လိုအပ်နေသည်။ ယခုအခါတွင် ကမ္ဘာအနှံ့ ရေကာတာကြီးများ

ဖြင့် သိုလှောင်ထားသည့် ရေပမာဏ၏ သုံးပုံတစ်ပုံသာ လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုလျက်ရှိပြီး ကျန်ရေများမှာ အချည်းနှီးဖြစ်သွားသည်။ ရေကို အကျိုးရှိစွာ အသုံးပြုခြင်းသည် ပတ်ဝန်းကျင်အတွက် အကျိုးပြုစေသည်။ ရေကို အလွန်အကျွံ သုံးစွဲခြင်းနှင့် ရေသွယ်မြောင်းများ ညံ့ဖျင်းခြင်းသည် ဆားဓာတ်ပိုမိုဖြစ်ပေါ်လာစေနိုင် သည်။ လယ်သမားများအား ရေကိုအကျိုးရှိစွာသုံးစွဲရန်နှင့် ရေ၏တန်ဖိုးကြီးမား ကြောင်း ရှင်းပြရန်လိုအပ်ပေသည်။ အီဂျစ်မှသည် ကယ်လီဖိုးနီးယားအထိ မြို့ပြများ တွင် ရေကို ခွဲတမ်းစနစ်ဖြင့် သုံးစွဲနေကြရသည်။ သို့သော် လယ်သမားများကတော့ ရေကို ဈေးပေါပေါဖြင့် သုံးစွဲနိုင်ကြသည်။ အမေရိကန်ပြည်ထောင်စုအနောက်ပိုင်း၌ လယ်သမားများသည် ၁၉၉၂ ခုနှစ်တွင် တစ်ကုဗမီတာလျှင် ရေဖိုးတစ်ဆင့်အောက် သာ ပေးဆောင်ရသော်လည်း ထိုအချိန်တွင် ဗြိတိန်နိုင်ငံ၌ ရေဖိုး ၂၅ ဆင့်ပေးကြရသည်။

လယ်သမားများသည် နိုင်ငံရေးအင်အားရှိကြသဖြင့် နိုင်ငံရေးသမားများက မဟာမိတ်ဖွဲ့ရန် နောက်တွန့်ကြသည်။ သို့သော် မြို့ပြများနှင့် လယ်သမားများ၏ တောင်းဆိုချက်ကတော့ ပိုမိုလာမည်။ ၁၉၅၀ ပြည့်နှစ်တွင် လူပေါင်းဆယ်သန်းထက် မနည်း မြို့ပြများတွင် အစုအပြုံလိုက် နေထိုင်ခဲ့ကြသည်။ နယူးယောက်၊ အရှေ့ မြောက် နယူးဂျာစီနှင့် လန်ဒန်မြို့များတွင်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန် နိုင်ငံ၌ မြို့ပေါင်း ၂၅ မြို့တွင် လူဦးရေ ၁၁ သန်းထက်မနည်းရှိပြီး ၅ သန်းကမူ စက်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကြလိမ့်မည်ဟု ခန့်မှန်းခဲ့ကြသည်။ လက်တွေ့ အားဖြင့် ထိုမြို့ပြများ၌ နေထိုင်ကြသူများသည် ရေကောင်းရေသန့်ရရှိရန် ခက်ခဲကြ မည်ဖြစ်ပြီး လန်ဒန်မြို့တွင်နေထိုင်သူများကတော့ ၁၉ ရာစုအလယ်ပိုင်းရောက်မှသာ ရေကို လုံလောက်စွာရရှိခဲ့ကြသည်။ ထိုအချိန်က လန်ဒန်မြို့ လူဦးရေမှာ ၁၁ သန်း ခန့်ရှိ၏။ ရေရှိရေးသည် စက်မှုတိုးတက်ထွန်းကားရေးအတွက်ပါ အရေးကြီးသည်။ ယခုအချိန်မှစ၍ မြို့ပြအချို့၌ စက်မှုလုပ်ငန်းများအတွက် ရေရှားပါးမှုနှင့် ကြုံတွေ့ နေရပြီဖြစ်သည်။

ဆည်မြောင်းများနှင့် မြို့ပြများအတွက် ရေပေးဝေ၍ မြစ်များကို ဆည်ဖို့ခြင်း၊ တောင်ကြားများတွင် ရေသိုလှောင်ခြင်း၊ ရေရရှိရေးအတွက် အင်ဂျင်နီယာလုပ်ငန်း စီမံကိန်းများ ပိုမိုလုပ်ဆောင်ခြင်းများ ဆောင်ရွက်လာရသည်။ ထိုစီမံကိန်းများသည် ငွေကုန်ကြေးကျအလွန်များသည်။ ကြီးမားသော ဆည်တမံများကြောင့် မြေအသုံး ချမှုအခြေအနေကို ပြောင်းလဲစေသည်။ ဆိုလိုသည်မှာ လူအများနေထိုင်စရာရှားပါး လာပြီး နေအိမ်များကို စွန့်ခွာကြရသည်။ ထို့အပြင် လယ်ယာမြေများ ဆုံးရှုံးခြင်း၊ ရေမျက်နှာပြင် အနေအထားအယုက်ဖြစ်ခြင်း၊ ရွှံ့နုံများ ထူထပ်လာခြင်းနှင့် အခြား

ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်စေသည်။ **တကယ်တော့ ဆည်များက စိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည်။ သို့သော် အကျိုးအမြတ်ကို နက်နက်နဲနဲထည့်တွက်လျှင် အကျိုးထက် ကုန်ကျစရိတ်က ပိုများသည်ကို တွေ့ရသည်။**

ဆည်ကြီးများကို ဒုတိယကမ္ဘာစစ်နောက်ပိုင်းကျမှသာ တည်ဆောက်ကြသည်။ ဆည်ကြီးပေါင်း တစ်ရာ၏ သုံးပုံတစ်ပုံကို ၁၉၅၅ ခုနှစ်မှ ၁၉၈ဝ ပြည့်နှစ်အထိ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ဆည်ကြီးများမှာ ရေပမာဏသည် ကမ္ဘာပေါ်ရှိ မြစ်များထဲမှ ရေ၏ ၁၅ ရာခိုင်နှုန်းနှင့် ညီမျှသည်။

မြစ်ကြီးများအတွင်း ဆည်တည်ဆောက်ခြင်းကြောင့် ပဋိပက္ခများဖြစ်ပေါ်စေသည်။ ရေအရင်းအမြစ်များသည် နိုင်ငံများ၏နယ်နိမိတ်ကို ဖြတ်သန်းစီးဆင်းလေ့ရှိသဖြင့် အခြားနိုင်ငံက ရေခိုးရန်လွယ်ကူနေသည်။ ထိုပြဿနာကြောင့် တင်းမာမှုများ ဖြစ်ပေါ်ပြီး လက်နက်ကိုင်ပဋိပက္ခအထိ ဖြစ်လာမည်ကို မည်သူကမှ ကြိုတင်မပြောနိုင်ချေ။ သို့သော် စာရင်းပြုစုရန်လွယ်ကူသည်။

ထိုစာရင်းထဲမှာ–

- ဂယ်လီလီပင်လယ်မှရေများကို အစ္စရေးနိုင်ငံတွင်းသို့ သွယ်ယူခြင်း
- ဒင်ညူမြစ်ပေါ်မှ စလိုဗေးကီးယားပြည်နယ်၏ ဂက်ဆီကိုဗိုဆည်ကြီး
- နိုင်းမြစ်အပြောနှင့်အဖြူအထက်ပိုင်းက ခြိမ်းခြောက်မှုများ
- တူရကီက တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်အထက်ပိုင်းကို ဆည်များ တည်ဆောက်ခြင်းနှင့် ဆီးရီးယားက ယူဖရေးတီးမြစ်တွင် ဆည်များတည်ဆောက်ခြင်း။

ဤဖိအားပေးမှုများ သို့မဟုတ် ကမ္ဘာတစ်ဝန်းမှာ အလားတူအခြေအနေများကြောင့် စစ်မြစ်မည်လားဟု ကြိုတင်ဟောကိန်းထုတ်ရန် နည်းလမ်းမရှိသော်လည်း နိုင်ငံများအကြား သို့မဟုတ် နိုင်ငံအတွင်းမှာ အရေးကြီးသော နည်းဗျူဟာမြောက် ပြဿနာများဖြစ်လာနိုင်သည်။ ရေအရင်းအမြစ်ကြွယ်ဝသော တိုင်းပြည်များသည် အိမ်နီးချင်းတစ်နိုင်ငံတည်း သို့မဟုတ် ထိုနိုင်ငံတွင်ဖြစ်သော်လည်း ရေရှားသော အိမ်နီးချင်းနိုင်ငံများက ခေါင်းပုံဖြတ်ခံရသည်ဟု ခံစားရသည်ထက် သူတို့၏ စီးပွားရေးအာဏာကို ထူထောင်လိုကြသည်။ ထိုတင်းမာမှုမျိုးသည် ကယ်လီဖိုးနီးယားပြည်နယ်ကဲ့သို့ ဖြစ်ပေါ်နေသည်မှာ ထင်ရှား၏။ အကယ်၍ စီမံထားသော ရေပေးရေး စီမံကိန်းကြီးများကို လက်တွေ့အကောင်အထည်ဖော်မည်ဆိုပါက တရုတ်နှင့် ရုရှားတို့တွင် ပိုမိုထင်ရှားစွာ ဖြစ်ပေါ်လာနိုင်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး

ချိန်က ရေနံသည် အဓိကအငြင်းပွားစရာဖြစ်သလို ရေကြောင့်လည်းဖြစ်လာလိမ့်မည်။

●




## သဘာဝပတ်ဝန်းကျင်အတွက် စိုးရိမ်ပူပန်ခြင်း

၁၉၉၀ ပြည့်နှစ်အစောပိုင်းကာလများထက် ၂၀၂၀ ပြည့်နှစ်တွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု ပိုများလာမည်။ စက်မှုနိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများအနေဖြင့် အပျက်အစီးများ ပြန်လည်ပြုပြင်ရန် ကြိုးစားမှုအဖြစ် ၎င်းတို့၏အရင်းအမြစ်များကို ပိုမိုသုံးစွဲလာကြမည်ဖြစ်သည်။ ချမ်းသာသောနိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြင့် နည်းပညာများ တိုးတက်လာသည့်အကျိုးကို ခံစားနေကြရသော်လည်း အခြားနိုင်ငံများ သို့မဟုတ် ဒေသများတွင် စက်မှုနိုင်ငံအဖြစ်ပြောင်းလဲစဉ် အစောပိုင်းကာလများ၌ ယခုပစ္စုပ္ပန်ကာလထက်ပို၍ ဆေးနက်စက်ခဲ့သောပြဿနာများနှင့် ရင်ဆိုင်ခဲ့ကြရပြီး ရုန်းကန်ခဲ့ကြရသည်။

ထို့ကြောင့် အနောက်ဒီမိုကရေစီနိုင်ငံများတွင် နေထိုင်ကြသော ပြည်သူများသည် ပြတင်းပေါက်ကိုဖွင့်ကြည့်လိုက်လျှင် ပိုမိုသန့်ရှင်းလတ်ဆတ်သော လေကို ထိတွေ့ခံစားကြရမည်ဖြစ်ပြီး ပင်လယ်ကမ်းခြေများ၌ ရေကူးလျှင်လည်း ပိုမိုသန့်ရှင်းသောရေကို ထိတွေ့ခံစားကြရမည်ဖြစ်သည်။ ထို့ပြင် ကျေးလက်တွင် လမ်းလျှောက်ထွက်လျှင်လည်း သီးနှံမျိုးစုံနှင့် တောရိုင်းတိရစ္ဆာန်များကို တွေ့မြင်ရသည်။ သို့ရာတွင် ရုပ်မြင်သံကြားကိုကြည့်ရာ၌ ယနေ့ခေတ်ထက် ပိုမို၍ အခက်အခဲများကို ကြုံတွေ့ကြရသည်။ ထို့ပြင် ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာမှ မြို့ကြီးပြကြီးများကို

အလည်သွားလျှင် ၁၈၅၀ ပြည့်နှစ်ဆီက လန်ဒန် သို့မဟုတ် ၁၉၂၀ ပြည့်နှစ်က နယူးယောက်မြို့ကဲ့သို့ အုံ့ဆိုင်းခြင်းနှင့် ကြောက်လန့်ခြင်းဆိုသည့် ခံစားချက်များ ရောယှက်ကာ ခံစားကြရလိမ့်မည်။ သို့သော် စက်မှုကမ္ဘာကတော့ နောက်မျိုးဆက်အတွက် စိတ်ပူကြရပေပြီ။ ၂၀၅၀ ပြည့်နှစ်များတွင် သဘာဝပတ် ဝန်းကျင်ပျက်စီးမှုများအား အရေးယူရန် အစိုးရများအပေါ် ဖိအားပေးလာကြလိမ့် မည်။ သဘာဝရင်းမြစ်များနှင့် ပတ်ဝန်းကျင်ကိစ္စများကလည်း နိုင်ငံတကာ နိုင်ငံရေး ပြဿနာများ ဖြစ်လာတော့မည်။

●



## သဘာဝရင်းမြစ်များ၏နိုင်ငံရေး

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအချိန်က အနောက်အုပ်စု၏ အဓိကရည်ရွယ်ချက်မှာ သဘာဝရင်းမြစ်များကို ထုတ်ဖော်ရယူရန်ဖြစ်သော်လည်း ကိုလိုနီခေတ်နောက်ပိုင်းတွင်မူ ကွန်မြူနစ်ကမ္ဘာနှင့် ဩဇာရရှိရေးယှဉ်ပြိုင်ရန် "အကူအညီပေးရေး" ဟူသည့် မျက်နှာဖုံးအောက်၌ များပြားလှစွာသောပုံစံများဖြင့် အကူအညီပေးသည့် ရည်ရွယ်ချက်သို့ ပြောင်းလဲသွားသည်။ စစ်အေးကာလပြီးဆုံးသွားသဖြင့် ဆက်ဆံရေးကို အမြင်သစ်ဖြင့်ကြည့်ရန်လိုအပ်လာသည့် အခွင့်အရေးပေါ်လာသည်။ ပုံမှန်မဟုတ်သော အခြေအနေမှတစ်ပါး (ဥပမာ ကူဝိတ်ကိစ္စ) အနောက်နိုင်ငံများတွင် တခြားတိုင်းပြည်များ၏ ပြည်ပလုံခြုံရေးကို အာမခံရန် မလိုအပ်တော့ပေ။ သဘာဝရင်းမြစ်များကြွယ်ဝသော တိုင်းပြည်များနှင့် ဖွံ့ဖြိုးဆဲကမ္ဘာများတွင် ဘာတွေလိုအပ်နေသလဲဆိုတာကို စက်မှုကမ္ဘာက ပြန်လည်စဉ်းစားလာကြသည်။

အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ရေနံထုတ်လုပ်မှုနှင့် တောင်အာဖရိကမှ ဓာတ်

သတ္တုများကို ကာကွယ်ရန် စိတ်ဝင်စားမှု ဆက်လက်ရှိနေလိမ့်မည်။ တခြားဆက်ဆံရေးအသစ်များ သို့မဟုတ် အဟောင်းများ ပြန်လည်ဖြစ်ပေါ်လာမှု တိုးပွားလာနေသည်။ အနောက်ဥရောပသည် ရုရှား (ယခင်ဆိုဗီယက်နိုင်ငံ)များ၏ သဘာဝရင်းမြစ်များကို ထိန်းသိမ်းချင်ကြသည်။ အထူးသဖြင့် သဘာဝဓာတ်ငွေ့များဖြစ်သည်။ ထိုအကျိုးဆက်ကြောင့် ရုရှားနိုင်ငံသည် ပထမကမ္ဘာစစ်ကြီး မဖြစ်မီကာလကဲ့သို့ အနောက်နိုင်ငံများအတွက် ကုန်ကြမ်းများစွာတင်ပို့သည် အဓိကနိုင်ငံဖြစ်သည်။ ဂျပန်ကမူ ဆိုက်ဘေးရီးယား၌ ကုန်ကြမ်းများ ရှာဖွေဖြန့်ဖြူးရေးနှင့် လုံခြုံရေးအတွက် နည်းပညာနှင့်ငွေကြေးများကို အရောင်းအဝယ်ပြုလိမ့်မည်။

တခြားသိပ်မထင်ရှားသော ရည်ရွယ်ချက်များသည် အရေးကြီးကိစ္စအဖြစ် ပေါ်ထွက်လာမည်။ စက်မှုကမ္ဘာသည် အခါအားလျော်စွာ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အရေးပေါ်အစားအစာအကူအညီများပေးနေရာ လူမှုရေး၊ နိုင်ငံရေးနှင့် သဘာဝပတ်ဝန်းကျင်ကိစ္စများအပေါ် ဩဇာလွှမ်းမိုးလာသည်။ ရေအရင်းအမြစ်ကို ရှာဖွေခြင်းကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ပြဿနာများအပေါ် စိတ်ဝင်စားမှုများလာသည်။ နယ်နိမိတ်ဖြတ်ကျော်ညစ်ညမ်းမှုနှင့် ကာဗွန်ဒိုက်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့် စိုးရိမ်ပူပန်မှုပိုများလာသည်။ ကုန်သွယ်ရေးတွင် သဘာဝပတ်ဝန်းကျင်ကိစ္စက ပို၍ခြောက်လှန့်လာသည်။ နိုင်ငံရေးအရ မှန်ကန်သောအကြောင်းပြချက်ဖြစ်သည့် ကာကွယ်ရေးစနစ်ကြောင့်သာမက အနောက်နိုင်ငံများတွင် ကုန်ထုတ်လုပ်မှုစရိတ်စကပိုများလာသောကြောင့်လည်းဖြစ်သည်။ အနောက်နိုင်ငံများ ကုမ္ပဏီများသည် သဘာဝပတ်ဝန်းကျင်အဆင့်အတန်းနိမ့်သည့်နိုင်ငံများထံမှ ကုန်ပစ္စည်းများ တင်သွင်းရန် ခွင့်ပြုလာကြပြီး စရိတ်နည်းအောင် လုပ်နေကြသည်။

ဆက်ဆံရေးအသစ်အရ အနောက်နိုင်ငံများသည် သဘာဝရင်းမြစ်များကို ထုတ်ယူသုံးစွဲခြင်းမပြုရန် ဖွံ့ဖြိုးဆဲနိုင်ငံများကို လာဘ်ထိုးကြလိမ့်မည်။ သို့မဟုတ် သဘာဝပတ်ဝန်းကျင်အား မိတ်ဆွေကောင်းနည်းဖြင့်သာ ဖြစ်နိုင်သရွေ့ အနည်းဆုံး ထုတ်ယူသုံးစွဲရန် မျှောင်းဖျနေကြရမည်။ ဤနည်းအားဖြင့် ဂျပန်သည် တရုတ်နိုင်ငံအား ကျောက်မီးသွေးသုံးစွဲမှု လျှော့ချရန် မျှောင်းဖျနေရသည်။ ထို့ပြင် တရုတ်လျှပ်စစ်ဓာတ်အားပေးစက်ရုံများအား သန့်စင်ရန် ငွေထုတ်ပေးနေကြသည်။ အမေရိကန်သည် တောင်အာဖရိကနိုင်ငံများ ဈေးကွက်ဝင်ခွင့်ပြုခြင်းဖြင့် အပေးအယူလုပ်ပြီး သဘာဝပတ်ဝန်းကျင်အနေအထား တိုးတက်လာအောင် တောင်းဆိုထားသည်။ ထို့အပြင် မက္ကဆီကိုနှင့်လည်း မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် ရယူထားသည်။ အာဖရိကတိုက်တွင် လူဦးရေ အဆများစွာတိုးလာသဖြင့် စားနပ်

ရိက္ခာလိုအပ်ချက် ကြီးမားလာသည်။ ထို့ကြောင့် စက်မှုကမ္ဘာက ဖိအားပေးပြီးဝင်ရောက်စွက်ဖက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်မှစ၍ ကမ္ဘာကြီးပူနွေးလာမှု၏ အတိုင်းအတာနှင့် အကျိုးသက်ရောက်မှုအကြောင်း ပိုမိုသိရှိလာလိမ့်မည်။ နိုင်ငံများသည် ရုပ်ကြွင်းလောင်စာသုံးစွဲခြင်းကို ချုပ်တည်းမလားဆိုသည်ကို နောက်မျိုးဆက်သစ်များအတွက် စဉ်းစားသုံးသပ်သင့်သည်။ ကမ္ဘာ့ရင်းမြစ်များအပေါ် ဖိအားပေးမှုကို စက်မှုနိုင်ငံများက ပိုမိုထိတ်လန့်လာလေ ၎င်းတို့၏ ရည်ရွယ်ချက်နှင့် တန်ဖိုးများကို ထုတ်ရလေဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိစ္စသည် ရှိခြင်းနှင့် မရှိခြင်းအကြား လက်နက်စွဲကိုင်သည့် ပဋိပက္ခဖြစ်လာစရာအကြောင်းမရှိပေ။ ပျက်စီးဆုံးရှုံးမှုများကတော့ ဖြစ်လာလိမ့်မည်။ ထိုကိစ္စသည် တင်းမာမှုနှင့်စိုးရိမ်မှုများ ဆက်လက်ဖြစ်လာမည့်အကြောင်းရင်းများဖြစ်သည်။

●



## စွမ်းအင် လုံလောက်ရဲ့လား

တစ်ကမ္ဘာလုံးနှင့်ပတ်သက်ပြီး စွမ်းအင်ပြဿနာမရှိပေ။ အနိုက်အတန့်အားဖြင့် ရုပ်ကြွင်းလောင်စာများကို မီးရှို့ကြသဖြင့် လေထုတွင် ကာဗွန်ဒိုင်အောက်

ဆိုက်များလာ၍ ရာသီဥတုထိခိုက်မှုရှိလာနိုင်သည်ကို လူများက စိုးရိမ်ပူပန်နေကြသည်။ နောက်ရာစုနှစ်ကုန်အထိ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုရန် စွမ်းအင်အလုံအလောက်ရှိနေသည်။ အထူးသဖြင့် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များကို လုံလောက်စွာဖြန့်ဖြူးနိုင်သည်။ ယခုအချိန်မှစ၍ နောင်နှစ်ပေါင်းများစွာအထိ ကျောက်မီးသွေးအလုံအလောက်ရှိသည်။ သဘာဝဓာတ်ငွေ့များကိုတော့ နှစ်ပေါင်း ၆၀ အထိ သုံးနိုင်သည်။ နောင်နှစ်များတွင် ရေနံဖြန့်ဖြူးမှုတင်းကျပ်လာမည်ဟု ခန့်မှန်းထားကြသည်။

ရေနံမှအပ ကျောက်မီးသွေးနှင့် ဓာတ်ငွေ့များ လုံလောက်နေသဖြင့် ကံကောင်းလျက်ရှိသည်။ ရုပ်ကြွင်းလောင်စာများ ကြွယ်ဝစွာရှိသဖြင့် အနည်းဆုံး နောင်နှစ်ပေါင်း ၂၀ အထိ ကမ္ဘာ့စွမ်းအင်လုံလောက်နေနိုင်သည်။ ယခုအချိန်တွင် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၏ ၇၅ မှ ၈၀ ရာခိုင်နှုန်းအထိ သူတို့ဖြန့်ဝေလျက်ရှိရာ ရာစုနှစ်လေးပုံတစ်ပုံအတွင်း လျော့နည်းဖြန့်ဖြူးနေသည်ဟု ရှုမြင်ရန်ခက်ခဲပေသည်။ အကြောင်းမှာ လျှပ်စစ်ဓာတ်အားသည် အကျိုးအကြောင်းခိုင်လုံစွာဖြင့် ယှဉ်ပြိုင်၍ အစားထိုးအသုံးပြုရသောကြောင့်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး၊ ပင်လယ်ခရီးသွားလာရေး၊ လေကြောင်းခရီးနှင့် နေအိမ်များ အနွေးဓာတ်ပေးခြင်း၊ ချက်ပြုတ်ခြင်းနှင့် များပြားလှသော စက်မှုလုပ်ငန်းများတွင် ရုပ်ကြွင်းလောင်စာအပေါ် များစွာမှီခိုနေကြသည်။ စီးပွားဖြစ် စွမ်းအင်နှစ်မျိုးဖြစ်သည့် အဏုမြူနှင့် ရေအားလျှပ်စစ်များရှိနေသည့်ဒေသများ၌ လျှပ်စစ်ဓာတ်အား၏ ၆၀ ရာခိုင်နှုန်းကို ရုပ်ကြွင်းလောင်စာမှရရှိသည်။ အဏုမြူစွမ်းအင်နှင့် ရေအားလျှပ်စစ်ဓာတ်အားများ၏ အချိုးအဆများကျဆင်းလျက်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ အလွန်ဖြစ်ပေါ်လာမည်ကို ရှုမြင်ရန်ခက်ခဲသည်။

အဏုမြူစွမ်းအင်နှင့်ပတ်သက်၍ အထူးစိတ်ပျက်စရာကောင်းနေသည်။ ၁၉၅၀ ပြည့်နှစ်ဆီလောက်က အဏုမြူစွမ်းအင် လွန်စွာပေါများသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် မီတာထွက်ရန်ပင် မလိုတော့သောအခြေအနေ ရောက်လိမ့်မည်ဟု ယူဆခဲ့ကြသည်။ အဏုမြူလျှပ်စစ်ဓာတ်အားသည် လူနေအိမ်များသို့ ရေကဲ့သို့ပင် ဈေးအနိမ့်ဆုံးဖြန့်ဖြူးနိုင်လိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့ကြသည်။ ဓာတ်အားပေးစက်ရုံများတွင် အဓိကအသုံးပြုလျက်ရှိသည့် ရုပ်ကြွင်းလောင်စာဖြစ်သည့် ကျောက်မီးသွေးနှင့် နှိုင်းယှဉ်လျှင် သန့်ရှင်းသည်။ အဏုမြူစွမ်းအင်အတွက် ကုန်ကျစရိတ်သည် စိတ်ပျက်ဖွယ်ရာဖြစ်သည်။ အဏုမြူဓာတ်ပေါင်းဖိုများ လုံခြုံရေးသည် စိုးရိမ်ဖွယ်ရာအဆင့်သို့ရောက်သည်။ အဏုမြူစွန့်ပစ်ပစ္စည်းများကို ထားသိုရန်


နိုင်ငံရေးအရ လက်ခံနိုင်သည့်နေရာလည်းမရှိ၊ တိုးတက်လျက်ရှိသော စက်မှုနိုင်ငံများတွင် နည်းပညာကို စီမံခန့်ခွဲနိုင်သည့် လျှပ်စစ်ဓာတ်ကို အဏုမြူဖြင့် လက်တွေ့ထုတ်လုပ်လျက်ရှိသည်။ ပြင်သစ်တွင် ဤနည်းဖြင့် လျှပ်စစ်ဓာတ်အားကို အဓိကထား၍ ထုတ်လုပ်လျက်ရှိသည်။ ချာနိုဘိုင်းအဏုမြူစက်ရုံမှာ ဓာတ်အားစိမ့်ထွက်ယိုဖိတ်သည့်အတွေ့အကြုံအရ ကောင်းစွာမထိန်းချုပ်နိုင်ကြောင်း တွေ့ရသဖြင့် စိတ်ပျက်ဖွယ်ရာဖြစ်နေသည်။ ဖျက်စီးနိုင်စရာအကြောင်းလည်း ရှိပြန်သည်။ လူသားများသည် အမှားများကို ကျူးလွန်နေကြသည်။ သဘာဝဘေးအန္တရာယ်များကဲ့သို့ ဘေးဥပဒ်ဖြစ်စေနိုင်သောကိစ္စများကို ကြိုတင်သိမြင်နိုင်ခြင်းမရှိကြ။ ချာနိုဘိုင်းကဲ့သို့ အဏုမြူယိုစိမ့်မှုအန္တရာယ်များ ကျရောက်နိုင်သည်။ ၁၉၈၀ ခုနှစ်များက ထိပ်ဆုံးရောက်ခဲ့သော အဏုမြူစက်ရုံများ တည်ဆောက်ရေးသည် ယခုအခါ လျင်မြန်စွာကျဆင်းလျက်ရှိသည်။ ယခင် ဆိုဗီယက်ပြည်ထောင်စုခေတ်က အဏုမြူဓာတ်ပေါင်းဖိုများ ဆောက်လုပ်ရန် နိုင်ငံရေးအရ အခက်အခဲ တွေ့နေကြသည်။ ကမ္ဘာ့စွမ်းအင်အချိုးအဆသည် အဏုမြူဓာတ်အားဖြင့်ဖြန့်ဝေရာတွင် ၁၉၉၀ ခုနှစ်ထက် ၂၀၀၀ ပြည့်နှစ်တွင် သေးငယ်သွားလိမ့်မည်။ ၂၀၂၀ ပြည့်နှစ်တွင် ပို၍နည်းပါးလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားကြသည်။

ရေအားလျှပ်စစ်ကဲ့သို့သော ရုပ်ကြွင်းမဟုတ်သည့်လောင်စာများကို အသုံးပြုကြသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စိုးရိမ်ပူပန်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်သည်။ ယခုအခါတွင် ရေအားလျှပ်စစ်သည် အဏုမြူစွမ်းအင်လျှပ်စစ်စွမ်းအားထက် ပို၍ ကမ္ဘာပေါ်တွင် ပေးဝေနိုင်လျက်ရှိသဖြင့် ကမ္ဘာစစ်ကြီးနောက်ပိုင်းဆည်ကြီးများတည်ဆောက်ခဲ့သည်ကို ကျေးဇူးတင်ဖို့ပေသည်။ သို့သော် ဆည်တည်ဆောက်ရာ၌ ကုန်ကျစရိတ် အလွန်ကြီးမားသည်။ ဆည်အသစ်တစ်ခုချင်း ကုန်ကျစရိတ်ရှိသောကြောင့် နောက်ထပ်နေရာကောင်းရရန် အခက်အခဲရှိလာသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားလိုအပ်လျက်ရှိသော လူနေရပ်ကွက်များအနီး ဆည်တည်ဆောက်လျှင် ကုန်ကျစရိတ်အကြီးမားဆုံးဖြစ်ပေါ်လိမ့်မည်။ မြို့ပြနေလူထုသည် စားနပ်ရိက္ခာအတွက် လယ်ယာမြေလိုအပ်သလို အဆောက်အဦတိုးချဲ့ရန်အတွက် မြေနေရာများလိုအပ်လျက်ရှိသည်။

နောင် ၂၅ နှစ်ရောက်လျှင် ရေအားလျှပ်စစ်များ ပိုမိုများပြားလာလိမ့်မည်။ ထို့ပြင် လျင်မြန်စွာတိုးတက်နေသော ကမ္ဘာ့အစိတ်အပိုင်းတစ်နေရာတွင် စွမ်းအင်အရင်းအမြစ်ကောင်းကောင်း လိုအပ်လာသည်။ တရုတ်နိုင်ငံသည် ရေလွှမ်းမိုးမှုဘေးအန္တရာယ်မှကာကွယ်ရန် ယန်စီမြစ်ပေါ်တွင် အကြီးမားသော ဆည်ကြီးတည်

ဆောက်ရန် စီစဉ်နေသည်။ သို့သော် ရေအားလျှပ်စစ်ထုတ်လုပ်ရန်လည်း တစ်စိတ်တစ်ပိုင်းအားဖြင့် ဆောင်ရွက်နေသည်။ အကယ်၍ ကြီးမားသောဆည်ကြီးသုံးခုတည်ဆောက်ပြီးစီးပါက အကြီးမားဆုံးသောဆည် တည်ဆောက်ရေးစီမံကိန်းကြီးဖြစ်လိမ့်မည်။ ဆွစ်ဇာလန်၊ နော်ဝေးနှင့် ကနေဒါနိုင်ငံတို့ကဲ့သို့သော လက်တစ်ဆုပ်စာစက်မှုနိုင်ငံများသည် အမှန်တကယ်လိုအပ်သော ရေအားလျှပ်စစ်ကို ပြည့်ဝစွာရရှိနိုင်မည်မဟုတ်ချေ။ အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ထိုကဲ့သို့ပင်ဖြစ်လိမ့်မည်။ များပြားလှသော ရေအားလျှပ်စစ်အပေါ်ရှုမြင်ရာမှာ အမြဲတမ်းအကန့်အသတ်ရှိသည်။ မြေယာများ ကွယ်ပျောက်ခြင်း၊ လူပေါင်းများစွာကို ပြန်လည်နေရာချထားခြင်းကိစ္စတွင် ငွေကုန်ကြေးကျများ၍ နိုင်ငံရေးရှုပ်ထွေးခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းတို့ကြောင့် ရေအားလျှပ်စစ်သည် စွမ်းအင်အရင်းအမြစ်ရရှိရေးအတွက် သတ်ချက်များရှိနေသည်။ အချို့နိုင်ငံများအနေဖြင့် အခြေအနေအရ ကူညီထောက်ပံ့မှုသော် ကမ္ဘာနှင့်တစ်ဝန်း စွမ်းအင်လျော့နည်းချက်ကို ဖြေရှင်းပေးနိုင်သည့်နည်းလမ်းတော့မဟုတ်ချေ။

●



## ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဈေးကွက်က ဖန်တီးပေးသည့် အခွင့်အရေးများ

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်မှစ၍ ကမ္ဘာ့စီးပွားရေးပြောင်းလဲမှုသည် နိုင်ငံဘကာအထိ ပျံ့နှံ့သွားသည်။ ငွေကြေးနှင့်ကုန်သွယ်မှုတို့သည် နိုင်ငံတကာနှင့် သက်ဆိုင်လာပြီး ဝန်ဆောင်မှုလုပ်ငန်းသည်လည်း နိုင်ငံတကာအထိ ပျံ့နှံ့တိုးတက်လာနေသည်။

ငွေကြေးကို ကမ္ဘာတစ်ဝန်း ရွှေ့ပြောင်းရန် အဓိကကန့်သတ်ချက်နှစ်မျိုးရှိသည်။ အမျိုးသားအစိုးရများက ချမှတ်ထားသော ကန့်သတ်ချက်နှင့် စီးပွားရေးအကြောင်းအရာကြောင့် ဈေးကွက်များက သူတို့ဘာသာ ကန့်သတ်ချက်များဖြစ်သည်။ ပထမအမျိုးအစားသည် ဗဟိုဘဏ်စနစ် ဈေးငွေနှင့် နိုင်ငံခြားငွေကြေးလဲလှယ်မှု ပိတ်ပင်ထားချက်များကြောင့် ဖြစ်ပေါ်လာသည်။ ဥရောပသမဂ္ဂငွေကြေးလဲလှယ်နှုန်းယန္တရား (ERM) နှင့် နိုင်ငံအချို့က ယခုအချိန်အထိ ချမှတ်ထားသည့် ၎င်းတို့နိုင်ငံသားများ၏ငွေကြေးကို ပြည်တွင်းမှာသာထားရှိရန် ဥပဒေများကြောင့်လည်း ထိမိုက်ရခြင်းဖြစ်သည်။

ဒုတိယအမျိုးအစားသည် ဗြိတိသျှဘဏ်များက စီးပွားရေးလုပ်ငန်းအသေးစားများကို ငွေချေးသည့်အမျိုးအစားဖြစ်ပြီး အတိတ်ကာလက အကြွေးတင်ခဲ့သည် သို့မဟုတ် အကြီးစားစီးပွားရေးလုပ်ငန်းများထက် အသေးစားငွေစုဆောင်းသူများထံမှ သူတို့၏ငွေကြေးအတွက် အမြတ်အနည်းငယ်ပြန်လည်ရရှိခြင်း အကြောင်းကြောင့်ဖြစ်သည်။ သို့သော် ဤကန့်သတ်ချက်များအတွင်းမှာပင် ကမ္ဘာတစ်ဝန်း ငွေကြေးစီးဆင်းမှုအတွက် ကြီးမားသည့်လွတ်လပ်မှုရှိနေသေးသည်။

အပြည်ပြည်ဆိုင်ရာ သဘာဝနှင့်အတူ ဘဏ္ဍာရေးဈေးကွက်များ၏ စွမ်းအင်တိုးတက်လာသဖြင့် သီးခြားအမျိုးသားအစိုးရများ၏ဩဇာသည် မလွဲမရှောင်သာဘဲ ကျဆင်းသွားတော့သည်။ ကမ္ဘာ့ငွေကြေးအသိုင်းအဝိုင်းက လက်ခံနိုင်လောက်သည့် နည်းလမ်းကိုရှုမြင်၍ သူတို့၏စီးပွားရေးငွေကြေးမူဝါဒကို ဆောင်ရွက်လာကြသည်။ ထိုကဲ့သို့မလုပ်လျှင် ငွေကြေးလုပ်ငန်း သို့မဟုတ် နှစ်မျိုးစလုံး ဒဏ်ခတ်ခံရလိမ့်မည်။ ဤဘဏ္ဍာရေးဈေးကွက်များကို အပြည်ပြည်ဆိုင်ရာနှင့်သက်ဆိုင်အောင် ပြုလုပ်ခြင်းသည် ကုမ္ပဏီများကပြုကျင့်သည့် နည်းလမ်းနှင့် နိုင်ငံများက စီးပွားရေးဆက်ဆံရေးများအပေါ် ထိရောက်မှုသည် ညီမျှစွာအရေးကြီးသည်။ အကျိုးရလဒ်ကတော့ ကုမ္ပဏီကြီးများကို ညီမျှသောရန်ပုံငွေ ရရှိစေသည်။

ထို့ပြင် ပိတ်လှောင်ထားသော တိုင်းပြည်များရှိ ကုမ္ပဏီများ၏ စုပေါင်းဌာနချုပ်များက ကမ္ဘာအနှံ့ပြန့်ကျဲနေသော ရင်းနှီးမြှုပ်နှံသူများပိုင်ဆိုင်သည့် မည်သည့်ကုမ္ပဏီများမဆို ကြီးပွားလာနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဘဏ္ဍာရေးဈေးကွက်များက လွတ်လပ်မှုကြီးထွားလာသောကြောင့် ကုန်သွယ်မှုထိန်းချုပ်ရန် အစိုးရများ၏ ချမှတ်ခြင်းကို ကန့်သတ်နိုင်သည့် အစွမ်းအစများရှိလာသည်။ သို့မဟုတ် ကုန်သွယ်မှုထိန်းချုပ်ရေးသည် ပိုအန္တရာယ်ရှိလာသည်။ အရင်းအနှီးရွေ့လျားမှုအပေါ် ထိန်းချုပ်ခြင်း သို့မဟုတ် ကုမ္ပဏီများက နိုင်ငံပေါင်း

များစွာတွင် တိုးတက်ကိုင်တွယ်မည့် မြေရာများအပေါ် အန္တရာယ်များလာလိမ့်မည်။

အမျိုးသားစီးပွားရေးကို နိုင်ငံတကာသုံးစံ စံပြုလုပ်သည့် အကျိုးကျေးဇူးသည် အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ငွေကြေးအမြောက်အမြားကို စီမံကိန်းများထံမှ လွတ်လပ်စွာရရှိနိုင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကို ဈေးကွက်အရ ဆွဲဆောင်နိုင်သောကြောင့်ဖြစ်သည်။ ထို့ပြင် အခြားနိုင်ငံများထက် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာနိုင်သည့်အခွင့်အရေးလည်းရှိသည်။ နိုင်ငံခြားအစိုးရထံမှ အကူအညီအနည်းငယ်ကို အတည်ပြုပေးရေးအတွက် စောင့်ရသည်ထက် စီးပွားရေးတိုးတက်မှုအတွက် ငွေကြေးများကို သယ်ဆောင်လာနိုင်သောကြောင့်ဖြစ်သည်။ သို့မဟုတ် လုံလောက်သော ငွေကြေးထူထောင်ရန် ပြည်တွင်းစုဆောင်းငွေများကိုလည်း မျှော်လင့်နိုင်သည်။ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် တိုင်းပြည်တည်ငြိမ်ရေး စီမံချက်နှစ်မျိုးစလုံးတွင် ယုံကြည်မှု ခိုင်မာလာသည့်အခါ အကန့်အသတ်မဲ့ငွေများကို ရရှိနိုင်သည်။ သို့သော် မြီစားများက တန်ဖိုးကိုပေးကြရလိမ့်မည်။ ထို့ပြင် ကြွေးမြီများကို ပေးဆပ်ရုံသာမက စုဆောင်းငွေ တောင့်တင်းသောနိုင်ငံများသည် ပြည်တွင်း၌ ငွေကြေးမလိုအပ်သေးလျှင် ကုမ္ပဏီများ၊ ရင်းမြစ်များ၊ တခြားနိုင်ငံများ၏ ကျွမ်းကျင်မှုများနှင့် စီးပွားရေးသြဇာရှိသည့် ဘဏ္ဍာရေးစွမ်းရည်များကို စုဆောင်းငွေများဖြင့် ဝယ်ယူနိုင်သည်။

ဤနိုင်ငံတကာရန်ပုံငွေ စီးဆင်းမှုသည် ခြားနားသောအကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်။ တချို့က ကောင်း၍ တချို့က မကောင်းချေ။ ဦးစားပေးသင့်သော တချို့ထွက်ငွေများသည် အတိတ်ကာလကထက် စီးပွားရေးတိုးတက်မှုမြန်ဆန်လာစေသည်။ ဤကဲ့သို့အဖြစ်မျိုးကို ၁၉၇၀ ပြည့်နှစ်များက တောင်ကိုရီးယားက စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံခြားဘဏ်ချေးငွေကို သုံးစွဲခဲ့သဖြင့် ကြုံတွေ့ခဲ့ရသည်။ သို့သော် တောင်ကိုရီးယားနိုင်ငံသည် လိမ္မာပါးနပ်စွာဖြင့် ရင်းနှီးမြှုပ်နှံခဲ့သည်။ လက်တင်အမေရိကန်နိုင်ငံများသည်လည်း ငွေအမြောက်အမြားချေးယူခဲ့သည်။ သို့သော် ကုန်ထုတ်လုပ်မှုမှာ ရင်းနှီးမြှုပ်နှံရေးထက် စားသုံးရေးမှာ ကူညီဖို့ငွေကြေးကို လည်ပတ်စေသည်။ တစ်ခါတစ်ရံ ဤနိုင်ငံများသည် အနောက်နိုင်ငံများ၏ ဘဏ်ချေးငွေများ မဆုံးရှုံးမီကတည်းက သူတို့၏မူဝါဒများကို ပြောင်းလဲရန် ဖိအားပေးခံနေရသည်။

နယ်စပ်ဖြတ်ကျော်သည့် ရင်းနှီးမြှုပ်နှံငွေများသည် ဘဏ်လမ်းကြောင်းမှ လာခြင်းဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များအလယ်က ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် အခါအားလျော်စွာ နေရာယူထားသည့် ထိုပြောင်းရွှေ့မှုများကို မြင်တွေ့ရသည်။ အာမခံဈေးကွက်များသည် ငွေရသူများနှင့် ငွေချေးသူများအကြား ဘဏ်များ


ကို အဓိကဆက်သွယ်ရေးအဖြစ် နေရာပြန်၍ချထားလျက်ရှိသည်။ ဤအပြောင်းအလဲတွင် အဓိကအကြောင်းနှစ်ရပ်ရှိသည်။

လက်တင်အမေရိကမှ စတင်သော ၁၉၈၀ ပြည့်နှစ်က ကြွေးမြီပြဿနာများသည် တခြားဆိုးရွားသော ချေးငွေများကြောင့် ဆုံးရှုံးမှုနှင့် ဝန်ပိမှုများ ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ပစ္စည်းကုမ္ပဏီများက ဘဏ်များကို အကြီးအကျယ် အားနည်းစေခဲ့သည်။

စုဆောင်းငွေဌာနများ၊ အထူးသဖြင့် အာမခံကုမ္ပဏီများနှင့် ပင်စင်ရန်ပုံငွေများ တိုးပွားလာခြင်းကြောင့်ဖြစ်သည်။

ကြွေးမြီပြဿနာကြောင့် ဘဏ်များသည် ချေးငွေဝါဒကို သတိကြီးစွာကိုင်တွယ်ကြရပြီး ဘဏ်ချေးငွေများအပေါ် သိပ်မှီခိုခြင်းမပြုရန် ငွေချေးသူများအား သဘောပေါက်စေသည်။ သို့သော် ဘဏ်ပြဿနာမပေါ်လျှင်လည်း ချွေတာစုဆောင်းရေးဌာနများ၏ အရေးပါမှု ရေရှည်ပေါ်ပေါက်လာသောအခါ ဘဏ်များ၏ သက်ဆိုင်ရာအခန်းကဏ္ဍများ မှေးမှိန်သွားနိုင်သည်။ စက်မှုနိုင်ငံများရှိ သက်ကြီးရွယ်အိုများ ကျယ်ပြန့်စွာများပြားလာသောကြောင့် ပင်စင်ရန်ပုံငွေများနှင့် အာမခံကုမ္ပဏီများ ကြီးထွားလာကြသည်။ အကြောင်းမှာ လူများ အသက်ကြီးလာလေလေ သူတို့ အနားယူချိန်အတွက် ငွေကြေးစုဆောင်းရန် လိုအပ်သောကြောင့်ဖြစ်သည်။ ထို့ပြင် နိုင်ငံအများအပြားက သူတို့ငွေကြေးစုဆောင်းနိုင်ရန် အခွန်ကင်းလွတ်ခွင့်ပြုထားကြသည်။ အင်္ဂလိုဆက်ဆွန်နိုင်ငံများ၊ နယ်သာလင်နှင့် ဂျပန်နိုင်ငံများတွင် ပုဂ္ဂလိကပိုင် ပင်စင်ရန်ပုံငွေများ ထူထောင်ထားကြသည်။ ထို့ပြင် အခြားဥရောပနိုင်ငံများတွင်လည်း လျင်မြန်စွာထူထောင်လာကြသည်ကို တွေ့ရသည်။ နောက်ဆုံး၌ ပင်စင်စားများက သူတို့၏ပင်စင်လစာများကို စတင်ထုတ်ယူသောအခါ ရန်ပုံငွေများ တိုးပွားခြင်းမှ ရပ်ဆိုင်းသွားလိမ့်မည်။ သို့သော် ထိုကဲ့သို့ဖြစ်လာသောအခါတွင် စက်မှုနိုင်ငံသစ်တွင် ပင်စင်ရန်ပုံငွေသစ်များလည်း တိုးပွားလိမ့်မည်သာဖြစ်သည်။

●



## ဈေးကွက်ကဖန်တီးပေးသည့် အခွင့်အရေးများ

ပင်စင်ရန်ပုံငွေကိုင်သည့် မန်နေဂျာများအနေဖြင့် အမြော်အမြင်ရှိရသည်။ အဘယ့်ကြောင့်ဆိုသော် နှစ်ပေါင်း ၄၀ ကြာသည့်တိုင် စုဆောင်းငွေများကို ထုတ်ယူခြင်းမပြုလိုသူများအတွက် ရင်းနှီးမြှုပ်နှံထားရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ရေရှည်တည်တံ့နိုင်မည့်လုပ်ငန်းများ သို့မဟုတ် ပင်စင်စားများ ငွေလိုချိန်အထိ နှစ် ၂၀–၃၀ တိုင် ရင်းနှီးမြှုပ်နှံထားသင့်သည်။

၁၉၈၀ ပြည့်နှစ်များက ငွေကြေးများ နယ်စပ်ဖြတ်ကျော်စီးထွက်သွားသဖြင့် အမေရိကန်ပြည်ထောင်စု၌ လိုငွေအကြီးအကျယ်ပြခဲ့သည်။ ထို့ကြောင့် ထုတ်လုပ်မှုထက် စားသုံးမှုက ပိုများလာသည်။ ထို့အပြင် ဂျပန်နိုင်ငံကဲ့သို့ပင် သူတို့၏ပိုင်ဆိုင်မှုများကို ရင်းနှီးမြှုပ်နှံနေသည့် တခြားနိုင်ငံများသို့ လွှဲပြောင်းပေးနေရ၏။

ထိုအချိန်တွင် နိုင်ငံကိုကျော်၍ ငွေကြေးပြောင်းရွှေ့နေသော ရင်းနှီးမြှုပ်နှံသူ

များသည် သူတို့ငွေကို ဘယ်လိုအသုံးချကြောင်း သိလိုကြသဖြင့် ပိုမိုထိန်းချုပ်လာကြသည်။ ၁၉၇၀ ခုနှစ်များနှင့် ၁၉၈၀ ခုနှစ်များကကဲ့သို့သော ဘဏ်များ၏ အမှားမျိုး သူတို့လုပ်ကြတော့မည်မဟုတ်။ ထိုအချိန်က ဘဏ်များသည် သူတို့သိရှိထားသည့် သတင်းအချက်အလက်အနည်းငယ်ဖြင့် တိုင်းပြည်များကို ငွေအမြောက်အမြား ထုတ်ချေးခဲ့ကြသည်။ ဤသို့ စွန့်စားခြင်းအတွက် လျော်ကြေးရဟာက မလုံလောက်ပေ။ ထိုကဲ့သို့လုပ်မည့်အစား နိုင်ငံတွင်းဝင်လာသည့် ရန်ပုံငွေကို လက်ခံသည့်တိုင်းပြည်တစ်ပြည်သည် အပြန်အလှန်အားဖြင့် ပိုင်ဆိုင်မှုပြောင်းလွှဲခြင်းတစ်ခု သို့မဟုတ် အနည်းဆုံး အမျိုးသားဝင်ငွေဆုံးရှုံးမှုကို ထိန်းချုပ်တောင်းဆိုမှုရလိမ့်မည်။ ပိုင်ဆိုင်မှုပြောင်းလဲခြင်းများသည် အမေရိက သို့မဟုတ် ဥရောပတွင် ဂျပန်နှင့် ရောင်းဝယ်မှုများ၌ ထင်ရှားစွာဖြစ်လာသည်။ ဥပမာအားဖြင့် ဂျပန်ထုတ်လုပ်ရေးလုပ်ငန်းများ နိုင်ငံခြားတိုင်းပြည်တွင် တည်ဆောက်သောအခါ အမျိုးသားဝင်ငွေဆုံးရှုံးခြင်းကို ထိန်းချုပ်မှု ထင်ရှားစွာဖြစ်ပေါ်လာသည်။ သို့သော် နိုင်ငံခြားသားများက တခြားနိုင်ငံများမှ ငွေချေးစာချုပ်ဝယ်ယူလျှင် တစ်ခုသောအတိုင်းအတာအထိ ဖြစ်လာသည်။ ၁၉၈၀ ခုနှစ်များက အမေရိကန်သည် ဘတ်ဂျက်လိုငွေပြမှုကို ဖြည့်ဆည်းရန် နိုင်ငံခြားမှ ရင်းနှီးငွေများ စီးဆင်းမှုအပေါ် အမှီပြုခဲ့ရသည်။ ထို့အပြင် အတိုးနှုန်းသည် ဂျပန်ရင်းနှီးမြှုပ်နှံသူများ ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိမှုအပေါ်မူတည်၍ ထိုကြေးငြိမ်များကို ဖြေရှင်းကာ ဆုံးဖြတ်ပေးရသည်။

ထိုကဲ့သို့ စဉ်းစားဆင်ခြင်မှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်းရှိသည်။ စွန့်စားငွေများကို ကုမ္ပဏီများက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပုံစံမျိုးဖြင့်လည်းရနိုင်၏။ သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကုမ္ပဏီများ၏အစုရှယ်ယာများဖြင့် တစ်စိတ်တစ်ပိုင်း ရင်းနှီးမြှုပ်နှံမှုများမှလည်း ရနိုင်သည်။ သို့သော် ဤငွေကြေးသည် ပြန်ရငွေ ပျမ်းမျှအထက်နှုန်းနှင့် ပျမ်းမျှအထက် စွန့်စားနှုန်းများကို ပေးလျော်ရန်ဖြစ်လာလျှင်သာ ဆက်လက်၍ရွေ့တိုးလာနိုင်၏။ ဖွံ့ဖြိုးဆဲနိုင်ငံများက အစိုးရသည် နိုင်ငံခြားရင်းနှီးငွေကို အမြတ်ရလိုလျှင် နိုင်ငံရေးရာသီဥတုတည်ငြိမ်အောင် လုပ်ဖို့လိုအပ်ကြောင်း သဘောပေါက်သင့်သည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးအမြတ်ကောင်းကောင်းရရန် လုပ်ပေးမည်ဟု အာမခံချက်ပေးမှသာ ရင်းနှီးမြှုပ်နှံမှုများ ရောက်လာကြမည်ဖြစ်၏။ ၁၉၆၀ နှင့် ၁၉၇၀ ခုနှစ်များက နိုင်ငံအများအပြားတွင် နိုင်ငံရေးစီးပွားရေးငွေကြေးများကို ငြိမ်းချောက်ရန် ပြည်သူပိုင်သိမ်းခြင်းကဲ့သို့သော ပြိုင်ဆိုင်မှုများကို ဆိုဗီယက်နှင့် အနောက်နိုင်ငံအုပ်စုများထံမှအကူအညီရယူမည့်အစား ပြုလုပ်ခဲ့ကြသည်ကို နှိုင်းယှဉ်စဉ်းစားဖွယ်ကောင်းသည်။ ထို့နောက်

အကူအညီပေးသော အလှူရှင်များထံမှ ခွဲထုတ်ခံရသော ဈေးနှုန်းသည် နိုင်ငံခြားရေး ဩဇာသက်ရောက်မှုဖြစ်သွား၏။ ယခုအခါမှာတော့ စီးပွားရေးဩဇာသက်ရောက်မှုအဖြစ် ပြောင်းလဲလာသည့် ထိုနိုင်ငံများသည် သူတို့၏ ခန္ဓဥစ္စာပစ္စည်းများကို ယခုထက်တိုင် တတ်နိုင်သမျှ ထိန်းချုပ်နေဆဲဖြစ်၏။ ဤအပြုအမူကိုမျှတအောင် စီမံခန့်ခွဲခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကရည်ရွယ်ချက်များအနက် တစ်ခုဖြစ်သည်။

နိုင်ငံရေးဩဇာသက်ရောက်မှု၏ အဓိကသော့ချက်သည် အမျိုးသားချမ်းသာကြွယ်ဝမှုအပေါ်မှာ အစဉ်မှုတည်၏။

စစ်အေးကာလတုန်းက ဥစ္စာခနသည် လက်နက်ကိုင်တပ်များကို ထူထောင်ရန်နှင့် မိတ်ဆွေစစ်တပ်များကို ကူညီရာတွင် သုံးစွဲခဲ့ကြသည်။ စစ်အေးကာလပြီးဆုံးသောအခါမှာတော့ ဩဇာလွှမ်းမိုးလိုသော တိုင်းပြည်များသည် နိုင်ငံရပ်ခြားတွင် အိမ်ခြံမြေများထူထောင်ရန် ဆန္ဒရှိလာကြသည်။ ဤကဲ့သို့ပြုလုပ်ရန် သူတို့သည် နိုင်ငံရပ်ခြားတွင် ငွေစုဆောင်းခြင်းနှင့် စုငွေတစ်စိတ်တစ်ပိုင်းကို ခင်းကျင်းရန်လိုအပ်သည်။ ဂျပန်သည် ထိုဝါဒကိုအသုံးချရာတွင် ကြောက်မက်ဖွယ်ကောင်းသည့် ဥပမာပြစရာနိုင်ငံဖြစ်၏။ သို့သော် တခြားအရှေ့အာရှနိုင်ငံများကလည်း သူ့နည်းကို လိုက်ကြဟန်ရှိသည်။ ဥပမာ တရုတ်တိုင်ပေကိုကြည့်ပါ။ လူတစ်ဦးချင်းဝင်ငွေသည် စက်မှုနိုင်ငံများထက် တရုတ်တိုင်ပေမှာ နည်းသည်။ သို့သော် တရုတ်တိုင်ပေသည် နိုင်ငံခြားဝင်ငွေစတော့လဲလှယ်မှုစရံငွေများက ကမ္ဘာပေါ်မှာ အကြီးအကျယ်ဆုံးဖြစ်၏။ အရှေ့အာရှ အခြားနိုင်ငံများ၏ ငွေစုဆောင်းမှုအချိုးအစားသည် တည်ဆောက်ပြီး စက်မှုကမ္ဘာ့နိုင်ငံများထက် နှစ်ဆရှိသည်။ သူတို့၏စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေသည် သူတို့သည် လျင်မြန်စွာတိုးတက်နေသော စီးပွားရေးလုပ်ငန်းများတွင် ထိုစုဆောင်းငွေများဖြင့် ထောက်ပံ့ရန်လိုအပ်သည်။ နောင်အခါမှ စုဆောင်းငွေအချိုးအစားတချို့ကျဆင်းသွားသည်။ သို့သော် ဥရောပ သို့မဟုတ် မြောက်အမေရိကထက် သူတို့၏စုဆောင်းငွေများ ဆက်လက်များပြားလာလျှင် ယနေ့ဂျပန်ကဲ့သို့ ပေးငွေညှိနှိုင်းမှုအစွန်းထွက်များ ဖြစ်ပေါ်လာမည်ကို သူတို့တွေ့ကြရမည်။ အကယ်၍ အရှေ့အာရှက ကမ္ဘာ့စုဆောင်းငွေများကိုပေးလျှင် ကမ္ဘာပေါ်ရှိ စီးပွားရေးဆက်ဆံမှုများအပေါ်ဒွိ အရှိန်အဝါကြီးသော ဩဇာသက်ရောက်မှု ဒီဂရီကို ပေးလိမ့်မည်။ နိုင်ငံခြားအိမ်ရာမြေများကို တည်ဆောက်လိမ့်မည်။

●



## ငွေစုဆောင်းသောနိုင်ငံများ

နိုင်ငံအားလုံး ငွေစုကြသည်။ သို့သော် တချို့က တခြားတိုင်းပြည်များထက် ပို၍ငွေစုဆောင်းကြသည်။ ကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ်ရာ ငွေကြေးစုဆောင်းသူများသည် ဂျပန်များဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များမရောက်မီကာအထိ ဤစုဆောင်းငွေများကို ဂျပန်ပြည်တွင်းမှာသာ သုံးစွဲကြသည်။ သို့သော် ၁၉၈၁ ပြည့်နှစ်များနောက်ပိုင်းကာလတွင် တခြားတိုင်းပြည်များသို့ စီးမျောသွားကြသည်။ ၁၉၈၀ ခုနှစ်က ဗလာပြခဲ့သော ဂျပန်နိုင်ငံ၏ ငွေကြေးသည် ဆယ်စုနှစ်အတွင်းမှာ မှန်မှန်တိုးလာသဖြင့် ၁၉၈၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၇ ဘီလျံအထိ ထိပ်ဆုံးရောက်အောင် ပိုငွေပြခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ၃၆ ဘီလျံသို့ ကျဆင်းသွားပြီးနောက် ၁၉၉၂ ခုနှစ်တွင် ၁၁၈ ဘီလျံအထိ ပိုငွေဖြစ်လာသည်။ အကျိုးဆက်ကတော့ ၁၉၈၀ ခုနှစ်က ဗလာဖြစ်ခဲ့သော ဂျပန်သည် ၁၉၉၂ ခုနှစ်တွင် ပြည်ပ ပစ္စည်းပိုင်ဆိုင်မှုသည် ၅၁၄ ဘီလျံအထိ ပိုငွေရှိသည်။ ထိုပိုငွေများကို နယ်ပယ်မျိုးစုံမှာ အသုံးပြုသည်။ တချို့ကို နိုင်ငံခြားရှိ စက်ရုံများတွင်လည်းကောင်း၊ တချို့ကို အမေရိကန်နှင့် ဥရောပတွင် ပစ္စည်းဝယ်ရာတွင်လည်းကောင်း၊ တချို့ကို အမေရိကန်ငွေတိုက်အာမခံစာချုပ်များကို ဝယ်ရာတွင်လည်း ရင်းနှီးမြှုပ်နှံ၍ အသုံးပြုသည်။ ဤနည်းစနစ်ဖြင့် အမေရိကန်၏ နှစ်စဉ်လိုငွေပြမှုကို အကူအညီပေးလျက်ရှိ၏။ အမေရိကန်ပြည်သူများသည် ၁၉၉၃ ခုနှစ်အထိ ဂျပန်၏စုဆောင်းငွေများကို စားသုံးလျက်ရှိကြသည်။

ဂျပန်က ပင်လယ်ရပ်ခြားရှိ မြေယာပစ္စည်းများ လိုအပ်သကဲ့သို့ အမေရိကန်ကမူ စွန့်လွှတ်သည်။ ၁၉၈၁ ခုနှစ်တွင် အမေရိကန်သည် ပြည်ပမြေယာပစ္စည်းတန်ဖိုး ၃၇၄ ဘီလျံဖြင့် ကမ္ဘာပေါ်တွင် ကြွေးမြီအတင်ဆုံးနိုင်ငံဖြစ်ခဲ့၏။ ၁၉၈၆ ခုနှစ်ဝက်၌

အမေရိကန်သည် အကြွေးတင်သည့်ဘဝသို့ရောက်သွားပြီး ၁၉၉၂ ခုနှစ်တွင် အကြွေးငွေ ၅၂၁ ဘီလျံအထိ ရောက်သွားသည်။

အမေရိကန်နှင့် ဂျပန်တို့၏ မြေရာပစ္စည်းပိုင်ဆိုင်မှု ပြောင်းလဲခြင်းသည် ကြောက်မက်ဖွယ်ဖြစ်၏။ အတိုင်းအတာကြောင့် ကြောက်မက်ဖွယ်ဖြစ်သည်သာမက အပြည်ပြည်ဆိုင်ရာ အရင်းငွေစီးဆင်းမှုသဘာဝပြောင်းလဲခြင်းကြောင့်လည်းဖြစ်၏။ အတိတ်ကာလက ငွေကြေးအမြောက်အမြားသည် နယ်စပ်ကိုဖြတ်ကျော်၍ ပြောင်းရွှေ့သွားသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ ဥရောပတွင် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေသည် အမေရိကန်၏ မာရှယ်စီမံကိန်းထံမှ ရသည်။ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းကာလတွင် ကမ္ဘာ့ဘဏ်နှင့် တခြားဖွံ့ဖြိုးပြီးနိုင်ငံများ၏ အစိုးရများထံမှ အရင်းငွေများစွာ စီးဆင်းလာသည်။ အမေရိကန်နှင့် ဂျပန်တို့၏ ငွေကြေးစီးဆင်းမှုလမ်းကြောင်းမတူဘဲ အစိုးရများမှ ဈေးကွက်များသို့ ရွှေ့ပြောင်းခြင်းကို ထိန်းချုပ်သည့်နည်းဖြင့် အရင်းငွေများစွာ စီးဆင်းလာခြင်းဖြစ်သည်။

●



ချွေတာစုဆောင်းသောတိုင်းပြည်များ

နိုင်းယှဉ်ကြည့်နိုင်သော ဈေးကွက်စနစ် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသည် ၁၈၇၀ ပြည့်နှစ်နှင့် ၁၉၁၃ ခုနှစ်များကြား စတင်ကြီးထွားလာခဲ့သည်။ သို့သော် ကမ္ဘာ့ပေါ်တွင် ဤအကျိုးကြောင်းဆက်သည် တာရှည်မခံခဲ့ပေ။ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီကဲ့သို့

သော နိုင်ငံများက ပင်လယ်ရပ်ခြားတိုင်းပြည်များတွင် ရင်းနှီးမြှုပ်နှံထားသော ပစ္စည်းဥစ္စာများသည် စစ်လျော်ကြေးပေးရန်အတွက် လျော့နည်းလာသည်။ သို့မဟုတ် ဓာတုရင်၏ ဦးပိုင်စာချုပ်များကဲ့သို့ တန်ဖိုးမဲ့လာသည်။ အဲသည့်နောက်မျိုးဆက်နှစ်ဆက်တိုင်အောင် နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုများသည် အားပျော့သွားသည်။ ဘာကြောင့်လဲဆိုတော့ ရင်းနှီးမြှုပ်နှံသူများက သူတို့၏ ချွေတာစုဆောင်းငွေများကို ပင်လယ်ရပ်ခြားသို့ပေးပို့ရန် မလုံခြုံဟုထင်ရုံသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ထိန်းရန်ခက်ခဲသည်။ တစ်ခါတစ်ရံ မဖြစ်နိုင်ဟု ယူဆကြသည်။

ကမ္ဘာကြီးသည် လွန်ခဲ့သည့်ရာစုနှစ်ကုန်သည့်အခြေအနေသို့ ပြန်ဆုတ်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေထုတ်ပေးနေသော ဥရောပနိုင်ငံတချို့မှ လွဲလျှင် ဆုတ်ယုတ်နေသည်။ ယခုအခါ အရှေ့များနိုင်ငံတစ်နိုင်ငံရှိသည်။ ထိုတိုင်းပြည်က ဂျပန်ဖြစ်၏။ ဂျပန်ပြည်သည် ကြွေးရှင်နိုင်ငံဖြစ်ရုံသာမက အကြီးကျယ်ဆုံးနိုင်ငံဖြစ်နေသည်။ ဒုတိယနှင့် တတိယတန်းနိုင်ငံများဖြစ်သည့် ဂျာမနီနှင့် ဗြိတိန်ကဲ့သို့နိုင်ငံများသည် မတည်ငြိမ်သော ပြည်ပနိုင်ငံများတွင် အလုံးအရင်းဖြင့် ပစ္စည်းဥစ္စာများကို ရင်းနှီးမြှုပ်နှံချင်စိတ် မရှိကြတော့ပေ။ အကယ်၍ ပေါင်းစည်းရေးအတွက်သာမဟုတ်လျှင် ဝင်ငွေပိုလျှံနေသော ဂျပန်ကို ဂျာမနီက ဆက်သွယ်နိုင်သည်။ သို့သော် အရှေ့ဂျာမနီကို သွတ်သွင်းထားရသည့် စရိတ်ကြောင့် ဂျာမနီသည် လိုငွေပြလျက်ရှိသည်။ ၁၉၈၀ ပြည့်နှစ်များအစောပိုင်းကာလက ဗြိတိန်သည် ရေနံကို ပြည်ပ ပို့ရသောကြောင့် ငွေပိုလျက်ရှိခဲ့ပြီး ၁၉၈၅–၈၆ ခုနှစ်များတွင် ကြွေးရှင်နိုင်ငံကြီးအဖြစ် စံနေးနိုင်ခဲ့သည်။ သို့သော် ၁၉၈၀ ပြည့်နှစ်များတွင် သွင်းကုန်များပြားလာသဖြင့် သူတို့ထုထောင်ထားသည်ထက် လျင်မြန်စွာ လက်ကျန်ဥစ္စာပစ္စည်းများ ကျဆင်းသွားတော့သည်။ တကယ်တော့ ဗြိတိန်သည် ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှုများက နိုင်ငံခြားအစုရှယ်ယာများ ပိုများလာစေသဖြင့် အမြတ်ငွေများစွာရသောကြောင့် ကြွေးတင်နိုင်ငံအဖြစ်မှ လွတ်မြောက်ခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် ဂျပန်၏ပိုငွေသည် အခြားနိုင်ငံများအားလုံးကို ကျုံ့သွားစေသည်။ ဂျပန်နိုင်ငံ၏ အသားတင်ဥစ္စာပစ္စည်းများသည် ဆက်လက်ကြီးထွားနေဦးမည်။ ငွေကြေးဥစ္စာများကို တစ်စိတ်တစ်ပိုင်း စုဆောင်းရမည်။ ဘာကြောင့်လဲဆိုတော့ ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်သည်။ အတိုးငွေများရနိုင်သောကြောင့်ဖြစ်၏။ ထို့ပြင် နှစ်စဉ်လက်ကျန်ငွေစာရင်း ပိုငွေပြမှုကြောင့် တိုးပွားလာမည့် ပိုလျှံလာမည့် ငွေများကြောင့်လည်းဖြစ်၏။ ၂၀၀၀ ပြည့်နှစ်ရောက်လျှင် ဂျပန်နိုင်ငံ ပြည်ပရင်းနှီးမြှုပ်နှံမှု ငွေကြေးပစ္စည်းများသည် အမေရိကန်ဒေါ်လာတီလျံ ၂၀၀၀ အထိ ရောက်ရှိလာနိုင်ပြီး ပို၍

လည်း များနိုင်သည်။ တကယ်တော့ ပိုငွေတိုးပွားလာခြင်း ဘယ်လိုရပ်တန့်သွားမည်ကို ကြိုတင်မြင်နိုင်ရန် ပိုရှုပ်ထွေးရှုပ်ထွေးကျဉ်ခဲလာသည်။ သို့မဟုတ် အကြွေးတင်သူများ (မြီစား) များရှုထောင့်မှ ကြည့်လျှင် ထိုကြွေးမြီများအား ဘယ်လိုရှင်းရမည်ကို သိရန် ပိုရှုပ်ခက်ခဲသောကြောင့်ဖြစ်၏။ ထို့ကြောင့် ဂျပန်တို့၏ပိုငွေများသည် ဆက်လက်၍ ကြီးထွားလာဦးမည်ဖြစ်ပြီး အကျိုးဆက်အားဖြင့် ကမ္ဘာ၏ပစ္စည်းနှင့် ငွေကြေးဥစ္စာ အချိုးအဆများစွာကို ပိုင်ဆိုင်နေဦးမည်။

သို့သော် သာမန်အသိဖြင့် ပြောရလျှင် မည်သည့်လမ်းကြောင်းမျှ အမြဲ ဆက်လက်တိုးတက်နေမည်မဟုတ်။ အကယ်၍ ဤစကားမှန်ခဲ့လျှင် ဂျပန်သည် ကုမ္ပဏီတိုင်း၊ စက်ရုံတိုင်း၊ လယ်မြေတိုင်း၊ အမေရိကန်ရှိအိမ်များကို ပိုင်ဆိုင်သွားနိုင်သည်။ အဲသည်လိုတော့မဖြစ်နိုင်။ ထို့ကြောင့် စိတ်ကူးယဉ်မေးခွန်းသည် ဤ အနေအထားကို ဘယ်လိုပြောင်းလဲပစ်ရမလဲဟူသောမေးခွန်းပင် ဖြစ်၏။ ဆွဲဆောင်မှုလုံးလုံးရှိသော ဖြစ်နိုင်မှုအလားအလာများစွာရှိနေသည်။

တကယ်ဆိုလျှင် ပထမအနေဖြင့် ပိုင်ဆိုင်သော ငွေကြေးပစ္စည်းများကို ခိုးယူနိုင်သည်။ ရုရှားကဲ့သို့ ကြွေးမြီများကိုပေးဆပ်ရန် ငြင်းပယ်စံရနိုင်သည်။ ၁၉၅၀ ပြည့်နှစ် ၁၉၆၀ ပြည့်နှစ်များက ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများတွင် ငွေကြေးအိမ်ရာ ခြံမြေများကို ပြည်သူပိုင်သိမ်းလိုက်ပြီး တန်ဖိုးချလိုက်သည်။ သို့မဟုတ် ငွေကြေး ဖောင်းပွမှုကြောင့် ကြွေးမြီတန်ဖိုးများ ဖယ်ရှားစံရ၏။ စက်မှုနိုင်ငံများစွာတွင် ၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များက သူတို့၏ အမျိုးသားကြွေးမြီများကို ဖြတ်တောက်ရန် အထက်ပါနည်းကိုသုံးခဲ့သည်။ သို့သော် နိုင်ငံတကာ ကြွေးမြီကင်းရှင်းရေးဝန်ထုပ်ကို ဤနည်းများဖြင့် အသုံးပြုလျှင် စရိတ်များစွာကုန်မည်။ အမေရိကန်က ဂျပန်၏ အိမ်ခြံမြေနှင့် ငွေကြေးများကို နိုင်ငံပိုင်သိမ်းရန် စဉ်းစားလျှင် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်ကာလ နောက်ဖြစ်ပေါ်လာသည့် လွတ်လပ်စွာကုန်သွယ်ရေးဝန်းကျင်ကို ဖျက်ဆီးပစ်ရာ ရောက်လိမ့်မည်။ ငွေကြေးဖောင်းပွလာမှုသည် မယုံကြည်နိုင်စရာ ဖြစ်နေ၏။ လျင်မြန်စွာ ငွေကြေးဖောင်းပွလာမှုကြောင့် အမေရိကန်ရှိ ဂျပန်၏ ငွေကြေးအိမ်ခြံမြေများ တန်ဖိုးကျဆင်းလာပြီး အမေရိကန်၏စီးပွားရေးသည်လည်း အကြီးအကျယ် ပျက်စီးဆုံးရှုံးလာစေမည်။ မည်သည့်ကိစ္စမှာမဆို ငွေကြေးဖောင်းပွမှု မြင့်တက်လာလျှင် အတိုးနှုန်းမြင့်တက်လာသည်နှင့် တွေ့ကြုံရမည်သာဖြစ်၏။ အကြောင်းမှာ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များကဲ့သို့ မဟုတ်ဘဲ ဈေးကွက်များသည် ငွေကြေးဖောင်းပွမှုကို ထိန်းနိုင်လိမ့်မည်။

ဒုတိယအချက်အနေဖြင့် ပထမကမ္ဘာစစ်ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ တခြားပြိုကျ

မှုများဖြစ်လာနိုင်သည်။ ထိုကိစ္စကြောင့် ကြွေးမြီများကို ရှင်းကြရလိမ့်မည်။ သို့သော် တကယ်တမ်းကျတော့ ကမ္ဘာတစ်ခွင်လုံး၏ စရိတ်စကများသည် လျင်မြန်ကာ ငွေကြေးဖောင်းပွမှုထက် ပို၍ပျက်စီးနေ၏။ ဥရောပစက်မှုလုပ်ငန်းများကို ဝယ်ယူရန်ကူပိတ်မှာ ငွေအလုံအလောက်ရှိသည်။ ဗြိတိသျှရေနံလုပ်ငန်းနှင့် ဒိန်းမလားဘင့်စ်ကားလုပ်ငန်းများကဲ့သို့ အနောက်နိုင်ငံရှိ ကုမ္ပဏီကြီးများကိုဝယ်ယူရန် သူတို့(ကူပိတ်)က စိတ်ဝင်စားနေကြသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုများ စတင်လုပ်ကိုင်ရန် ချဉ်းကပ်လာသဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေသည်။ သို့သော် ပင်လယ်ကွေ့စစ်ပွဲပြီးဆုံးသောအခါ ကူပိတ်၏ ငွေကြေးတစ်ဝက်ကျော်သည် ပြန်လည်တည်ဆောက်ရေးအတွက် သုံးစွဲနေရသည်။ ထို့ပြင် တိုင်းပြည်အား အမြီးမခြောက်ခံရမှုအလားအလာများ ရပ်ဆိုင်းသွားသည်။ သို့သော် ဂျပန်သည် စစ်တပ်အတွက် ရန်ပုံငွေများထောက်ပံ့နေရသဖြင့် အခြေအနေကို အကဲခတ်ရန် ခက်ခဲနေသည်။

တတိယအချက်ကတော့ ဂျပန်တွင် အခြေအတင်များစွာပြောဆိုနေကြသည်ဖြစ်နိုင်ခြေများဖြစ်၏။ ယခုရာစုနှစ်မကုန်မီ ဒုတိယအကြိမ် မြေငလျင်အကြီးအကျယ်လှုပ်ပြီး တိုကျိုမြို့ ထိခိုက်ပျက်စီးသွားနိုင်သည်။ ဂျပန်အာဏာပိုင်များက ထိုအန္တရာယ်ကြိုတင်ကာကွယ်ရန် ကောင်းစွာကြိုတင်ပြင်ဆင်နေချိန်၌ ခေတ်မီအဆောက်အဦကြီးများကို မြေငလျင်ဒဏ်ခံနိုင်ရန် အင်ဂျင်နီယာများက တည်ဆောက်နေကြ၏။ အကြီးအကျယ်ထိခိုက်ပျက်စီးနိုင်ခြေလည်းရှိ၏။ ဤအခြေအနေအရမြို့တော်ကို ပြန်လည်ပြင်ဆင်ရန် လိုအပ်လာသည်။ ၁၉၂၃ ခုနှစ်က ကန်တိုမြေငလျင်ကြီးကဲ့သို့ မြေငလျင်လှုပ်လာလျှင် အဆောက်အဦများ၏ ခန့်မှန်းခြေတန်ဖိုးသည် ဒေါ်လာတီလျံတစ်ထောင်ရှိနိုင်သည်။ အများအားဖြင့် တိုကျိုဒေသမှာ လည်ပတ်နေသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုအပါအဝင် တိုင်းပြည်၏ စက်မှုလုပ်ငန်းများ ပျက်စီးသွားလိမ့်မည်။ ထို့ကြောင့် ပြည်ပပို့ကုန်များလည်း နစ်နာလိမ့်မည်။ အနည်းဆုံးအခိုက်အတန့်အားဖြင့် ပို၍ချွေသည် ပင်လယ်ရပ်ခြားရှိ ငွေကြေးနှင့် အိမ်ခြံမြေများတွင် စုပုံသွားနိုင်သည်။

စတုတ္ထအချက်အနေဖြင့် ဖြစ်နိုင်ခြေကတော့ ဂျပန်များ အသက်ကြီးလာသကဲ့သို့ ပြည်သူများသည် ပင်ပန်းစွာအလုပ်လုပ်ကြရသဖြင့် သူတို့၏အကျိုးစီးပွားကိုစံစားရန်အခွင့်အလမ်းရှာဖွေလာစေပြခြင်းဖြစ်၏။

ဂျပန်နိုင်ငံတွင် အသက်အရွယ်တည်ဆောက်ပုံ ပြောင်းလဲလာသကဲ့သို့ အသက်ငယ်သော တိုင်းပြည်ဘဝမှသည် အသက်ကြီးသောတိုင်းပြည်အဖြစ်သို့ ရောက်လာ၏။ အသက်ကြီးလာလေ ငွေစုဆောင်းရန် မလိုအပ်လေဖြစ်ပြီး အသက်

ကြီးရွယ်အိုများအတွက် ပြောဆိုဆွေးနွေးကြရသည်။ ဤကဲ့သို့ ငြင်းခုန်ပြောဆိုမှုများအရ ၂၀၂၀ ခုနှစ်ရောက်လျှင် နိုင်ငံခြားရှိ ငွေကြေးပစ္စည်းများ လျော့နည်းကျဆင်းသွားနိုင်သည်။ များပြားလှစွာသော သက်ကြီးရွယ်အိုများကို ပင်စင်လစာပေးရန် ရန်ပုံငွေများ သုံးစွဲကြရသည်။

●



## ငွေရသည့်နိုင်ငံများ

နိုင်ငံခြားတိုင်းပြည်များတွင် ငွေကြေးနှင့် အိမ်ရာမြေများ တည်ဆောက်ခြင်းသည် ဂျပန်နိုင်ငံ၏ထုံးစံမဟုတ်သော လှူဒါန်းရေကြောင့် ယာယီအခြေအနေသာဖြစ်သည်။

နိုင်းချိန်ခြင်းသည် လွန်ခဲ့သည့်ဖြစ်နိုင်ခြေနှစ်မျိုးကို ပေါင်းစပ်ပေးခြင်းကြောင့်ဖြစ်နိုင်ခြေရှိသည်။ ထိုအချိန်အတန့်မှာ ဂျပန်ကဲ့သို့ ငွေစုဆောင်းသော နိုင်ငံများတွင် အရင်းအနှီးပြောင်းရွှေ့မှု လွတ်လပ်သောကမ္ဘာ့ ကျန်ကမ္ဘာ့အစိတ်အပိုင်းများ၏ ကြီးမားသောဥစ္စာပစ္စည်းပိုင်ဆိုင်မှု ရပ်ဆိုင်းသွားလိမ့်မည်။

●



## ကုမ္ပဏီများပေါ် ရိုက်ခတ်မှု

ဘဏ္ဍာရေးဈေးကွက်များကို နိုင်ငံတကာပိုင်ဖြစ်အောင် လုပ်ခြင်းသည် ပြိုင်ဆိုင်သူများအပေါ် အနိုင်ရဖို့ခက်ခဲစေသည့်အကြောင်းတစ်ရပ်ဖြစ်၏။ နည်းလမ်းနှစ်ခုရှိသည်။ အခြားတစ်ဖက်တွင် ကုမ္ပဏီများသည် ပင်လယ်ရပ်ခြားတွင် စက်ရုံများတည်ဆောက်ခြင်းဖြင့်ဖြစ်စေ သို့မဟုတ် ထိုဒေသရှိ ကုမ္ပဏီများကိုဝယ်ယူခြင်းဖြင့်ဖြစ်စေ နိုင်ငံတကာရင်းနှီးမြှုပ်နှံကိစ္စတွင် အဓိကယန္တရားများဖြစ်ကြသည်။ တစ်နည်းအားဖြင့် သူတို့သည် နိုင်ငံခြားမှ အကျိုးအမြတ်အတွက် မကြာခဏဝယ်ယူနေကြသည်ကို တွေ့နေကြရ၏။ သို့မဟုတ် အနည်းဆုံး အင်ဂလိုဆက်ဆွေနိုင်ငံများမှာ လုပ်ဆောင်နေကြသည်။ ကုမ္ပဏီများက ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှုကို ၁၉၈၀ ပြည့်နှစ်များက ကမ္ဘာ့စီးပွားရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖြစ်လုပ်ခြင်းသည် ကြီးမားသောအင်အားစုဖြစ်ခဲ့သည်။ ထိုလုပ်ငန်းများမှ အကျိုးအမြတ်ကြီးမားစွာရခဲ့သည်။ အကြောင်းမှာ ကုမ္ပဏီများက နိုင်ငံခြားမှာ ရင်းနှီးမြှုပ်နှံသကဲ့သို့ သူတို့သည် ကျွမ်းကျင်မှုများနှင့် နည်းပညာများကို ငွေကြေးနှင့်အတူ လွှဲပြောင်းပေးသောကြောင့်ဖြစ်၏။ ၁၉၈၀ ပြည့်နှစ်များ၏ ဒုတိယနှစ်ဝက်ကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ၁၉၈၀ မှ ၁၉၈၅ ခုနှစ်အထိ ၅၀ ဘီလီယံအထိရောက်ရှိခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ဘီလီယံ ၂၀၀ နီးပါးထိုးတက်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဘီလီယံ ၈၀၀ အထိ နှစ်စဉ်ဖြစ်လာမည်ဟု စီမံကိန်းဌာနတစ်ခုက တွက်ချက်ထားသည်ဟု သိရ၏။ ထို့ထက်လည်းပိုနိုင်သည်။ အကယ်စင်စစ် နိုင်ငံတကာကုန်ထုတ်လုပ်မှုသည် နိုင်ငံခြားဈေးကွက်များမှ ထုတ်ကုန်များရောင်းသည့်နည်းဖြင့် နိုင်ငံတကာကုန်သွယ်ရေးကို အစားထိုးနေသည်။ ၁၉၉၀ ပြည့်နှစ်တွင် ကမ္ဘာ့ကုန်သွယ်မှုသည်

စုစုပေါင်းတန်ဖိုးဘီလီယံ ၃၈၀၀ အထိရှိလာခဲ့သည်။ သို့သော် ကုမ္ပဏီများ၏ ကုန်ထုတ်လုပ်မှုသည် မိခင်တိုင်းပြည်များမှအပ ဘီလီယံ ၄၀၀ ဖြစ်သည်။ အမေရိကန်ပြည်ပရှိ အမေရိကန်ပိုင်ကုမ္ပဏီများသည် ပို့ကုန်ထက် နှစ်ဆရောင်းရသည်။

ကုမ္ပဏီများက နိုင်ငံခြားတွင် စက်ရုံသစ်များ တည်ဆောက်ခြင်း သို့မဟုတ် တည်ဆဲကုမ္ပဏီများကို ဝယ်ယူခြင်းသည် ကိစ္စရှိနိုင်သလား၊ ကိစ္စမရှိပါ။ အပေါ်ယံသာကြည့်လျှင် စက်ရုံသစ်များတည်ဆောက်ရေးအတွက် ငွေကြေးသုံးစွဲခြင်းသည် တိုင်းပြည်စက်မှုလုပ်ငန်း တိုးတက်ခြင်းဖြစ်ပြီး တည်ဆဲလုပ်ငန်းများကို ဝယ်ယူခြင်းသည် တိုးတက်မှုမရှိဟု မြင်ရပေမည်။ ဂျပန်၏ ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှုသည် ယခင်လမ်းစဉ်အတိုင်းသွားနေ၏။ (အမြဲတမ်းတော့မဟုတ်။ ဟောလီးဝုဒ်ရုပ်ရှင် စတူဒီယိုများကို ဝယ်ယူခြင်းသည် သက်သေဖြစ်၏။) ဗြိတိန်၏ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံခြားက မကြာခဏကျော်လွန်သွားတတ်သည်။ သို့သော် ကိစ္စတစ်ခုချင်းတွင် ပိုင်ရှင်အသစ်က ကုမ္ပဏီ၏လုပ်ဆောင်ချက်ကို တိုးတက်လုပ်နိုင်စွမ်းရှိမှသာလျှင် ရင်းနှီးမြှုပ်နှံမှုသည် အဓိပ္ပာယ်ရှိ၏။ နိုင်ငံခြားလုပ်ငန်းကို ဝယ်ယူခြင်းသည် ရင်းနှီးမြှုပ်နှံမှုအသစ်ပြုလုပ်ရန် မကြာခဏလိုအပ်သည်။ အကယ်၍ သည်လိုမလုပ်လျှင် ဝယ်ယူသူအသစ်သည် ဝယ်ယူမှုအောင်မြင်စေရန် ယခင်ပိုင်ရှင်ထက် ပိုကောင်းရေးအတွက် စီမံရတော့မည်။ စီမံခန့်ခွဲရေးကျွမ်းကျင်မှုကို လွှဲပြောင်းပေးခြင်းသည် နိုင်ငံခြားတွင် စက်ရုံများတည်ဆောက်သကဲ့သို့လည်းကောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကဲ့သို့လည်းကောင်း အရေးကြီးသည့်ကိစ္စဖြစ်၏။

ပြည်တွင်းဖြစ်ကုန်နှင့် ပို့ကုန်အစားထိုးလုပ်ငန်းစဉ်သည် လုံးဝအရေးကြီးသည်။ အကြောင်းကတော့ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အနီး၌ သို့မဟုတ် ကုန်ကျစရိတ်အနည်းဆုံးနေရာတွင် ပြုလုပ်ရမည်ဖြစ်သောကြောင့်ပင်။ ကုန်ပစ္စည်းများကို ကုမ္ပဏီ၏ဌာနချုပ် သို့မဟုတ် မူလနေရာတွင်ပြုလုပ်ရန်မလိုအပ်ပေ။ ဘယ်နေရာမှာ ကုန်ထုတ်လုပ်ရမည်ဆိုသည့်ကိစ္စမှာ အရေးအတွက်ပေါ်မူတည်သည်။ ကားများကဲ့သို့ ကာကွယ်ရေးစနစ်အတွက် စိုးရိမ်စရာရှိသောနေရာတွင် ဒေသတွင်း၌ ကုန်ထုတ်ရန် အလားအလာရှိသည်။ သို့မှသာ ထိုဖိအားပေးမှုများကို တွန်းလှန်ရာရောက်မည်။ အလုပ်သမားခများသည် ကုန်ကျစရိတ်အားလုံးထဲမှာ အချိုးအဆများနေလျှင် လုပ်ခနည်းသောတိုင်းပြည်များသို့ ကုန်ထုတ်လုပ်မှုကိုပြောင်းရွှေ့ရန် အလားအလာရှိနေသည်။ ကမ္ဘာတစ်ခွင်ကိုကြည့်နေသူသည် ဤလုပ်ငန်းစဉ်ကိုမြင်နေရပေမည်။ အမြတ်အစွန်းနည်းပြီး ကုန်ထုတ်မှုကလည်းနည်းလျှင် သိပ်မသိသာပေ။ စီဒီခွေကဲ့သို့ ပစ္စည်းများထုတ်လုပ်သည့်ကုန်ကျစရိတ်သည် လက်လီရောင်းဈေးထက်

နှစ်ဆယ်ပုံတစ်ပုံသာရှိသည်။ ကားကဲ့သို့ ပစ္စည်းများကို ရောထွေးထုတ်လုပ်သည့် ကုန်သည် ၆၀ ရာခိုင်နှုန်းရှိပြီး ကျဆင်းလျက်ရှိသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်သည့်နေရာဒေသသည် လွန်စွာအရေးကြီးသည်။ ထိုနည်းအတူ ဒီဇိုင်းပိုင်ဆိုင်မှု၊ ဈေးကွက်နှင့်ဖြန့်ဖြူးရေးကိစ္စသည် ဆက်လက်ပြောင်းလဲနေဦးမည်။ ရှယ်နယ်ရေမွေးနှင့် ဒန်းဟီးလ်စီးကရက်များကို ဘယ်နေရာမှာထုတ်လုပ်နေကြောင်း ဘယ်သူကမှ ကြောက်မက်ဖွယ်ရာ ဂရုစိုက်ခြင်းမပြုကြ။ တံဆိပ်ကိုသာ တန်ဖိုးထားကြသည်။

ကုမ္ပဏီလှုပ်ရှားမှုများ ပို၍ နိုင်ငံတကာသဘောဆန်လာလျှင် သူတို့၏ ပိုင်ဆိုင်မှုသည်လည်း ထို့အတူပင်ဖြစ်၏။ ယခုခေတ်ကုမ္ပဏီအများသည် သူတို့ကိုယ်သူတို့ အမျိုးသားဖြစ်တည်မှုဟု ထင်မြင်နေကြသည်။ သူတို့ကိုယ်သူတို့ များလှစွာသော အမျိုးသားရေးကိစ္စများဟုခေါ်ကြပြီး ရုံးတွေဖွင့်ကြသည်။ စက်ရုံတွေဆောက်ကြသည်။ ကမ္ဘာတစ်ဝန်းမှာ အလုပ်ရုံတွေ ထူထောင်ကြသည်။ ထို့ပြင် နိုင်ငံခြားအစုရှယ်ယာများ လက်ခံထားကြသည်။ သို့သော် မူရင်းအမျိုးသားစီးပွားရေး ထွက်ပေါ်လာသည့်နေရာမှာသာ ဝန်ဆောင်မှုလုပ်ငန်းက နိုင်ငံအတွင်းမှာသာ ရှိဆဲဖြစ်၏။ ဤသို့ဖြင့် IBM သို့မဟုတ် Exxon ကုမ္ပဏီတို့သည် အမေရိကန်နိုင်ငံသားများ တည်ထောင်ထားသော အရေးကြီးသည့် အမေရိကန်ကုမ္ပဏီများအဖြစ် တည်ရှိနေသည်။ တိုယိုတာကတော့ ဂျပန်လူမျိုးအများစုပိုင်ဆိုင်ကြ၏။ အမျိုးသားအများစုပိုင်လက်တစ်ဆုပ်စာ အသေးစားလုပ်ငန်းအစစ်တော့ရှိ၏။ ရှဲလ်နှင့် ယူနီလီဗားတို့က အကောင်းဆုံးဥပမာဖြစ်၏။

ကုမ္ပဏီများကို နိုင်ငံ၏ အမျိုးသားများက အဓိကပိုင်ဆိုင်ဆဲအဖြစ် မှတ်ပုံတင်ထားကြသည်။ IBM သို့မဟုတ် Exxon ကုမ္ပဏီများကိစ္စတွင် အဓိကရှယ်ယာအစုစပ်များကို အမေရိကန်သားများက ပိုင်ဆိုင်ထားသောကြောင့် အမျိုးသားရေးကိစ္စအတွက် ပြဿနာမရှိတော့ပေ။ အမေရိက သို့မဟုတ် ဗြိတိန်ရှိ တိုယိုတာကားစက်ရုံများကို အရေးကြီးဆုံးဖြတ်ချက်များချမှတ်သည့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ရုံးချုပ်မှာ တာဝန်ရှိသည်။ ကောင်းစွာလှုပ်ရှားနေသော မည်သည့်ကုမ္ပဏီမဆို ဒေသထုံးစံများနှင့် မျက်နှာသာပေးမှုတို့ကို ရှာဖွေရလိမ့်မည်။ ဒေသရှိ အလုပ်သမားကောင်းများသည် ပူးပေါင်းလေ့ကားဖြင့် ခရီးဆက်ကြ၍ သာမန်အားဖြင့် နိုင်ငံသားကောင်းများဖြစ်ရန် ကြိုးပမ်းသင့်ကြသည်။ သို့သော် အင်္ဂလန်ရှိ IBM ကုမ္ပဏီကို ဖွင့်မည် သို့မဟုတ် ပိတ်မည်ဆိုသည့်ဆုံးဖြတ်ချက်ကို ဗြိတိန်မှာမလုပ်သင့်။ အမေရိကရှိ တိုယိုတာစက်ရုံကိုဖွင့်မည် သို့မဟုတ် ပိတ်မည်ဆိုသည့် ဆုံးဖြတ်ချက်ကိုလည်း ဂျပန်မှနေ၍ မချမှတ်သင့်ပေ။ ကော်ပိုရေးရှင်းကြီးများတွင် မလွှဲမရှောင်သာ၍ ကန့်သတ်ချက်

များသည် ဒေသ ဒီမိုကရေစီစနစ်တွင် ပေါပေါက်လာတတ်သည်။

●



## ကုမ္ပဏီများအပေါ် ရိုက်ခတ်မှု

ကုမ္ပဏီကိုပိုင်ဆိုင်မှုက အမျိုးသားရေးအရ ပို၍ ပြောင်းလဲမှုများလေ ကုမ္ပဏီသည် အမေရိကန်၊ ဗြိတိသျှ၊ ပြင်သစ် သို့မဟုတ် ဂျပန်လူမျိုးဆိုသည့်အတွေးသည် လျော့နည်းလာသည်။ တစ်ခါတစ်ရံမှာတော့ ကုမ္ပဏီတစ်ခုသည် လူမျိုးအပြောင်းအလဲဖြစ်တတ်သည်။ အကြောင်းကတော့ ကုမ္ပဏီကို နိုင်ငံခြားသားက ဝယ်လိုက်သောကြောင့်ဖြစ်၏။ လူမျိုးပြောင်းလဲခြင်းသည် ရှင်းလင်းပြတ်သားသည်ကို ကျွန်တော်တို့ တွေးကြည့်လို့ရသည်။

ဤကိစ္စမျိုးသည် ယူကေအခြေစိုက် ရိုက်တာသတင်းဌာနမှာ ဖြစ်ခဲ့ဖူးသည်။ ၁၉၈၀ ပြည့်နှစ်များမတိုင်မီက ရိုက်တာသတင်းဌာနကို ဗြိတိသျှသတင်းစာတိုက်များက သူတို့၏ရှယ်ယာများကို ရောင်းချကြသည်။ အစုရှယ်ယာအများစုကို အမေရိကန်များက ဝယ်ခဲ့ကြသည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း၌ အမေရိကန်နိုင်ငံတွင် ဒိုရှယ်ယာ ၃၀ ရာခိုင်နှုန်းကို နိုင်ငံခြားသားများက ဝယ်ယူထားကြသည်။ အမေရိကန်ကုမ္ပဏီတော့ မဟုတ်သေး။ သို့သော်လည်း ထိုလမ်းကြောင်းသို့ ဦးတည်ရွေ့သွားနေ၏။

တခြားဥပမာကတော့ ၁၉၉၃ ခုနှစ်တွင် ဗြိတိသျှအကြီးဆုံး ဆေးကုမ္ပဏီ ဂလက်ဆိုဖြစ်၏။ ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာအဖွဲ့ဝင် ၉ ဦးသည်

ဗြိတိသျှလူမျိုးများဖြစ်ကြ၏။ သို့သော် တခြားဒါရိုက်တာအဖွဲ့ဝင် ၇ ယောက်သည် ဗြိတိသျှလူမျိုးများ မဟုတ်ကြပေ။ အလုပ်သမားပေါင်း ၄၅၀၀၀ ရှိသည့်အနက် ၃၃၀၀၀ က ယူကေပြင်ပတွင်ရှိနေကြပြီး ကုန်ပစ္စည်း ၁ ဒသမ ၁ ရာခိုင်နှုန်းသာလျှင် ဗြိတိန်တွင်ရောင်းရ၏။

ဤကဲ့သို့ကြီးမားသော ဗြိတိသျှကုမ္ပဏီကြီးများသည် ပင်လယ်ရပ်ခြားတွင် ရှယ်ယာအချိုးအစားအများကို ကိုင်ထားခြင်းသည် ဖြစ်လေ့ဖြစ်ထရှိခဲ့သည်မဟုတ်။ သို့သော် သူတို့သည် တစ်စုတည်းဖြစ်ရန် ဝေးနေ၏။

အမေရိကန်၏ယဉ်ကျေးမှု အင်ပါယာအမှတ်အသားဖြစ်သည့် ကိုကာကိုလာသည်ပင်လျှင် အမေရိကန်လူမျိုးမဟုတ်သူ အနည်းငယ်က ပိုင်ပြီး ရှယ်ယာ ၅ ရာခိုင်နှုန်းသည် နိုင်ငံခြားသားပိုင်သည်။ နိုင်ငံခြားသားပိုင် တိုးလာခြင်းက နိုင်ငံတကာအဆင့်ရောက်လျှင် အကျိုးများစွာရှိသည်။ ကုမ္ပဏီ၏ရှုထောင့်မှကြည့်လျှင် ရှယ်ယာပိုင်သူများ နိုင်ငံတကာပျံ့နှံ့သွားလျှင် ကာကွယ်ရေးဝါဒကို တွန်းလှန်ရာရောက်သည်။ ဒေသတွင်း ရှယ်ယာပိုင်ဆိုင်ထားသူများအား ကုန်သွယ်ရေးအတားအဆီးကြောင့် ရှယ်ယာများ ပျက်စီးသွားနိုင်၏။ ပြည်ပအရင်းအနှီးသစ်အတွက် ပိုမိုကျယ်ပြန့်လာသည့်အတွက် လမ်းကြောင်းများစွာ ပွင့်လာသည်။ အကယ်၍ ပြည်တွင်းအရင်းအနှီးဈေးကွက်ကျဆင်းရေးသို့ ဦးတည်နေလျှင် နိုင်ငံခြားဈေးကွက်သည် ဆန့်ကျင်ဘက်သို့ သွားသည့်အခွင့်အရေး အမြဲရှိတတ်သည်။ သို့သော် သူတို့တိုင်းပြည်၏အောင်မြင်နေသော ကုမ္ပဏီများကို နိုင်ငံခြားသမားအများစုက ပိုင်ဆိုင်နေပါက ပြည်သူတွေကတော့ မပျော်ရွှင်နိုင်ကြပေ။

●



## စီးပွားရေးစွမ်းဆောင်ရှင်များကို အားပေးခြင်း

အကျိုးအမြတ်တချို့သည် သူတို့၏ယဉ်ကျေးမှုမှ ကုမ္ပဏီများကို ဆက်လက်၍ အောင်မြင်တိုးတက်လာလိမ့်မည်။ ဂျပန်နိုင်ငံမှာကဲ့သို့ ပစ္စည်းသစ်များကို ရာသီဥတုအခြေအနေအရ ထုတ်လုပ်သည့်ကုမ္ပဏီများသည် ပစ္စည်းသစ်များ တိုးတက်ထုတ်လုပ်ရန် ပိုမိုလွယ်ကူကြောင်း တွေ့ရှိကြရမည်။ အကယ်၍ နိုင်ငံတစ်နိုင်ငံတွင် ကျွမ်းကျင်သောအင်ဂျင်နီယာများစွာရှိလျှင် ဂျာမနီနိုင်ငံကဲ့သို့ အခြေစိုက်ပြီး အရည်အသွေးမြင့်မားသည့်ပစ္စည်းများကို ကုမ္ပဏီများက ထုတ်လုပ်ရာ၌ ပိုမိုလွယ်ကူလာသည်။ ထို့ကြောင့် နိုင်ငံတကာပိုင်ဖြစ်ရေးအတွက် အတားအဆီးတချို့တော့ ရှိနေဦးမည်။ ယဉ်ကျေးမှုကြောင့် နိုင်ငံများ ကွဲပြားနေမည်။ ယဉ်ကျေးမှုအရ တားမြစ်ချက်များသည် ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အကြမ်းဖက်သိမ်းပိုက်ခြင်းများ မပြုနိုင်သည်မှာ သေချာသည်။ ထိုအခိုက်မှာ မိတ်ဆွေများကတော့ အခက်အခဲတွေ့နေဦးမည်။ ဂျပန်ကွန်ပျူတာထုတ်လုပ်ရေးလုပ်ငန်းများကို ဝယ်ယူရန် အခွင့်အရေးရှာနေသည့် အမေရိကန်ဆော့ဖ်ဝဲလုပ်ငန်းရှင်သည် ဂျပန်လျှပ်စစ်လုပ်ငန်းကုမ္ပဏီက ဟောလီးဝုဒ်ရုပ်ရှင်လုပ်ငန်းကိုဝယ်ယူရန် ကြိုးပမ်းသည်ထက် ပိုမိုခက်ခဲနေသည်။ သို့သော် အရင်းအနှီးဈေးကွက်များက နိုင်ငံတကာဖြစ်လာလျှင် ရန်ပုံငွေတန်ဖိုးသည် ဒေသတစ်ခုမှတစ်ခုသို့ အနည်းငယ်ရွေ့လျားသွားပေမည်။ ဘာကြောင့်လဲဆိုတော့ ငွေစုဆောင်းလုပ်ငန်းအသေးစားများသည် အထီးကျန်ဖြစ်နေပြီး အမျိုးသားပိုင်ဖြစ်နေဦးမည်။ ထို့ပြင် ပြည်သူတို့၏ စိတ်ဆန္ဒကွဲပြားမှုကြောင့် ကွဲပြားသောဒေသများတွင် ငွေစုဆောင်းရန်လည်း မတူညီကြ။ အကျိုးကတော့ တချို့နိုင်ငံများရှိ

ကုမ္ပဏီများသည်။ တခြားနိုင်ငံများထက် ငွေချေးရန် ဈေးပေါနေလိမ့်မည်။ ထို့ပြင် တကယ်တမ်းကျတော့ ကုမ္ပဏီများသည် သူတို့သိထားသည့်အရာများကို တွယ်ကပ်ထားလိမ့်မည်။ စုပေါင်းသမိုင်းစာအုပ်များတွင် လုပ်ငန်းများက သူတို့အတွေ့အကြုံမရှိသည့်ဒေသများသို့ လေလွင့်ပျက်စီးသည့်အကြောင်းများစွာ ပါဝင်လျက်ရှိ၏။

သို့သော် ဤအကြောင်းများအားလုံးကို ပြောပြီးသည့်အခါ ကမ္ဘာပေါ်ရှိ ကုမ္ပဏီကြီးများသည် ပို၍ပို၍ တူညီလာကြသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံသည် သူ့ကုမ္ပဏီများကို အမြတ်ရရှိရန် မည်ကဲ့သို့အားပေးရမည်နည်း။ အဖြေကတော့ စီးပွားရေးစွမ်းဆောင်ရှင်များ ပေါ်ထွက်လာရေးဖြစ်သည်။

- နိုင်ငံများသည် ကုမ္ပဏီကြီးများအား ပို၍စွမ်းဆောင်ရှင်များဖြစ်လာရန် အားပေးနိုင်သည်။
- နိုင်ငံများသည် ကုမ္ပဏီအသစ်များပေါ်ထွက်လာရန် အားပေးနိုင်သည်။ တိုင်းပြည်နိုင်ငံများအကြား ယှဉ်ပြိုင်ရေးအတွက် လုပ်ငန်းအသစ်များ တည်ထောင်သည့်အချိန်ပေါ်မူတည်၍ အကျိုးရှိနိုင်သည်။

ပထမချဉ်းကပ်မှုအကြောင်းကို ရှင်းပြရန် လွယ်ကူသည်။ အကယ်၍ ကုမ္ပဏီကြီးအားလုံးက အနည်းနှင့်အများ ညီမျှသော အကျိုးအမြတ်ဖြင့် လုပ်ငန်းစလျှင် ကမ္ဘာတစ်ခွင်မှာ အကောင်းဆုံးလုပ်သူက နိုင်းယှဉ်၍ရသော အကျိုးအမြတ်ကို သတ်မှတ်ရာ၌ အကောင်းဆုံးဖြစ်ပေမည်။ ထို့ပြင် အကျိုးရှိစွာအသုံးချရန် နည်းလမ်းတွေ့ရမည်။ ကုမ္ပဏီများက စားသုံးသူများကို ကုန်ပစ္စည်းရောင်းခြင်းသို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက်ပေးခြင်းအတွက် ကျွမ်းကျင်မှုအများအပြားသည် ဈေးကွက်သို့ လိုအပ်ချက်ဖြည့်ဆည်းရန် ရောက်လာသည် သို့မဟုတ် လူမှုရေးလမ်းကြောင်းကို ဖြစ်ပေါ်စေသည်။

ဤအတွက် အကောင်းဆုံးဥပမာကတော့ ဗြိတိသျှလေကြောင်းကုမ္ပဏီဖြစ်သည့် ဗာဂျင်အတ္တလန်တစ်ဖြစ်၏။ ဗာဂျင်၏အောင်မြင်ရေးသည် စီးပွားရေးပညာကျောင်းစည်းမျဉ်းများအားလုံးကို ဖောက်ဖျက်သည်။ တည်ထောင်သူ ရစ်ချတ်ဘရန်ဆန်က စက်မှုလုပ်ငန်းမှာ အတွေ့အကြုံမရှိ။ (သူ့ကျောထောက်နောက်ခံက ဂီတပညာ စီးပွားရေးဖြစ်၏။) စက်ရုံတွင် လူတွေပြည့်ကျပ်နေ၏။ ဝင်ကြေးက အလွန်များပုံရသည်။ ယှဉ်ပြိုင်သူအများသည် သူတို့၏အမျိုးသားအစိုးရများကြောင့် ထိုင်ကျကုန်သည်။ စီးပွားရေးလုပ်ငန်းသည် မြင့်မားစွာလည်ပတ်နေပြီး ကုန်ပစ္စည်းတစ်ခုကို ကွဲပြားစွာထုတ်လုပ်ရန် မဖြစ်နိုင်။ အကြောင်းကတော့ လေကြောင်းလိုင်းများသည် လေယာဉ်ဖြင့်ပင် နေရာတစ်ခုတည်းကိုသာ ပျံသန်းကြသောကြောင့်ဖြစ်၏။

သို့သော် ဗာကျင်ကတော့ ပထမတန်းနေရာကို လိုချင်ကြသော စီးပွားရေးသမားခရီးသည်များအတွက် ဈေးကွက်ဟာကွက်ကို ဖြည့်ဆည်းပေးလိုက်သည်။ သို့ရာတွင် ဝန်ဆောင်မှုအဆင့်ကိုတော့ မလိုချင်ကြပေ။ ဗာကျင်၏ပြဿနာဖြေရှင်းပုံကတော့ "အထက်တန်း" ထိုင်ခုံကိုစီစဉ်ပေးပြီး ဘစ္စနက်အတန်းလက်မှတ်ခကို ယူခြင်းဖြစ်၏။ ထို့ပြင် ဗာကျင်သည် ပြိုင်ဘက်လေကြောင်းကုမ္ပဏီများထက် အောင်မြင်သွားသည်။

ကြီးမားသော ကော်ပိုရေးရှင်းများ မလွှဲမရှောင်သာဘဲ ကျဆင်းနေခြင်းကိစ္စကို အငြင်းပွားနိုင်သည်။ သို့သော် ကွဲပြားနေသော ကုမ္ပဏီများနှင့် စက်ရုံများတွင် ပြောင်းလဲမှုအနည်းငယ် ဖြစ်ပေါ်နေချိန်မှာ ကုမ္ပဏီကြီးတချို့ ရပ်တည်လျက်ရှိပြီး တချို့အောင်မြင်လျက်ရှိသည်ကို သံသယဖြစ်စရာမလိုပေ။


ထိုအကြောင်းကို နိုင်လုံစွာယုံကြည်ရန် အကြောင်းသုံးရပ်ရှိသည်။ ပထမအကြောင်းကတော့ စီးပွားရေးစွမ်းဆောင်ရှင်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းကျုံ့သွားသောစက်ရုံများထံမှ အမြတ်အစွန်းရရှိရန် အခွင့်အရေးအမြဲတမ်းရှိနေခြင်းဖြစ်၏။

ဒုတိယအချက်မှာ ပုံတူကူးချရန်နှင့် သူတို့၏အလုပ်သမားများကို သွေးဆောင်ခေါ်ယူသွားရန် ခက်ခဲသည့် ပိုင်ဆိုင်မှုဗဟုသုတရှိသူများပိုင်သည့် လုပ်ငန်းကြီးများစွာသည် အထူးသဖြင့် နည်းပညာအဆင့်အတန်းနှင့် ကျွမ်းကျင်မှုရှိသောကြောင့် အောင်မြင်စွာရပ်တည်နိုင်ကြသည့်အချက်ဖြစ်၏။ ယှဉ်ပြိုင်သူများကို မီဒီယို၊ ကက်ဆက်ရီကော်ဒါအသစ်များ ထုတ်လုပ်မိတ်ဆက်ခြင်းအား ရပ်ပစ်ရန်အကြောင်းမရှိပေ။ သို့သော် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသောလူများက ဗွီစီအာရ်များစွာကို ဝယ်ယူပြီးသည့်အကြောင်းကြောင့်ဖြစ်၏။ ထို့ပြင် နည်းပညာများကို ပြောင်းလဲရန် သွေးဆောင်ခြင်းဆိုသည်မှာ ယှဉ်ပြိုင်သူများက ကြီးမားရန် ပိုကောင်းသောကုန်ပစ္စည်းကိုထုတ်လုပ်ရန် တောင်းဆိုနိုင်ခြင်းကိုခေါ်သည်။ လက်ရှိအခြေအနေအရရေနံကုမ္ပဏီများနှင့် ဆေးဝါးကုမ္ပဏီများသည် လူနည်းစုကို ငှားရမ်းခြင်းဖြင့် ပုံတူကူးရန်ခက်ခဲသည့်အတွက် ဗဟုသုတကြွယ်ဝသောအလုပ်သမားများကို ပိုင်ဆိုင်လျက်ရှိကြ၏။ ရေနံကုမ္ပဏီကြီးများနှင့် ဆေးဝါးကုမ္ပဏီကြီးများသည် ယခုမျိုးဆက်မှစ၍ လက်ရှိအခြေအနေအတိုင်း တည်ရှိနေမည်။ ဤစီးပွားရေးလုပ်ငန်းများထဲသို့ဝင်ရန် အခွင့်အလမ်းသည် ကွန်ပျူတာဆော့ဖ်ဝဲလုပ်ငန်းထဲသို့ ဝင်ရန်ထက် ပိုမိုခက်ခဲသည်ဟုဆိုကြ၏။

နောက်ဆုံးအချက်ကတော့ ကုန်အမှတ်တံဆိပ်များ ကြာရှည်တည်တံ့ခြင်းဖြစ်၏။ ကုန်အမှတ်တံဆိပ်များကို နည်းလမ်းပေါင်းများစွာဖြင့် ကာကွယ်ထားကြသည်။ သို့သော် နက်နဲစွာကြာရှည်ခံကြောင်း သက်သေပြနေ၏။ ကျော်နီဝါကား

တံဆိပ်နီကို ၁၉၆၀ ပြည့်နှစ်အလယ်ခန့်ကစပြီး အရောင်းရဆုံး စကော့ဝီစကီဖြစ်ခဲ့၏။ အကြောင်းကတော့ ၁၉၃၃ ခုနှစ် ခုနှစ်တွင် ပဉ္စမမြောက်ဂျော့ဘုရင်က "တော်ဝင်တံဆိပ်" ချီးမြှင့်ခဲ့ခြင်းကြောင့်ဖြစ်၏။ ရေမွှေးပုလင်းအသစ်များကို နာမည်ကျော် အနုပညာရှင်များ၏ပုံ ကပ်လျက် ရက်သတ္တပတ်တိုင်း ထုတ်လုပ်ရောင်းချခဲ့သော ရှယ်နယ်နံပါတ် ၅ ရေမွှေးသည် ကမ္ဘာပေါ်တွင် အရောင်းရဆုံးရေမွှေးအဖြစ် ဆက်လက်တည်တံ့နေသည်။

●



## ရှေ့သို့မျှော်ကြည့်ခြင်း

ဘဏ္ဍာရေးကိစ္စ ဆုံးဖြတ်ချက်ချသည့်အေသများတွင် ၁၉၄၅ ခုနှစ်မှစ၍ ဈေးကွက်များသည် အမိကနေရာများအဖြစ် တဖြည်းဖြည်း ပြန်လည်ထွက်ပေါ်လာ၏။ သူတို့ ပြန်လည်နေရာယူခြင်းသည် ဖြည်းညင်းသည်။ ဥရောပတိုင်းပြည်များက ငွေလဲလှယ်ခြင်းထိန်းချုပ်မှု တိုးမြှင့်သကဲ့သို့ ခြေလှမ်းစိပ်သည်။ နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်သော်လည်း ပြီးဆုံးခြင်းမရှိသေး။ အရှေ့ဥရောပနှင့် ယခင်ဆိုဗီယက်ယူနီယံတို့တွင် အစိုးရထိန်းချုပ်မှု ပြိုလဲသကဲ့သို့ ကြီးမားသောခြေလှမ်းများလည်း ဖြစ်ပေါ်လာသည်။ အမိကမေးခွန်းကတော့ ဤလွတ်မြောက်ရေးဖြစ်စဉ် ဘယ်မှာပြီးဆုံးမလဲနှင့် အုပ်ချုပ်မှုထိန်းချုပ်ရေး တဖြည်းဖြည်းပြန်လည်တည်ဆောက်ရန် လမ်းကြောင်းက ဘာလဲဆိုတာဖြစ်၏။

တစ်နေ့နေ့မှာတော့ ချိန်သီးသည် သံသယကင်းစွာဖြင့် နောက်ပြန်လွှဲဦးမည်။ သို့သော် ကြာဦးမည်။ ဈေးကွက်များ ရှေ့သို့တိုးလာခြင်းသည် အနည်းဆုံး နောက်မျိုးဆက်အထိကြာဦးမည်ဟု ယုံကြည်ရန် အကြောင်းပြချက်ကောင်း နှစ်ခုရှိ၏။

- ဈေးကွက်စီးပွားရေးစနစ်သည် ဗဟိုထိန်းချုပ်သည့် စီမံကိန်းစီးပွားရေးထက် ပိုမိုအလုပ်ဖြစ်ကြောင်း ကွန်မြူနစ်စီးပွားရေးကျဆုံးသည်က သက်သေပြနေ၏။
- တရုတ် (ရုရှားနှင့်အိန္ဒိယတို့ပါလည်း ပါဝင်နိုင်သည်။) နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ချိန်ခွင်လျှာရွှေ့ပြောင်းစေမည့်ဈေးကွက် ပြုပြင်ပြောင်းလဲရေးကို လုပ်ခဲ့ကြသည်။

လူမျိုးတူချင်းစနစ်တစ်ခုတည်းအောက်မှာ အောင်မြင်စေသည်။ အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီနိုင်ငံတို့ကို ယှဉ်ကြည့်သင့်သည်။ သို့သော် ဤသို့ပြုလုပ်ရန် ပျက်ကွက်လျှင် စီးပွားရေးဘဝကို အမြဲမြင်တွေ့ရသည့် ထိန်းချုပ်မှုအလုပ်သည် အနိုးကပ်ဆုံးနေရာမှာ ရှိနေလိမ့်မည်။ ထိုနည်းတူစွာ တိုင်းတစ်ပါးရောက် တရုတ်လူမျိုးများသည် စီးပွားရေးလုပ်ငန်းအောင်မြင်နေသည်ကို နှိုင်းယှဉ်ကြည့်လျှင် သာမန်ပြည်သူတွေအတွက် မည်သည့်စနစ်က ပိုကောင်းသလဲဆိုတာ သံသယမရှိသင့်တော့ပေ။ ၁၉၇၀ ပြည့်နှစ်များ၌ ၁၉၈၀ ပြည့်နှစ်များကထက် ဤအချက်ကို ကြီးမားသော ယုံကြည်ချက်များဖြင့် အငြင်းပွားဖွယ်ရာဖြစ်ခဲ့သည်။ ဈေးကွက်တစ်ခုတွင် ဗဟိုစီမံကိန်းစနစ်ဖြင့် ရွေးချယ်လိုက်မည်ဆိုပါက တစ်စုံတစ်ယောက်သည် အမှားလမ်းသို့ လိုက်နေကြောင်း ရိုးသားစွာမြင်ရမည်။

ထပ်လောင်း၍ပြောရမည်ဆိုလျှင် ကမ္ဘာပေါ်တွင် ဈေးကွက်စီးပွားရေး လုပ်လွှန်းသဖြင့် စီးပွားရေးရွေ့လျားမှု ပိုမိုမိုင်မာလာသည်။ ဗဟိုစီမံကိန်းစီးပွားရေးစနစ်မှ ရွေ့လျားလာသည်။ တရုတ်နှင့်ရုရှားတို့သည် ပြောင်းပြန်မလုပ်နိုင်သည်ကို ဖြစ်အောင်လုပ်ခြင်းဖြစ်၏။ အိန္ဒိယသည်လည်း စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် ဗဟိုချုပ်ကိုင်မှုစနစ်ကို ဖျက်သိမ်းရန်ကြိုးစားနေ၏။ အကယ်၍ ဤကြီးမားသော စီးပွားရေးသုံးခု ပြောင်းလဲသွားလျှင် ပြောင်းလဲမှုသည် လက်တွေ့အားဖြင့် ကမ္ဘာကြီးတစ်ခုလုံး ပြောင်းလဲသွားနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့အတိုင်းအတာနှင့်ကြည့်လျှင် ဗဟိုစီမံကိန်းစနစ်ရှိနေဆဲ ကျူးဘားနှင့် မြောက်ကိုရီးယားကဲ့သို့ နိုင်ငံငယ်ကလေးများသည် ကမ္ဘာ့စီးပွားရေးနှင့်သက်ဆိုင်ခြင်းမရှိသောကြောင့်ဖြစ်၏။ အကယ်၍ ဗီယက်နမ်က တစ်စုံတစ်ရာလမ်းပြလျှင် နိုင်ငံကလေးများပင်လျှင် ပြောင်းလဲလာနိုင်သည်။ တောင်ပိုင်းဈေးကွက်စီးပွားရေးကို ဆုတ်ပယ်ပစ်ခဲ့သော သွေးထွက်သံယိုဖြစ်ခဲ့ရသည့် နှစ်ပေါင်း ၂၀ ကြာ ပြည်တွင်းစစ်ပွဲပြီးဆုံးသောအခါ မြောက်ပိုင်း၏စီမံကိန်းကို တောင်ပိုင်းက အခွင့်ကောင်းယူခဲ့သည်။ ဗီယက်နမ်သည် ၁၈၀ ဒီဂရီအထိ မူဝါဒကိုပြောင်းလဲပစ်ပြီး ဖျက်ဆီးပစ်ရန်

ခက်ခဲစွာတိုက်ယူခဲ့ရသည့်စနစ်ကို ဆက်ခံမည်ဆိုလျှင် အလွန်အံ့ဩစရာကောင်းလှသည်။

ကမ္ဘာကြီးတစ်ခုလုံးသည် ထိုစီးပွားရေးစည်းမျဉ်းကို အတူတူကစားကြလိမ့်မည်။ ထိုစည်းမျဉ်းကို အကောင်းဆုံးနားလည်သူတွေ၊ ဈေးကွက်စနစ်တွင် ငွေစုဆောင်းခြင်းသည် အောင်မြင်ခြင်းအကြောင်းဖြစ်ကြောင်း သဘောပေါက်သူတွေ၊ ထို့ပြင် ထိုစုဆောင်းငွေများကို ပြည်တွင်းရော ပြည်ပပါ ဘယ်လိုနေရာချထားရမည်ကို သိသူတွေက အကျိုးခံစားကြရမည်ဖြစ်၏။ အကယ်၍ ဥရောပနှင့် မြောက်အမေရိကတို့သည် အရှေ့အာရှထက်ပို၍ သူတို့ဝင်ငွေထဲမှ ချွေတာစုဆောင်းငွေ ဆက်၍ပိုနည်းလျှင် အာရှတိုက်ရှိ စက်မှုနိုင်ငံသစ်များက ကုမ္ပဏီများအပေါ် ဩဇာလွှမ်းမိုးနိုင်မည့် အရင်းရှင်စနစ်ကို ကျင့်သုံးနိုင်လိမ့်မည်။ ထို့ပြင် စက်မှုနိုင်ငံအဟောင်းရှိ အစိုးရများအပေါ်တွင်လည်း လွှမ်းမိုးလာနိုင်သည်။ အတိုင်းအတာတစ်ခုအနေဖြင့်ပြောရလျှင် အရှေ့အာရှတွင် ငွေစုဆောင်းခြင်းအချိုးအစားသည် လူများ အသက်ကြီးလာသည်နှင့်အမျှ ကျဆင်းလာလိမ့်မည်။ ငွေစုဆောင်းခြင်းများသည့်အချိန်သည် လူငယ်များက သူတို့အငြိမ်းစားယူသော သုံးစွဲရန်ဝင်ငွေကို ဖယ်ထားခြင်းဖြစ်၏။ သို့သော် မည်သို့ဖြစ်စေ အာရှသည် ကမ္ဘာပေါ်တွင် ပို့ကုန်အဓိကလုပ်သောနေရာဖြစ်၍ ကြီးမားသောအာဏာကို ရရှိနိုင်သည်။


ဈေးကွက်စီးပွားရေးစနစ် ရှင်သန်တိုးတက်ရေး အများဆုံးခြိမ်းခြောက်မှုသည် ငွေကြေးဖောင်းပွခြင်းဖြစ်၏။ ငွေကြေးဖောင်းပွမှုကြောင့် သတင်းမှားလျှင် ဈေးကွက်စနစ်သည် မှန်ကန်သောဆုံးဖြတ်ချက်ကို ချမှတ်နိုင်လိမ့်မည်မဟုတ်ဘဲ လူမှုရေး ကုန်ကျစရိတ်လည်း မြင့်မားလာနိုင်သည်။ ထုံးစံအတိုင်း ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရမည့်သူများမှာ ဆင်းရဲသူများနှင့် အသက်ကြီးသူများဖြစ်ကြပြီး အကျိုးခံစားရမည့်သူများကတော့ လူငယ်များနှင့် ငွေကြေးတောင့်တင်းသူများ ဖြစ်ကြလေသည်။ မပြည့်စုံမှုနှင့် လူမှုရေးမညီမျှမှုတို့ ပေါင်းစပ်လိုက်လျှင် ပျက်စီးခြင်းတို့ အကြီးအကျယ်ဖြစ်ပေါ်လာမည်။

ရေရှည်ကာလအားဖြင့် ကမ္ဘာ့ငွေကြေးဖောင်းပွမှု အဆင်းလမ်းကြောင်းသည် စိတ်ချရပါ့မလား။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်ကာလနောက် ပထမကာလတစ်ဝက်မှာ ငွေကြေးဖောင်းပွမှု လျော့နည်းကျဆင်းလာသည်။ ၁၉၉၀ ပြည့်နှစ်များမှ ရှုချင်းသည် ငွေကြေးဖောင်းပွမှုလမ်းကြောင်း ကျဆင်းနေကြောင်း တွေ့ရ၏။ သို့သော် လမ်းကြောင်း ၁၀ နှစ်ကျော်လာချိန်မှစ၍ နိုင်ငံအများစု ထိပ်ဆုံးရောက်ခဲ့သည်မှာ ၁၉၈၀ ပြည့်လွန်နှစ်များကဖြစ်၏။ သေချာရန်တော့ စောလွန်းသေးသည်။ စောစောက မှတ်သားထားသကဲ့သို့ အစိုးရတချို့သည် ဘတ်ဂျက်လိုငွေ အကြီးအကျယ်

ပြမှုကို လျှော့ချရန် ကြိုးစားခြင်းဖြစ်သည်ဟု ရှုမြင်သည်။ စက်မှုနိုင်ငံများကတော့ ငွေကြေးစုပုံရရှိပြီး အခွန်အခများမှ ဝန်ဆောင်မှုရရှိရန် အခက်အခဲတွေ့ကြရသည်။

ငွေကြေးဖောင်းပွမှု လျော့နည်းသွားစေရန်နှင့် မျှော်လင့်ဖို့အကြောင်းနှစ်ရပ်ရှိသည်။ ပထမအကြောင်းကတော့ လူဦးရေဖြစ်၏။ စက်မှုနိုင်ငံများတွင် သက်ကြီးရွယ်အိုများပြားလာခြင်းသည် ငွေကြေးဖောင်းပွမှုလျော့နည်းစေရန် အကြောင်းတစ်ခုဖြစ်၏။ သို့သော် သူတို့၏အမှန်တကယ်ဝင်ငွေကို ကုန်ဈေးနှုန်းတည်ငြိမ်သောကာလအတွင်း အကာအကွယ်ပေးရန်လိုသည်။ ဒုတိယအကြောင်းမှာ ငွေကြေးဈေးကွက်များသည် ငွေကြေးဖောင်းပွမှုအန္တရာယ်ကို ကောင်းစွာသတိထားကြပြီး သူတို့၏ငွေကို တန်ဖိုးကျအောင်ပြုလုပ်သည့်အဖွဲ့အစည်းများကို အတိုးနှုန်းများကို ရေရှည်မြင့်လိုက်ခြင်းအားဖြင့် ဒဏ်ပေးကြသည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်၏ အရှိန်အဝါတိုးတက်လာခြင်းသည် ငွေကြေးဖောင်းပွမှုကျဆင်းစေသည့် အင်အားစုဖြစ်၏။ ဥရောပနှင့် ဂျပန်နိုင်ငံရှိ အစိုးရများအား ဗဟိုဘဏ်များ ပိုမိုလွတ်လပ်စွာလုပ်ကိုင်ရရှိရေးအတွက် တွန်းအားပေးလျက်ရှိကြသည်။ ကုန်ဈေးနှုန်းတည်ငြိမ်ရန် ဈေးကွက်များ သဘောပေါက်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်ဖြစ်၏။

●



## ကုန်သွယ်ရေးကို ဘယ်လောက် ရှေ့သို့ မြန်မြန်စီမံခန့်ခွဲနိုင်မလဲ

နောက်ဆုံးသတိပေးချက်ဖြစ်၏။ အကယ်၍ မြောက်အမေရိကနှင့် ဥရောပ၏ စက်မှုကမ္ဘာဟောင်းထက် အာရှ၏စက်မှုကမ္ဘာက ဈေးကွက်စနစ်မှ အကျိုးအမြတ်ပိုရရှိလျှင် လွတ်လပ်သောဈေးကွက်စီးပွားရေးကို အာရုံစိုက်ရလိမ့်မည်။ ဈေးကွက်စနစ်၏ အဓိကဘဏ္ဍာရေးစက်မှုလုပ်ငန်းများဖြစ်ကြသည့် နိုင်ငံခြားငွေလဲလှယ်ရေးများနှင့် အာမခံလုပ်ငန်းဈေးကွက်များအား ခြိမ်းခြောက်ခံရမည်မဟုတ်။

ထို့ပြင် ပြည်သူပိုင်သိမ်းခံရလိမ့်မည်မဟုတ်။ အကြောင်းမှာ ထိုလုပ်ငန်းသည် သိသာထင်ရှားစွာကျဆုံးသွားသော သမဝါယမပုံစံမျိုးဖြစ်သောကြောင့်တည်း။ အာရုံစိုက်မှုကတော့ လွတ်လပ်စွာကုန်သွယ်ရေးအား တိုက်ရိုက်သည့်အပေါ် ပြုသလိမ့်မည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးကာလတွင် ဖွံ့စည်းတည်ထောင်ခဲ့သော အထွေထွေကုန်စည်နှင့် ကုန်သွယ်ရေးသဘောတူညီချက်စာချုပ် (GATT) ပါ လွတ်လပ်စွာကုန်သွယ်ရေးစည်းမျဉ်းများသည် ဖိအားပေးမှုခံနေရသည်။ ကုန်စည်များကို ရောင်းဝယ်ရေးအချိုးအဆ အလွန်တိုးတက်လာနေပြီး ဈေးကွက်ရှယ်ယာခွဲဝေခြင်း သဘောတူညီမှုပေါ် မူတည်နေ၏။ ထိုအချိန်တွင် လွတ်လပ်စွာကုန်သွယ်ရေးသည် စိုက်ပျိုးရေးကဏ္ဍမှ ထွက်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုအထိ ဘယ်တော့မှ ကျယ်ပြန့်လိမ့်မည်မဟုတ်။ ကုန်သွယ်မှုလွတ်လပ်ရေးဖြစ်စဉ်ကြီးတစ်ခုလုံးသည် သာမန်အားဖြင့် ရပ်ဆိုင်းသွားလိမ့်မည်။ ကျွန်ုပ်တို့သည် နိုင်ငံရေးအရ မဖြစ်နိုင်သော ဆက်လက်တိုးတက်ခြင်းလွှင်ပြင်သို့ရောက်သွားနိုင်သည်။ အကယ်၍ ထိုအရာများဖြစ်မည်ဆိုလျှင် ဝမ်းနည်းစရာကောင်းလိမ့်မည်။ သို့သော် ဖြစ်နိုင်ခြင်းကို လက်ခံခြင်းမပြုရန် အမှန်တကယ်မဟုတ်ချေ။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် ပထမနှစ် ၄၀ ကြာသောအခါ နိုင်ငံတကာကုန်သွယ်ရေးကို လွတ်လပ်ခွင့်ပေးရန် အလေးထားလာကြသည်။ ဒုတိယနှစ် ၄၀ ကြာတော့ ထိုတိုးတက်မှုကို တတ်နိုင်သရွေ့ ထိန်းသိမ်းရန် အလေးထားကြပြန်၏။ ထိုအချိန်တွင် ဒုတိယအကောင်းဆုံးဖြေရှင်းချက်ရရန် ရှာဖွေနေပြီး ကုန်သွယ်ရေးကို တတ်နိုင်သမျှ အလုပ်ဖြစ်ရန် စီမံနေကြသည်။

ထုထောင်ပြီး အကွက်ဘလောက်များအကြားတွင် တင်းမာမှုတချို့ရှိသည်။ သို့သော် တည်ဆဲစက်မှုကမ္ဘာတွင် မိမိအကျိုးကိုသာ ဦးစားပေးခြင်းက လွှမ်းမိုးလွန်းအားကြီးနေသဖြင့် ဤတင်းမာမှုများ ပိုများလာပြီး ကုန်သွယ်ရေးစစ်ပွဲဖြစ်လာမည်ကို ရှောင်ရန် စီမံနေကြသည်။ ကုန်သွယ်ရေးကို အတားအဆီးဖြစ်စေပြီး တကယ်စင်စစ်ဖျက်ဆီးနေသောဒေသများသည် အနည်ကျပြီးနှင့် စက်မှုအသစ်ဒေသများဖြစ်၏။ လုပ်ခနည်းပါးပြီး ပြည်ပပို့ကုန်များရန် အပြိုင်ကြီးပမ်းနေကြသည်။ အနောက်ဥရောပနိုင်ငံများသည် ယခင်ဆိုဗီယက်ယူနီယံဟောင်းနိုင်ငံများနှင့် ဆက်ဆံရန်လိုလားလျက်ရှိပြီး ချမ်းသာကြွယ်ဝသော အနောက်နိုင်ငံများသို့ မျှော်လင့်ချက် ပိုမိုပေးရန် စီမံနေကြသည်။ ထို့ပြင် မြောက်အမေရိကသည် လက်တင်အမေရိကအထိ တတ်နိုင်သမျှတိုးချဲ့ပြီး ဈေးကွက်ဖွင့်ရန်လိုအပ်လျက်ရှိသည်။ ထိုအထဲတွင် မက္ကဆီကိုမပါချေ။

မြောက်အမေရိကသည် ဂျပန်နှင့်တရုတ်(တိုင်ပေ)ကဲ့သို့ ဈေးကွက်ကို တရုတ်နိုင်ငံအထိတိုးချဲ့ရန် ဆန္ဒရှိ၏။ အရှေ့အာရှတိုက်ရှိ ဂျပန်၊ တရုတ်(တိုင်ပေ)

နှင့် အခြားစက်မှုနိုင်ငံသစ်များသည် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်မှစ၍ အမေရိကန်နှင့် နိုင်ငံရေးမဟာမိတ်များအဖြစ် ခိုင်မြဲလျက်ရှိသည်။ (ဥရောပ၊ ဂျပန်နှင့် တောင်ကိုရီးယား) သို့မဟုတ် ထိုနိုင်ငံများသည် စီးပွားရေးအရ ခြိမ်းခြောက်ရန် သေးငယ်လွန်းသည်။ (ဥပမာ စင်ကာပူ သို့မဟုတ် ဟောင်ကောင်) အမေရိကန်သည် ဂျပန်၏ပြည်ပပို့ကုန်အောင်မြင်လာသဖြင့် စီးပွားရေးအရ ခြိမ်းခြောက်ခံရသည်ဟု ခံစားရလျှင် ကုန်သွယ်ရေးအတားအဆီးများကို လုပ်လာစပြုတော့သည်။ သို့သော် အနောင့်အယှက်ရှိနေ၏။ ဘာကြောင့်လဲဆိုတော့ ဂျပန်သည် နိုင်ငံရေးမဟာမိတ်အဖြစ် တည်ရှိနေဆဲကြောင့်ဖြစ်၏။ နောက်ရာစုတွင် တရုတ်သည် ကမ္ဘာ့ခေါင်းဆောင်အဖြစ် တစ်ဦးတည်းသာ ပြိုင်ဘက်ဖြစ်လာနိုင်ခြေရှိပြီး ထိုဆက်ဆံမှုမျိုးမရှိပေ။ သို့မဟုတ် အနောက်နိုင်ငံဈေးကွက်စီးပွားရေးထဲသို့ ဝင်ရောက်၍ နီးစပ်မှုမရှိချေ။ ထို့ပြင် လူ့အခွင့်အရေး လေးစားလိုက်နာမှုမပြသေးပေ။ ထိုနိုင်ငံကြီးနှစ်နိုင်ငံအကြား စီးပွားရေးအရ မကျေနပ်မှု မဖြစ်နိုင်သေးချေ။ သို့သော် အမေရိကတို့၊ တရုတ်ပြည်တို့ ကြွေးမြီမရှိပေ။

အမေရိကန်က အီးယူနှင့် ကုန်သွယ်ရေးဆက်ဆံမှုနှင့် အီးယူနှင့် ဂျပန် ကုန်သွယ်ရေးဆက်ဆံမှုများကတော့ တင်းမာနေဆဲဖြစ်၏။ သူတို့၏တင်းမာမှုသည် ၁၉၉၀ ပြည့်နှစ်များအထိ ဆက်လက်ရှိနေပြီး အကယ်၍ ထိုကာလသည် တိုးတက်မှုနှေးကွေးနေလျှင် သို့မဟုတ် အနိုင်ရသူများက မတရားသောအပြုအမူမျိုးလုပ်လျှင်လည်း တင်းမာနေဦးမည်။ တရားမျှတမှုမရှိဟူသော ဝေါဟာရကို ပြန်လည်အဓိပ္ပာယ်ဖွင့်ရန် လိုအပ်လာသည်။ တိုင်းပြည်ထိ ပါဝင်ပတ်သက်မှုသည် မှန်ကန်စွာနှိုင်းယှဉ်၍ ရသည့်အကျိုးဖြစ်သည်ရှိစေ မရှိသည်ဖြစ်စေ လက်တလောငွေကြေးများ ပိုလျှံနေလျှင် မတရားဟုဆိုရလိမ့်မည်။ ၁၉၇၀ ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်အစောပိုင်းကာလများတွင် ဂျပန်၏ပို့ကုန်လုပ်ငန်းသည် တခြားနိုင်ငံများနှင့်မတူဘဲ သီးခြားထုတ်ကုန်မျိုးကို ရွေးချယ်ခဲ့သည်။ ဥပမာ– မော်တော်ဆိုင်ကယ်များဖြစ်၏။ ထို့ပြင် ပြည်တွင်းကုန်ထုတ်သူများကို ပြည်ပဈေးကွက်သို့ရောက်အောင် ပြည်တွင်းကုန်ထုတ်သူများကို ပြည်ပဈေးကွက်သို့ ရောက်အောင် မောင်းထုတ်သည်။

လက်ရှိတင်းမာမှုများသည် နောက်ရာစုနှစ်အထိ ဆက်လက်ရှိနေဦးမည်။ အဓိကအုပ်စု ၃ စုအကြား စီမံထားသည့် ကုန်သွယ်ရေးနောက်ဆုတ်မှုအချို့သည် အတုပင်ဖြစ်သည်ဟု ရှုမြင်ရသည်။ သို့သော် ကမ္ဘာ့စီးပွားရေးကိုတော့ ခြိမ်းခြောက်မှု အကြီးအကျယ်မပြုနိုင်ပေ။ သို့သော် ၂၀၁၀ ပြည့်နှစ်တွင် စီမံခန့်ခွဲထားသော ကုန်သွယ်ရေးသည် ကောင်းစွာခိုင်မြဲနေမည်။ ဒေသတွင်း ကုန်ထုတ်လုပ်မှုသည်

သာမန်နေရာများဖြစ်လာသောကြောင့် ထိုတင်းမာမှုများသည် ကုန်စည်ရောင်းဝယ်မှုမှသည် ဝန်ဆောင်မှုကုန်သွယ်ရေးသို့ စတင်ရွှေ့ပြောင်းလာကြ၏။ အထွေထွေဘဏ္ဍာရေး လက်တွေ့လုပ်ဆောင်မှုက ပို၍အရေးပါလာမည်။

ကမ္ဘာကြီးသည် ဝန်ဆောင်မှုကုန်သွယ်ရေးဟန့်တားမှုများနှင့် ရင်ဆိုင်ရန် လှေ့လာထားသည်။ အကျိုးဆက်ကတော့ ဝန်ဆောင်မှုကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှု မရှိသေးသော တိုင်းပြည်များသည် ကမ္ဘာပေါ်ရှိ မည်သည့်နေရာမှာမဆို အကျိုးအမြတ်မရသဖြင့် ပိုမိုဆင်းရဲကုန်ကြသည်။ ဥရောပအဓိကဒေသတွင် အများဆုံးစီးပွားရေးလုပ်နေသော ဂျပန်သည် စက်မှုနိုင်ငံသစ်နိုင်ငံများတွင် ပါဝင်လျက်ရှိပြီး ဖွံ့ဖြိုးပြီးနိုင်ငံများသည်လည်း ထိုအမျိုးအစားထဲတွင် ပါဝင်လာသည်။ ထိုအချိန်တွင် တခြားတိုင်းပြည်များ အထူးသဖြင့် အမေရိကန်သည် ပြည့်စုံသောဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လာကြသည်။ သို့သော် ယူကေသည် သူတို့ ကျွမ်းကျင်မှုအတတ်ပညာကို ပြည်ပသို့ အောင်မြင်စွာတင်ပို့နိုင်ခြင်းမရှိပေ။ သို့သော် ကမ္ဘာ့ဝန်ဆောင်မှုလုပ်ငန်းတိုးချဲ့ရန် ပျက်ကွက်နေချိန်တွင် အရှုံးပေါ်နေသည်။ ပြိုကွဲခြင်းတော့မဟုတ်။ ဝန်ဆောင်မှုကုန်သွယ်ရေးအပေါ် ဖိအားပေးမှုက ပြင်းထန်သည်။ ကုန်ပစ္စည်းများကို ကုန်သွယ်ရေးထက် နှစ်ဆပို၍တိုးလာသည်။ တရှိန်ထိုးတက်လာခြင်းကို မလွှဲမရှောင်သာသောကြောင့် ကြုံဆိုကြ၏။

အထွေထွေဘဏ္ဍာရေးလုပ်ဆောင်မှုများတွင် တင်းမာမှုများသည် ပို၍အန္တရာယ်ကြီးသည်။ လူကြိုက်များသော အမေရိကန်အစိုးရက ကာလီဖိုးနီးယားတွင် အများကြီးပိုင်ဆိုင်ထားမှုကို ဂျပန်အားကန့်ကွက်ပြီး ထိုအိမ်ယာမြေများကို အစိုးရဘဏ္ဍာအဖြစ်သိမ်းရန် ဆုံးဖြတ်သည်ဆိုပါစို့. စဉ်းစားလို့မရဘူးမဟုတ်လား။ ဖြစ်ကောင်းဖြစ်နိုင်သည်။ အရှေ့အာရှရှိ ငွေစုဆောင်းသူများက အမေရိကန်အစိုးရ၏ ကြွေးမြီတစ်ဝက်ကို ပိုင်ဆိုင်သည်ဆိုပါစို့၊ အမေရိကန်အခွန်ဝန်ထမ်းများက အတိုးနှုန်းကြီးစွာပေးကြရတော့သည်။

ကမ္ဘာစစ်ကြီးပြီးသည့်ကာလနောက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေးသည် ဘဏ္ဍာရေးတန်ဖိုးများကို ပိုင်ဆိုင်သည့်အပေါ် လုံးဝတည်နေ၏။ စည်းမျဉ်းချိုးဖောက်သောနိုင်ငံများ ဥပမာ– နိုင်ငံခြားပိုင်ပစ္စည်းများကို ပြည်သူပိုင်သိမ်းသည့် ဖွံ့ဖြိုးဆဲတိုင်းပြည်များသည် ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်ပိတ်ခြင်းခံရခြင်းဖြင့် ဒဏ်ခတ်ခံကြရသည်။ သို့သော် အတိတ်ကာလကတော့ ဆင်းရဲသည့်နိုင်ငံများက သည်စည်းမျဉ်းကို ချိုးဖျက်ခဲ့ခြင်းဖြစ်၏။ အနာဂတ်တွင် ချမ်းသာကြွယ်ဝသောနိုင်ငံများအတွက် ပြည်သူ့ကြွေးမြီများကြောင့် အခွန်ဆောင်ပြည်သူများအပေါ် ရောက်ရှိနေသည့် ဝန်ထုပ်ဝန်ပိုး

ကိုဖြတ်တောက်ပစ်ရန် နည်းလမ်းရှာရတော့သည်။ အကယ်၍ ဆုံးရှုံးသူများသည် ကုန်သွယ်ရေးဖြင့် ပြည်သူတွေကိုလုယူသော နိုင်ငံခြားသားများက ကြွေးမြီတင်အောင် လုပ်ခဲ့လျှင် တရားခံရှာတရားသည်ဟု ဆိုကြ၏။

ပထမကမ္ဘာစစ်ကြီးနှင့် ဆက်နွယ်ခဲ့သော ဖြစ်မှုများသည် နိုင်ငံတကာပြစ်မှုဟုပြော၍မရ။ ရန်ပုံငွေများ နိုင်ငံတကာသို့ အကြီးအကျယ်စီးထွက်သွားလျှင် နိုင်ငံတစ်နိုင်ငံမှ ပြည်သူများက တခြားနိုင်ငံတွင် အိမ်ခြံမြေနှင့် ငွေကြေးအမြောက်အမြား ပိုင်ဆိုင်လာလျှင် တည်ငြိမ်သောအခြေအနေမဟုတ်ဟု ပြောရမည်။ ထို့ပြင် သတိထားကိုင်တွယ်ရမည်။ တင်းမာမှုများ ဆက်ရှိနေလိမ့်မည်။ ၁၉၃၀ ပြည့်နှစ်များက သင်ခန်းစာများသည် ပြည်သူတွေ၏စိတ်ထဲမှာ ယာယီအားဖြင့် ရှိနေဦးမည်။

●



## ရှေ့သို့ ကြီးတင်တိုးတက်ရေး သို့မဟုတ် အခြေခံပြောင်းလဲရေးလား

နည်းပညာများ အလျင်အမြန်တိုးတက်လာသဖြင့် အနည်းဆုံးဖွံ့ဖြိုးပြီးကမ္ဘာ၌ အနာဂတ်လူနေမှုဘဝတွင် ယခုအခါ ဘာမှမသိရသေးသည့် အံ့ဩဖွယ်ရာ ပြောင်းလဲတိုးတက်မှုများနှင့် ကြုံတွေ့ရမည်ဟု ထင်မြင်ယူဆနေကြ၏။ တကယ့်ဖြစ်ရပ်မှန်နှင့်တော့ အလွန်ခြားနေ၏။ တကယ်စင်စစ် လူ့ဘဝများကို ပြောင်းလဲစေမည့် အရေးကြီးသောပြောင်းလဲမှုများနှင့် အလုပ်အကိုင်များသည် ယခုအခါမှစ၍ မျိုးဆက်တစ်ခု တိုင်အောင် ကြာလိမ့်မည်။ သို့သော် နည်းပညာများကတော့ ပုံစံတစ်မျိုးအနေနှင့် ပါဝင်လာမည်ဟု ခန့်မှန်းကြ၏။ ဆွေးနွေးစရာပြဿနာကတော့ ယခုရှိနေသည့် မည်သည့်နည်းပညာအမျိုးအစားက အနာဂတ်တွင် စီးပွားရေးအရ အသုံးချနိုင်မည်။

အသုံးမချနိုင်မည်ဆိုတာပဲဖြစ်၏။

ဖြစ်နိုင်ခြေရှိသည့် တိုးတက်မှုများကို ဆုပ်ကိုင်ခံစားနိုင်ရန် ၁၉၆၀ ပြည့်နှစ်များဆီသို့ ပြန်ကြည့်ရန်လိုလာသည်။ ထိုအချိန်မှစ၍ တချို့ဒေသများတွင် တိုးတက်မှုလုံးဝမရှိတော့ချေ။ နေအိမ်များကို ပိုမိုလုံခြုံအောင်နှင့် ပိုမိုသေသပ်အောင် ကိရိယာများတပ်ဆင်သင့်ပြီ။ သို့သော် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ ကတည်းက အခြေခံအိမ်သည် ပြောင်းလဲရန်ခက်ခဲလာခဲ့သည်။ ခေတ်သစ် အမေရိကန်အိမ်အနည်းငယ်သည် ၁၈ ရာစုနှစ်အကုန်တွင် ဆောက်လုပ်ခဲ့သော မတ်စ်ကျက်ဖာဆန်(သမ္မတ)၏ မွန်တီဆဲလိုအမည်ရှိ ဂေဟာထက်ပို၍ လက်တွေ့ဆန်ပြီး နှစ်သက်ဖွယ်ဖြစ်သည်။ လန်ဒန်ရှိ ဆုချီးမြှင့်ခံရဆုံးအိမ်များသည် ကျော်ကြီယံခေတ်ပုံစံဖြစ်ပြီး ပါရီရှိ ဈေးအကြီးဆုံးအိမ်ခန်းများသည် ၁၉ ရာစုနှစ်ဦးပိုင်းက ပုံစံများဖြစ်ကြ၏။ အိမ်ပုံစံများသည် ယခုအချိန်မှစ၍ မျိုးဆက်တစ်ခုအထိ သိပ်ပြီးထူးခြားမှုရှိမည်မဟုတ်။ အကြောင်းမှာ အနည်းဆုံး ၆၀ ရာနိုင်နှုန်းခန့်ရှိ စက်မှုကမ္ဘာမှ ၂၀၂၀ ခုနှစ်အတွက် အိမ်များကို ဆောက်လုပ်ပြီးထားသောကြောင့်ဖြစ်၏။ အိမ်ဆောက်လုပ်ငန်းသည် နှေးကွေးနေဦးမည်။

တခြားဒေသများတွင် ရှေ့သို့ ကြီတင်တိုးတက်မှုများရှိနေသည်။ သာမန်လူများအား ဘဝကချမ်းသာအောင်လုပ်ပေးနေသည်ကို သိအောင် အရေးပါသည့်အခွင့်အရေးများဖြင့် ဆွဲဆောင်လျက်ရှိ၏။ ယခုအခါ ဘိုးအင်းဂျက် ၇၄၇ စီးနိုင်သလို ၁၉၆၀ ပြည့်နှစ်များက ဘိုးအင်းဂျက် ၇၀၇ စီးလျက် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်နိုင်ခဲ့သည်။ သို့သော် အမှန်တကယ်ကုန်ကျစရိတ်သည် ထက်ဝက်ကျော်နေ၏။ မော်တော်ကားအတွက် အမှန်တကယ်ကုန်ကျစရိတ်သည် ယခုထက်နည်းသည်။ သို့သော် ရှေ့သို့ကြိုတင်တိုးတက်မှုဆိုသည်မှာ ၁၉၉၀ ပြည့်နှစ်ထုတ် သာမန်ကား၏ သက်သာမှုနှင့် လုပ်ဆောင်မှု (ဒီဇိုင်းမပါ) သည် ၁၉၆၀ ပြည့်နှစ်ထုတ် ဇိမ်ခံကားနှင့် အတူတူပင်ဖြစ်၏။ ၁၉၆၀ ပြည့်နှစ်က ကြွယ်ဝချမ်းသာသော အမေရိကန်အိမ်ရာသည် ၁၉၉၀ ပြည့်နှစ်များက ဝင်ငွေအလယ်အလတ်သာရှိသော ဥရောပတိုက်သားအိမ်ရာနှင့် ကွာခြားမှုမရှိပေ။

အခြေခံတိုးတက်ရေးကို ဖြစ်ပေါ်စေသည့် ဝန်ဆောင်မှုလုပ်ငန်း ကုန်ကျစရိတ်တွင် လျှော့နည်းကျဆင်းနေသော ဒေသတချို့ရှိသည်။ ပထမဥပမာကတော့ နိုင်ငံတကာ ဖုန်းခေါ်စရိတ် ကျဆင်းလာခြင်းဖြစ်၏။ ဝန်ဆောင်မှုသည် ခွဲခြား၍ရနိုင်သောကိစ္စဖြစ်၏။ ဒုတိယဥပမာမှာ ကိုယ်တိုင်ကွန်ပျူတာနှင့် ဖက်စ်ကြေးနန်းများဖြစ်၏။

သို့သော် လူတွေက မှားယွင်းစွာယူဆကြသည်။ တခြားတိုးတက်မှုများကိုလည်း လုပ်သင့်သည်ဟူသော ယူဆချက်ဖြစ်၏။ ဥပမာ စက်ဆီနှင့် ဒီဇယ်သုံးကား

များကို လျှပ်စစ်ကားများက ကျော်တက်လိမ့်မည်ဟု ကျယ်ပြန့်စွာကြိုတင်ဟောကိန်း ထုတ်နေကြသည်။ သို့သော် လက်တွေ့အသုံးချရန်အတွက် လျှပ်စစ်စွမ်းအားကို ဈေးနှုန်းချိုသာစွာဖြင့် သိုလှောင်ရန် ခက်ခဲနေသည်။ အထက်သို့ မတ်မတ်ပျံတက်နိုင်သည့် လေယာဉ်များသည် မြို့တစ်မြို့၏အလယ်ကွင်းမှ တခြားမြို့တစ်မြို့၏ အလယ်ကွင်းသို့ ပျံတက်ဆင်းသက်နိုင်မည်ဟု မျှော်လင့်ထားကြသည်။ သို့သော် အသံကျယ်လောင်မှုနှင့် ကုန်ကျစရိတ်ပြဿနာများကို နည်းပညာက ဖြေရှင်းမပေးနိုင်ပေ။ လူတချို့က လူမှုရေးပြောင်းလဲမှုက မောင်းထုတ်လိုက်သဖြင့် တိုးတက်လာသည့် နည်းပညာအရ ကုန်စည်နှင့် ဝန်ဆောင်မှုအသစ်များကို ပြုလုပ်နိုင်လိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်လျက်ရှိ၏။

ဥပမာကောင်းတစ်ခုကတော့ အစားအသောက်များကို လက်လီရောင်းချသည့် မမျှော်လင့်သောတိုးတက်မှုဖြစ်၏။ လက်လီအရောင်းအားလုံးသည် ဘာပစ္စည်းကို ဘယ်နေရာမှာရောင်းလိုက်သည်ကို ပြောပြနိုင်သည့် ဘားကုတ်လျှို့ဝှက် အမှတ်အသားနှင့် လျှပ်စစ်မှတ်ပုံတင်စာရင်းတို့ ပူးပေါင်းထားသည့် နည်းပညာဖြင့် တော်လှန်ပြောင်းလဲထားခြင်းဖြစ်၏။ လက်လီအရောင်းကဏ္ဍများတွင် သာမန်ထက် ပို၍ ကျွမ်းကျင်မှုများရှိသည်။ ပစ္စည်းမှန်များကို အချိန်တိုအတွင်း အမှန်အကန်ဆိုင်များမှာ ဝယ်နိုင်သည်။ ဈေးရောင်းမှုအတတ်ပညာ ပထမဦးဆုံးတိုးတက်လာသော ဂျပန်နိုင်ငံတွင် သင့်တော်သော ဆိုင်နီးနားချင်းများ၏ပစ္စည်းများကို တန်းစီပြသထားသဖြင့် လျင်မြန်စွာရောင်းဝယ်နိုင်ကြောင်း တွေ့ရ၏။

အစားအစာထုတ်လုပ်မှုတိုးတက်ဖွံ့ဖြိုးလာသဖြင့် နေ့စဉ် သို့မဟုတ် တစ်နာရီတိုင်း လတ်ဆတ်သောအစားအစာများကို စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်သည်။ ဤနည်းပညာကြောင့် အအေးခံထားသော အဆင့်မြင့်အစားအစာ၊ အသားညှပ်၊ ပေါင်မုန့်မှအစ အသင့်ပြင်ပြီး ထမင်းဟင်းလျာများ၊ အရည်အသွေးညံ့ ရေခဲထားသော အစားအစာများနှင့် စည်သွပ်ဘူးများအစား ရေခဲအစားအသောက်များကိုလည်း ဝယ်ယူနိုင်သည်။ အသင့်ချက်ပြုတ်ပြီး ထမင်းဟင်းလျာများကို ယောကျ်ားအလုပ်သမားအစား မိန်းမများ အလုပ်ဝင်လုပ်သည့်အခါ ဝယ်ယူစားသုံးကြသည်။ ထိုအခါ ဇနီးသည်များနှင့် မိခင်တို့က မိသားစုအတွက် အကျယ်ချဲ့၍ချက်ပြုတ်ရန် မလိုတော့ပေ။ အစားအသောက်နည်းပညာတွင် ကမ္ဘာ့ခေါင်းဆောင်ဟု ဆိုစမှတ်ပြုထားခံရသော ဗြိတိန်တွင် အဆင်သင့်ပြုလုပ်ထားသော ထမင်းဟင်းလျာများကို ဝယ်ယူစားသုံးလေ့ရှိသည်။

ထို့ကြောင့် ကြိုတင်တိုးတက်သောနည်းပညာသည် နည်းပညာရှင်များ သို့

မဟုတ် သိပ္ပံပညာရှင်များက တီထွင်လိုက်သည့် သိပ္ပံဖြစ်စဉ်ဖြစ်ရုံသာမဟုတ်၊ ထိုနည်းပညာများသည် ရုံးခန်း သို့မဟုတ် နေအိမ်များတွင် အဆုံးသတ်လေ့ရှိသည်။

●



## ဒီလက်ထရောနစ်ပြိုင်ပွဲ

Elcetronic ပစ္စည်းကို တချို့က လျှပ်တစ်ပိုင်းကူးပစ္စည်းဟု အမိပ္ပာယ်ဖော်ကြသည်။ (Semi- conduet electronic Property) စွမ်းအင်သစ်များ တီထွင်ဖော်ထုတ်ရာတွင် ထိုပစ္စည်းမျိုးများလည်း တွင်ကျယ်လာသည်။

တခြားအရေးကြီးပစ္စည်းတစ်မျိုးမှာ ကာဘွန်ဖိုင်ဘာနည်းပညာဖြစ်၏။ ထိုနည်းကို အားကစားပစ္စည်းများ၊ လျှော့စီးကိရိယာများ၊ တင်းနစ်ရက်ကက်များနှင့် လေယာဉ်များတွင် အသုံးပြုလျက်ရှိ၏။ အကယ်၍ ပိုမိုတိုးတက်လာပြီး ဈေးကျသွား

လျှင် ကားများတွင် ပိုမိုအသုံးပြုလာဖွယ်ရှိသည်။ ပစ္စည်းကို အလေးချိန်လျော့အောင် ပြုလုပ်နိုင်လျှင် အရည်အသွေးခုန်တက်လာပြီး လျှပ်စစ်ကားကို လက်တွေ့အသုံးချနိုင်ဖွယ်ရှိ၏။ အကယ်၍ ထင်းလောင်စာဆဲလ်တွင် ဤနည်းများကိုပေါင်း၍ တိုးတက်အောင် လုပ်နိုင်လျှင် ၂၀၂၀ ခုနှစ်၌ အတွင်းပိုင်းပေါက်ကွဲမှုအားဖြင့် မောင်းနှင်ရသည့် သံမဏိကားအင်ဂျင်ကို ပြုလုပ်နိုင်မည်။ သို့သော် ဈေးကွက်အများအပြားသို့ တင်ပို့ရန်အတွက် အချိန်စောသေးသည်။ ၂၀၂၀ ခုနှစ်ထက် ၂၀၄၀ ခုနှစ်တွင် ဖြစ်နိုင်ခြေရှိသည်။

၂၀၂၀ ခုနှစ်တွင် ပြည်သူတွေ၏ဘဝကို အကျိုးသက်ရောက်စေမည့် နည်းပညာပြောင်းလဲမှုသည် လောကီရေးရာ ပိုဆန်လာသည်။ စက်ရုံများ ပို၍သေးငယ်လာပြီး ယာဉ်များက အသံပိုငြိမ်၍ ညစ်ညမ်းမှုပိုနည်းမည်။ လမ်းမျက်နှာပြင်များက ပိုမိုစိတ်ချရမည်။ အနွေးဓာတ်ပိုမိုရမည့်နေအိမ်များ ရှိလာမည်။ နည်းပညာတိုးတက်မှုကို အဓိကအားဖြင့် ကုန်ကျစရိတ်သက်သာရန်အတွက် အသုံးပြုကြသည်။ အထူးသဖြင့် ကြီးမားသောအခြေခံအဆောက်အအုံများစီမံကိန်းတွင် ဖြစ်၏။ ဟောင်းနွမ်းလျက်ရှိသော အပ်ချုပ်စက်များ၏နေရာတွင် အစားထိုးရန်နှင့် မြို့ကြီးများရှိ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပြန်လည်တည်ဆောက်ရန် ပိုမိုကုန်ကျစရိတ်သက်သာမည့် နည်းလမ်းများ၊ ထို့ပြင် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းပြည်များတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရာ၌ ကုန်ကျမှုသက်သာမည့်နည်းလမ်းများကို ရှာဖွေနေကြရသည်။

စက်မှုနည်းပညာ ရုတ်တရက်တိုးတက်လာသော အတိတ်ကာလက အချိန်များရှိခဲ့ဖူးသည်။ ထိုအခါ ရေနွေးငွေ့ မီးရထားအင်ဂျင်၊ အတွင်းပိုင်းပေါက်ကွဲသည့် အင်ဂျင် သို့မဟုတ် ဓာတ်ငွေ့တာဘိုင်များဆီ ထွက်ကြသည်။ ဤအရာသည် ထိုကဲ့သို့သော ကာလမဟုတ်။



## မြိုင်ပွဲ ဆက်လက်ကျင်းပနေကြပြီ

နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အီလက်ထရောနစ်တော်လှန်ရေးသည် ခက်ခဲစွာ စတင်ခဲ့ရကြောင်း တွေ့ရပေမည်။ အီလက်ထရောနစ်နည်းပညာ၏အခြေအနေကို အနီးအဝေးမြင်ကွင်းသို့ရောက်ရှိရန် အလွယ်ကူဆုံးနည်းသည် ၁၉၅၀ ခုနှစ်က လေယာဉ်တည်ဆောက်သည့် စက်ရုံများ၏အခြေအနေကို ပြန်ပြောင်းစဉ်းစားရန်ဖြစ်၏။ ထို့နောက်မှာ လေယာဉ်ကို သင်္ဘောပေါ်မှသယ်ဆောင်ပြီး အမိကစရီးသည် တင်ဆောင်သည့်ယာဉ်အဖြစ် အသုံးပြုနိုင်သည်။ ဩစတြေးလျသို့ သုံးရက်အတွင်း လေယာဉ်ပျံဖြင့်ရောက်ရန် ဖြစ်နိုင်ခြေရှိသကဲ့သို့ အတ္တလန္တိတ်သမုဒ္ဒရာကို ၂၄ နာရီ ခန့်ဖြင့် ပျံသန်းဖြတ်ကျော်နိုင်လာ၏။ ဗစ်ကာဗိုင်းကောင် အမည်ရှိ ကွာမွာရှယ်တာကို လေယာဉ်သည် ပထမဦးဆုံးစမ်းသပ်ပျံသန်းခဲ့သည်။ သို့သော် လေယာဉ်စရီးသည် ချမ်းသာသူများအတွက် စံနှုန်းဖြစ်မည်ဟု စိတ်ကူးရန်လွယ်ကူခဲ့သော်လည်း ဈေးနှုန်း အလွန်သက်သာရန် ပိုမိုခက်ခဲသဖြင့် လူမှုရေးအရ အကျိုးဆက်မကောင်းချေ။ နည်းပညာတွေ ဘယ်လိုတိုးတက်မလဲဆိုသည်ကို မြင်တွေ့ရန် သိပ်မခက်သော်လည်း လူမှုရေးအကျိုးဆက်များအတွက် စဉ်းစားရန် အလွန်ခက်ခဲသည်။

ဆက်သွယ်ရေးလုပ်ငန်းများသည် ဆင်တူသောတော်လှန်ရေးကို တွေ့ကြရမည်။ ပုံသေတယ်လီဖုန်းရုံအစား မိုဘိုင်းဖုန်းတို့က အစားထိုးဝင်ရောက်လာသည်ကို လွယ်ကူစွာမြင်တွေ့နိုင်သည်။ အကယ်၍ ကိန်းဂဏန်းစနစ်အနေဖြင့် လူတိုင်းလိုလို တယ်လီဖုန်းတစ်လုံးစီ ကိုင်ဆောင်ထားလျှင် စကားပြောနေသောလူ ဘယ်နေရာမှာရှိသည်ကို သိရန်မလိုတော့ချေ။ ရုံးနှင့်အိမ်ဖုန်းများထားရှိရန်လိုကြောင်း သံသယဖြစ်ရန် မလို အပ်ပေ။

နည်းပညာသည် အိမ်များနှင့် ရုံးများကို ဆက်သွယ်ပေးရန် သေချာလိမ့်မည်ဟု ယူဆရန်ခက်ခဲသည်။ မှန်ဖိုင်ဘာများက တယ်လီဖုန်းဝါယာအသေးစားများနေရာတွင် အစားထိုးဝင်ရောက်လာမည်။

တီဗွီချိန်နယ်ဆက်ကြောင်းများ ဆက်လက်တိုးချဲ့လာလိမ့်မည်။ သို့မှသာ အသံလွှင့်မီဒီယာ တည်ဆောက်ပုံသည် ပုံနှိပ်မီဒီယာနှင့် ပိုမိုနီးစပ်လာမှာဖြစ်၏။

တီဗွီသည် အခါအားလျော်စွာ အဆင့်အတန်း စုန်တက်လာလိမ့်မည်။ ချိန်နှုန်းသည် ကုန်ကျစရိတ် လျှော့ချနိုင်သောအရှိန်ဖြင့် အဆုံးအဖြတ်ပေးသည်။ သို့သော် လူမှုရေးအနေဖြင့်ပြောရလျှင် တီဗွီသည် ယေဘုယျအားဖြင့် နောက်ဆုတ်မှုကို ရင်ဆိုင်ရလိမ့်မည်။ ဆက်ကြောင်းချန်နယ်များ ပို၍ပို၍လွှင့်နေလိမ့်မည်။ သို့သော် အချိန်နည်းနည်းသာ ကြည့်နိုင်ကြတော့မည်။ လူတွေမှာ အချိန်အနည်းငယ်ရနိုင်တော့သည်။ သို့မဟုတ် တီဗွီမှန်သားပြင်ရှေ့မှာ အချိန်ဖြုန်းရန် ပြင်ဆင်လာလိမ့်မည်။ ကွန်ပျူတာကို အချိန်ပို၍ ကြာကြာသုံးလေ တီဗွီကြည့်ချိန် ပိုနည်းလေဖြစ်လာ၏။ ပညာရေးအဆင့် ပိုမြင့်လာလျှင် တီဗွီကြည့်ချိန် ပိုနည်းလာလေဖြစ်၏။ အကျိုးကတော့ ကြော်ငြာရှင်များသည် တီဗွီမှကြော်ငြာရန် မဖြစ်နိုင်တော့ချေ။ ဗွီဒီယိုဖုန်းများက တီဗွီများအား ပြင်းထန်စွာတိုးနှက်နေသည်။ ဆယ်ကျော်သက်များသည် တီဗွီကြည့်ဖို့ နည်းလမ်းများ ပိုရလိမ့်မည်။ ထိုအချိန်မှာပင် သူတို့သူငယ်ချင်းများကို ဗွီဒီယိုဖုန်းပေါ်တွင် စောင့်ကြည့်နေကြသည်။

အီလက်ထရွန်နစ်တော်လှန်ရေး၏ လူမှုရေးအကျိုးသက်ရောက်မှုသည် စိတ်ဝင်စားစရာအကောင်းဆုံးပင်ဖြစ်၏။ လွတ်လပ်သည့်ဆက်သွယ်ရေးဒေသအကြောင်းကို စဉ်းစားကြည့်ဖို့လိုမည်။ ဗဟိုဒေသအဖြစ်မှ ရပ်စဲတော့မည့် အလုပ်နေရာ၊ အလုပ်သမား နေထိုင်ပြီး ပြင်ပပတ်ဝန်းကျင်ရှိရန်မလိုသည့် နေအိမ်၊ တိုင်းပြည်၊ မြို့ပြ သို့မဟုတ် လမ်း။

အီလက်ထရောနစ်တော်လှန်ရေးက အလုပ်ခွင်သို့ သယ်ဆောင်လာသော အဓိကပြောင်းလဲမှုလေးခုရှိသည်။ ပထမပြောင်းလဲမှုကတော့ သတင်းကို ရနိုင်သမျှ သယ်ဆောင်လာသည်။ သို့သော် ဖန်တီးမှုတွင် အရည်အချင်းညံ့ဖျင်းသောသတင်းမျိုးသာဖြစ်သည်။ ထို့ကြောင့် နားလည်မှုလုပ်ပြီး သတင်း ပိုမိုရှုပ်ထွေးအောင်လုပ်ပြီး အထူးကျွမ်းကျင်သူ၏ လက်မှုပညာဖြစ်စေသည်။ ဒုတိယပြောင်းလဲမှုမှာ များစွာသော စီးပွားရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်ကို ဖြတ်တောက်သည်။ တစ်ခါတစ်ရံ ရင်ခုန်စရာပင်ကောင်းတော့သည်။ တတိယအချက်အနေဖြင့် အလုပ်အကိုင်၏ သဘာဝကို ပြောင်းလဲစေရန် ကူညီသည်။ လုပ်ခက သေချာသော အထူးလုပ်ငန်းများ

တွင် ဆက်နွှယ်သည့်နေရာများ၌ လုပ်ငန်းငယ်များအဖြစ် ပြောင်းလဲရန်အားပေးသည်။ လစာရအလုပ်နှင့်တော့ ဆန့်ကျင်ဘက်ဖြစ်သည်။ နောက်ဆုံးအချက်ကတော့ ဝန် ဆောင်မှုလုပ်ငန်းအချို့ဖြစ်ပေါ်စေပြီး ရုံးများမလို၊ အပိုဖြစ်စေသည်။ အကြောင်းကတော့ အလုပ်တော်တော်များများကို အိမ်မှာပဲ လုပ်၍ရသောကြောင့်ဖြစ်၏။

ကျွန်ုပ်တို့သည် 'ပညာက ဘုရင်' ဖြစ်နေသော သတင်းအဖွဲ့တချို့ထဲသို့ ဝင်ရောက်နေကြသည်။ တကယ်ဖြစ်ရပ်သည် ပို၍ လောကီဆန်သည်။ သတင်းပေးခြင်းတွင် အဓိကနှစ်ချက်ရှိသည်။ တစ်ခုက လူများအားလုံးရရှိနိုင်ပြီး နောက်တစ်ခုက သီးခြားလုပ်ငန်းအတွက်သာရရှိသော သတင်းဖြစ်၏။ ပထမအချက်၏ဥပမာကတော့ အီလက်ထရောနစ်ကိန်းဂဏန်းများကို အခြေခံသည့်သတင်းဖြစ်ပြီး စက်မှုကမ္ဘာမှထုတ်ပေသော သဘောတရားအရ လက်ခံနိုင်သည့် အကြောင်းအရာများဖြစ်၏။ ဒုတိယအချက်အတွက် ဥပမာကတော့ လက်လီကုန်သည်များ၏ ကုန်ရောင်းကိန်းဂဏန်းများဖြစ်၏။

ကိန်းဂဏန်းအခြေခံများကို မည်သူမဆို စရိတ်အနည်းငယ် ကုန်ကျရုံဖြင့် ရနိုင်သည်။ သီးခြားခေါင်းစဉ်တစ်ခုအတွက် သတင်းရှာဖွေနေသော လုပ်ငန်းအသေးစားများသည် စစ်မှန်စွာ လက်ခံနိုင်ကြောင်း တွေ့ရပေမည်။ လက်တွေ့အားဖြင့် ကျယ်ပြန့်သော သတင်းပြန့်ကြားချက်သည် အမှိုက်သရိုက်သာဖြစ်၏။

သတင်းတော်လှန်ရေး၏ အကျိုးသက်ရောက်မှုတစ်ခုမှာ အချက်အလက်များကိုပြုလုပ်နေသော လူဦးရေတိုးတက်လာခြင်းဖြစ်၏။ အဲသည်လူတွေ ဘယ်အရပ်မှာ နေကြမလဲ။ သူတို့ထဲကအများစုသည် သူတို့၏ဝန်ဆောင်မှုကို ဝယ်ယူသူများအနီးတစ်ဝိုက်နေရန် လိုအပ်ကြသည်။ ဘာကြောင့်လဲဆိုတော့ ထိုဝန်ဆောင်မှုများကို သူတစ်ပါးအား ရောင်းချရန်လိုအပ်သောကြောင့်ဖြစ်၏။ အကြီးအစည်တစ်ခုလုံး ဖလှယ်ရေးသည် မျက်နှာချင်းဆိုင်ဆက်သွယ်မှု လိုအပ်ပုံရသည်။ ကွန်ဖရင့်များမှသည် အော်ပရာဓာတ်ရုံများဆီသို့ အလည်သွားရန်အတွက် လူမှုရေးတစ်ဝက်တစ်ပြက်ပွဲများ၏ ကြိုးစများရှိပြီး ကုန်ရောင်းရန်ဖြစ်စဉ်များပါဝင်သည်။ (ဂျပန်မှာတော့ ဂေါက်ကွင်းကောင်းကောင်းအနီးအနားမှာနေရန်သာ သာမန်အားဖြင့် လိုအပ်လိမ့်မည်။) ဗဟိုရုံးတည်နေရာပုံစံတချို့သည် ကုန်ရောင်းရန်နှင့် စီမံခန့်ခွဲရေးအတွက် ခေတ္တမျှ ဆိုင်းငံ့သင့်သည်ဟု ယူဆခြင်းဖြစ်၏။ သို့သော် တခြားကိစ္စများအတွက်ဆိုလျှင် ခရိုင်မြို့ကြီးများရှိ ဗဟိုစီးပွားရေးရုံးများထက် တက္ကသိုလ်မြို့က ဆွဲဆောင်မှုရှိသည်။ တက္ကသိုလ်မြို့များသည် သူတို့၏ကျွမ်းကျင်မှုကို အသုံးချသည့် ဗဟုသုတများကို ထုတ်လုပ်ပေးသည်။ သို့သော် လူများသည် တစ်ချိန်လုံး သူတို့၏ ရုံးများ

သို့မဟုတ် မာတ်ခွဲခန်းများတွင် ထိုင်နေရန်မလိုပေ။

ဈေးပေါသော သတင်းပြန်ကြားရေးသည် လုပ်ငန်းအသစ်တည်ထောင်ရန် ကုန်ကျစရိတ်များအတွက်လည်း သက်ရောက်မှုရှိသည်။ အီလက်ထရောနစ်တော်လှန်ရေးကြောင့် နေအိမ်တွင် အလုပ်လုပ်သူ ပိုများလာမည်။ တချို့လုပ်ငန်းများသည် သူတို့ဖောက်သည်နှင့်ဝေးရာသို့ ရုပ်ဝတ္ထုအနေဖြင့် ရွှေ့ပြောင်းသွားရန် နည်းပညာများ သုံးနိုင်သလို အလုပ်သမားများသည်လည်း သူတို့အလုပ်ရှင်များနှင့် ဝေးရာသို့ ရောက်သွားနိုင်သည်။

နေအိမ်မှာ အလုပ်လုပ်သူများသည် မလိုအပ်သောလည်း ကန်ထရိုက်စနစ်ဖြင့် လုပ်သောကြောင့် အလုပ်သမားထက် ပို၍အဆင့်သာသည်။ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းနှစ်မျိုးလုံးသည် လူမှုရေးသက်ရောက်မှုရှိသောကြောင့် အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ဆက်သွယ်မှုဆုံးရှုံးလာသည်။

မိမိတို့နေအိမ်၌ အလုပ်အများဆုံးလုပ်နိုင်သည့် အလုပ်သမားများသည် ပြည်တွင်းသာမက တခြားဘယ်နေရာမှာ နေချင်သည်ကို ရွေးချယ်ရန် လွတ်လပ်မှုရှိသည်။ မြောက်အမေရိကတွင် အလုပ်သမားတစ်ဦးသည် ကုမ္ပဏီတစ်ခုတည်း၌သာ အလုပ်လုပ်လျှင် သူ့လုပ်ဆောင်ချက် ကွယ်ပျောက်သွားတတ်သည်။ ဥရောပနှင့် ဂျပန်မှာတော့ အားနည်းလာသည်။ အလုပ်သမားတစ်ဦးတည်းဖြင့် ပေါင်းစပ်ထားသောကုမ္ပဏီမြို့များသည် ကြာရှည်ရပ်တည်နိုင်ခြင်းမရှိတော့။

နောက်ဆုံးအနေဖြင့် အီလက်ထရောနစ်နည်းပညာ တိုးတက်လာခြင်းက တိုင်းပြည်ချင်း ဆက်သွယ်ရေးကို ပြောင်းလဲစေလိမ့်မည်။ စက်မှုနည်းပညာ ကောင်းလာသဖြင့် စီးပွားရေးပြိုင်ဆိုင်မှုသဘာဝလည်း ပြောင်းလဲလာမည်။ ဆော့ဖ်ဝဲယား (ကွန်ပျူ)၏တန်ဖိုးဖြစ်ပေါ်လာကတည်းက ကုန်မာတန်ဖိုး ကျဆင်းလာပြီး ဆော့ဖ်ဝဲယားကို တီထွင်နိုင်သည့်နိုင်ငံများက အောင်မြင်လာမည်။ သို့သော် အီလက်ထရောနစ်ပစ္စည်းများက တိုင်းပြည်များကို အခွင့်အလမ်းသစ်များ ဖွင့်လှစ်လာပြီး နိုင်ငံတကာကုန်သွယ်ရေးဒေသသစ်များကို ဖန်တီးလာနိုင်သည်။

●



## နည်းပညာသစ်တွေကို ဘယ်လိုသုံးမလဲ

ဤရာစုနှစ်တစ်ဝက်ခန့်တွင် နည်းပညာတိုးတက်မှုသည် စားသုံးသူ ကြာရှည်စွာရှိနေသမျှ ထုတ်လုပ်ခြင်းနှင့် စားသုံးခြင်းတို့ဘောင်အတွင်းရှိနေမည်။ စက်မှုကမ္ဘာရှိ လူလတ်တန်းစားများသည် ကုန်ပစ္စည်းများ ပို၍ပို၍လိုအပ်လာသည်။ ကားတစ်စီးရှိသော မိသားစုသည် နှစ်စီးမှ သုံးစီးအထိ ရှိလာမည်။ တီဗွီတစ်စုံသာ ပိုသော မိသားစုသည် တီဗွီများစွာ ထားရှိလိမ့်မည်။ ဓာတ်စက်နှင့်နေသော မိသားစု သည် စီဒီစက်များ၊ ကွန်ပျူတာများနှင့် ဗွီဒီယိုပြစက်များ လိုအပ်လာသည်။ နည်း ပညာတိုးတက်မှုကို လူတို့ခံစားရာတွင် ဤနည်းများသာမကဘဲ တခြားနည်းများစွာ ရှိ၏။ အိမ်ကြီးရနိုင်နှင့် စားသုံးကုန်ပစ္စည်းများစွာရှိသောသူသည် သူတို့၏ တိုးတက် လာသောစည်းစိမ်ကို နိုင်ငံခြားခရီးသွားခြင်း၊ ပညာပိုမိုသင်ယူခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုခံယူခြင်းများ ပြုလုပ်လာကြပြီး နည်းပညာပြောင်းလဲခြင်း၏ အကျိုး ကို ခံစားကြလိမ့်မည်။ သို့သော် မြောက်အမေရိကနှင့် ဥရောပရှိ လူများ၏အမြင်အရ တွင် နည်းပညာတိုးတက်မှုကြောင့် သူတို့ဘဝတိုးတက်လာခြင်းမရှိဟု ပြောကြ သည်။ ပြည်သူ့လုံခြုံရေးအာမခံကိစ္စသည် ထင်ရှားဆုံးသောဥပမာဖြစ်၏။ ယခုအခါ ထိုအမြင်များ ပြောင်းလဲလာမလား၊ နည်းပညာက ပြည်သူများအား ပိုမိုလုံခြုံစိတ်ချ ရသောလမ်းများကို အသုံးပြုရန်ပေးနိုင်မလား။

ပြည်သူ့လုံခြုံရေးကို တိုးတက်စေဖို့ နည်းပညာသည် နည်းပညာအဖြစ် သိ ထားရုံမက အားတက်သရော ပိုမိုလုပ်ဆောင်ရန်ဖြစ်၏။ သို့သော် ပြည်သူများ၏ အမှုအကျင့်ကိုလည်း ပြုပြင်ရမည်ဖြစ်၏။ စက်မှုကမ္ဘာ၏ လူမှုရေးအပြောင်းအလဲ

သည် လူများကို မသန့်ရှင်းဘဲ ကျန်းမာရေးထိခိုက်စေသောမြို့ပြများတွင် အုပ်လိုက်စုယားခြင်းခံရသောကြောင့် ပိုမိုရက်စက်ကြမ်းတမ်းလာသည်။ ထိုအခါ နည်းပညာနှင့် အဖွဲ့အစည်းပြုပြင်ပြောင်းလဲမှု လုပ်လာကြသဖြင့် တစ်ဖန် လူသားဆန်ကြပြန်၏။ ဤနည်းဖြင့် မြို့ပြအသစ်များသည် အမှိုက်သရိုက်ကင်းစင်ပြီး လတ်ဆတ်သန့်ရှင်းသောရေများ ရရှိလာကြသည်။ ပန်းခြံများနှင့် အများပြည်သူ့စာကြည့်တိုက်များ တည်ဆောက်ကြသည်။ ရဲတပ်ဖွဲ့များကို ဖွဲ့စည်းကြသည်။ စာပို့စနစ်များကို ဖန်တီးကြပြီး လမ်းများတွင် မီးကောင်းစွာထွန်းထားသဖြင့် ရာဇဝတ်မှုများ ကျဆင်းစေသည်။

လျှပ်စစ်နည်းပညာသည် ပြည်သူများ စိုးရိမ်ပူပန်လျက်ရှိသော ရာဇဝတ်မှု တိုးပွားလာခြင်းကို ယှဉ်ပြိုင်တိုက်ခိုက်စပြုလာ၏။ မြို့လယ်ကောင်များကို စောင့်ကြည့်ရန် ဗွီဒီယိုကင်မရာများ တပ်ဆင်ခြင်းဖြင့် လမ်းမပေါ် ရာဇဝတ်မှုများလျင်မြန်စွာ ကျဆင်းသွားသည်။ အဲယားဒရီနှင့် စကော့တလန်တို့တွင် ထိုကဲ့သို့ စစ်ဆင်ရေးများ ပြုလုပ်ခဲ့သဖြင့် ပထမရှစ်လပိုင်းအတွင်း ရာဇဝတ်မှုများ ၇၅ ရာနိုင်နှုန်းအထိ ကျဆင်းသွားကြောင်း အစီရင်ခံစာတွင် ဖော်ပြထား၏။ ဗွီဒီယိုကင်မရာများသည် လမ်းမီးထွန်းသကဲ့သို့ပင် ရာဇဝတ်မှုကျဆင်းအောင်ပြုလုပ်ရာ၌ ထိရောက်သည့်လက်နက်တစ်ခုဖြစ်၏။ အကြောင်းကတော့ နှစ်မျိုးစလုံးသည် တူညီသောအကြောင်းကိစ္စကို ဆောင်ရွက်နိုင်သောကြောင့်ဖြစ်သည်။ ထိုကိရိယာများသည် လူများ၏လှုပ်ရှားမှုကိုမြင်နိုင်အောင် လုပ်ပေးနိုင်သည်။

ကားခိုးမှုများကို အီလက်ထရောနစ်ထိန်းချုပ်မှုစနစ်ဖြင့် လျော့နည်းအောင် ပြုလုပ်ပေးသည်။ ပုဂ္ဂလိကဖုန်းသည် ကာအဖုန်းကဲ့သို့ပင် ပြည်သူ့လုံခြုံရေးကို စောင့်ရှောက်ပေးနိုင်သည်။

နည်းပညာကို ဂရုတစိုက်သုံးစွဲခြင်းဖြင့် ပြည်သူ့လုံခြုံစိတ်ချမှုကို ပြုလုပ်ပေးနိုင်သောနေရာများစွာရှိသည်။ လမ်းများကို ဒီဇိုင်းကောင်းဖြင့် ဖောက်လုပ်နိုင်လျှင် ကားမတော်တဆဖြစ်မှု ကျဆင်းသွားနိုင်သည်။ မြို့လယ်လမ်းဆုံများ၌ ဗွီဒီယိုကင်မရာများ တပ်ဆင်ခြင်းဖြင့် ကားမောင်းခြင်းအဆင့်ကို မြှင့်တင်နိုင်သည်။ ကားအရှိန်မြှင့်မောင်းသည့် ပြစ်မှုကိုလည်း ထိန်းထားသည်။ အကယ်၍ ကားမောင်းသူများ အရက်သောက်ထားသည့်လက္ခဏာပြလျှင် ကားကို ရပ်တန့်သွားအောင် ပြုလုပ်သည့် နည်းပညာရပ်များ ပေါ်လာ၏။

လက်လှမ်းမမီသေးသော ဖြစ်နိုင်ခြေရှိသည့် တခြားနည်းပညာကတော့ အမျိုးသား မျိုးဗီဇအုပ်စုခွဲသည့်စာရင်းစာအုပ်များ ပြုစုခြင်းဖြစ်၏။ ၁၉၅၃ ခုနှစ်တွင်

ကိန်းဘာရစ်တက္ကသိုလ်၌ ဖရန်စစ်ခရစ်နှင့် ဂျိမ်းစ်ဝပ်ဆန်တို့က မျိုးဗီဇပြောင်းနိုင်သည့် သဲလွန်စကို ရှာဖွေတွေ့ရှိထားကြောင်း ပထမဦးဆုံး ရေးသားတင်ပြခဲ့သည်။ လက်ဗွေနှိပ်သည့်နည်း စတင်ချိန်မှစ၍ ဤနည်းပညာသည် ရာဇဝတ်မှုတိုက်ဖျက်ရေးအတွက် အင်အားအကြီးဆုံးလက်နက်ဖြစ်ကြောင်း သူတို့ မမြင်တွေ့ခဲ့ကြချေ။ လက်ဗွေများကဲ့သို့ပင် လူနှစ်ယောက်သည် တူညီသောမျိုးဗီဇအမှတ်အသား မပါနိုင်ပေ။ ထို့ကြောင့် အကြမ်းဖက်ရာဇဝတ်မှုများ မကြာခဏဖြစ်ပေါ်လျှင် လူ၏တစ်ရှူးများရနိုင်လျှင် ထိုပုဂ္ဂိုလ်၏ပုံစံကို ခွဲခြားဖော်ပြနိုင်၏။ The Federal Bureau of Investigation (FBI) က DNA မှတ်ပုံတင်စာရင်းကို စတင်ထူထောင်ထားပြီး ဗြိတိန်ကတော့ စဉ်းစားဆဲဖြစ်၏။ ထိုစီမံကိန်းမျိုးသည် ယခုလက်ရှိအခြေအနေမှာ အပြစ်မကျူးလွန်သေးသော ရာဇဝတ်မှုကျူးလွန်သူများကို ခွဲခြားပေးနိုင်သည်။ နံ့တောက်ပညာ တိုးတက်လာသဖြင့် ပြစ်မှုကျူးလွန်သည့်ပုံစံ ပြောင်းလဲလာသည်ကို တွေ့ရ၏။

အသင်းအဖွဲ့များက ငွေကြေးကုန်ကျခံနိုင်သည့်ကိစ္စမှာ နည်းပညာအတွက် မဟုတ်ဘဲ လူမှုရေးနှင့် နိုင်ငံရေးကိစ္စအတွက်သာဖြစ်၏။

●



## အစိုးရနှင့်အဖွဲ့အစည်း

## သင်တန်းပေးခြင်းကို စီးပွားရေးလုပ်ငန်းအဖြစ် အစိုးရများက စဉ်းစားခြင်း

စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော တိုင်းပြည်များမှ အစိုးရများသည် အလွန်ကွဲပြားခြားနားသောအလုပ်နှစ်ခုကို လုပ်ကြသည်။ သူတို့သည် တိုင်းသူပြည်သားများအတွက် ဝန်ဆောင်မှုများ (တစ်ခါတစ်ရံ ကုန်ပစ္စည်းများ)ကို ဖြန့်ဝေပေး

လျက် ကြီးမားလှသည့် စီးပွားရေးလုပ်ငန်းများကို လုပ်နေကြသည်။ ထို့ပြင် တိုက်ရိုက်အဖိုးအခယူခြင်း သို့မဟုတ် အခွန်စနစ်ဖြင့်ယူခြင်းများပြုလုပ်သည်။ ထို့ပြင် သူတို့သည် ကျယ်ဝန်းလှသည့်ဒေသအတွင်း တစ်ပိုင်းအားဖြင့် မူဝါဒများကို ချမှတ်သည်။ တစ်ပိုင်းအားဖြင့် အရေးယူဆောင်ရွက်သည့်နည်းကို အသုံးပြုသည်။


စက်မှုနိုင်ငံအားလုံးတွင် ပြည်သူ့ကဏ္ဍသည် အလွန်ကြီးမားလှ၏။ ၁၉၉၂ ခုနှစ်မှစ၍ ဂျပန်တွင် GDP ၂၆.၂ ရာခိုင်နှုန်းနှင့် ဆွီဒင်တွင် ၅၉.၁ ရာခိုင်နှုန်းရှိခဲ့၏။ ဆွီဒင်ကတော့ ခြွင်းချက်ဖြစ်၏။ သို့သော် ဥရောပနိုင်ငံအားလုံးသည် အမေရိကန် သို့မဟုတ် ဂျပန်ထက် ပိုများသည်။ ၄၀ မှ ၄၅ ရာနှုန်းအထိ အချိုးကို ရည်ရွယ်နေကြသည်။ ပြည်သူ့ကဏ္ဍအတွက် ဥရောပနိုင်ငံသားတို့၏သဘောပေါက်လက်ခံမှုသည် တခြားအဓိကစီးပွားဒေသနှစ်ခုနှင့် ခြားနားလျက်ရှိ၏။

ဥရောပတွင် ၄၀ ရာနှုန်းအားလုံးသည် အစိုးရက အမှန်တကယ်ဖြန့်ဝေပေးသော ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထင်ဟပ်ခြင်းမရှိပေ။ ထိုအစိတ်အပိုင်းကြီးတစ်ခု၏တစ်ဝက်ခန့်သည် လူတစ်စုထံမှ အခွန်ကောက်ယူပြီး တခြားလူများ (တစ်ခါတစ်ရံ ထိုလူများ)ကိုပင် ပင်စင် သို့မဟုတ် လူမှုရေးလုံခြုံမှုကိစ္စအတွက်ပေးသည့်ပုံစံဖြင့် လည်ပတ်လျက်ရှိ၏။ ဤလည်ပတ်မှုသည် စီးပွားရေးအရ အကျိုးသက်ရောက်မှုရှိပြီး အလုပ်လုပ်သူများထံမှ ငွေရရှိစေပြီး အလုပ်မလုပ်သူများအား ငွေပေးခြင်းဖြစ်၏။ သို့ရာတွင် အစိုးရက မထားမနေရ အာမခံစနစ်ကို ကျင့်သုံးသောအခါ ဝန်ဆောင်မှုများများပေးနိုင်ခြင်းမရှိတော့။

စက်မှုနိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်သူ့ကဏ္ဍလုပ်ဆောင်ရာတွင် ကွဲပြားသော မေးခွန်းနှစ်ခု ဖြစ်ပေါ်လာ၏။ ပထမမေးခွန်းကတော့ ပြည်သူ့ကဏ္ဍက ကုန်ပစ္စည်းများ ထုတ်၍ ဝန်ဆောင်မှုများပေးသောအခါ အစိုးရက ရဲတပ်ဖွဲ့နှင့် ကာကွယ်ရေးကို ဈေးအသက်သာဆုံးဖြင့် ပြုလုပ်ပေးနိုင်မလား၊ မပေးနိုင်ဘူးလားဆိုတာကို လူအများက စိုးရိမ်ပူပန်နေကြ၏။

အစိုးရလုပ်ငန်းများ ပြောင်းလဲနေခြင်းနှင့် ဆက်လက်ပြောင်းလဲရန် ပြင်ဆင်နေခြင်းကို စူးစမ်းရန် ယခုအခါ အကောင်းဆုံးအချိန်ဖြစ်၏။ သမိုင်းရှုထောင့်မှကြည့်လျှင် အစိုးရ၏တားမြစ်ချက်ရေစီးနိုန်သည် အမြင့်ဆုံးဖြစ်လာခဲ့ပြီး ယခုအခါ ကျော်လွန်သွားပြီဟု မြင်တွေ့ရသည်။

●



## အစိုးရပိုင်လုပ်ငန်းများ ကျဆုံးလာခြင်း

ပြည်သူပိုင်ပြုလုပ်ထားခဲ့သော စက်ရုံများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲခြင်းသည် လွယ်ကူ၏။ ဖက်စပ်စတော့ကုမ္ပဏီများတွင် စက်မှုနှင့် စီးပွားလုပ်ငန်းများ လည်ပတ်ရေးအတွက် ကြိုးပမ်းမှုများရှိသည်။ အများများစွာအစား အလုည့်ကျလုပ်ခြင်းက ပိုကောင်းသည်ဟု ထင်မြင်ရသည်။ အနောက်ဥရောပနှင့် ဂျပန်ကုမ္ပဏီများအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးသည် နစ်နာမှုမရှိ။ ဘာကြောင့်လဲဆိုတော့ ဘဏ္ဍာရေးဆိုင်ရာနှင့် တရားဝင်တည်ဆောက်ပုံသည် အစုရှယ်ယာဝင်များ၏ ပြည်သူပိုင်လုပ်ငန်းများ အောင်မြင်မှုကို အာမခံရန် ဆန္ဒသဘောနှင့် ပြည့်ဝနေသောကြောင့်ဖြစ်၏။

သို့သော် ပြည်သူပိုင်ကဏ္ဍက မည်သည့်ဝန်ဆောင်မှုကိုပေးသလဲ၊ သူတို့၏ အရည်အချင်းကို ဘယ်လိုတိုးတက်အောင်လုပ်နိုင်မလဲ၊ ပြည်သူပိုင်ကဏ္ဍတွင် မည်သည့်လုပ်ငန်းများ ကျန်ရစ်သင့်သလဲ။ ဤမေးခွန်းများကိုဖြေဆိုရန်အတွက် လမ်းကြောင်းသုံးခုကို ခွဲခြားကြည့်လျှင် အကူအညီရနိုင်သည်။

(၁) ပြည်သူပိုင်ကဏ္ဍ၏ သင့်လျော်သောအရွယ်အစားအပေါ် အကြံအစည်များသည် ဆက်လက်ရွေ့ပြောင်းနေလိမ့်မည်။ သို့မှသာလျှင် အစိုးရများသည် နည်းနည်းလုပ်ရန် မျှော်လင့်ထားနိုင်မည်၊ ပိုလုပ်ရန်မဟုတ်။

(၂) အစိုးရများသည် သူတို့၏ရည်ရွယ်ချက်များကို စည်းမျဉ်းဥပဒေများဖြင့် လုပ်ဆောင်ရန် တိုးတက်မျှော်လင့်လာလိမ့်မည်။ ခြွင်းချက်မဟုတ်။

(၃) ပြည်သူပိုင်ကဏ္ဍတွင် ကျန်ရှိသည်များကို ယခုထက် ဈေးကွက်စည်းကမ်း၌ ပိုမိုမြောက်မြားစွာသောအကြောင်းအရာများဖြင့် လုပ်ဆောင်နိုင်လိမ့်မည်။

●



**ဆန္ဒမဲရှင်များက ပေးပို့မလား**

အစိုးရများသည် ဝန်ဆောင်မှုလုပ်ငန်းများကို ပို၍ပို၍ လုပ်ဆောင်နေကြောင်း သူတို့ကိုယ်သူတို့ တွေ့ရလိမ့်မည်။ သို့သော် နိုင်ငံအစိုးရအနေဖြင့် သူတို့၏အရည်အချင်းကို တာဝန်ဆက်လက်ယူနေရမည်။ ကားလ်မတ်က ကြိုတင်ဟောကိန်းထုတ်ခဲ့သလို နိုင်ငံအစိုးရသည် အားပျော့သွားလိမ့်မည်မဟုတ်။ သို့ရာတွင် အစိုးရ၏ အနေအထားနှင့် ပုံမှန်လမ်းကြောင်းများကိုတော့ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုရပေမည်။ နိုင်ငံအစိုးရသည် ဝန်ဆောင်မှုတစ်ရပ်ကို ပေးသည်ဖြစ်စေ သို့မဟုတ် ပုံမှန်သာပြုလုပ်ရုံမျှဖြစ်စေ ထိုလုပ်ငန်းကို ဆောင်ရွက်ရန် ရင်းမြစ်များကို တွေ့ရလိမ့်မည်။ ဤကိစ္စများကို အခွန်စည်းကြပ်ခြင်း သို့မဟုတ် အသုံးပြုသူများထံမှ အဖိုးအခရရှိနိုင်သည်။

အစိုးရများရင်ဆိုင်နေရသော အရေးကြီးဆုံးမေးခွန်းမှာ စက်မှုကမ္ဘာသည် အခွန်စည်းကြပ်မှုမှာ လက်တွေ့ကန့်သတ်ချက်အထိ ရောက်မရောက်ဆိုသည့်မေးခွန်းဖြစ်၏။ ဤကဲ့သို့ပြုလုပ်လျှင် သံသယဖြစ်စရာအကြောင်းနှစ်ခုရှိသည်။

(၁) နိုင်ငံရေးသမားများက မဲဆွယ်စည်းရုံးရာတွင် မည်သို့ပြောသည်ဖြစ်စေ အခွန်တိုးမြှင့်ကောက်ခံသူကို ဆန္ဒမဲရှင်များက ရွေးချယ်လိမ့်မည်မဟုတ်။

(၂) အမြတ်ခွန် တိုးမြှင့်ကောက်ခံမည့် အစိုးရများသည် အခွန်လျှော့နည်း

သွားလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ တစ်ပိုင်းအားဖြင့် တိုးမြင့်လာသည့်အပေါ် အမြတ်ခွန်ကောက်ခြင်းအပေါ် ထိခိုက်မှုရှိလာခြင်းနှင့် တစ်ပိုင်းအားဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ချမ်းသာသူ ပုဂ္ဂလိကနှစ်မျိုးစလုံးသည် ပြည်ပသို့ ထွက်သွားနိုင်သောကြောင့်ဖြစ်၏။

ဆောစောပိုင်းက တင်ပြခဲ့သလို အရပ်ဒေသကို လွတ်လပ်စွာရွေးချယ်နိုင်သော ကြေးစားအလုပ်သမားအချိုးအစားသည် နောင် ၂၅ နှစ်ကြာလျှင် ကြီးမားစွာ တိုးလာမည်။ ထို့နောက် ဝင်ငွေအပေါ် အမြတ်ခွန်စည်းကြပ်ခြင်းသည် ယှဉ်ပြိုင်လျက်ရှိသော တိုင်းပြည်များတွင် လျော့ကျသွားနိုင်သည်။

သို့သော် ဝင်ငွေခွန်အပေါ် စည်းကြပ်ခြင်းသည် အထွေထွေကိစ္စအပေါ် စည်းကြပ်ခြင်းနှင့် မတူညီပေ။ မည်သို့ပင်ဖြစ်စေ အခွန်စည်းကြပ်ခြင်းသည် ဆွေးနွေးစရာကိစ္စတစ်ရပ်အဖြစ် ကျန်ရှိနေဦးမည်သာဖြစ်၏။

●



## ဒီမိုကရေစီနှင့်ပြဿနာ

မြောက်အမေရိကနှင့် ဥရောပတို့သည် စီးပွားရေး အထူးအောင်မြင်နေသည့် ဇာတ်လမ်းကို ဘာကြောင့် ဆက်လက်မလုပ်သင့်သလဲဟူသော အကြောင်းပြချက် မရှိပေ။ အနောက်ဒီမိုကရေစီဖြစ်စဉ်များတွင် ဤဝါရင့်စက်မှုဒေသနှစ်ခု၌ မကြာမီက တိုးတက်လာသော အရှေ့အာရှဒေသများထက် အရည်အချင်းနည်းပါးအောင် လုပ်သည့်အကြောင်းမရှိချေ။ ဒီမိုကရေစီနှင့် စီးပွားရေးတိုးတက်မှုအကြား ဆက်သွယ်

သည့်လမ်းကြောင်း မရှိသည်ကို ရှင်းလင်းစွာမသိရှိရပေ။ ဆိုဗီယက်ပုံစံ ကွန်မြူနစ်စနစ်ကဲ့သို့ စီးပွားရေးတိုးတက်မှုကို တချို့အစိုးရများသည် စီးပွားရေးတိုးတက်မှုရေရှည်တည်တံ့ရေးကို ဖျက်ဆီးတတ်သည်။ စနစ်မတူ တခြားတိုင်းပြည်များကတော့ စီးပွားရေးတိုးတက်အောင် ကောင်းစွာလုပ်နိုင်ပုံရကြ၏။ အရှေ့အာရှကျားများအလယ်တွင် စင်ကာပူအာဏာရခေါင်းဆောင်များနှင့် ဟောင်ကောင်၏ ကိုလိုနီအသေးစားအုပ်စိုးသူများသည် တိုးတက်မှုရှိအောင် ဖန်တီးနိုင်ကြသည်။ ဂျပန်နိုင်ငံသည် အီတလီနှင့် သိပ်ကွဲပြားခြားနားခြင်းမရှိသော အနောက်ပါလီမန်ဒီမိုကရေစီကို ကျင့်သုံးသည်။ သို့သော် ဂျပန်သည် အီတလီထက် ပိုမိုသေးစည်းသော အဖွဲ့အစည်းရှိသည်။

သေးစည်းသောအဖွဲ့အစည်းများသည် အားနည်းချက်များရှိသည်ကို အသိအမှတ်ပြုရန် အရေးကြီးသည်။ လတ်တလောတွင် သူတို့သည် စီးပွားရေးအမှားများကို ကျူးလွန်မိတတ်ကြ၏။ ဂျပန်၏ ရင်းနှီးမြှုပ်နှံမှုအသိုင်းအဝိုင်းသည် နိုင်ငံခြားမှဈေးကြီးသော အိမ်မြေယာများကို ဝယ်ယူခြင်းသည် ဥပမာတစ်ခုဖြစ်၏။ စက်မှုထွက်ကုန်များကို ကျဉ်းမြောင်းသော စားသုံးသူပစ္စည်းများနှင့်အတူ ပြည်ဝပိုရာတွင် အန္တရာယ်ရှိသော ကာကွယ်ရေးစနစ်ရှိခြင်းသည် တခြားဥပမာဖြစ်၏။ စီးပွားရေးရှုထောင့်သက်သက်မှကြည့်လျှင် ပုဂ္ဂလိကစနစ်မှာ အင်အားများစွာရှိသည်။

ခေတ်မီစက်မှုအဖွဲ့အစည်းအားလုံးသည် ပုဂ္ဂလိကဝါဒနှင့် လူမှုထိန်းချုပ်ရေးအကြား သာတူညီမျှမှုရှိအောင် တိုက်ပွဲဝင်ရေးအတွက် နည်းလမ်းရှာရန် လိုအပ်မည်ဆိုသော တကယ့်အမှန်သတင်းသည် ဖြစ်ကောင်းဖြစ်လိမ့်မည်။ ထို့ပြင် ဒီမိုကရေစီနည်းကျဖြစ်စဉ်သည် ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များ ရှင်းလင်းအောင်လုပ်ရင်း ထိုညီမျှမှုကို ထိန်းသိမ်းရသည်။

ထိုဖြစ်စဉ် အကယ်၍ဖြစ်ပေါ်ပါက ပြည်သူများက ရွေးချယ်မှုပြုရမည်။ သူတို့သည် ပုဂ္ဂလိကများ၏ သေနတ်ကိုင်ဆောင်ခွင့်နှင့် သူတို့သတ်၍ သေဆုံးသူ ပြည်သူအရေအတွက်အကြား ရွေးချယ်နိုင်သည်။ သူတို့ခံနိုင်ရည်ရှိဖို့ ပြင်ဆင်ထားသည့် ကာဇဝတ်မှုအတိုင်းအတာကိုလည်း ရွေးချယ်နိုင်သည်။ သူတို့သည် လက်ထပ်ပြီး ကွာရှင်းပြတ်စဲမှုမည်မျှနှင့် အဆုံးသတ်မည်၊ ကလေးပေါင်းမည်မျှအား မိဘတစ်ဦးက ချွေးမြူစောင့်ရှောက်ရမည်တို့ကိုလည်း ရွေးချယ်နိုင်သည်။ သို့သော် အဆင့်တိုင်းမှာ ကုန်ရှုံးမှုရှိသည်ကို ရှင်းလင်းရန်လိုအပ်သည်။ ကွာရှင်းပြတ်စဲခြင်းကိစ္စကို ပိုမိုခက်ခဲအောင်လုပ်လျှင် လက်ထပ်ပြီးမှ ခွဲခွာခြင်းနည်းသွားမည်။ ထို့ပြင် ဝမ်းနည်းကြေကွဲသူ များလာမည်မှာ သေချာသည်။ ဤကိစ္စများသည် နူးညံ့သိမ်မွေ့သော ရွေးချယ်

မှုများဖြစ်၏။ ထို့ပြင် ဒီမိုကရေစီဖြစ်စဉ်နှင့် ပြဿနာကတော့ နိုင်ငံရေးသမားများအတွက် ဤကိစ္စများကို ရွေးချယ်ခံပုဂ္ဂိုလ်များ လက်ခံနိုင်မည့်နည်းလမ်းများဖြင့် တင်ပြရန် အခက်အခဲရှိခြင်းဖြစ်၏။ ၁၉၈၈–၈၉ ခုနှစ်က သမ္မတလောင်းဘုရှ်နှင့် ဂျာမန်အမိပတိ ခိုးလ်တို့သည် နှစ်နိုင်ငံစလုံးတွင် ရှင်းလင်းသောလိုအပ်ချက်အစား အခွန်ပိုမိုကောက်ခံရန် မလိုအပ်ကြောင်းတောင်းဆိုရန် သဘောတူခဲ့ကြ၏။ ရွေးချယ်မှုကို ရှေ့တန်းတင်ရန် စိတ်မပါခြင်း၊ အမှန်တရားကို ဖုံးကွယ်လိုခြင်းတို့သည် ပုဂ္ဂလိကနိုင်ငံရေးသမားများ၏ အပြစ်မဟုတ်ချေ။ စနစ်၏အပြစ်သာဖြစ်ရမည်။ ထို့ပြင် ဤပြဿနာသည် နောင်မျိုးဆက်သစ်များလက်ထက်အထိ အနောက်နိုင်ငံစက်မှုတိုင်းပြည်များမှ အစိုးရများ၏ ဆွေးနွေးစရာပြဿနာများအဖြစ် တည်ရှိနေဦးမည်။ ဘာမှားသလဲ။

ကျွန်တော့်မှာ ပြောစရာတွေရှိသည်။ နိုင်ငံရေး၏သဘာဝသည် ပြဿနာများကို အစိုးရများက ဖြေရှင်းနိုင်ရမည်ဟု တောင်းဆိုရန်ဖြစ်၏။ နိုင်ငံရေးသမားများကတော့ သူတို့သည် ပန်းတိုင်ရောက်အောင် သွားနိုင်သည်ဟုပြောရန် လိုအပ်သည်။ သို့သော် အမှန်ကတော့ သူတို့သည် စီးပွားရေးလုပ်ဆောင်ချက်များအပေါ် အနည်းငယ်သော ကန့်သတ်ချက်ဖြင့် ရင်းနှီးကျွမ်းမှုသာရှိကြသည်။ ထို့ပြင် လူသားစရိုက်နည်းပါးနေဆဲဖြစ်၏။ သူတို့သည် အန္တရာယ်များကို အမှားပြုလုပ်ရန် လွတ်လပ်ကြသည်။ အဓိကမှားယွင်းသောအပြောင်းအလဲများကို လုပ်ကြသည်။ ကျွန်တော်တို့သည် ဆိုဗီယက်ယူနီယံနှင့် အာရှင်တီးနားတိုင်းပြည်များတွင် အစွန်းရောက်စီမံခန့်ခွဲမှုများကို မျိုးဆက်တစ်ဆက်တိုင်ကြာအောင် ပြုလုပ်ခဲ့ကြသည်ကို ကြည့်သင့်သည်။ သို့သော် သူတို့၏အပြုသဘောဘက်တွင် လွတ်လပ်မှုကို ကန့်သတ်မျဉ်းထက် ပိုများသည်ကိုတွေ့ရ၏။ ကမ္ဘာပေါ်တွင် အစိုးရများ၏အာဏာကို လျော့နည်းစေသည့် ပြောင်းလဲမှုများက နေရာယူလျက်ရှိသည်။ အစိုးရများ ပိုမိုအားနည်းလာသည်။ ဘာကြောင့်လဲဆိုတော့ တခြားအရာများက ပိုမိုအားကောင်းလာသောကြောင့်ဖြစ်၏။ ဘဏ္ဍာရေးဈေးကွက်များ၊ ကော်ပိုရေးရှင်းကြီးများ၊ နိုင်ငံတကာမီဒီယာနှင့် ဖျော်ဖြေရေးလုပ်ငန်းများ၊ ချမ်းသာသော ပုဂ္ဂလိကတချို့၊ ဥပမာ– ရှော့စ်ပါးရော့ သို့မဟုတ် ဂျော့ဆိုရော့စ်။

ရွေးချယ်ခံရသူများသည် အစိုးရများအားနည်းခြင်းမှာ ဆန္ဒမဲရှင်များက အားနည်းသည့်အစိုးရများကို အရမ်းကာရောရွေးချယ်ခြင်းကြောင့်သာမဟုတ်၊ နိုင်ငံရေးသမားများသည် အားနည်းသောပုဂ္ဂလိကများဖြစ်သောကြောင့်ဖြစ်၏။ သို့သော် ဤဂ္ဂါစုနှစ်ကုန်ခါနီးတွင် ကမ္ဘာ့နိယာမလည်းဖြစ်သောကြောင့်ဟု ဆိုကြသည်။ ကမ္ဘာ၏ခြားနားသောဒေသများသည် ဤဖြစ်ရပ်မှန်အသစ်ကို တုံ့ပြန်ရန်လိုအပ်လာသည်။

နောင်မျိုးဆက်သစ်တွင် တိုးတက်မှုအတွက် ပံ့ပိုးရန် အရေးကြီးကိရိယာတစ်ခု ဖြစ်လာသည်။



## ၂၀၂၀ မှာရှိမည့် ကမ္ဘာ့အခြေအနေ
## မြောက်အမေရိက
## ယဉ်ကျေးမှုပေါင်းစုံသော အမေရိက

၂၀၂၀ ခုနှစ်ရောက်လျှင် အမေရိကန်သည် အသားဖြူအင်္ဂလိုဆက်ဆွန်ဇစ်မြစ်မှ ခပ်ဝေးဝေးသို့ ရွေ့သွားလိမ့်မည်။ နောင် ၂၅ နှစ်ကြာလျှင် အမေရိကသည် သြစတြေးလျမှအပ ပြည်ပမှ လူအများအပြား ဆက်လက်၍ ဝင်ခွင့်ပြုသည့် တစ်ခုတည်းသော ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာမည်။ ၁၉၈၀ ပြည့်နှစ်များက လွန်ခဲ့တဲ့ဆယ်စုနှစ်များကထက် လူဝင်ခွင့်ပြုလာခဲ့သည်။ ထို့ပြင် ပြည်ပမှဝင်ရောက်လာသူ ၉၀ ရာခိုင်နှုန်းကျော်သည် ဖွံ့ဖြိုးမှုနည်းပါးသော တိုင်းပြည်များမှဖြစ်ပြီး ဖွံ့ဖြိုးပြီး အမေရိကန်သို့ ဝင်ရောက်လာကြခြင်းဖြစ်၏။ အမေရိကန်လူဦးရေစာရင်းဌာန၏ စီးပွားရေးဗျူရိုက ကြိုတင်ဟောကိန်းထုတ်ထားခဲ့သည်မှာ အမေရိကန်သည် ၂၀၅၀ ခုနှစ်တွင် လူဖြူအနည်းစုဖြစ်လာလိမ့်မည်ဟုဖြစ်၏။ သို့သော် နောက်ရာစုနှစ်ဝက်ကြာသည့်တိုင် ယဉ်ကျေးမှုပေါင်းစုံသော လူမှုအဖွဲ့အစည်းအဖြစ် ခရီးရှည်ကြီးကို ဆက်လက်လျှောက်လှမ်းနေဦးမည်သာဖြစ်၏။ အကျိုးဆက်ကတော့ ယနေ့ အမေရိကန်နှင့် သိပ်ကွာခြားမည်မဟုတ်။ တခြားဝါရင့်ကမ္ဘာ့စက်မှုဒေသများနှင့် လုံးဝကွဲပြားပြီး

အကျိုးအမြတ် သို့မဟုတ် ထိုကဲ့သို့ လူများ ရွှေ့ပြောင်းဝင်ရောက်သည့် ကုန်ကျစရိတ်အတွက် အတွေ့အကြုံရှိမည်မဟုတ်။

အမေရိကန်သည် ကြီးမားပြီး တောက်ပြောင်လာမည်။ သို့သော် အနောက်ဥရောပ သို့မဟုတ် ဂျပန်တို့၏ အဆင့်အတန်းဖြင့်ဆိုလျှင် အထူးတလည်ချမ်းသာမည်မဟုတ်။ ဖွံ့ဖြိုးပြီးကမ္ဘာရှိ မည်သည့်နေရာနှင့်မဆို နှိုင်းယှဉ်လျှင် အမေရိကန်လူမျိုးများအားလုံးသည် ချမ်းသာကြွယ်ဝသည်ဟု မထင်ကြပေ။ အကြောင်းကတော့ အမေရိကန်၏စီးပွားရေးသည် ထိုဖွံ့ဖြိုးဆဲနိုင်ငံ၏အချက်အလက်များကို ဖော်ပြနေသောကြောင့်ဖြစ်၏။ တစ်နည်းအားဖြင့် တခြားကမ္ဘာပေါ်ရှိ စီးပွားရေးအလွန်ကောင်းနေသည့် တရုတ်ပြည်အတွက် မှန်ထဲမှ စိတ်ကူးရုပ်ပုံဖြစ်လာမည်။ တရုတ်ပြည်၏ဒေသအများစုသည် စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးနေဆဲဖြစ်၏။ သို့သော် စက်မှုအဆင့်အပြည့်အဝရှိသော ဒေသအများအပြားလည်းရှိနေမည်။ အမေရိကန်ပြည်၏ ဒေသအများအပြားကတော့ စီးပွားရေးတိုးတက်နေဦးမည်။ ထို့ပြင် ကမ္ဘာတစ်ခုလုံး၏အချမ်းသာဆုံးဒေသများအဖြစ် အမေရိကဒေသအစိတ်အပိုင်းများက ရပ်တည်လျက်ရှိသည်။ သို့သော် လူနေမှုအဆင့်အတန်းများ၊ ပညာရေးအဆင့်များ၊ အလုပ်လက်မဲ့နှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍများသည် စက်မှုနိုင်ငံတစ်နိုင်ငံထက် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအနေဖြင့် နီးစပ်လေသည်။

အမေရိကန်သည် ထူးခြားသောကမ္ဘာအဖြစ် လုပ်ဆောင်နေဦးမည်။ ဆိုဗီယက်အင်ပါယာကျဆုံးခြင်းနှင့် တရုတ်ပြည်က ဈေးကွက်စီးပွားရေး ပြောင်းလဲခြင်းသည် ပထမကမ္ဘာဖြစ်သော အနောက်စက်မှုနိုင်ငံများနှင့် ဒုတိယကမ္ဘာဖြစ်သည့် ကွန်မြူနစ်နိုင်ငံများ ခြားနားကွဲပြားစေသည်။ မြောက်အမေရိကတွင် ယဉ်ကျေးမှုပေါင်းစုံထွန်းကားလာခြင်းနှင့် ယဉ်ကျေးမှုများပြားသည့် စီးပွားရေးကြောင့် တရုတ်ပြည်သည်လည်း ပြောင်းလဲမှုများ ဖြစ်ပေါ်လာသဖြင့် ပထမနှင့် တတိယကမ္ဘာသို့သည် ပို၍ပို၍ မှုန်ဝါးလာ၏။

အမေရိကန်ကို အခြေခံအားဖြင့် ကွဲပြားခြားနားအောင် ဘာကပြုလုပ်သလဲဆိုလျှင် စက်မှုကမ္ဘာတွင် ယဉ်ကျေးမှုပေါင်းစုံသော တစ်ခုတည်းသော တိုင်းပြည်ဖြစ်၍ ညစ်ကြေးလျှကတော့ ခြွင်းချက်ဖြစ်၏။ တခြားမှ ရွှေ့ပြောင်းဝင်ရောက်လာကြသော လူအများစုသည် ဥရောပ သို့မဟုတ် ဂျပန်နိုင်ငံတို့ထက် စီးပွားရေးတိုးတက်အောင် လုပ်နိုင်ကြသူများဖြစ်၏။ သို့သော် ပညာတတ်နည်းပါးသောကြောင့် ကျွမ်းကျင်မှုမရှိသော အလုပ်သမားများက ဆင်းရဲသားများ ဖြစ်လာကြသည်။

အမေရိကန်သည် တခြားချမ်းသာသည့် တိုင်းပြည်များနှင့် လုံးဝမတူသော

ယဉ်ကျေးမှုရှိသည့်အချက်ကြောင့် အရေးပါပြီး မသက်သာသည့် မေးစရာများဖြစ်ပေါ်လာ၏။ ထိုမေးခွန်းမှာ ယဉ်ကျေးမှုတစ်မျိုးတည်းသာရှိသော တိုင်းပြည်ထက် ယဉ်ကျေးမှုပေါင်းစုံသောအဖွဲ့အစည်းက အရည်အချင်းပိုနည်းပါသလားဟူ၍ဖြစ်၏။ ထိုမေးခွန်းပါ အချက်အတိုင်းမဟုတ်ဘူးဆိုတာကို အချက်သုံးချက်ဖြင့် ပြနိုင်သည်။ ပထမအချက်အနေဖြင့် အလွန်ထင်ရှားသိသာလှပြီး ယဉ်ကျေးမှုတစ်မျိုးတည်းသာရှိသော အဖွဲ့အစည်းများသည် စီးပွားရေးအားဖြင့် အရည်အချင်းပြည့်စုံမှုမရှိကြောင်း တွေ့ရ၏။ ဒုတိယအနေဖြင့် ရွှေ့ပြောင်းဝင်ရောက်လာသူများသည် စွမ်းအင်၊ ကျွမ်းကျင်မှုများနှင့် စိတ်အားထက်သန်မှုများကို ယူဆောင်လာကြပြီး ထိုအခြေအနေများသည် ဒေသအား ပြန်လည်ခွန်အားဖြစ်စေသည်။ တတိယအချက်ကတော့ ကုန်ထုတ်လုပ်မှုမှသည် ဝန်ဆောင်မှုနှင့် အကြံဉာဏ်များကို ပြည်ပသို့ တင်ပို့နိုင်သဖြင့် အကျိုးခံစားရခြင်းဖြစ်၏။ ထို့ကြောင့် တစ်ခုတည်းသော သဘာဝရှိသည့် အမေရိကန်ပြည်သူများသည် ယခုထက်ပို၍ ကောင်းသော အိမ်မြေတိုက်တာများကို ပိုင်ဆိုင်လာလိမ့်မည်။ အရည်ပျော်နေသော အမေရိကသည် အကြံဉာဏ်အသစ်များ ထွက်လာမည်။ ထို့အကြံဉာဏ်သစ်များကြောင့် ဝန်ဆောင်မှုလုပ်ငန်းများက ကုန်ပစ္စည်းအသစ်များ ထုတ်လုပ်လာနိုင်လိမ့်မည်။

မည်သို့ဖြစ်စေ အမေရိကန်၏ယဉ်ကျေးမှုပေါင်းစုံသဘာဝက ငွေကုန်ကြေးကျများသော အဖွဲ့အစည်းတစ်ခုဖြစ်နိုင်သည်။ ခြားနားသော လူမျိုးစုနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် လူနည်းစုတို့၏အခွင့်အရေးများကို ကာကွယ်ခြင်းမှန်ကန်လျှင် သူတို့အဖွဲ့အကြား တရားမျှတမှုရှိရေးအတွက် အမေရိကန်အဖွဲ့အစည်းသည် လိုအပ်၍ ချီးမွမ်းစရာများဖြစ်လာ၏။ သို့သော် ကုန်ကျစရိတ်များ ဖြစ်ပေါ်လာမည်။ ဤကုန်ကျစရိတ်များသည် ဆေးဝါးနှင့် ဥပဒေရေးရာစနစ်များတွင် ထင်ရှားသိသာပြီး ပို၍ ဝန်ထုပ်ဝန်ပိုးဖြစ်၍ ဈေးနှုန်းကြီးလေသည်။ သို့သော် အသစ်ရွှေ့ပြောင်းဝင်ရောက်လာသူများ၏ ဝန်ထုပ်ဝန်ပိုး ပိုများလာသည်။ ဝမ်းနည်းဖွယ်ရာဥပမာတစ်ခုကို ပြောရလျှင် နယူးယောက်မြို့တွင် တီဘီရောဂါဖြစ်ပွားနှုန်းများလာသည့် ပြဿနာဖြစ်၏။ တကယ့်စစ်မှန်သောကမ္ဘာတွင် ထိုကဲ့သို့ ငွေကြေးသုံးစွဲခြင်းသည် ပို၍အရည်အချင်းပြည့်စုံသော အဖွဲ့အစည်းဖြစ်လာသင့်သည်။ သို့သော် လက်တွေ့အားဖြင့် သဘာဝရင်းမြစ်များကို အစဉ်အမြဲကောင်းစွာသုံးစွဲနိုင်ခြင်းမရှိပေ။ မေးဖွယ်ရာရှိသည်ကတော့ သာမန်အလယ်အလတ်တန်းစားများစွာသည် နိမ့်ကျသော လူနေမှုအဆင့်အတွက် ခွပေးရန်ပြင်ဆင်ထားပြီလား၊ သဘာဝအရတော့ ငွေပေါင်းများစွာ ပေးနေရခြင်းဖြစ်၏။

ထိုအနိုက်မှာပင် လူငယ်မျိုးဆက်သစ်များစွာသည် သံသရာစက်ဝန်းတစ်ခု အတွင်းမှာ ပိတ်မိနေပုံရပြီး သူတို့သည် ကျွမ်းကျင်မှုလည်းမရှိ၊ အလုပ်လုပ်ချင်သည့် ဆန္ဒလည်း ရှိပုံမရချေ။ သူတို့သည် တိုးတက်သော စက်မှုခေတ်လွန်ကာလ စီးပွား ရေးတွင် စီးပွားရေးအရ အသုံးကျအောင်ပြုလုပ်ခြင်းခံကြရသည်။ ထိုသံသရာစက် ဝန်း မည်ကဲ့သို့ကျိုးပေါက်သွားမည်ကို တွေးမြင်ရန် အလွန်ခက်ခဲသည်။ အမေရိကန် သည် လူသားရင်းမြစ်နှင့် အခွင့်အရေးတန်းတူရရှိရမည်ဟူသော ကတိကဝတ်နှင့် အတူ ဤလူများ၏ကျွမ်းကျင်မှုအဆင့် မြင့်မားလာအောင် ကြိုးစားလုပ်ဆောင်လာ လိမ့်မည်။ လူဆင်းရဲများတည်ရှိနေခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ပြဿနာ ကို ရောထွေးမပစ်ဖို့ အရေးကြီးသည်။ ရွှေ့ပြောင်းအလုပ်သမားအသစ်များစွာ၏ ခွန်အားသည် ပြောင်းလဲလွယ်ခြင်းနှင့် တခြားဖွံ့ဖြိုးပြီး ကမ္ဘာ့ဒေသအချို့တွင်မရှိသော တိုးတက်မှုကို ပေးစွမ်းနိုင်လိမ့်မည်။ သို့သော် ဆက်လက်စီးဆင်းနေသော ရွှေ့ပြောင်း အလုပ်သမားများသည် ရေတိုအချိန်တွင် စီးပွားရေးလုပ်ဆောင်ချက်ပေါ်သို့ ဆွဲတင် ခြင်း ခံရလိမ့်မည်သာဖြစ်၏။

ရွှေ့ပြောင်းအလုပ်သမားများကြောင့် အပြုသဘောဆောင်သည့် အကျိုး ရလဒ်များ ရရှိနိုင်သည်။ အရေးကြီးကတော့ ဈေးပေါသည့် လူငယ်အလုပ်သမား သည် အလုပ်လုပ်ရန်အဆင်သင့်ဖြစ်နေကြပြီး လုပ်ခဈေးနှုန်းကြီးမားသည့် အနောက် ဥရောပနှင့် ဂျပန်တို့တွင် လုပ်ခပိုမိုရရှိနိုင်သဖြင့် အမေရိကန်အနေဖြင့် ကုန်ထုတ်လုပ် သည့် အခြေခံဒေသများဖြစ်လာသည်။ သို့သော် အမေရိကန်တွင် အများအားဖြင့် အတွင်းပိုင်းမြို့တော်များနှင့် ကျယ်ပြန့်သောဒေသများ၌ စီးပွားရေးအောင်မြင်မှုကို အတားအဆီးဖြစ်စေသည့် ယဉ်ကျေးမှုများ ဆက်လက်ရှိနေဦးမည်။ ၁၉၈၉ ခုနှစ် တွင် ရာဇဝတ်မှုဖြစ်ပွားနှုန်းအများဖြစ်သည်ဟု လေ့လာတွေ့ရှိထားကြသည်။ အဓိက အကြောင်းကတော့ နယူးယောက်၏ စီးပွားရေးလုပ်ငန်းအသေးစားများသည် အမေရိကန်တစ်ပြည်လုံး၏ သုံးပုံတစ်ပုံသာ အလုပ်သစ်များကို လုပ်ကိုင်နိုင်ခဲ့သော ဖြစ်သည်ဆို၏။ ဤဖြစ်စဉ်ကို မည်သည့်စွမ်းအားက ပြောင်းလဲပစ်မည်ကို တွေးမြင် ရန် ခက်ခဲသည်။ လူငယ်များ လက်ခံနိုင်မည့် လုပ်ခရနိုင်သည်မှာ ရာဇဝတ်မှုလုပ်ငန်း ဖြစ်နေ၏။ အမေရိကန်၏ ဤအစိတ်အပိုင်းများ ဆက်လက်ကျဆင်းသွားမှာသာလျှင် အခွန်ဆောင်လူစုထံမှ စီးဝင်သည့်ငွေများမဖြစ်ဘဲ တတိယကမ္ဘာရှိ မြို့ပြလူနေမှုထက် ပိုမိုမြင့်မားလာမှာဖြစ်၏။ တကယ်တော့ ဥရောပ၌ ထိုဆင်တူယိုးမှားများရှိသည့် မြို့ပြများရှိနေသည်။ ထိုမြို့များတွင် စီးပွားရေးလှုပ်ရှားမှုအနည်းငယ် သို့မဟုတ် ပင်မရေစီးမရှိ။ ဈေးဆိုင်တောင်မရှိ။ သို့သော် အမေရိကန်တွင် ပြဿနာအတိုင်းအတာ

သည် အလွန်ကြီးမားကျယ်ပြန့်ပြီး သံသရာစက်ဝိုင်းအရ ပြုပြင်ရန် အလွန်ခက်ခဲ လေသည်။

ယဉ်ကျေးမှုအရ ခွဲခြားခြင်းသည် (လူမျိုးအရမဟုတ် သို့သော် တိုနှစ်မျိုးကို ခွဲခြားရန် ခက်ခဲသည်။) ယနေ့ထက် ပိုမိုမှတ်သားရန် ဖြစ်လာလိမ့်မည်။ စပိန်စကား ပြောသည့် ဒေသများ ပိုမိုကျယ်ပြန့်လာနေသည်။ ၂၀၂၀ ခုနှစ်တွင် ဤဒေသများသည် ရုပ်ဝတ္ထုအရ ပိုမိုကြီးမားလာရုံမက တောင်ကယ်လီဖိုးနီးယား၌ စပိန်စကားသည် အဆင့်ရှိ ဘာသာစကားဖြစ်လာမည်။ အင်္ဂလိပ်စကားကတော့ ထိပ်တန်းဘာသာ စကား ဖြစ်လာ၏။ မက္ကဆီကိုနယ်စပ်သည် နိုင်ငံရေးအကြောင်းတစ်ရပ်အနေဖြင့် ဆက်လက်တည်ရှိနေဦးမည်။ သို့သော် စီးပွားရေးအကြောင်းကြောင့် ရုပ်စဲသွားနိုင် သည်။ မြောက်အမေရိကသည် တိုးတက်သောစီးပွားရေးဒေသ ဖြစ်လာမည်။

●



## အမေရိကန်စီးပွားရေးနှင့် လုပ်ဆောင်ချက်

နောင်မျိုးဆက်သစ်တွင် အမေရိကန်၏ စီးပွားရေးအောင်မြင်မှုသည် အရည် အချင်းပြည့်ဝမှုအပေါ် တည်ရှိနေပြီး စက်မှုကဏ္ဍပေါ်သာ မှီငြမ်းပြုနေမည်မဟုတ်။ အမေရိကန်၏ စက်မှုလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုမြင့်မားခြင်းနှင့် လုပ်အားအဆင် သင့်ဖြစ်နေမှုကြောင့် ပိုမိုကောင်းမွန်လာမည်ဟု မျှော်လင့်ခြင်းသည် အကျိုးအကြောင်း နိုင်လှ၏။ သို့သော် စက်မှုနိုင်ငံတိုင်းမှာလိုပင် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လုပ်အားကို ဆက်လက်မှီခိုနေရဦးမည်။ ၂၀၁၀ ခုနှစ်ခန့်တွင် လုပ်အားစုပုံခြင်းဖြစ်စဉ်သည် **အဆုံး** သတ်ရန် နီးကပ်လာ၏။ ကုန်ထုတ်လုပ်မှုသည် အမေရိကန်စွမ်းအင်၏ **တစ်ဆယ်ရာ**

နှန်းထက်လျော့ကျပြီး ပိုနည်းသွားချိန်မှာ ရပ်စဲသွားမည်။ ဤအချက်တွင် အမေရိကန်သည် စက်မှုလုပ်ငန်း လျော့ချခြင်းဖြစ်စဉ်အနည်းနှင့်အများ ပြည့်စုံလာပြီး ဝါရင့်ဖွံ့ဖြိုးပြီး ကမ္ဘာ၏ အခြားအစိတ်အပိုင်းမှာရှိသည့်အနေအထားဖြစ်၏။ အင်္ဂလန်ကတော့ ခြွင်းချက်ဖြစ်ပြီး ဤသို့လုပ်မည့်အခြေအနေမရှိ။ အမေရိကန်သည် အစွန်းကျဉ်းမြောင်းသော်လည်း ကမ္ဘာတွင် ကုန်ထုတ်လုပ်မှုအများဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေဦးမည်။

ဘဏ်လုပ်ငန်းများ၊ လက်လီရောင်းချမှုများ၊ ဖြန့်ဖြူးခြင်းများလို လုပ်ငန်းများတွင် အမေရိကန်သည် အမျိုးသားကုန်ထုတ်မှု ရှယ်ယာ ပိုမိုတိုးတက်လျက်ရှိ၏။ ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံခြားပို့ကုန်၊ ဆော့ဖ်ဝဲယားတို့သည် အလျင်အမြန်တိုးတက်လာမည်။ ထို့ပြင် လုပ်ငန်းအသစ်များ ထွက်ပေါ်လာပြီး အလုပ်အကိုင်များရရှိလာသဖြင့် ချမ်းသာကြီးပွားလာနိုင်ကြ၏။

သို့သော် အမေရိကန်၏ စက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် အံ့ဩစရာကောင်းအောင် ပြည့်စုံလာလျှင် တိုင်းပြည်က ဘယ်လိုခံစားကြရမလဲ၊ အကြောင်းကတော့ အလယ်အလတ်တန်းစားလူများက ပို၍ဆင်းရဲလာကြမည်ဖြစ်သောကြောင့်လား။

အမေရိကန်လူမျိုးများအနေဖြင့် ပိုမိုချမ်းသာကြွယ်ဝလာသည်ဟု ခံစားလာကြရန် စီးပွားရေးတွင် ကုန်ထုတ်လုပ်ခြင်း၌ အလုံးစုံတိုးတက်လာမည်ဖြစ်၏။ ကုန်ထုတ်လုပ်ငန်းတွင် မည်သည့်အဆင့်မှာ တိုးတက်နေသည် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများ၏တိုးတက်မှုကို မြင်တွေ့ရန်ခက်ခဲသည်။ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားရေးအတွက် အသုံးစရိတ် အပိုကုန်ကျစေသည်။ သို့မဟုတ် ယခုမျိုးဆက်က လုပ်နိုင်သည်များကို နောင်မျိုးဆက်သစ်များက လုပ်နိုင်စွမ်းရှိမည်မဟုတ်။ တကယ့်လုပ်ခကို ပေးရန်ပျက်ကွက်သောကြောင့် လျော့ကြေးပေးရမည်။ ထို့ကြောင့် အလုပ်စွမ်းအားစုတွင် အမျိုးသမီးများ ပါဝင်လာခြင်းဖြင့် မိသားစု၏နေထိုင်မှုကို မြှင့်တင်ရန် လိုအပ်နေသည်။ တကယ့်လုပ်ခအတွက် အနည်းငယ်တိုးမြှင့်လာနိုင်သည်။ သို့သော် ကြီးမားလိမ့်မည်။ အမေရိကန်အများစုအတွက် လူနေမှုအဆင့်အတန်းမြင့်မားလာရန် မျှော်လင့်ချက်သည် သိသာခြင်းမရှိ။ ၂၀၂၀ ခုနှစ်တွင် လူလတ်တန်းစားမိသားစုသည် ၁၉၇၀ ခုနှစ်ကထက်အနည်းငယ်သာ မြင့်မားသော လူနေမှုအဆင့်အတန်းရှိလာနိုင်၏။ အကယ်၍ ဝင်ငွေတစ်မျိုးတည်းသာရှိလျှင် လုံးဝမြင့်မားလာနိုင်မည်မဟုတ်။ သာမန်အမေရိကန်မိသားစုများသည် အနောက်ဥရောပနှင့် ဂျပန်လူမျိုးမိသားစုများထက် ပိုမိုချမ်းသာကြွယ်ဝရန် မဖြစ်နိုင်ချေ။ နှစ်ပေါင်းတစ်ရာကျော်

ကထက် တည်ရှိခဲ့သောအခြေအနေမျိုးဖြစ်၏။

●




## အမေရိကန်စီးပွားရေးနှင့် ပုံသဏ္ဌာန်

အကယ်၍ အလုံးစုံသော လူနေမှုအဆင့်အတန်းများ၏ ဝေါဟာရအရ ပြောရလျှင် အမေရိကန်သည် ဥရောပနှင့် အရှေ့အာရှတို့နှင့် ပို၍တူလာပြီး စီးပွားရေးသဘာဝ၏ ပထဝီဝင်သည် ပိုမိုခြားနားလာလိမ့်မည်။ ဆက်သွယ်မှုတော်လှန်ရေးများသည် ရုံးလုပ်ငန်းများအား ပို၍ပို၍ လုပ်ဆောင်လာနိုင်မည်။ ယခုအချိန်ထိ ကမ္ဘာပေါ်ရှိ အခြားဒေသများကဲ့သို့ သူတို့အလုပ်သမားများ၏ နေထိုင်ပုံစံကို ဆွဲဆောင်ရန် ရွှေ့ပြောင်းနေကြပြီး မြို့ပြအလယ်များတွင် အလုပ်လုပ်နေကြသည်။ အမေရိကန်ရှိ ခြားနားကွဲပြားချက်မှာ မြို့ဟောင်းများတွင် စီးပွားရေးကျဆင်းလာသည်နှင့်အတူ သူတို့၏အစွန်အဖျားတွင် ဈေးဆိုင်များ တိုးပွားလာခြင်းဖြစ်၏။ အစွန်အဖျားမြို့များနှင့် မြို့ပြတစ်ပိုင်းများ ပေါ်ပေါက်လာပြီး လူအများစု ရောနှောနေထိုင်နေကြသည်။ သို့သော် လူဖြူလူချမ်းသာများကတော့ သီးခြားနေကြကြောင်း စာရေးဆရာ Joel Garreau က Edge City စာအုပ်တွင် အကျယ်တဝင့်ရေးသားတင်ပြခဲ့၏။

အစွန်အဖျားမြို့များနှင့် အတွင်းမြို့ပြများ ကျဆုံးနေသည်မှာ အဓိကသော့

ချက်ဖြစ်ပြီး ကျန်ကမ္ဘာနှင့် အမေရိကန်တို့၏ခြားနားချက်ဖြစ်စေသည်။ ဥရောပတိုက်သားများနှင့် အရှေ့အာရှတိုက်သားများသည် အလုပ်လုပ်ရန်အတွက် ကားလူးဆက်ဆံနေကြပြီး ပျော်ပြေရေးနှင့် အပန်းဖြေရေးအတွက် ဆက်လက်အသုံးပြုနေကြ၏။ ဥရောပမြို့ပြများ (ဂျပန်မဟုတ်) သည် ယခုခေတ်ကဲ့သို့ပင် မြို့ပြဒေသများ၌ အထီးကျန်ဘဝမှာ ရှိနေကြသည်။ သို့သော် မြို့လယ်ကောင်ရပ်ကွက်များထက် လူထုကဏ္ဍအသစ်တွင် အိမ်ခြေတိုက်တာများ တည်ဆောက်နေကြသည်။

အမေရိကန်နိုင်ငံ၏ ကြီးမားသော မြို့ဧရိယာများတွင် လူဦးရေရော စီးပွားရေးလုပ်ရှားမှုပါ ဆုံးရှုံးလိမ့်မည်။ သည့်နောက် သူတို့ ဘာတွေဖြစ်လာမလဲ။

အဓိကအချက်က နှစ်ခုရှိသည်။ ပိုမိုအခြေခံကျသူများသည် ဝန်ဆောင်မှုများကို ဖြတ်တောက်ခြင်း၊ သူတို့ပတ်ဝန်းကျင်၌ ခြိစည်းရိုးကာရံခြင်းနှင့် လူတွေအပြင်ဘက်မှာထားရှိရန် ကင်းလှည့်ခြင်းများ ပြုလုပ်လိမ့်မည်။ ဤအရာသည် ရက်စက်သော စီးပွားရေးဖြေရှင်းနည်းဖြစ်၏။ မြေယာတန်ဖိုးသည် အဆောက်အဦများ ဈေးချရန် လုံလောက်သော ထိုက်တန်မှုမရှိချေ။ မြို့ပြအတွင်းပိုင်းသည် အမှောင်ခေတ်ရောမကဲ့သို့ဖြစ်လာလိမ့်မည်။ သို့မဟုတ် အလယ်ခေတ် ဥရောပလို ဖြစ်လာလိမ့်မည်။ မြို့များ၏ အတွင်းပိုင်းတံတိုင်းများကို မျိုးဆက်သုံးဆက် သို့မဟုတ် ထိုထက်ပိုသော မျိုးဆက်များအထိ စွန့်ပစ်ကြသည့်အခါ လူဦးရေနှင့် စီးပွားရေးမတိုးတက်သေးသမျှ ပြန်းတီးမြေများ ဖြစ်သွားကြမည်။


အခြေခံဝါဒကို အနည်းငယ်သာ ယုံကြည်သောသူများသည် ရှုပ်ထွေးကုန်ကြလိမ့်မည်။ ဆိုလိုသည်မှာ မြို့တွင်းဒေသအများအပြားကို လက်ခံခြင်းသည် ပုံမှန်တန်ဖိုးအတွက် လမ်းကြောင်းပေါ်သို့ ဘယ်ခါမှ ရောက်လာနိုင်ခြင်းမရှိတော့ဘဲ ကျန်အသိုင်းအဝိုင်းထံမှ အကူအညီ ဆက်လက်လိုအပ်နေမည်ဟူ၍ဖြစ်၏။

လက်တွေ့အားဖြင့် ဤနည်းလမ်းများအား လက်ခံဖွယ်ရာရှိလေသည်။ မြို့တွင်းဒေသတချို့သည် အလွန်ဆိုးဝါးနေသဖြင့် သူတို့ စွန့်လွှတ်သွားဖွယ်ရာ ရှိနေ၏။ တခြားဒေသများကိုတော့ ပြုပြင်ဖာထေးသွားကြလိမ့်မည်။ သို့သော် စီးပွားရေးရှုထောင့်မှကြည့်လျှင် အကျိုးသက်ရောက်မှုကတော့ အတူတူပင်ဖြစ်သည်ဟု မြင်ရသည်။ အမေရိကန်၏ ကြီးမားလှသောစီးပွားရေးသည် စက်မှုကမ္ဘာကို ချန်ထားခဲ့ပြီး တိုးတက်လျက်ရှိသော ကမ္ဘာ၏ တချို့အစိတ်အပိုင်းသို့ ပြောင်းလဲသွားဖွယ်ရာရှိ၏။ ပထဝီဝင်အနေအထားအရကြည့်လျှင် ဤဒေသများသည် အလွန်သေးငယ်သည်။ မိုင်အနည်းသာရှိ၏။ သို့သော် စီးပွားရေးရှုထောင့်မှကြည့်လျှင် သူတို့၏ အကျိုးသက်ရောက်မှုသည် ကြီးမားသည်။ အလားတူ လူနေမှုအဆင့်အတန်းရှိသော

ဘဝတိယကမ္ဘာမှ မြို့ပြများတွင် နေသူများနှင့်မတူဘဲ သဘာဝရင်းမြစ်များ တိုးတက်ရန် မရရှိနိုင်သောကြောင့် အမေရိကန်ပြည်မြို့များတွင် နေထိုင်ကြသူများအား တိုင်းပြည်၏ ကျန်ဒေသရှိလူများက ထောက်ပံ့ကူညီနေကြရသည်။ ဗဟိုအစိုးရကလည်း ပြည်သူတွေကို ကူညီစောင့်ရှောက်ရန် အကူအညီများ ဆက်ပေးနေရသည်။ လူသားဂုဏ်သိက္ခာ အခြေခံရရှိရန်ဖြစ်၏။

သို့သော် ဤကိစ္စမှာပင် ခက်ခဲသည်။ အမေရိကန်ပြည်ဒေသတချို့၏ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းသည် အပြည့်အဝဖွံ့ဖြိုးတိုးတက်ပြီးသော ကမ္ဘာရှိ လူများထက် လက်တွေ့အားဖြင့် ပိုမိုချမ်းသာကြွယ်ဝသော တိုင်းပြည်များမှ လူများ၏အဆင့်အတန်းမျှသာ ရှိနေသေး၏။ ကမ္ဘာကုလသမဂ္ဂ၏ အစီရင်ခံစာများအရ လူသားဖွံ့ဖြိုးမှုအညွှန်းတွင် အမေရိကန်ပြည်၏ အာဖရိက–အမေရိကန်လူဦးရေ၏အဆင့်အတန်းသည် ထရီနီဒက်နှင့် ဘဟားမားတိုင်းပြည်တို့ထက် အနည်းငယ်ပို၍ ဟစ်စပန်နစ်ရှိ ပြည်သူများကတော့ သူတို့ထက် နိမ့်ကျလျက်ရှိကြောင်း သိရ၏။ ကမ္ဘာ့ကုလသမဂ္ဂက လူမျိုးအရ ကွာခြားမှုကိုကြည့်ခြင်းဖြစ်၏။ သို့သော် ပထဝီဝင်အနေအထားနှင့် ယဉ်ကျေးမှုအရ ရှုမြင်လျှင် ပို၍သင့်လျော်မည်။

စီးပွားရေးနစ်မျိုးစနစ်သည် လူမှုရေးအရ ကြာရှည်ခံနိုင်ပါ့မလား။ အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်လျက်ရှိသော တိုင်းပြည်များကဲ့သို့မဟုတ်ဘဲ ပထဝီဝင်အနေအထားအရ ကြာရှည်ခံနိုင်လိမ့်မည်။ အမေရိကန်တွင် စီးပွားရေးပုံစံနှစ်မျိုးတည်ရှိရန် မေးရာရှိသည်။ သို့သော် ကမ္ဘာပေါ်ရှိ မည်သည့်တိုင်းပြည်မှာမဆို ပုံစံနှစ်မျိုးသည် လက်တွေ့အားဖြင့် အားတက်ဖွယ်ရာမရှိ။ လွန်ခဲ့သောရာစုနှစ်အတွင်းက ဥရောပတွင် ဝင်ငွေနှင့် ချမ်းသာကြွယ်ဝမှု ကွာခြားမှုကြီးမားခဲ့သောကြောင့် လူမှုရေးတင်းမာမှုများ ဖြစ်ပေါ်ခဲ့၏။ ထိုတင်းမာမှုများကြောင့် စီးပွားရေးဘဝကဏ္ဍကြီးများတွင် အစိုးရ၏ ပါဝင်ဆောင်ရွက်မှုများနှင့် သက်သာချောင်ချိလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေသည်။ ယနေ့ခေတ် အမျိုးသားတိုင်းပြည်များတွင် ဒေသအရ ဝင်ငွေကွာဟမှုများမှာ ရှိနေသည်။ သို့သော် စစ်မှန်သော စီးပွားရေးပုံစံနှစ်မျိုးဖြင့် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးမှုနည်းပါးမှု နှစ်ဖက်ကို ဒေသတစ်ခုအတွင်းမှာ တည်ရှိနေသော တိုင်းပြည်တစ်ပြည်ရှိ၏။ တောင်အမေရိကဖြစ်သည်။



## စူပါ ပါဝါအဖြစ် ဆက်လက်တည်ရှိနေဦးမည်

မြောက်အမေရိကသည် ကမ္ဘာပေါ်တွင် ထင်ရှားသည့် ချမ်းသာကြွယ်ဝဆုံး ဒေသအဖြစ် ဆက်လက်တည်ရှိနေမည်မဟုတ်။ သို့သော် အမေရိကန်ပြည်ထောင်စုသည် အင်အားကြီးနိုင်ငံ (Superpower) အဖြစ် ဆက်လက်ရှိနေဦးမည်။ နောင်မျိုးဆက်တွင် စစ်အင်အား၊ တိုင်းပြည်တစ်ပြည်အဖြစ် ရပ်တည်ခြင်းနှင့် ထူးခြားသောအရွယ်အစားကြောင့် နိုင်ငံရေးအရ ကမ္ဘာ့ခေါင်းဆောင် ဖြစ်နေဦးမည်သာဖြစ်၏။ ဥရောပ သို့မဟုတ် အရှေ့အာရှတို့ ပူးပေါင်းလျှင်သော်မှ ဤကဲ့သို့ အင်အားရှိမည်မဟုတ်။ အနောက်ဥရောပသည် နိုင်ငံရေးအရ အစေးကပ်မှုမရှိ။ ထို့ပြင် ဒေသအစွန်းများကိုပူးပေါင်းပြီး ကြိုတင်နေရာယူထားကြသည်။ အရှေ့အာရှ၏ အာဏာသည် စီးပွားရေးအကြီးမားဆုံးနှစ်ခုဖြစ်သည့် ဂျပန်နှင့် တရုတ်တို့အား ကွဲပြဲနေလိမ့်မည်။ ၂၁ ရာစုသည် အာရှ၏ ရာစုအဖြစ် ပြောင်းလဲသွားမည်။ သို့သော် ဒုတိယဆယ်စုနှစ်အဆုံးအထိ ရှင်းလင်းပီသခြင်း ရှိမည်မဟုတ်။

ထိုအချိန်တွင် အမေရိကန်၏ အသိပညာအရ ခေါင်းဆောင်မှုသည် ဆက်လက်ရှိနေမည်။ ကမ္ဘာပေါ်တွင် ဦးနောက်အကောင်းဆုံးသံလိုက်ဖြစ်နေ၏။ ထိုအရာသည် အမေရိကန်တက္ကသိုလ်များနှင့် သုတေသနဌာနများတွင် နိုင်ငံခြားသားများဝင်ရောက်လုပ်ကိုင်ခြင်းအပေါ် မှီခိုနေရသဖြင့် ရှုပ်ထွေးသောအကျိုးတရားများကိုဖြစ်ပေါ်စေသည်။ သို့သော် အမေရိကန်သည် သူ၏ယဉ်ကျေးမှု၊ အကြံဉာဏ်အတွေးအခေါ်များနှင့် ဘာသာစကားများကို နိုင်ငံရပ်ခြားသို့ ဆက်လက်တင်ပို့နေဦးမည်ဖြစ်၏။ သိပ္ပံနှင့် ဖျော်ဖြေရေးကိစ္စများတွင် ကမ္ဘာ့ဘာသာစကားဖြစ်သည့် အင်္ဂလိပ်ဘာသာသည် ပိုမိုစိတ်ချရပြီး အမေရိကန်မှာတော့ အားနည်းနေလိမ့်ဦးမည်။

ကမ္ဘာ့ခေါင်းဆောင်ဖြစ်သော်လည်း ကမ္ဘာ့ပေါ်တွင် အချမ်းသာဆုံးတိုင်းပြည် မဟုတ်တော့သည့်အတွက် အမေရိကန်သည် ထိုအချက်ကို မည်သို့ဖြေရှင်းမလဲ။ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်အဖြစ် ဆက်လက်ရပ်တည်လိုခြင်းရှိရဲ့လား။ နောင်မျိုးဆက်သစ်အတွက်အထိ ဤသို့ဆောင်ရွက်ရန် ပြင်ဆင်ထားကောင်း ထားလိမ့်မည်။ အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ်မှ ထွက်ခွာသွားရန် ခက်ခဲသည်။ သို့သော် ၂၀၂၀ ခုနှစ်တွင် နိုင်ငံတကာခေါင်းဆောင်မှုအတွက် ပြည်တွင်းထောက်ခံမှုသည် နည်းပါးနေသည်။ အကယ်၍ အမေရိကန်သည် ကမ္ဘာ့ပေါ်မှာ အချမ်းသာဆုံးနိုင်ငံမဟုတ်တော့လျှင် တခြားနိုင်ငံများက မိမိတို့ဘာသာ လုံခြုံရေးကို ဆောင်ရွက်နိုင်ပါလျက် သူက ဘာကြောင့် တာဝန်ဆက်လက်ယူမလဲ။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာလုံးဆိုင်ရာ စစ်ရေးခေါင်းဆောင်လုပ်မည့်သူမရှိသောကြောင့်ဖြစ်၏။ သို့သော် ထိုကဏ္ဍမှာ ပါဝင်ဆောင်ရွက်ရန်ဆိုလျှင် ရပ်ပိုင်းဆိုင်ရာ ထောက်ပံ့မှု လျော့နည်းသွားလိမ့်မည်။ အမေရိကန်သည် စစ်တပ်အားလုံးကို ရုပ်သိမ်းသွားလိမ့်မည်။ သို့သော် ဥရောပနှင့် အရှေ့အာရှမှ စစ်တပ်များကို ၁၉၉၀ ပြည့်နှစ်များကကဲ့သို့ အင်အားလျှော့ချရန်ရှိသည်။ ဥရောပသည် သူ့ကိုယ်သူ ကာကွယ်ရလိမ့်မည်။ ထို့အတူ ဂျပန်လည်း မိမိလုံခြုံရေးကို မိမိဘာသာ တာဝန်ယူရလိမ့်မည်။

အမေရိကန်စစ်တပ်က ကြိုတင်နေရာယူမည့်အစား မိမိကိုယ်မိမိ ကာကွယ်ရမည့်အပြင် နိုင်ငံတကာအကြမ်းဖက်မှုများကိုလည်း ထိန်းချုပ်ရသောကြောင့် အဓိကတိုင်းပြည်၏စစ်တပ်များအစား ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း ပိုမိုသဘောပေါက်စေသည်။ ဥပမာ အမေရိကန်သည် အရှေ့အလယ်ပိုင်းနှင့် လက်တင်အမေရိကတို့တွင် သဘာဝအားဖြင့် စိတ်ဝင်စားမှုရှိနေသည်။ ထို့ပြင် ကျန်ကမ္ဘာ့ဒေသများ တည်ငြိမ်ရေးအတွက်လည်း စိတ်ဝင်စားသည်။ ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ စစ်အင်အား မည်ကဲ့သို့ စီမံသည်ကို အထူးစိတ်ပူပန်နေရသည်။ ထိုအစီအစဉ်သည် ၂၀၂၀ ခုနှစ်အထိ ပြီးဆုံးလိမ့်ဦးမည်မဟုတ်ချေ။ သို့သော် အမေရိကန်အား တိုက်ရိုက်ခြိမ်းခြောက်မှုကတော့ ပျောက်ကွယ်သွားလိမ့်မည်။ ထို့ပြင် သူ၏အကျိုးစီးပွားကို တိုက်ရိုက်မထိခိုက်ဘဲနေသရွေ့ အမေရိကန်သည် ဒုက္ခရောက်နေသော အရေးကြီးဒေသများကို ဝင်ရောက်စွက်ဖက်ရန် စိတ်မပါဘဲဖြစ်နေ၏။ အမေရိကန်သည် အထီးကျန်ဝါဒသို့ ပြောင်းလဲသွားမည်မဟုတ်။ သို့သော် ကမ္ဘာ့ပြဿနာများကို သူ့အနေဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ဟု လက်ခံလာသိမ့်မည်။


အမေရိကန်က ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှုမှ ပြန်နောက်ဆုတ်သော

အရိပ်လက္ခဏာကြောင့် အမျိုးသားအောင်ကျင်စီများအား ငွေကြေးထောက်ပံ့မှုများ အားနည်းလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်၊ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများသည် အကျိုးဆက်အားဖြင့် အရေးကြီးသည့်အဖွဲ့အစည်းအဖြစ်မှ မှေးမှိန်လာလိမ့်မည်။ သူတို့၏ ဆောင်ရွက်ချက်များသည် ပုဂ္ဂလိကကဏ္ဍသို့ တိုးတက်ပြောင်းလဲသွားမည်။ ဗျူရိုကရေစီများ ကြာရှည်ခံသကဲ့သို့ သူတို့၏ကိုယ်စားလှယ်များ ဆက်လက်တည်ရှိနေဦးမည်။ သို့သော် အမေရိကန်က သူတို့အား ငွေကြေးရန်ပုံငွေ ထောက်ပံ့မှုများ ပျောက်ကွယ်သွားလျှင် သူတို့၏အခန်းကဏ္ဍသည် ကျုံ့သွားလိမ့်မည်။

အများအားဖြင့် အမေရိကန်ပြည်သူများက အစိုးရအား ထောက်ပံ့သည့် အတိုင်းအတာအပေါ် များစွာတည်နေ၏။ ၁၉၆၀ ပြည့်နှစ်များမှစ၍ ဥရောပနှင့် ဂျပန်နိုင်ငံတို့ထက် အမေရိကန်၏ဆောင်ရွက်ချက်များ အားနည်းလာခဲ့သည်။ အမေရိကန်သည် အမျိုးသားရေးကိစ္စနှင့် သူပိုင်ဆိုင်သော စီးပွားရေးဇုန်များ ဆက်နွှယ်မှုအကြောင်းကို အခြေအတင်မပြောခဲ့သည့် ဥရောပနိုင်ငံများအပေါ် အကျိုးများစွာ ရရှိခဲ့သည်။ ပိုမိုကျယ်ပြန့်သော တိုင်းပြည်အုပ်စုများအား အာဏာလွှမ်းမိုးရန် အခြေအနေမဟုတ်။ ထို့ပြင် ဤဖြစ်စဉ်ထဲတွင် ဗျူရိုကရေစီ ဝန်ထုပ်ဝန်ပိုးပါဝင်နေသည်ကို မြင်ရသည်။ အမေရိကန်၏ ဒီမိုကရေစီစနစ်သည် တိုင်းပြည်တစ်ပြည်အတွက် ငွေကုန်ကြေးကျများရှိသာမဟုတ် ဆုံးဖြတ်ချက်များမှတစ်ဆင့် လုပ်ဆောင်ရန် အခက်အခဲများရှိသည်။ အကယ်၍ စနစ်အတွက် အထွေထွေအတည်ပြုချက်ရှိလျှင် ကိစ္စမဟုတ်၊ သို့သော် စနစ်ကျကိုပြောင်းလဲရန် အမေရိကန်ပြည်တွင်းမှာ ဖိအားပေးမှုခံနေရသည်။ သာမန်ပြည်သူများကတော့ ခပ်ဝေးဝေးသို့ ရှောင်နေကြ၏။ အမျိုးသားရွေးကောက်ပွဲများတွင် ဥရောပနှင့် ဂျပန်တို့ထက် ဆန္ဒမဲရှင်အများအပြား ဆန္ဒမဲပေးရန် ပျက်ကွက်လျက်ရှိသည်။ ၁၉၉၂ ခုနှစ် နိုဝင်ဘာတွင် ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် ၅၅ ရာနှုန်းသာ ဆန္ဒမဲပေးခဲ့ကြသည်။ ၁၉၉၂ ခုနှစ် ဧပြီတွင် ဗြိတိန်၌ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ၇၇.၇ ရာနှုန်း မဲပေးခဲ့သည်ကို နှိုင်းယှဉ်ကြည့်သင့်သည်။ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ဂျပန်၌ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲမှာ ၇၃.၃ ရာနှုန်း ဆန္ဒမဲပေးခဲ့ကြသည်။

အကယ်၍ အမျိုးသားနိုင်ငံရေးသမားများ အာဏာရလာလျှင် ယုံကြည်မှု အနည်းငယ်ရှိပါက ကမ္ဘာ့ပုလိပ်တပ်ဖွဲ့ ဖွဲ့စည်းရန် ထောက်ခံမှုရနိုင်မည်မဟုတ်။ သဘာဝအားဖြင့် လုံလောက်သောတုံ့ပြန်ချက်ဖြစ်၏။ သို့သော် ကျန်ကမ္ဘာ့အစိတ်အပိုင်းအတွက် စိတ်ပူပန်မှုများစွာဖြစ်စေသည့်ကိစ္စတစ်ခုဖြစ်၏။ အမေရိကန်သည်

အနောက်မဟာမိတ်များ၏ ကြင်နာတတ်၍ ဂုဏ်ယူစရာကောင်းသော နိုင်ငံဖြစ်လာမည်။ ကမ္ဘာ့ခေါင်းဆောင်မှုအတွက် ပြည်တွင်းထောက်ခံမှုနည်းပါးလေ ကမ္ဘာကြီးသည် အန္တရာယ်ပိုများလေဖြစ်မည်။



## ရွေးချယ်စရာများ

အမေရိကန်သည် ပြည်တွင်းရေးရာကိစ္စများအတွက် ခက်ခဲသောရွေးချယ်စရာတချို့ ပြုလုပ်ရလိမ့်မည်။ အဲဒါကတော့ အမေရိကန်ပြည်သူတို့၏စိတ်ထဲတွင် တဖြည်းဖြည်းဝင်ရောက်လာသည့် အမေရိကန်ပြည်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံ မဟုတ်တော့ဘူးဆိုသည့်အတွေးအမြင်ဖြစ်၏။ ပြည်သူတွေကတော့ ဘာကြောင့်ပါလိမ့်ဟု အံ့သြနေကြလိမ့်မည်။ အမေရိကန်၏ များလှစွာသော အိမ်ခြံမြေငွေကြေးများကို နိုင်ငံခြားသားများက ဘာကြောင့် ပိုင်ဆိုင်နေကြပါလိမ့်ဟုလည်း သူတို့ တွေးတောအံ့သြနေကြ၏။ ၁၉၈၀ ပြည့်နှစ်များ၊ ၁၉၉၀ ပြည့်နှစ်များနှင့် ၂၀၀၀ ပြည့်နှစ်စောစောပိုင်းက အမေရိကန်၏ ပြည်ပလိုငွေသည် ငွေချေးခြင်းဖြင့် ညီမျှသွားခဲ့သည်။ တုံ့ပြန်ချက်ကတော့ ကာကွယ်ရေးဝါဒဖြစ်၏။ တခြားပျက်စီးဖွယ်ရာ တုံ့ပြန်ချက်သည် နိုင်ငံခြားသားပိုင် အိမ်ခြံမြေငွေကြေးများကို ပြည်သူပိုင်သိမ်းရန် ဖိအားပေးမှုဖြစ်သည်။ သို့သော် တခြားထိုးနက်ချက်သည် တကယ့်ပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိ။ ဘာကြောင့်လဲဆိုတော့ အမေရိကန်မှသာ တာဝန်ရှိသောကြောင့်ဖြစ်၏။ အသင်းအဖွဲ့အလုံးစုံကို ဆောင်ရွက်ရန်သည် ကုန်ကျစရိတ်များပြားသည်။

အထူးပြဿနာများကတော့ ဗျူရိုကရေစီယန္တရား၊ လုံခြုံရေးပြဿနာများနှင့်

ဘ၀နေထိုင်မှုဟု ခေါ်ဆိုရမည့်ကိစ္စများဖြစ်၏

ဗျူရိုကရေစီပြဿနာများထဲတွင် ဖိအားပေးအုပ်စုများက သူတို့အမြင်ကို ချပြနိုင်ခြင်း၊ သို့မဟုတ် ရန်ပုံငွေများကို ထုတ်ယူနိုင်ခြင်းတို့ ပါဝင်သည်။ ဂျူရီလူကြီးများက အာမခံကုမ္ပဏီများ၊ ဘဏ်နှင့် ကော်ပိုရေးရှင်းကြီးများအပေါ် ချမှတ်သည့် ဆု၏အရွယ်အစား၊ စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းသည့် ကုန်ကျစရိတ်၊ ရာဇဝတ်သားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ တရားရုံးများ၏ သဘောပေါက်မှု၊ ရွေးကောက်ပွဲများအတွက် ကုန်ကျစရိတ် စသည်များလည်းပါသည်။

ရာဇဝတ်မှုပြဿနာများမှလွဲ၍ လုံခြုံရေးပြဿနာများသည် လူမှုဆန့်ကျင်ရေးအပြုအမူကို လက်ခံခြင်းပါဝင်သည်။ မူးယစ်ဆေးဝါးကျယ်ပြန့်လာခြင်း၊ လက်နက်ကိုင်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းတို့ ပါဝင်၏။

ဘ၀နေထိုင်ပုံပြဿနာများသည် ကျယ်ပြန့်၏။ သူတို့သည် အထက်တန်းပညာအဆင့်အတန်းရောက်အောင် တွန်းပို့ရန်ပျက်ကွက်ခြင်း၊ (သို့မဟုတ် ဘာသာစကား သုံးစွဲရာတွင် သာမန်အဆင့်အတန်းများ)မှသည် ဝင်ငွေစုဆောင်းမှုနည်းပါးသည့်အဆင့်အထိ ရှိသည်။ လင်မယားပြတ်စဲကွာရှင်းမှုနှုန်းများခြင်း၊ သို့မဟုတ် မိခင်တစ်ဦးတည်းက ကလေးမွေးဖွားမှုအချိုးအစားကြီးမားလာခြင်းတို့ ပါဝင်သည်။

ဤပြဿနာများအားလုံးသည် အများအပြားဖြစ်သော်လည်း။ အမေရိကန်ဆင်းရဲသားများ၏ပြဿနာမဟုတ်ကြောင်း ရှင်းလင်းစွာသိထားရန် အရေးကြီးသည်။ တချို့ပြဿနာများသည် ထိပ်တန်းမှ လူများ၏ပြဿနာဖြစ်၏။ လူတချို့သည် စီးပွားရေးနှင့် အသက်မွေးကြောင်းအသိုင်းအဝိုင်းထဲမှ လူ့ကျင့်ဝတ်ဆိုင်ရာပြဿနာအဖြစ် ပါဝင်စေချင်ကြသည်။ ပြဿနာများဟု သတ်မှတ်ပြောဆိုရသည့် များစွာသော ဤအကြောင်းများသည် လွတ်လပ်မှုများလည်း ဖြစ်သည်။ သို့သော် ထိုလွတ်လပ်မှုကြောင့် အမေရိကအား လိုအပ်သည်ထက် ပိုမိုဆင်းရဲစေသည်။ ထို့ပြင် သာမန်အမေရိကန်များသည် ဤကုန်ကျစရိတ်များနှင့် အနှောင့်အယှက်များကို သတိပြုမိကြသည်။

အခါအားလျော်စွာ ဤအနှောင့်အယှက်အား ဖြိုခွဲနိုင်လိမ့်မည်။ ထိုအချိန်မှာ တည်ဆောက်နေသည်။ သို့သော် ယခုအချိန်မှာ ဖြစ်တည်မနေသော တန်ဖိုးစနစ်သည် အလွန်အားကောင်းနေသောကြောင့် အတားအဆီးများဖြစ်နေ၏။ သမ္မတကလင်တန်က မီးမောင်းထိုးပြခဲ့သလို ဤအတားအဆီးများတွင် ဆေးဝါးနှင့် တရားဝင်အဖွဲ့များကဲ့သို့ သက်မွေးဝမ်းကြောင်းကိစ္စများပါဝင်နေ၏။ အဆင့်တချို့တွင် နှောင်ရာစုနှစ်၏ ဒုတိယ[illegible]ည်စုခန့်တွင် အမေရိကန်၏ အခြေခံ[illegible]သဘောထားသည် အခါ

အားလျော်စွာ ပြောင်းလဲသွားနိုင်သည်။ သမ္မတ ဖရင်ကလင်ဒီ ရို့စ်ဗဲ့၏ လက်ထက်က ဤသို့ ပုံစံသစ်ဖြင့် ပြောင်းလဲခဲ့ဖူးသည်။ ဤအပြောင်းအလဲမျိုးသည် တည်ရှိနေသော နိုင်ငံရေးစနစ်အတွင်း ဖြစ်ပေါ်နိုင်သည်။ သမ္မတအသစ်သည် ပြည်သူများ၏ အခွင့်အရေးရပိုင်ခွင့်ထက် တာဝန်များကို အဓိပ္ပာယ်ဖွင့်ဆိုပြောတတ်သည်။ ထို့ပြင် သူတို့ချင်း တိုက်တွန်းမှုလည်းပါသည်။

အမေရိကသည် ၁၉၅၀ ပြည့်နှစ်များကကဲ့သို့ မိမိကိုယ်မိမိ ယုံကြည်သည့်ဘဝသို့ ပြန်သွားတော့မည်မဟုတ်ချေ။ ဖြစ်နိုင်ခြေများကတော့ ၁၉၉၀ ပြည့်နှစ်များကကဲ့သို့ လျင်မြန်စွာပြောင်းလဲသောအဖွဲ့ အစည်းအဖြစ် ပြန်ရောက်သွားနိုင်သည်။ နောင် ၁၅ နှစ် သို့မဟုတ် နှစ်ပေါင်း ၂၀ ခန့်တွင် တည်ထောင်ထားသော အမေရိကန်ယဉ်ကျေးမှုနှစ်ခုအကြား လွန်ဆွဲပွဲကြီး ဖြစ်ပွားလာနိုင်သည်။ အမေရိကန်အရင်းရှင်ဝါဒကို ဖန်တီးသော ပုဂ္ဂလိက မိမိကိုယ်မိမိ ရပ်တည်ခြင်းနှင့် ကူညီပေးခြင်းသည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံဖြစ်စေသည်။

ပုဂ္ဂလိက တာဝန်ယူခြင်းသဘောထားကို ငြင်းပယ်ခြင်းသည် တချို့တက္ကသိုလ်ကျောင်းများတွင် ရှိနေသည်။ ပြင်ပအင်အားထက် ပုဂ္ဂလိက လူမှုရေးအကျိုးသက်ရောက်မှုပြဿနာကြောင့် မိုက်မဲခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ပျင်းရိခြင်းနှင့် ကောက်ကျစ်စဉ်းလဲမှုများ ဖြစ်ပေါ်စေသည်ကို အတိုင်းအတာတစ်ခုအထိ ဆွေးနွေး၍မရနိုင်ချေ။ ၁၉၉၄ နှစ်တွင် ခုခံအားကျဆင်းမှုရောဂါကြောင့် သေဆုံးသွားခဲ့သော အမေရိကန်တင်းနစ်ချန်ပီယံ အာသာအက်ရှ်က မကွယ်လွန်မီ စာအုပ်တစ်အုပ် ရေးခဲ့သည်။ သူက အမေရိကန်လူမည်းများအား မိမိတို့၏ ကိုယ်ပိုင်ပြုမူဆောင်ရွက်ချက်ကို ဂရုစိုက်ကြရန်နှင့် တာဝန်ယူရန် တိုက်တွန်းခဲ့သည်။ အသက် ၁၈ နှင့် ၃၀ အကြားရှိ အမေရိကန်လူမည်းလေးယောက်အနက် တစ်ယောက်သည် အကျဉ်း ထောင်ထဲရောက်နေသည်၊ သို့မဟုတ် ထွက်မပြေးပါဘူးဟု ကတိသစ္စာဆိုပြီးနောက် ထွက်ပြေးလွတ်မြောက်နေကြသည်မှာ အထူးသဖြင့် ပျက်စီးခြင်းသို့ ရောက်နေသည်ဟု သူက ကိုးကားပြောဆိုခဲ့သည်။ သို့သော် အမေရိကန်၏ပြဿနာကို တစ်ဦးတစ်ယောက်တည်းအပေါ် သို့မဟုတ် လူမျိုးရေးအရ မရှုမြင်သင့်ပေ။ အကြောင်းမှာ တခြားလူမျိုးအသိုင်းအဝိုင်းထဲ၌ မတူသောနည်းလမ်းများရှိစေကာမူ တာဝန်ယူရန် ငြင်းဆိုခြင်းသည် ထင်ရှားသိသာသောကြောင့်ဖြစ်၏။ ဥပဒေမလိုက်နာခြင်း၊ အမေရိကန်မဟုတ်သူများကို တရားစွဲဆိုခြင်းသည် အကျိုးအကြောင်းမဆီလျော်ဟု ရှုမြင်ရာသည်။ သို့မဟုတ် အာမခံကြေးငွေတောင်းခံသူများသည် ဆင်းရဲသားလူမည်းများထက် ဝင်ငွေကောင်းသည့် အထက်တန်းလွှာ လူဖြူကာ များ

သည်။ ထို့ပြင် အမျိုးသား ကြွယ်ဝချမ်းသာရေးကို ဖျက်ဆီးနေကြသည်။

ဤအရာများအားလုံး ပြောင်းလဲသွားလိမ့်မည်။ အမေရိကန် သိပ်ပြီးချစ်မြတ်နိုးသူများကတော့ လုပ်နိုင်မည်မဟုတ်။ သို့သော် ဤပြည်တွင်းရေးရာပြဿနာများကို ရင်ဆိုင်ဖြေရှင်းခြင်းနှင့် ကမ္ဘာပေါ်မှာ မိမိနေရာ ပြန်ရရှိရေးအတွက် အမေရိကန်သည် အရည်အချင်းရှိပြီး မျှော်လင့်ချက်ရှိသည်။ ချမ်းသာကြွယ်ဝခြင်း၊ အစာရေစာပေါများခြင်းနှင့် စွမ်းအင်များသည် အမေရိကန်အသင်းအဖွဲ့များတွင် ရှိသောကြောင့် လူမှုရေးဦးတည်ချက်ကို အတိတ်က အကြီးအကျယ်ပြောင်းလဲနိုင်ခဲ့သည်။ တစ်ခါတစ်ရံ သာမန်အမေရိကန်များသည် လက်ထပ်ပြီး အိမ်ထောင်တစ်ဝက်မျှ ကွာရှင်းပြတ်စဲခြင်း၊ နှစ်နာရီအတွင်း အကြမ်းဖက်ဇာတ်လမ်းများစွာကို ပြသနိုင်သော ရုပ်ရှင်ဇာတ်ကားများရှိသော တိုင်းပြည်တွင် နေထိုင်ခြင်းမပြုလိုကြပေ။ အုတ်မြစ်နက်ရှိုင်းစွာ တူး၍ အဆောက်အဦများ ဆောက်လုပ်ရန် ဖိအားပေးခြင်း တန်ဖိုးပြောင်းလဲစေနိုင်သော မြေလျှင်များ ဖြစ်ပေါ်စေသည်။ သေနတ်ကိုင်ဆောင်မှု ထိန်းချုပ်ရန် တောင်းဆိုခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပြန်လည်ပြုပြင်ရန် သမ္မတကလင်တန်က ကြိုးပမ်းခြင်းများသည် ကောင်းသောအလားအလာများဖြစ်သည်ဟု အာသာအကဲ်ရှိကရေးခဲ့သည်။ ဤဖိအားများကို သုံးသပ်ရာတွင် မြေငလျင်လှုပ်မှုနှေးကွေးလေ မြေငလျင်လှုပ်လျှင် ကြီးမားသောကြောက်ရွံ့မှုဖြစ်လေ ဆိုသည်ကို အမေရိကန်တို့၏စိတ်ထဲတွင် မှတ်သားထားရမည်။

●



## ဥရောပ

## အသင်းအဖွဲ့တစ်ခုသာဖြစ်ပြီး စူပါစတိတ်မဟုတ်

အလယ်ခေတ် ဥရောပကို ပြန်လည်စဉ်းစားကြည့်ကြစို့။ ရောမ ခရစ်ယာန်ဘုရားကျောင်းတော်က လက်တင်ဘာသာအတွက် အများသုံးဘာသာစကားနှင့်

ရှင်းလင်းသော ယဉ်ကျေးမှုကို စုစည်းခဲ့သည်။ ချမ်းသာကြွယ်ဝသောအဆင့်ရှိ ဒေသဆိုင်ရာ ကုန်သွယ်ရေးလည်းရှိခဲ့သည်။ သို့သော် ထိုခေတ်က ဒေသများသည် အမျိုးသားနိုင်ငံများမဟုတ်သေး။ ရှင်းလင်း၍ ခွဲခြားရသော ယဉ်ကျေးမှုရှိသည့် အင်္ဂလန်နှင့် ပြင်သစ်ကဲ့သို့ တိုင်းပြည်အနည်းငယ်သာရှိသေးသည်။ သို့သော် ဥရောပအချက်အချာတွင်မူ ဘုရင့်နိုင်ငံငယ်ကလေးများရှိပြီး တချို့က ဂျာမန်၊ အီတလီ သို့မဟုတ် စပိန်စကားပြောကြသည်။ စီးပွားရေးဖွံ့ဖြိုးမှုသည် ကျယ်ပြန့်စွာရောက်ရှိနေသည်။ သို့သော် တချို့ဥရောပဒေသများတွင် ယနေ့ကဲ့သို့ပင် စီးပွားရေးဖွံ့ဖြိုးလျက်ရှိသည်။ ကျယ်ပြန့်စွာရောက်ရှိနေသည်။ သို့သော် တချို့ဥရောပဒေသများတွင် ယနေ့ကဲ့သို့ပင် စီးပွားရေးဖွံ့ဖြိုးလျက်ရှိသည်။ ပြည်တွင်းဗိသုကာပညာသည် ဥရောပမြောက်ပိုင်းတစ်လျှောက်တွင် ဆင်တူယိုးမှားများဖြစ်ခဲ့သည်။ ဘုရားကျောင်းက ဗဟိုအာဏာကို ကျင့်သုံးသည်။ သို့သော် မကြာခဏဆိုသလို မရေရာ မသေချာဖြစ်တတ်ပြီး အားနည်းချက်များရှိသည်။ ရွှေကို သာမန်ငွေကြေးအဖြစ် သုံးခဲ့သည်။ အီတလီမြောက်ပိုင်းမှ ဘဏ်အရာရှိများသည် ဥရောပတိုက်တစ်ဝန်းလုံး ဘဏ္ဍာရေးဝန်ဆောင်မှု ပေးရန် ကြိုးစားလျက်ရှိ၏။ (အလွန်ငွေကြေးချမ်းသာသူများအတွက်သာဖြစ်ပြီး ကန့်သတ်ချက်များစွာထားသည်။) ရှေးဆိတ်စစ်ပွဲကာလအတွင်းမှာပင်လျှင် တစ်ခုတည်းသော နိုင်ငံခြားရေးဝါဒနှင့် ဘုံစစ်တပ်ထားရှိခဲ့သည်။ ယခုခေတ်မှာ ဥရောပက ထိုကိစ္စကို သဘောတူနိုင်တော့ မဟုတ် မဟုတ်။

တကယ်တော့ နာရီလက်တံများက နောက်သို့ပြန်လှည့်တော့မည်မဟုတ်။ သို့သော် ဥရောပသည် မြောက်အမေရိကနှင့်မတူဘဲ သူ့အနာဂတ်ကို အတိတ်ကဲ့သို့ ပုံသဏ္ဌာန်ပြန်ပေါ်လာနိုင်၏။ ထို့ကြောင့် ဥရောပ၏အနာဂတ်ကို နားလည်ရန် အလယ်ခေတ်က နမူနာပြခဲ့သည်။

ဥရောပ၏ နိုင်ငံရေးမြေပုံကို ပြောင်းလဲစေသည်မှာ အီတလီဖြစ်၏။ ရောဘတ်ပွတ်နမ်က ခေတ်သစ်အီတလီ၏ စီးပွားရေးတိုးတက်မှုကို လေ့လာပြီး ၁၃ ရာစုစုနှစ် အီတလီနှင့် နှိုင်းယှဉ်ပြခဲ့သည်။

ဥရောပ၏ အာဏာနှင့် နိုင်ငံရေးအစဉ်အလာ ဥပမာများစွာရှိပြီး ယခုခေတ်ဖြစ်နေသည့်ပြဿနာများနှင့် ဆက်စပ်နေ၏။ ယခင် ယူဂိုစလပ်နိုင်ငံ၏ ဒုက္ခများသည် ဘိုင်ဇန်တိုင်းအင်ပါယာကို တူရကီတို့က ဖြိုခွဲလိုက်ပြီးနောက် အတိတ်ကာလသို့ ပြန်ရောက်သွား၏။ ဗြိတိန်နှင့် အိုင်ယာလန်တို့၏ဆက်ဆံရေးအခက်အခဲသည် အလယ်ခေတ် အိုင်ယာလန်၏ စစ်ရေးအောင်မြင်မှုကာလသို့ ပြန်ရောက်သွားစေခဲ့သည်။ ထို့ပြင် စကော့တလန်မှ ပရိုတက်စတင့်ဘာသာဝင်များ၏ မကြာခဏလွှတ်

ရှုံးမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

အကယ်၍ တစ်စုံတစ်ဦးသည် အလယ်ခေတ် ဥရောပ၏ပုံစံမှ စတင်လေ့လာမည်ဆိုပါက ဥရောပသမဂ္ဂအမည်သို့ ဖွံ့ဖြိုးလာမည်ကို အလွယ်တကူတွေ့မြင်နိုင်၏။ ဥရောပသမဂ္ဂတွင် အကြီးအကျယ် အခြေအတင်ငြင်းခုန်နေကြသည်မှာ ပိုမိုကျယ်ပြန့်စေမလား၊ သို့မဟုတ် ပိုမိုနက်ရှိုင်းအောင် လုပ်မလား၊ အဖွဲ့ဝင်များကို ပိုမိုလက်ခံမလား၊ သို့မဟုတ် ယခုလက်ရှိအဖွဲ့ဝင်များသည် နိုင်ငံရေးသမဂ္ဂအဖြစ် ပိုမိုနီးကပ်၍ ရှေ့တိုးမလား စသည်များဖြစ်၏။ တကယ့်အဖြစ်ကတော့ ယခုလတ်တလောတွင် နှစ်မျိုးစလုံးကို လုပ်လိမ့်မည်။ သို့သော် ဆက်လက်သွားရန် မဖြစ်နိုင်သည့်နေရာသို့ ရောက်သွားနိုင်သည်။ ပထဝီဝင်နှင့် စီးပွားရေးအရ ဥရောပသမဂ္ဂသည် သီးခြားရပ်တည်၍ မရနိုင်ပေ။ ဥရောပ၏ တခြားတိုင်းပြည်များက စီးပွားရေးရာနှင့် အစဉ်အလာယဉ်ကျေးမှုတို့သည် ဥရောပသမဂ္ဂ၏ အမာခံတိုင်းပြည်များနှင့် မလွဲမရှောင်သာ ပိုမိုနီးကပ်စွာ ဆက်သွယ်လာကြလိမ့်မည်။ ဥရောပ၏ လွတ်လပ်စွာကုန်သွယ်ရေးဒေသရှိ တိုင်းပြည်များသည် နောက်ရာစုပထမပိုင်းတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်များ ဖြစ်လာကြမည်။

၂၀၂၀ ခုနှစ်တွင် ပိုမိုကြီးမားလာသော ဤဖြစ်စဉ်သည် အများနှင့်အနည်း ပြီးပြည့်စုံတော့မည်။ ရုရှားနှင့် တူရကီတို့သည် နယ်စပ်ကိစ္စများ ဖြေရှင်းရလိမ့်မည်။ သမိုင်းအရ ရုရှားကဝင်လာပြီး တူရကီက ထွက်သွားရမည်။ ရုရှားသည် ချမ်းသာ၍ ဖွံ့ဖြိုးသော ဥရောပအကြား ရပ်တည်လျက်ရှိ၏။ ဇာဘုရင်များလက်ထက်ကတည်းက အနောက်သို့မျှော်ကြည့်ရန် အခွင့်အရေးရခဲ့သော အောင်မြင်သည့် ကမ်းရိုးတန်း အာရှနိုင်ငံကြီးဖြစ်၏။ သို့သော် ကုန်းမြေပေါ်မှ သဘာဝရင်းမြစ်ပေါ် မှီခိုအားထားနေဆဲဖြစ်သည်။ အကယ်၍ ရုရှားသည် အနောက်ဥရောပနိုင်ငံပုံစံများအပေါ် ဈေးကွက်စီးပွားရေးသို့ ပြောင်းလဲမည်ဆိုလျှင် (ဤဖြစ်စဉ်သည် နှစ်ပေါင်း ၂၀ ခန့်ကြာမည်) သမိုင်းဝင်ပုံတူကူးချသည့်ပုံစံဖြစ်ပြီး အနောက်အိမ်နီးချင်းနိုင်ငံများထံမှ သင်ယူလေ့လာခြင်း၊ ကျွမ်းကျင်မှုကိုဝယ်ယူ၍ ကုန်ကြမ်းများကို ရောင်းချနိုင်သည့် အခွင့်အရေးများ ရရှိလာမည်။ အခြားတစ်ဖက်မှာ တူရကီသည် ရာစုနှစ်များစွာကတည်းက ဥရောပစီးပွားရေးစနစ်မျိုး မကျင့်သုံးခဲ့ချေ။ တူရကီသည် ၁၆၈၃ ခုနှစ်တွင် ဗီယင်နာတံခါးပေါက်ထိ ရောက်ခဲ့သော အရှေ့နှင့် ဥရောပအလယ်ပိုင်းကို စစ်အောင်နိုင်ခဲ့သည့် ရှေးခေတ်ရန်သူဟောင်း ဖြစ်ခဲ့သည်။ မကြာသေးမီကပင် တူရကီသည် ဥရောပ၏ လူမမာတစ်ယောက်ဖြစ်ခဲ့သည်။ ဥရောပအပေါ် သူ၏ဩဇာသည် စီးပွားရေးကို မည်သို့ကောင်းစွာလုပ်နိုင်သည့်အပေါ်နှင့် နေတိုးမဟာမိတ်အဖြစ် မည်မျှအမာခံအဖြစ်

ရပ်တည်မည်ဆိုသည်တို့အပေါ် မူတည်နေသည်။ သို့သော် တူရကီ၏အနာဂတ်သည် ဥရောပသမဂ္ဂနှင့် အကြမ်းဖက်မှုများပြားလာသော အရှေ့အလယ်ပိုင်းတို့၏ ကြားခံနယ်မြေထက် ပိုမိုမဖြစ်နိုင်ပေ။ ဥရောပအနေဖြင့် ထိုကဲ့သို့သော ကြားခံနယ်မြေ ရှိရန် အရေးကြီးသည်။ သို့သော် ဥရောပသမဂ္ဂသို့ ဝင်ခွင့်ပြုမည်တော့မဟုတ်။ ယဉ်ကျေးမှုနှင့် ဘာသာရေးကွဲပြားခြားနားချက်များက အလွန်ကြီးမားသည်။

ထို့ကြောင့် အီးယူသည် ၂၀၂၀ ခုနှစ်တွင် ကျယ်ပြန့်လာမည်။ သို့သော် သူ့သဘာဝအကန့်အသတ်သို့ ချဉ်းကပ်လာမည်။ ဤအချိန်အတွင်း ဘယ်အတိုင်းအတာအထိ နက်ရှိုင်းလာမလဲ။ အနည်းငယ် သို့သော် များများမဟုတ်။

စီးပွားရေး အတူးပြုလုပ်ချက်သည် အနည်းငယ်ရှေ့ဆက်သွားလိမ့်မည်။ သို့သော် ၂၀၂၀ မတိုင်မီ နိုင်ငံရေးအရ ကန့်သတ်ချက်သို့ ရောက်လာမည်။ စီးပွားရေး အမျိုးသားပိုင်လုပ်ခြင်းသည် အလွန်အားကြီးနေသည်။

ငွေစက္ကူထုတ်ဝေရေး အလွန်အရေးကြီးသည်။ အကြောင်းကတော့ စီးပွားရေးနှင့် နိုင်ငံရေးတို့ဆုံရာ ပွိုင့်တစ်ခုဖြစ်သောကြောင့်ဟု ပြောကြသည်။ အမျိုးသားငွေစက္ကူသည် အမျိုးသားရေးအထိမ်းအမှတ်လက္ခဏာဖြစ်ရုံသာမက အစိုးရက ထိန်းချုပ်၍ စည်းလုံးညီညွတ်ရန် လက်တွေ့သောချက်ဖြစ်၏။ စီးပွားရေးအကြောင်း သက်သက်ဖြင့်ကြည့်လျှင် မာ့စ္စထရစ်စာချုပ်က အသိအမှတ်ပြုထားသကဲ့သို့ တစ်ခုတည်းသော ဥရောပငွေကြေးတစ်ခုကို ရှာကြံရန်အတွက် ခိုင်မာသောအကြောင်း ဖြစ်၏။

ထို့ကြောင့် ယခုအချိန်မှ ၂၀၂၀ ခုနှစ်အတွင်း ထိုငွေကြေးမျိုး သတ်မှတ်ရန် ကြိုးပမ်းမှုများ ထွက်ပေါ်လာမည်။ တိုးချဲ့ထားသော ဝိက်ချ်မတ်ဇုန်အား အခြေခံထားသော အီးယူပုံစံငွေကြေးတချို့ကို မိတ်ဆက်ပေးလိမ့်မည်။ ပြင်သစ်ကလည်း ထိုဇုန်ကို ဆက်သွယ်လိမ့်မည်။ သို့သော် အကယ်၍ ဖရန့်ငွေကြေးကို ဤကဲ့သို့လုပ်လျှင် ပြင်သစ်က မကြာမီ ထွက်သွားနိုင်သည်။

ဥရောပတိုင်းပြည်များက သူတို့အတွက် ဘုံငွေကြေးစနစ် မလိုအပ်ဟု ဆုံးဖြတ်နိုင်ခြေရှိသည်။ အကြောင်းမှာ တိုးတက်လာသောနည်းပညာက ကွဲပြားခြားနားသောငွေကြေးကို ဖန်တီးရာ၌ လက်တွေ့အတားအဆီးများကို ကျော်လွှန်နိုင်သောကြောင့်ဖြစ်၏။ သို့သော် အကယ်၍ တိုင်းပြည်တစ်ပြည်က သူ့ငွေကြေးဖလှယ်နှုန်းကို ပြောင်းလဲရန် ဆုံးဖြတ်လျှင် ဥရောပငွေကြေးဇုန်မှမထွက်ဘဲ အနှောင့်အယှက်မရှိ လွတ်လပ်စွာ ပြုလုပ်နိုင်၏။

နောက်ရာစုနှစ်၏ ပထမဆယ်စုနှစ်တွင် ဆိုဗီယက်အင်ပါယာ ပြိုလဲခြင်းထို

ညီမျှအောင် ချိန်နေရသည်နှင့် အချိန်ကုန်သွားလိမ့်မည်။ ထိုဖြစ်စဉ်သည် ဆက်လက်၍ အနှေးရာယ်ကြီးနေဦးမည်။ အကြောင်းကတော့ မျိုးဆက်နှစ်ဆက်မျှကြာသည့်တိုင် ဖြစ်ပေါ်ခဲ့သောတင်းမာမှုများကို တစ်ညတည်းဖြင့် ဖြေရှင်းရန် မဖြစ်နိုင်သောကြောင့် ဖြစ်၏။

ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းအနေဖြင့် အနောက်ဥရောပကဲ့သို့ သင်ခန်းစာများစွာကို လေ့လာရန်ရှိသည်။ တည်ငြိမ်ရေးသည် အလွန်အရေးကြီး၏။ သို့သော် အောင်မြင်ရေးအတွက် အနေများဖန်တီးရန်နှင့် ခေတ်သစ်ဈေးကွက်စီးပွားရေး တည်ဆောက်ခြင်းသည် မလုံလောက်သေးဘဲ နှေးကွေး၍ရှုပ်ထွေး၏။

အကယ်၍ ဤအခြင်းပွားစရာမှန်ကန်ပါက ယခုအချိန်မှစ၍ ဥရောပ၏ ကောက်ကြောင်းကို ဆွဲနိုင်မည်ဖြစ်၍ အသေးစိတ်ကိုတော့ မလွဲမရှောင်သာ မှန်ကန်မည်မဟုတ်ဟု သဘာဝအားဖြင့် လက်ခံရလိမ့်မည်။

အီးယူသည် ပိုမိုကျယ်ပြန့်သော အသင်းအဖွဲ့ဖြစ်လာမည်။ သို့သော် ပိုမိုငြိမ်သက်နေမည်။ အဖွဲ့ဝင်များထဲမှာ များစွာသော မတူညီသည့်အတန်းအစားများ ပါလာမည်။ ဂျာမနီနှင့် ပြင်သစ်တို့သည် ငွေကြေးလိုအပ်ချက်ရှိနေသော်လည်း ပိုမိုရင်းနှီးသောအဖွဲ့ဖြစ်လာ၏။

●



## ဗြိတိန်နှင့် အိုင်ယာလန်

စီးပွားရေးရှုထောင့်သက်သက်မှကြည့်လျှင် နောင် ၂၅ နှစ်တွင် ဗြိတိန်နိုင်ငံ၏ အောင်မြင်မှုများကို တွေ့မြင်နိုင်သည်။ ဗြိတိန်သည် ကျန်ဥရောပတိုင်းပြည်များ ပေါ်တွင် နိုင်မာသောအကျိုးရလဒ်များ ရရှိလာသည်။ တခြားဥရောပနိုင်ငံကြီးများ

ထက် ပို၍ သက်ကြီးရွယ်အိုများ လျင်မြန်စွာတိုးပွားနေ၏။ ကျန်ဥရောပတိုင်းပြည်များထက်ပို၍ အလယ်အလတ်တန်းစား ကုန်ထုတ်စက်ရုံများ လျင်မြန်စွာ တိုးတက်နေ၏။ ထို့ပြင် အနောက်ဥရောပတိုင်းပြည်များထက် မြောက်အမေရိက၊ အရှေ့အာရှတိုင်းပြည်များနှင့် ပိုမိုနီးကပ်သောဆက်ဆံရေးများ ရှိလေသည်။

အကယ်၍ ဥရောပစီးပွားရေး နောက်ကျကျန်ခဲ့လျှင် ဤအချက်သည် အလွန်အရေးကြီးလာမည့်အကြောင်းမှာ ဗြိတိန်သည် အရင်တုန်းကနှင့်မတူသောအခြေအနေတွင် ရောက်ရှိနေသောကြောင့်ဖြစ်၏။

ဗြိတိန်မှာရှိနေသည့် လူတိုင်းသည် ဤအောင်မြင်မှုကို မျှဝေခံစားရလိမ့်မည်မဟုတ်။ ပညာရေးစနစ်က အသိုင်းအဝိုင်း၏ ပညာရေးကဏ္ဍကို အာရုံအနည်းငယ်ပြုနိုင်သောကြောင့်ဖြစ်၏။

အိုင်ယာလန်ပြဿနာကို ဖြေရှင်းနိုင်လျှင် အင်္ဂလန်သည် ပိုမိုငြိမ်သက်သွားလိမ့်မည်။ မြို့များကို ဗုံးခွဲတိုက်ခိုက်ခြင်း ရပ်စဲသွားမည်မှာ ထင်ရှားသည်။ အကယ်၍ အင်္ဂလန်၊ အိုင်ယာလန်နှင့် စကော့တလန်တို့၏ တင်းမာမှုများ ရပ်စဲသွားလျှင် အင်္ဂလန်သည် နှစ်ပေါင်း ၃၀၀ ကြာ အတွေ့အကြုံရှိခဲ့သည့် ကိုလိုနီဝါဒကို စွန့်လွှတ်ပြီး ၁၇၀၆ ခုနှစ်က စကော့တလန်နှင့် အင်္ဂလန်တို့ ပါလီမန်တွင် ပေါင်းစည်းခဲ့သည့် သမိုင်းကို ပြန်ရောက်သွားနိုင်၏။ အင်္ဂလန်သည် အင်္ဂလန်အဖြစ် ပြန်ရောက်သွားနိုင်ပြီး တခြားလူတွေအတွက်မဟုတ်ဘဲ သူ့နိုင်ငံသားများ၏ကံကြမ္မာကို တာဝန်ယူရလိမ့်မည်။

တကယ်တော့ အင်္ဂလန်သည် ထူးခြားသောအင်္ဂလန်ဖြစ်လာမည်။ အတိတ်က အမွေအနှစ်အနေဖြင့် ဓနသဟာယနိုင်ငံများမှ ရွှေ့ပြောင်းဝင်ရောက်လာသူများသည် လမ်းပေါ်မှာ အပြည့်ဖြစ်နေသည်ကို မြင်ခဲ့ကြရ၏။ အနောက်ဥရောပအဆင့်အတန်းအနေဖြင့် အင်္ဂလန်သည် ရွှေ့ပြောင်းဝင်ရောက်လာသူများနှင့် အဆင်ပြေအောင် နေရလိမ့်မည်။ ဗြိတိန်သည် ဥရောပ ကျန်တိုင်းပြည်များနှင့်မတူဘဲ လူနည်းစုတိုင်းရင်းသားများနှင့် ပိုမိုသက်သာစွာနေကြရသည်မှာ ဝမ်းသာစရာဖြစ်၏။



## အနောက်ဥရောပ

အနောက်ဥရောပတွင် အဓိကသော့ချက်ဆက်ဆံရေးမှာ ဂျာမနီနှင့် ပြင်သစ်နိုင်ငံများဖြစ်၏။

ဂျာမန်ပြည်သူများသည် ဤရာစုနှစ်အကုန်တွင် နောက်ဆုံးနှစ်များကို တွေ့ရလိမ့်မည်။ ထို့ပြင် နှောင်ရှေးဦးနှစ်များတွင် အခက်အခဲတွေ့ရလိမ့်မည်။ ဂျာမနီ၏စီးပွားရေးသည် အခက်အခဲသုံးမျိုးနှင့် အပြောင်းအလဲကို ကြုံတွေ့ခဲ့ရ၏။ ဂျာမနီသည် ကုန်ထုတ်လုပ်မှုကို လျှော့ချပြီး ဝန်ဆောင်မှုကို ပိုမိုလုပ်ဆောင်ရန်ရှိသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်ပိုင်းတွင် အနောက်ဂျာမနီက တည်ဆောက်ထားသော ဒီမိုကရေစီ၏အင်အားကို လျှော့တွက်လို့မဖြစ်ပေ။ မှားယွင်းနိုင်သည်။ အလုပ်သမားအင်အားစု၏အမိန့်နှင့် စည်းကမ်း၊ ဂျာမန်၏ ပညာရေးလေးနက်မှု၊ မတူညီသောအဆောင့်များ၏အရည်အချင်းကို အလေးထားမှု၊ စီးပွားရေးပံ့သဏ္ဌာန်များသည် ဥရောပမှာ အကြီးဆုံးဖြစ်သည်။ သို့သော် ဂျာမနီသည် သူ၏လူမှုရေးနှင့် စီးပွားရေးအခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်စိတ်ချထားသည်။ ရှေးအခါကဆိုလျှင် ဂျာမနီ၏စီးပွားရေးသည် အလွန်ခက်ခဲသော အချိန်ကာလများဖြစ်ခဲ့သည်ကို သဘောပေါက်ရန် အရေးကြီးသည်။ ယခုမူစ၍ မျိုးဆက်တွင် ယနေ့လိုမျိုး စွမ်းအင်စက်ရုံမျိုး မဟုတ်နိုင်တော့။

ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်၊ နယ်သာလန်တို့၏ စီးပွားရေးသည် ဂျာမနီနှင့် စီးပွားရေးနီးကပ်စွာဆက်သွယ်လျက်ရှိသောကြောင့် ဂျာမနီ၏အခက်အခဲများကို သူတို့၏အောင်မြင်မှုက တိုက်ရိုက်ဖြေရှင်းပေးလိမ့်မည်။ ဂျာမနီနှင့် လူဇင်ဘတ်တို့သည် သူတို့၏နယ်မြေပေါ်တွင် ရပ်တည်ထားသော အီးယူဗျူရိုကရေစီထံမှ အကျိုးအမြတ်များစွာရရှိသည်။ အခွန်ထမ်းပြည်သူများထံမှ ဝင်ငွေရရှိသဖြင့် အီးယူ၏ ဗျူရိုကရေစီယန္တရား အသက်ရှည်လိမ့်မည်။ နယ်သာလန်၏အနေအထားက ပို၍စိတ်ဝင်

စားဖွယ်ကောင်းသည်။ အိုးယူထံ ဝင်ငွေတိုက်ရိုက်မရရှိ။ သူ၏ထူးခြားသည့်လက္ခဏာမှာ ပြည်ပပို့ကုန် ၅၅ ရာနှုန်းခန့် အများအပြားတင်ပို့နိုင်သောကြောင့် အကျိုးအမြတ်များစွာ ခံစားရသည်။ တိုင်းပြည်က သေးငယ်သော်လည်း ထူးနီလီးဗားနှင့် ရှဲလ်ကုမ္ပဏီတို့ကို ပိုင်ဆိုင်ထားသဖြင့် အလွန်ကြီးမားသောလုပ်ငန်းများကို လုပ်ကိုင်နိုင်ကြသည်။

၂၀၂၀ ခုနှစ်တွင် ဥရောပ၏စိုက်ပျိုးရေးလုပ်ငန်းများ အားနည်းသွားလိမ့်မည်။ သို့သော် အများဆိုင်ရာ စိုက်ပျိုးရေးမူဝါဒ (The Common Agricultural Policy) အား အတိုင်းအတာလျှော့ချလိုက်ရန် အရေးကြီးသည်။ ထိုအခါ ဈေးပေါသော စိုက်ပျိုးရေးလယ်ယာထွက်ကုန်များကို ယှဉ်ပြိုင်၍ ဝယ်ယူစားသုံးကြလိမ့်မည်။

ပြင်သစ်နိုင်ငံအနေဖြင့် နောက်ရာစုနှစ် လေးပုံတစ်ပုံခန့်ရောက်လျှင် မဖြစ်နိုင်သည်များကို မျှော်လင့်ရင်း အချိန်ကုန်သွားနိုင်၏။ ထိုတိုင်းပြည်သည် ဥရောပ၏ စီးပွားရေးအားထားရာနေရာ ပြန်လည်သွားလိမ့်မည်။ ဤကမ္ဘာ့တိုင်းပြည်များက ဝယ်ယူလိုသည့် အဆင့်မြင့်နည်းပညာနှင့် လက်မှုပညာပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရန် အလွန်ကြီးသောစွမ်းအားရှိသည်။ နိုင်ငံရေးတည်ငြိမ်သဖြင့် ပုံမှန်တိုးတက်ပြီး ငွေကြေးဖောင်းပွမှုကျဆင်းသွားဖွယ်ရာရှိသည်။

နိုင်မာတောင့်တင်းသော ဗဟိုအစိုးရဆိုသည်မှာ ပြင်သစ်နိုင်ငံအစိုးရကို ဆိုလိုခြင်းဖြစ်၏။ တခြားစက်မှုနိုင်ငံကြီးများထက် လက်ဆွဲခြင်းတောင်းနည်းနည်းလေး ထဲတိုင်းမှာ သူ၏ ကြက်ဥများရှိသည်။ အထူးထင်ရှားသည်မှာ မဟာပါရီအိုင်လီ–ဒီ–ဖရန့် ဒေသတွင် သဘာဝရင်းမြစ်များစွာကို သွန်းလောင်းထားသည်။ လူဦးရေအလွန်ထူထပ်သောမြို့ကြီးများတွင် အခြေခံလူတန်းစားများအား အလုပ်လုပ်စေသည်။ သို့သော် သူတို့သည် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အချင်းနည်းသည်။ ပြင်သစ်နိုင်ငံ အောင်မြင်ရေးအတွက် ပါရီက မှန်ကန်ရန် လိုအပ်သည်။ အကယ်၍ စီးပွားရေးကျလျှင် ပြင်သစ်နိုင်ငံသည် ခက်ခဲသောပြဿနာများနှင့် ကြုံတွေ့နိုင်သည်။

အကယ်၍ ပြင်သစ်စက်မှုလုပ်ငန်းကိုကြည့်လျှင် တိုင်းပြည်သည် မှန်ကန်သောဆုံးဖြတ်ချက်များကို ချမှတ်ရန် လိုအပ်သည်။ အကြောင်းတစ်ခုက အဏုမြူစွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်၏။ ပြင်သစ်သည် တခြားတိုင်းပြည်များထက် အဏုမြူစွမ်းအင်အပေါ် မှီခိုအားထားနေရသည်။ အကြောင်းကြောင်းကြောင့် တစ္ဆာကြီးက ဤစွမ်းအင်မှ နောက်ဆုတ်သွားလျှင် ပြင်သစ်နိုင်ငံသည် တခြားနေရာများထက် ပို၍ကြီးမားစွာ ပျက်စီးဆုံးရှုံးလိမ့်မည်။

နိုင်းချိန်ကြည့်မည်ဆိုလျှင် နိုင်ငံရေးတည်ငြိမ်မှုရှိပါက ယခုမှစ၍ နောင်မျိုးဆက်အထိ လူနေမှုအဆင့်အတန်း ဆက်လက်မြင့်မားလာပြီး မနာလိုစရာကောင်းလောက်အောင် ဘဝနေထိုင်ပုံများရှိလာမည်ဟု မျှော်လင့်ရသည်။ ဖြစ်နိုင်ခြေရှိသော ပြဿနာများမှာ စီးပွားရေးကဲ့သို့ပင် လူမှုရေးနှင့် နိုင်ငံရေးတို့ဖြစ်၏။ ပြင်သစ်၏ စိုးရိမ်ဖွယ်ရာ လူမှုရေးတင်းမာခြင်းသည် ပြည်ပမှလူများ တရားမဝင် ဝင်ရောက်နေခြင်းဖြစ်၏။

အီတလီကတော့ ဥရောပတွင် အလတ်အစားအရွယ်ရှိနိုင်ငံဖြစ်ပြီး ဖြိုကွဲလွယ်သည့် အဆတ်ဆုံးနိုင်ငံဖြစ်၏။ သို့နှင့်ပင် နည်းလမ်းတချို့အရ စီးပွားရေးပြိုင်ဆိုင်မှုအများဆုံးနိုင်ငံဖြစ်သည်။ ဥရောပ၌ လာဘ်ပေးလာဘ်ယူနှင့် ရာဇဝတ်မှုများပြီး ကလေးမွေးဖွားနှုန်း အလွန်နည်းသဖြင့် ဖြိုကွဲလွယ်သည်ဟု ဆိုကြသည်။ ပြင်သစ်နိုင်ငံ၏ မြောက်ပိုင်းကချမ်းသာ၍ တောင်ပိုင်းက ဆင်းရဲကြသဖြင့် လူမှုရေးပြဿနာများ ပိုမိုနက်ရှိုင်းသည်။ ဤတင်းမာမှုများသည် တစ်ပိုင်းတစ်စအနေဖြင့် တိုးပွားလာမည်။ ဘာကြောင့်လဲဆိုတော့ သက်ကြီးရွယ်အိုများလာသဖြင့် လူမှုရေးအာမခံချက်များ တောင်းဆိုခြင်းခံနေရသောကြောင့်ဖြစ်၏။ တစ်ပိုင်းကတော့ ပြည်ပမှ တရားမဝင် ကျူးကျော်ဝင်ရောက်လာသူများကြောင့် ဖိအားပေးခံနေရသောကြောင့်ဖြစ်၏။ အီတလီနိုင်ငံသည် အနာဂတ်အတွက် မကြာသေးမီကမှ ဖန်တီးခဲ့ခြင်းဖြစ်၍ နက်ရှိုင်းသော သံသယဖြစ်စရာများရှိနေ၏။ ရောဘတ်ပွတ်နမ်၏ လေ့လာတွေ့ရှိချက်အရ အီတလီလူမျိုးတို့၏ သမိုင်းတစ်လျှောက် ပြည်သူ့နီတိဖွံ့ဖြိုးမှုသည် အလွန်အင်အားကောင်းခဲ့ကြောင်းနှင့် တောင်ပိုင်းမှ မြောက်ပိုင်းသို့ ခွဲထွက်ခဲ့ခြင်းသည် အလွန်မှန်ကန်ကြောင်း သိရ၏။

တောင်ပိုင်းက ခွဲထွက်သဖြင့် မြောက်ပိုင်း အီတလီသည် လွန်ခဲ့သည့်နှစ်ပေါင်း ၆၀၀ ကကဲ့သို့ ဥရောပတွင် စီးပွားရေး အောင်မြင်ဆုံးဒေသ ပြန်လည်ဖြစ်လာနိုင်သည်။ တိုင်းတာမှုတချို့အရ အချမ်းသာဆုံးဖြစ်သည်။ သို့သော် တခြားဒေသများက တုပခြင်းမပြုနိုင်သော ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကြောင့် အနာဂတ်တွင် ပိုမိုအကျိုးရှိလာလိမ့်မည်။

စပိန်နှင့် ပေါ်တူဂီသည် ကျန်ဥရောပနိုင်ငံများနှင့် အတွေ့အကြုံပိုများသည့်ကာလကို ကြုံတွေ့ရလိမ့်မည်။ စပိန်နှင့် ပေါ်တူဂီတို့၏စီးပွားရေးသည် ဥရောပမြောက်ပိုင်းဝင်ငွေအဆင့်များနှင့် ညီအောင် တက်လှမ်းနေရသည့်အခြေအနေမှာ ရှိဆဲဖြစ်၏။ ဤတက်လှမ်းနေရမှုသည် အနည်းဆုံး နောင်မျိုးဆက်အထိ ဖြစ်လိမ့်မည်ဟု ယုံကြည်ရန်အကြောင်းများစွာရှိသည်။ သူတို့ဆီမှာ လုပ်ခနည်းပါးသက်သာဆဲဖြစ်

၏။ သို့သော် စပိန်တွင် အလုပ်အကိုင်ရရှိမှုအခြေအနေ မြင့်နေသဖြင့် အလုပ်သမား ဈေးကွက်သည် ပြောင်းလဲမှုမရှိ။ ကလေးမွေးဖွားနှုန်းသည် မကြာမီကမှ ကျဆင်းခဲ့သည်။ ထို့ကြောင့် နောင်ရာစုနှစ်အထိ အလုပ်စွမ်းအားစု၏ လူဦးရေအရ သက်ရောက်မှုသည် မသေချာပေ။ စီးပွားရေးလုပ်ငန်းနှစ်ခုစလုံးသည် အင်အားကောင်းသော ဝန်ဆောင်မှုအစဉ်အလာရှိခဲ့၏။ ထို့ပြင် နှစ်နိုင်ငံလုံးမှာ တိုးတက်သော ပြည်သူ့ပညာရေးစနစ်ရှိသည်။


ပေါ်တူဂီအတွက် အရေးကြီးပြဿနာမှာ စီးပွားရေးဖြစ်၏။ ဥရောပ၏ ပြင်ပနယ်ခြားဖြစ်နေသည့်အကျိုးကို မည်သို့ပြောင်းလဲပစ်မည်နည်း။ ပိုမိုကောင်းမွန်အောင် ပြုပြင်ထားသော ရွှေ့ပြောင်းဆက်သွယ်ရေးလုပ်ငန်းများက ကူညီလိမ့်မည်။ စပိန်နိုင်ငံအနေဖြင့် ၁၉၉၀ ပြည့်နှစ်များက ဥရောပတွင် အလုပ်လက်မဲ့ဦးရေအများဆုံးဖြစ်ခဲ့သည်။ အဓိကဖြေရှင်းစရာများကတော့ စီးပွားရေးမဟုတ်ဘဲ လူမှုရေးနှင့် နိုင်ငံရေးဖြစ်၏။ စပိန်သည် နေရာမှန်တွင်ရှိနေပြီး စရိတ်နည်းနည်းဖြင့် ကုန်ပစ္စည်း ထုတ်လုပ်နိုင်၍ အလတ်တန်းစားဝန်ဆောင်မှုလုပ်ငန်းနှင့် ရောသမမွှေထားသည်။ ကဏ္ဍနှစ်ခုစလုံး၏အရည်အချင်းကို တိုးတက်အောင်လုပ်ရမည်ဖြစ်ပြီး အဲသည်အတိုင်းလည်း ဖြစ်ရန် သံသယဖြစ်ဖွယ်မရှိ။ လုပ်အားဈေးကွက်များကို ပုံသေထားခြင်းအား တစ်ကြိမ်တစ်ခါ တိုက်ခိုက်ခံရပြီး ကြီးထွားမှု ပိုမိုလျှင်မြန်လာပြီး အလုပ်လက်မဲ့ဦးရေ ကျဆင်းသွားလိမ့်မည်။ ဤပြောင်းလဲမှုများကို ဤရာစုနှစ်နောက်ပိုင်းမှာ လုပ်မှာလား၊ သို့မဟုတ် နောက်ရာစုနှစ်စောစောပိုင်းမှာလုပ်မှာလားဟု မေးခွန်းထုတ်စရာဖြစ်နေ၏။

စပိန်နှင့် ပေါ်တူဂီတို့၏အနာဂတ်အောင်မြင်ရေးသည် သူတို့ပေါ်တွင် မူတည်သည်။ အီးယူအဖွဲ့ဝင်မြေထဲပင်လယ်နိုင်ငံဖြစ်သော ဂရိမှာတော့ သည်လိုမဟုတ်။ ဂရိနိုင်ငံတွင်မှာ ဘာတွေဖြစ်နေသလဲဆိုတာသည် ဂရိနယ်စပ်မှာ ဘာတွေဖြစ်နေသလဲဆိုတာပေါ် မူတည်သည်။ ၁၉၉၀ ပြည့်နှစ်များက ယူဂိုစလပ်ဗီးယားနိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ခဲ့သည်ကို အမှတ်ရဆဲဖြစ်နေကြ၏။ ၂၀၂၀ ခုနှစ်တွင် ဘော်လ်ကန်ဒေသတွင် နိုင်ငံငယ်များ အောင်မြင်တိုးတက်လာကြမည်ဆို၏။ လူဦးရေထူထပ်ပြီး ရွှေ့ပြောင်းမှုများကြောင့် နောက်ထပ်ပြည်တွင်းစစ်ဖြစ်ပွားမှာ စိုးရိမ်ပူပန်နေကြသည်။ ဤသို့ဖြစ်လျှင် ခရီးသွားလုပ်ငန်းအပေါ် မှီခိုအားထားနေရသော ဂရိနိုင်ငံအတွက် အကျိုးပျက်စီးရာရောက်သွားနိုင်သည်။ ဂရိသည် ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ နေလိမ့်မည်။

၂၀ ရာစုနှစ်၏ ပထမနှစ်ဝက်သည် ဥရောပပြိုလဲသည့်နှစ်ဖြစ်၏။ ဒုတိယနှစ်

ဝက်ကတော့ ဥရောပ၏ အောင်မြင်ခြင်းနှစ်ဖြစ်သည်။ ဘာလင်တံတိုင်းကြီးပြိုကျပြီး နောက် ၁၉၇၅ မှ ၁၉၉၀ ပြည့်နှစ်အထိကာလများသည် အနောက်ဥရောပ၏ ပြန်လည်တည်ဆောက်ရေးအချိန်များဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်များသည် ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၏ ပြန်လည်တည်ဆောက်ရေးနှစ်များဖြစ်သည်။ သို့သော် ချောမွေ့သောလမ်းဖြစ်ဟုလည်းကောင်း၊ ၂၀၂၀ တွင် ပြီးစီးမည်ဟုလည်းကောင်း မျှော်လင့်ရန် အကြောင်းမရှိသေးပေ။ အရှေ့ဥရောပရှိ အသစ်ပေါ်ပေါက်လာသည့် (တိုင်းပြည်ဟောင်းလည်း ပါနိုင်သည်။) တိုင်းပြည်များသည် ဈေးကွက်စီးပွားရေးအရ ချမ်းသာလာလိမ့်မည် မဟုတ်ချေ။

●



## အရှေ့အာရှ
## အာရှတိုက်ခေါင်းဆောင်ရွေးပွဲ

နောက်ရာစုနှစ်၏ ပထမလေးနှစ်သည် အရှေ့အာရှရှိ ဂျပန်နှင့် တရုတ်တို့ စီးပွားရေးဖြစ်ထွန်းမှုစစ်မြေပြင်တွင် ဩဇာလွှမ်းမိုးရန် ယှဉ်ပြိုင်ကြလိမ့်မည်။ အခါအားလျော်စွာပင် တရုတ်သည် အာဏာလွှမ်းမိုးသောနိုင်ငံအဖြစ် ပေါ်ထွန်းလာလိမ့်မည်။ လူဦးရေနှင့် မြေပြင်အနေအထားက ထိုကိစ္စအတွက် သေချာပေါက်ဖြစ်နေသည်။ သို့သော် ၂၀၂၀ ခုနှစ်ရောက်မှ စတင်ပီပြင်လာမည်။ အကြောင်းကတော့ တရုတ်ပြည်သည် စီးပွားရေးတိုးတက်မှု လွယ်ကူရန် သို့မဟုတ် ချောမွေ့ရန် နိုင်ငံရေးတာန်းများကို ခုန်ကျော်ရန်ရှိသောကြောင့်ဖြစ်၏။ ၁၉ ရာစုနှစ်သည် ဥရောပ၏ ရာစုနှစ် ၂၀ ရာစုနှစ်သည် မြောက်အမေရိက၏ ရာစုနှစ်ဖြစ်သလို ၂၁ ရာစုနှစ်သည် အာရှ၏ ရာစုနှစ်ဖြစ်၍ ဤနိုင်ငံကြီးနှစ်နိုင်ငံသည် စက်မှုနိုင်ငံသစ်များ၏ ဒေသများအောင်မြင်ရေးအတွက် မဟာမိတ်ဖွဲ့စည်းရန် လိုအပ်လာသည်။ စောစောက ဆွေးနွေးခဲ့သလို

စီးပွားရေးဝေါဟာရဖြင့်ပြောရလျှင် ထိုဘီလူးကြီးနှစ်ကောင်သည် သဘာဝအရ အပေါင်းအဖော်များဖြစ်သည်။ နှစ်နိုင်ငံလုံးသည် ခွန်အားရှိ၍ ပင်ပန်းစွာအလုပ်လုပ်သော လူဦးရေများရှိ၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာ ကျန်ရစ်ခဲ့သည်။ သို့သော် နေရာတိုင်းတွင် သူတို့ မတူကွဲပြားခြားနားကြသည်။ တစ်ဖက်က နည်းပညာရှိ၍ တစ်ဦးက သဘာဝရင်းမြစ်များစွာရှိသည်။ တစ်နိုင်ငံမှာ သက်ကြီးရွယ်အိုများ လျော့နည်းနေပြီး တစ်ပြည်မှာတော့ လူငယ်များ တိုးပွားလာနေ၏။ တစ်နိုင်ငံက ကမ္ဘာ့အင်အားကြီးတစ်နိုင်ငံနှင့် မဟာမိတ်ဖြစ်နေပြီး တစ်ပြည်ကတော့ ဒီမိုကရေစီနိုင်ငံများကို သံသယမျက်စိဖြင့် ကြည့်နေ၏။ အလားအလာအနေဖြင့် နှစ်နိုင်ငံလုံးသည် တစ်ပြည်နှင့်တစ်ပြည် အသုံးတည့်နေကြသည်။ ဘာကြောင့်လဲဆိုတော့ တရုတ်နှင့် ဂျပန်နှစ်နိုင်ငံအကြား သမိုင်းသံသယရှိခဲ့သောကြောင့်ဖြစ်၏။ သူတို့၏ဆက်ဆံရေးကို စိမ်ရန်အလွန်ပင်ခက်ခဲသည်။ သို့သော် သူတို့၏အကျိုးစီးပွားက ထိုသို့ပြုလုပ်ရန်ဖြစ်၏။

ရှေ့တွင် ထိုဘီလူးကြီးနှစ်ကောင် ဘယ်လိုဖွံ့ဖြိုးတိုးတက်လာမည်ကို ဆွေးနွေးမည်။ သို့သော် ဒေသကို ယေဘုယျလေ့လာရန် ပထမပြုလုပ်ရသည်။ နောက်ရာစုလေးပုံတစ်ပုံတွင် အရှေ့အာရှသည် အထူးတလည် တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်၏။ တစ်နည်းအားဖြင့် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှု၌ အမြန်ဆုံး ဒေသဖြစ်လာမည်။ အခြားတစ်ဖက်မှာ ဥရောပနှင့် မြောက်အမေရိကသို့တင်ပို့သော အသေးစားစက်ရုံများမှ ကုန်ပစ္စည်းများသည် အနာဂတ်တွင် အတိတ်ကကဲ့သို့ စွမ်းအားရှိမည်မဟုတ်တော့ပေ။ ထိုပို့ကုန်များကို အသုံးပြုသည့်မူဝါဒသည် စင်ကာပူနှင့် ဟောင်ကောင်ကဲ့သို့ မြို့ငယ်များအတွက် အလုပ်ဖြစ်သည်။ အမေရိကန်၏ မဟာမိတ်များဖြစ်သော ဂျပန်နှင့် ကိုရီးယားတို့က သစွာစောင့်သိကြ၏။ သို့သော် တရုတ်လို ဘီလူးတိုင်းပြည်အတွက် အလုပ်မဖြစ်ပေ။ အမေရိကန်နှင့် အနောက်ဥရောပ (အင်္ဂလန်မပါ) တို့က ကြည့်ရှုထားသော ဂျပန်အား အနည်းငယ်စိတ်မနှံ့သော မိတ်ဆွေတစ်ဦးထက် အန္တရာယ်ရှိသော စစ်ဘေးပြဿနာ ရှုမြင်ထားကြသည်။

အရှေ့အာရှကြီးပွားတိုးတက်လာခြင်းသည် ကြီးမားသောအရိုက်နှင့်တစ်ပြေးညီ ဖြစ်သည်။ တိုင်းပြည်တစ်ခုတွင် ကောင်းသောပြုမူဆောင်ရွက်ချက်သည် အိမ်နီးချင်းတိုင်းပြည်များ၏ လှုပ်ရှားမှုကိုလည်း ဖြစ်စေသည်။ ဗီယက်နမ်ကဲ့သို့ လူသားအလားအလာကောင်းသော တိုင်းပြည်သည် စီးပွားရေးနိုးကြွမှု စတင်နေချိန်ဖြစ်၏။ ထိုအချိန်တွင် တခြားတိုင်းပြည်များသည် လုပ်ခဈေးပေါပေါ လုံလောက်စွာရသဖြင့် နှစ်ပေါင်းအနည်းငယ်အတွက် အလုပ်သမားစရိတ်တစ်ခုတည်းနှင့်ပင် အကျိုးအမြတ်

ရရှိရေး မျှော်လင့်နိုင်သည်။ ဈေးနှုန်းမြင့်သော တိုင်းပြည်များသည် သူတို့၏ အလုပ်ရှမ်းအားစုတွင် ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြသည်။ ထို့ပြင် အလုပ်ရှမ်းအားစုများသည် အလုပ်ကို ပြင်းထန်စွာလုပ်ကြရန်နှင့် ချွေတာကြရန် လေ့လာထားကြသည်။ ဥရောပနှင့် အမေရိကရှိ အလားတူဝင်ငွေရှိသူများနှင့် ယှဉ်ပြိုင်ကြသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်သည် ဥရောပနှင့် မြောက်အမေရိကတို့ထက် လူတစ်ဦးချင်း ဝင်ငွေပိုမိုရရှိသဖြင့် အလုံးအရင်းဖြင့် ပိုမိုချမ်းသာကြွယ်ဝလာမည်ကို နိုင်မာသည့်အကြောင်းနှစ်ခု ပြနိုင်သည်။ သို့မဟုတ် အရှေ့အာရှသည် ကမ္ဘာ့လွှမ်းမိုးဆုံး စီးပွားရေးလျင်မြန်စွာတိုးတက်လာလိမ့်မည်။ ပထမအချက်ကတော့ ဒေသ၏ စီးပွားရေးအင်အားသည် ကျဉ်းမြောင်းစွာအခြေခံထားခြင်းနှင့် ဒုတိယအချက်မှာ အနောက်က ပုံဆူကူးချနိုင်ခြင်းဖြစ်၏။

လစဉ်တိုင်းလိုပင် ဈေးပေါလာသော ထုတ်လုပ်သည့် ကုန်ပစ္စည်းများမှ ငွေရရှိရန် အမြဲရှန်းကန်နေကြရသည်။ အရှေ့အာရှမှ ကုန်ထုတ်သူများက အကောင်းဆုံးထုတ်လုပ်လိုက်သည့် လျှပ်စစ်ပစ္စည်းများ ဈေးကျလာသည်။ ရောင်းထုတ်ဖို့ထိန်းရန်ဆိုသည်မှာ ထုတ်ကုန်ကို ပို၍ပို၍လုပစေရသည်။ ဥပမာ ရောင်စုံတီဗွီများကို တစ်ကြိမ်တစ်ခါ ကုန်ထုတ်သည့်လမ်းကြောင်း ရင့်ကျက်လာလျှင် အမြတ်မရှိတော့ပေ။ ကံအားလျော်စွာပင် လျှပ်စစ်ပစ္စည်းများရှေ့မှ လျင်မြန်စွာသွားနေသဖြင့် ကုန်ပစ္စည်းအသစ် သို့မဟုတ် စစ်မှန်သောတိုးတက်မှုများရှိသည်။ လက်ရှိပစ္စည်းများသည် အနည်းဆုံး နောက်ဆယ်စုနှစ်အထိ သေချာပေါက်ရောင်း၍ တွင်ကျယ်လိမ့်မည်။ သို့သော် ကုန်ထုတ်လုပ်မှုစရိတ်အားလုံး၏ သေးငယ်သောအစိတ်အပိုင်းများအကာယ်ဖြစ်လာလျှင် ထုတ်လုပ်သော တိုင်းပြည်၏ အမြတ်အစွန်း ပျောက်ကွယ်သွားလိမ့်မည်။ အနောက်သို့ ကုန်ပစ္စည်းရောင်းသည့်အပေါ် မှီခိုနေရသည်။ မည်သည့်အာရှနိုင်ငံမဆို အခက်အခဲနှင့် ကြုံတွေ့နိုင်သည်။


ဤကိစ္စသည် ဒုတိယအချက်ကို ရောက်စေသည်။ အနောက်က လေ့လာလိမ့်မည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် နောက်ကာလများစွာသည် ဥရောပသို့ မဟုတ် မြောက်အမေရိက၏ ကုန်ပစ္စည်းများကို အတုယူခဲ့ကြသည်။ ဟောင်ကောင်၊ ဘန်ကောက် သို့မဟုတ် ဆိုးလ်မြို့ရှိ ဈေးဆိုင်တွင် ပစ္စည်းအတုများကို အသင့် လျင်မြန်စွာမြင်တွေ့နိုင်သည်။ ယခုအခါမှာတော့ ဂျပန်သည် ထိုကဲ့သို့ ပစ္စည်းအတု မလုပ်တော့ဘဲ ကုန်ထုတ်နည်းပညာမှာ ကမ္ဘာ့ခေါင်းဆောင်ဖြစ်လာသည်။ ပညာတွင် လမ်းနှစ်သွယ်ရှိ၏။ အမေရိကန်နှင့် ဗြိတိန်တို့သည် ဂျပန်ထံမှ ကုန်ထုတ်နည်းပညာ များကို လေ့လာသင်ယူခဲ့ကြရသည်။ တခြားတိုင်းပြည်များကဲ့သို့

ဂျပန်သည်လည်း စက်ရုံများမှ ကုန်ပစ္စည်း ပိုမိုထုတ်လျှင် တိုင်းပြည်၏ အလုပ်စွမ်းအားစု အချိုးအစား အနည်းငယ်သာ အလုပ်ရကြသည်ကို ကြုံတွေ့နေရသည်။

ဆက်လက်တိုးတက်ရေးအတွက် ဤတိုင်းပြည်များသည် ပြည်ပပို့ကုန်များကို ပိုမိုထုတ်လုပ်ရန်ဖြစ်၏။ သူတို့သည် အနောက်နိုင်ငံများထံ သိပ္ပံပညာများကို လေ့လာခြင်းမပြုတော့ဘဲ ဖြန့်ဖြူးရန်သာ လေ့လာနေကြသည်။ သူတို့ ဤအပြောင်းအလဲကို လုပ်နိုင်ပါ့မလားဟု ရှင်းလင်းစွာမသိရပေ။ ဖမ်းယူခြင်းသည် အပေါ်သို့ဆွဲတင်ခြင်းထက် လွယ်ကူသည်။ ဖန်တီးတာထက် မိတ္တူကူးတာက ပိုလွယ်သည်။

မည်သို့ဆိုစေ မိုငြမ်းရန် ဒေသ၏ထုထည်ကို မည်သူမျှ လျှော့မတွက်သင့်ပေ။ တုံ့ဆိုင်းနေသော စီးပွားရေးများသည် အတွင်းအပြင် ခုန်နိုင်သည့် လှုပ်ရှားမှုများရှိသဖြင့် ဥရောပ သို့မဟုတ် အမေရိကတွင် ပုံတူကူးရန် အလွန်ခက်ခဲသည်။ အကယ်၍ ဤတိုင်းပြည်များက ထူထောင်ထားသောဈေးကွက်များကို ဖြတ်တောက်ပစ်လျှင် အရှေ့အာရှသည် တခြားလုပ်စရာရှိတာကို ရှာဖွေရလိမ့်မည်။ ဥပမာ လျှပ်စစ်ပစ္စည်းများကို မှာယူတင်သွင်းခြင်းဖြစ်၏။

●



## ကမ္ဘာပေါ်တွင် အကြီးမားဆုံးစီးပွားရေးအင်ပါယာ- ဂျပန်

ဂျပန်အပေါ် ညြဇာသက်ရောက်မှု မရှိစေရန် မဖြစ်နိုင်။ ဂျပန်နိုင်ငံသို့ ပုံမှန်သွားရောက်လည်ပတ်သူများသည် တိုကျိုမြို့အား ပိုမိုသန့်ရှင်းနေပုံ၊ စတိုင်လ်အပြည့်

နှင့် စမတ်ကျကျဝတ်စားသွားလာနေကြသည်ကို သူတို့သွားရောက်တိုင်း အထင်းသားမြင်တွေ့ကြရမည်။ စက်ရုံများက ပိုမြဲခေတ်မီပြီး အလုပ်သမားများက ပညာကောင်းကောင်းတတ်ထားကြသည်။ စားသောက်ဆိုင်များက ပိုမြဲဖော်ရွေပျူငှာသည်။ ဤထင်ရှားသော တိုးတက်မှုအပေါ် ခန့်မှန်းတန်ဖိုးဖြတ်ရန် လွယ်ကူသည်။ ၂၀၂၀ ခုနှစ်တွင် ဂျပန်၏စီးပွားရေးသည် နောက်တစ်ကြိမ် ရှေ့သို့ခုန်ပျံတိုးတက်လိမ့်ဦးမည်ဟု ပြောကြသည်။ ထို့ကြောင့် ဂျပန်သည် ကမ္ဘာပေါ်တွင် တခြားဖွံ့ဖြိုးပြီးနိုင်ငံများထက် ကျော်လွန်ပြီး အချမ်းသာဆုံးနှင့် လောကီအာရုံများသောနိုင်ငံ ဖြစ်လာဦးမည်။

လွယ်သည်၊ သို့သော် မှား၏။ ဂျပန်သည် စီးပွားရေးရော ကမ္ဘာပေါ်မှာ သူ့အခန်းကဏ္ဍအမြင်ပါ ဆက်လက်ဖွံ့ဖြိုးလာဦးမည်။ သို့သော် တိုးတက်မှု အလွန်နှေးကွေးပြီး နည်းပေါင်းများစွာတွင် ပိုမြဲခက်ခဲလာမည်။ ဂျပန်ပြည်သူများ တွေ့ကြုံရမည့် စိန်ခေါ်မှုကြီး ၃ မျိုးရှိသည်။

(၁) လူဦးရေထဲတွင် သက်ကြီးရွယ်အိုများလာသဖြင့် ဘယ်လိုအောင်မြင်အောင် စီမံဆောင်ရွက်မလဲ။ ထိုဖြစ်စဉ်သည် စီးပွားရေးတိုးတက်မှုကို မလွဲမရှောင်သာ ကျဆင်းစေပြီး အလုပ်သမားများ၏ လူနေမှုအဆင့်အတန်း နိမ့်ကျစေသည်။

(၂) ကုန်ထုတ်လုပ်ခြင်းကို ဆက်လက်၍ ဘယ်လိုလျှပ်ရှားမလဲ၊ ကြီးမားသော ပြည်ပစီးပွားရေးနှင့် ဘဏ္ဍာရေးအင်ပါယာ၏ ပိုမိုကျွမ်းကျင်သော မန်နေဂျာများဖြစ်လာအောင် ဘယ်လိုလုပ်မလဲ။

(၃) မိမိအမျိုးသားလုံခြုံရေးအတွက် တာဝန်ယူပြီး သေးငယ်၍ နည်းပညာနည်းပါးသော တခြားနိုင်ငံများအား ဦးဆောင်ပြီး ကမ္ဘာ့ဒေသခေါင်းဆောင်ဖြစ်အောင် ဘယ်လိုလုပ်မလဲ။

မည်သည့်နိုင်ငံမှ မျိုးဆက်နှစ်ဆက်တိုင် အိုမင်းဆုံးသော နိုင်ငံကြီးတစ်နိုင်ငံမှသည် နိုင်ငံငယ်ကလေးဖြစ်အောင် ပြောင်းလဲပစ်ခြင်းမရှိပေ။ ထို့ကြောင့် ဂျပန်သည် မိမိကိုယ်မိမိ ဆက်လက်သွားသလို သင်ကြားရပေဦးမည်။ ဂျပန်သက်ကြီးရွယ်အိုများသည် သူတို့၏ကျန်းမာရေးနှင့် ပညာရေးအရ တခြားပြည်များနှင့်မတူဘဲ ပိုမိုအလုပ်လုပ်နိုင်ကြောင်းနှင့် ဝင်ဆံ့နိုင်ကြောင်းကို ငြင်းဆိုပြီး ပြဿနာအဖြစ် ငြင်းခုံနိုင်၏။ ဤကိစ္စတွင် အကြောင်းတချို့ရှိလိမ့်မည်။ ဂျပန်သည် ဝန်ဆောင်မှုလုပ်ငန်းတွင် လုံလောက်သောလုပ်အားကို ကုန်ထုတ်လုပ်ရာတွင် ဖွံ့ဖြိုးတိုးတက်သော အကြံဉာဏ်များဖြင့် လုပ်ပေးနေသည်။ တခြားစက်မှုတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် အလုပ်စွမ်း

အားစုများ၌ အမျိုးသမီးအလုပ်သမားနိုင်းစေမှု အလွန်နည်းပါးသည်။

သို့ရာတွင် သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်စွာစီစဉ်ထားသဖြင့် စီးပွားရေးပျက်စီးမှု မဖြစ်နိုင်တော့ပေ။ တိုင်းပြည်၏ အကျင့်စာရိတ္တကို ပြုပြင်ပေးလိမ့်မည်။ လူအများစုက အနောက်ရုပ်ဝါဒကို ငြင်းပယ်ခြင်း သို့မဟုတ် မေးခွန်းထုတ်ခြင်းများပြုလုပ်ပြီး မိမိတို့၏ မူလယဉ်ကျေးမှုဆီသို့ ပြန်သွားရန်နည်းလမ်း ရှာနေကြသည်။ အတိတ်က ဂျပန်လူမျိုးများကဲ့သို့ပင် ဘာသာရေးအပေါ် ပိုမိုစိတ်ဝင်စားလာကြလိမ့်မည်။ အထီးကျန်ဝါဒဆီသို့ ပြန်လည်သွားသကဲ့သို့ ရိုးရာဝတ်စားဆင်ယင်ခြင်းလို အသေးအဖွဲအသေးစိတ်ကိစ္စများကို ပြသရာရောက်သည်။ ဂျပန်၏ ကိုယ်ကျိုးစီးပွားရေးသည် ကမ္ဘာကြီးကို ဆက်လက်ကြည့်ရှုရန်ဖြစ်၏။ သို့သော် အပြင်ပန်းအားဖြင့် ကြောက်ရွံ့နေကြပုံရသည်။ အကြောင်းမှာ ဂျပန်၏ချမ်းသာကြွယ်ဝမှု၊ လူမှုစည်းကမ်းနှင့် အမိန့်နာခံမှုကို မျက်စိကျနေသော အိမ်နီးချင်းနိုင်ငံများရှိသည်။ ထိုအိမ်နီးချင်းများထဲတွင် တကယ်တော့ တရုတ်ပါသည်။

ဂျပန်နိုင်ငံခြားဝင်ငွေများ၏ တည်ဆောက်ပုံအရ တုံ့ပြန်ချက်များစွာ ဖြစ်လိမ့်မည်ကို ကြည့်ရန်လိုအပ်သည်။ နောင် ၂၅ နှစ်ခန့်ကြာလျှင် ရုပ်ဝတ္ထုများ တင်ပို့မှု ကျဆင်းသွားလိမ့်မည်။ လွန်ခဲ့သည့်ဆယ်နှစ်အတွင်းကလိုပင်ဖြစ်၏။ ဂျပန်သည် ပင်လယ်ရပ်ခြားလုပ်ငန်းများ အမြတ်အစွန်းမှ အခွန်ငွေများနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ် မှီခိုအားထားနေရမည်။ ဂျပန်သည် မမြင်ရသောပြည်ပသို့ ကုန်တင်ပို့သူအဖြစ်မှ မမြင်ရသော ပြည်တွင်းသို့ ကုန်တင်သွင်းသူအဖြစ် ပြောင်းလဲသွားလိမ့်မည်။

ဤအင်ပါယာ၏အရွယ်အစားသည် ပိုမိုကြီးမားလာမည်။ ဥပမာအားဖြင့် ဂျပန်သည် ဗြိတိန်ထံ မော်တော်ကားစက်ရုံ၏ သုံးပုံလေးပုံကို ထိန်းချုပ်ထားနိုင်လိမ့်မည်။ ၂၀၁၀ ခုနှစ်တွင် ဂျာမနီပြီးလျှင် ဂျပန်က ဒုတိယအကြီးမားဆုံးဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဟိုတယ်အများအပြားပိုင်ဆိုင်ပြီး ဥရောပနှင့် အမေရိကန်ရှိ ကော်ပိုရေးရှင်းများတွင် ရင်းနှီးမြှုပ်နှံမှုအချိုးအစား တိုးတက်လာနိုင်သည်။ ဒါရိုက်တာအဖွဲ့တွင် ဂျပန်ကိုယ်စားလှယ်များပါဝင်လာပြီး ကမ္ဘာတစ်ဝန်းလုံးမှာ ဂျပန်၏ စီးပွားရေးသဘောထားဖြင့် စီးပွားရေးအပြုအမူများကို ပုံသွင်းလိမ့်မည်။

ဂျပန်သည် အမေရိကန်က အရှေ့အာရှတွင် စစ်တပ်များ ဆက်မထားတော့မှာကို သိသည်။ ဂျပန်၏ စစ်အင်အားတိုးချဲ့ရေးဝါဒကို သတိရနေကြ၏။ ဂျပန်၏ အခက်အခဲကတော့ သမိုင်းနှင့်အတူရှိနေပြီး နိုင်ငံခြားတိုင်းပြည်များက သံသယဖြစ်လျက်ရှိကြသည်။ ဂျပန်သည် ဂျာမနီနှင့်မတူဘဲ အတိတ်က ကြောက်မက်ဖွယ်ရာများကို အမှန်တကယ်ဖြစ်ခဲ့သည်ဟု လက်ခံယုံကြည်နေကြ၏။ ဒုတိယကမ္ဘာစစ်အတွင်း

ပါဝင်ခဲ့ရသည့်အခြေအနေများနှင့် အရှေ့အာရှနိုင်ငံများကို သိမ်းပိုက်ထားစဉ်ကာလ မှာ မည်သို့အနိုင်ကျင့်ခဲ့သည်ကို ကလေးငယ်များအား သင်ကြားပေးရန်ပင် အခက် အခဲနှင့် တွေ့ကြုံနေရသည်။ ဂျပန်သည် ကမ္ဘာပေါ်တွင် သူ့အခန်းကဏ္ဍမှာ ပါဝင်နေ သည်ကို လက်ခံရာ၌ အမှားရှိနေသည်။ အထူးသဖြင့် သူများမြင်ပုံကို သူတို့မြင်နိုင် စွမ်းမရှိဖြစ်နေ၏။ ၁၉ ရာစုနှစ် ကုန်ဆုံးသောအခါ ဗြိတိန်က ကမ္ဘာပေါ်မှာ သူ့နေရာ ကို မြင်သလိုနီးပါး ဂျပန်ကလည်း မာနကြီးလျက်ပဲရှိသေး၏။ သို့မဟုတ် ဒုတိယ ကမ္ဘာစစ်ကာလအတွင်းမှ အမေရိကန်၏ မာနကြီးသည့်အမူအရာမျိုးဖြစ်၏။

ရှေ့ရေးကိုမျှော်ကြည့်လျှင် ဂျပန်သည် ဦးတည်ချက်နှစ်ခုဆီသို့ သွားနေသည် ကို မြင်ရမည်။ သက်သောင့်သက်သာရှိသော်လည်း အကာအကွယ်နှင့် ဘဝနေထိုင် မှုပုံစံများဆီသို့ ပြန်သွားနိုင်သည်။ ဂျပန်သည် နိုင်ငံခြားသားများကို လက်မခံဘဲ နိုင်ငံခြားသို့လည်း သာသာယာယာမှုနည်းသည့်အလုပ်ကိုသာ တဖြည်းဖြည်းတင်ပို့လိမ့် မည်။ ထိုနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုပေါ်မှ ရရှိသည့်ဝင်ငွေပေါ်ရပ်တည်ပြီး ကျန်ကမ္ဘာ ဒေသများနှင့် ကွဲပြားစွာနေထိုင်မည်ပုံရှိသည်။

သေချာတာနှစ်ခုရှိသည်။ ပထမအချက်ကတော့ ဂျပန်၏ အုံ့ညြဖွယ်ရာ စီး ပွားရေးတိုးတက်မှုသည် အချိန်နှင့်တစ်ပြေးညီ ဖြစ်လျက်ရှိခြင်းဖြစ်၏။ တိုးတက်မှု သည် နှေးကွေးမည်။ သို့သော် ပျောက်သွားလိမ့်မည်မဟုတ်။ ဒုတိယအချက်က တော့ စွမ်းအင်အလျှံပယ်ထွက်နေခြင်းသည် အမြဲတမ်းဆက်လက်ဖြစ်နေမည်မဟုတ်၊ တစ်ခါတစ်ရံ အရှိန်နှုန်းပြောင်းလဲသွားလိမ့်မည်။ ထို့ပြင် စစ်ကြီးပြီးချိန်မှာ ပြေးလွှား ရန်းကန်နေရသည်များ အဆုံးသတ်ပြီး ကွဲပြားသောဦးတည်ချက်များဆီသို့ ရွေ့လျား နေမည်။



## တရုတ်ဘီလူးကြီး နိုးကြားလာခြင်း

၂၀၂၀ ခုနှစ်တွင် တရုတ်ပြည်သည် ကမ္ဘာ့အကြီးဆုံးစီးပွားရေးလမ်းကြောင်းပေါ်သို့ ကောင်းစွာရောက်လာမည်မဟုတ်ဟု မည်သူ့အခြေအနေမျိုးနှင့်မှ တိုင်းတာရန်မဖြစ်နိုင်၊ ခက်ခဲသည်။ သို့သော် ထူးခြားသော တရုတ်ပြည်ဖြစ်လာမည်။ အကြောင်းမှာ ထိုတိုင်းပြည်သည် ဇဟိုဦးစီးစနစ်အရ နိုင်ငံရေးကို ကျင့်သုံးလျက်ရှိသောကြောင့်ဖြစ်၏။ တိုးတက်မှုသည် များပြားလာသော စီးပွားရေးအပြောင်းအလဲများကြောင့်ဖြစ်ပေါ်လာမည်။ ထို့ပြင် ဤအပြောင်းအလဲများကြောင့် ဤကြီးမားလှသော တိုင်းပြည်ကြီးကို အတူတကွဆုပ်ကိုင်ထားသော ကော်စေးများအားနည်းသွားစေနိုင်သည်။ ဤမျိုးဆက်မှစ၍ တရုတ်ပြည်၏ ဒေသအစိတ်အပိုင်းများသည် ယနေ့ဥရောပနှင့် မြောက်အမေရိကတို့ထက် ပို၍ချမ်းသာကြွယ်ဝလာမည်။ (တချို့ဒေသအစိတ်အပိုင်းဟောင်းကောင်း ဖြစ်ချင်ဖြစ်နိုင်သည်။ ဥရောပနှင့် မြောက်အမေရိကတို့ထက်ပို၍ ချမ်းသာလာမည်။) သို့သော် စီးပွားရေးဖွံ့ဖြိုးမှုစတင်မရောက်ရှိနိုင်သောကျေးလက်ဒေသများရှိနိုင်သည်။ စီးပွားရေးဝေါဟာရဖြင့် ပြောလျှင် ထူးခြားသည်များမဖြစ်နိုင်ဟု ဆိုရပေမည်။ ထိုကဲ့သို့သော ပြောင်းလဲဖြစ်တည်မှုသည် တစ်ခုတည်းသော နိုင်ငံရေးယန္တရားစနစ်မှာ ဘယ်လိုလုပ်မလဲဟု ရှုမြင်ရန်ခက်ခဲသည်။ ဘေဂျင်းမှ တရုတ်ပြည်သူတို့သည် အတွေးအခေါ်အရရော ရုပ်ပိုင်းဆိုင်ရာဘဝများပါ ပိုမိုချမ်းသာလာကြလိမ့်မည်။

သို့သော် ဖြစ်နိုင်ခြေအားလုံးအရ ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လျော့ရဲသော ဖက်ဒရေးရှင်းအဖြစ် ပြောင်းလဲသွားလိမ့်မည်။ ဤတွင် ဟောင်ကောင်နှင့် တရုတ်တိုင်ပေတို့လည်းပါသည်။ တကယ်တော့ တရုတ်တိုင်ပေပါပြီးဟောင်ကောင်ကို အောင်မြင်အောင်လုပ်ဖို့နှင့် ပြည်ပမှ တရုတ်အသိုင်းအဝိုင်းထံမှ

အကျိုးအမြတ်များရယူခြင်းသည် တရုတ်ပြည်ကြီးအား တစ်ဝက်တစ်ပြက် လွတ်လပ်ရေးရရှိသော ဒေသအဖွဲ့အစည်းများအဖြစ် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ခြင်းဖြစ်၏။ ဤအဖွဲ့အစည်းကို အတုတကျဖြစ်အောင် ပြုလုပ်သည့် ကော်စေးသည် စီးပွားရေးဖြစ်လိမ့်မည်။ ဥရောပ က အသွင်မတူသော တိုင်းပြည်များကိုပူးပေါင်းရန် လွတ်လပ်သောကုန်သွယ်ရေး အတွင်းဆွဲသွင်းသကဲ့သို့ တရုတ်ပြည်ကလည်း ပြည်နယ်များကိုလွတ်လပ်သော ကုန်သွယ်ရေးကို အသုံးပြုလိမ့်မည်။ အပြန်အလှန်အားဖြင့် တရုတ်သည် အီးယူ ဖြစ်လာလိမ့်မည်။


တကယ်တော့ ဤကဲ့သို့သော အဖွဲ့အစည်းသည် အလုပ်လုပ်ရန်မဖြစ်နိုင်ကြောင်း ဝန်ခံရလိမ့်မည်။ တရုတ်သည် ရှုပ်ထွေးသောနိုင်ငံရေးပြုပြင်ပြောင်းလဲရေးကို လျင်မြန်စွာလုပ်ခဲ့ရသည်။ သက်ကြီးခေါင်းဆောင်များ ကွယ်လွန်သွားကြသလိုမျိုးဆက်ပြောင်းလဲသွားသည်။ ကွန်မြူနစ်ဝါဒအကြွင်းအကျန်များ အမှိုက်ပုံဖြစ်သွားသလို အတွေးအခေါ်တွေ ပြောင်းလဲလာသည်။ စက်မှုစုန်သစ်၏ ဘဏ္ဍာရေးအာဏာသစ်က နိုင်ငံရေးကိုယ်ပိုင်လုပ်ခွင့် တိုးတက်တောင်းဆိုသဖြင့် ဒေသအနေအထားများပြောင်းလဲသွားသည်။ ဆင်းရဲသားများက အလုပ်အကိုင်ရှာဖွေရန် ချမ်းသာသည့်ဒေသများသို့ စီးဝင်လာသဖြင့် လျင်မြန်စွာ စီးပွားရေးတိုးတက်လာသောဒေသများတွင် လူဦးရေတိုးပွားလာ၏။ အလွန်များပြားသော လူဦးရေပြောင်းရွှေ့လာခြင်း၏အကျိုးဆက်အပြည့်အဝကို မြင်တွေ့ရန် အလွန်စောသေးသည်။ သို့သော် ဤပြောင်းရွှေ့မှုကြောင့် စီးပွားရေးဇုန်သစ်များတွင် အာဏာနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိလာသည်။

တရုတ်ပြည်တွင် ဟောင်ကောင်ကိုလည်း ထည့်သွင်းရန်လိုအပ်သည်။ ဤကူးပြောင်းရေးကာလကို လျှော့တွက်ရန်မသင့်ချေ။ တရုတ်ပြည်၏ နိုင်ငံရေးအတွေးအခေါ်သမိုင်း ကြေကွဲသွားသဖြင့် ခိုင်မာသော စီးပွားရေးရပ်တည်ချက် ဖြစ်ပေါ်လာသည်။ ဘေဂျင်းက စိုးရိမ်ပူပန်လျက်ရှိသော တိုင်းပြည်အစိတ်အမြွှာမြွှာပြိုကွဲမည့်အရေးနှင့် ပြည်တွင်းစစ်ဖြစ်ရန် အလားအလာများသည် စစ်ဘုရင်များ ယဉ်ကျေးမှုခေတ်က လုံလောက်သောသမိုင်းရှိခဲ့သည်။

၁၉၉၇ ခုနှစ်နောက်ပိုင်း၌ တရုတ်က ဟောင်ကောင်အား ကိုင်တွယ်ခဲ့ခြင်းသည် တိုးပွားလာသော နယ်မြေသစ်အတွက် လစ်တ်မတ်စ်စမ်းသပ်ချက်ဖြစ်၏။ မရှိမဖြစ်သော ကုန်ပစ္စည်းများမှာယူတင်သွင်းရန်အတွက်နှင့် ကိုယ်ကျိုးစီးပွားရေးအတွက် ငွေစက္ကူတန်ဖိုးမြှင့်ခြင်းသည် ဟောင်ကောင်၏စီးပွားရေးကို မြှင့်တင်ပြီးကာကွယ်ရာရောက်စေသည်။ သို့သော် နိုင်ငံများစွာသည် မိမိတို့အကျိုးစီးပွားအတွက်

ထိုကဲ့သို့ မလုပ်ကြချေ။ ထို့ပြင် ဟောင်ကောင်၏ ကြီးထွားသောအရင်းရှင်စနစ်နှင့် သာမန်ကွန်မြူနစ်စနစ်တို့အား ပူးပေါင်းရန်ကိစ္စမှာ မလွယ်ကူချေ။ ဟောင်ကောင်၏ သဘာဝအခန်းကဏ္ဍသည် တရုတ်ပြည်တောင်ပိုင်းမှာ စက်မှုဒေသဖြစ်ပြီး ရှန်ဟဲက တော့ မြောက်ပိုင်း၏ ကိုယ်ပိုင်စီးပွားရေးနှင့် ဘဏ္ဍာရေးဒေသဖြစ်၏။ နောက်ဆုံးတွင် ရှန်ဟဲသည် ဟောင်ကောင်အား အထက်စီးရနေသည်ဟုယူဆပြီး ပထုတ်နိုင်သည်။ သို့သော် တရုတ်လက်အောက်မှ ဟောင်ကောင်သည် စီးပွားရေးပျက်စီးသွားလိမ့်မည်။ အကယ်၍ သူတို့၏ အဓိကစီးပွားရေးလှုပ်ရှားမှုများဆုံးရှုံးလျှင် မြို့ကြီးများသည် အကြီးအကျယ်ကျဆင်းသွားလိမ့်မည်။ ဟောင်ကောင်၏အနေအထားသည် ယဉ်ကျေးမှုအရနှင့် စီးပွားရေးအရ တရုတ်ပြည်၏အစိတ်အပိုင်းတစ်ခုဖြစ်၏။ သို့သော် တရားဥပဒေနှင့် အုပ်ချုပ်ရေးအရ ဗြိတိသျှကိုလိုနီဖြစ်ခဲ့သောကြောင့် သမိုင်းဖြစ်ရပ်အရ လေးစားသင့်သည်။ စည်းလုံးညီညွတ်မှုကိုရပြီး ဘယ်တော့မှ နောက်တစ်ခါ ပြန်ဖြစ်မည်မဟုတ်။

စီးပွားရေးတိုးတက်မှု မည်သို့ဖြစ်စေ ၂၀၂၀ ခုနှစ်၌ တရုတ်သည် နိုင်ငံရေးစုပေါင်းပါဝါနေရာသို့ ရောက်ရှိမည်မဟုတ်။ ဥရောပကဲ့သို့ပင် တိုင်းပြည် ကွဲပြားသွားလိမ့်မည်။ တရုတ်လူမျိုးများသည် အသက်ကြီးပြီး မာနလည်းကြီးကြသည်။ ထို့ပြင် ပြည်တွင်းမှာ တင်းမာမှုများဖြစ်ပေါ်ပြီး ကမ္ဘာပေါ်မှာ ဖြစ်ခဲ့လှသည့်ဒေသအပေါ် သူတို့ဆန္ဒများ လွှမ်းမိုးရန် ပြိုင်ဆိုင်မှုများဖြစ်ပေါ်နေသည်။ ကောင်းတာလည်း ဖြစ်နိုင်၏။ နောက်ရာစုနှစ်တွင် ကမ္ဘာ့ ကျန်ဒေသများက တရုတ်ပြည်အား ကြောက်ရွံ့လာကြလိမ့်မည်။ သူတို့ စည်းလုံးညီညွတ်မှုနည်းလေ ကမ္ဘာက ဝမ်းသာလေဖြစ်၏။



## ကျားအဟောင်းနှင့် အသစ်များ

ကျားများသည် သူတို့၏လက်သည်းများကို မည်မျှကြာအောင် ဝှက်ထားတတ်ကြသလဲ။ အရှေ့အာရှမှ စက်မှုတိုင်းပြည်အသစ် လေးပြည်ထောင်ဖြစ်ကြသော

တောင်ကိုရီးယား၊ တရုတ်တိုင်ပေ၊ ဟောင်ကောင်နှင့် စင်ကာပူတို့သည် အတူတူစုစည်းတတ်ကြပြီး သူတို့၏အတွေ့အကြုံကို ကျော်လွန်၍ စီးပွားရေးလျင်မြန်စွာ တိုးတက်လျက်ရှိကြသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြပြီး အနာဂတ်မှာလည်း ပိုမိုကူညီကြလိမ့်မည်။ အကြောင်းကတော့ သူတို့သည် ဥရောပနှင့် မြောက်အမေရိကဈေးကွက်များကို မှီခိုအားထားရသည်ထက် အချင်းချင်း အချိုးအစားညီညီ စီးပွားရေးမြှင့်တင်ရန် မျှော်လင့်ထားကြသောကြောင့်ဖြစ်၏။ သို့သော် စီးပွားရေးအောင်မြင်မှုအတွက် တစ်နိုင်ငံက အခြားတစ်နိုင်ငံအား ပိုမိုအားပေးကူညီနေရလျှင် တိုးတက်မှုနှေးကွေးလာနိုင်ပြီး နိုင်ငံရေးက အဓိကအကြောင်း ဖြစ်လာနိုင်သည်။

ကိုရီးယားကတော့ ကိုရီးယားပဲဖြစ်လိမ့်မည်။ အကြောင်းမှာ ၂၀၂၀ ခုနှစ်ရောက်လျှင် တောင်နှင့်မြောက် ကိုရီးယားတို့ ပြန်လည်ပေါင်းစည်းရန် ခက်ခဲသောကြောင့်ဖြစ်၏။ ထို့နောက် ထိုနှစ်နိုင်ငံသည် တစ်နိုင်ငံတည်း မဖြစ်နိုင်။ သို့သော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာနိုင်သည်။ နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးလမ်းကြောင်း လွယ်ကူရန်အကြောင်းများစွာရှိသလို ခက်ခဲရန်အကြောင်းများစွာလည်းရှိနေသည်။

လွယ်ကူရန်အကြောင်းများမှာ–

(၁) ဂျာမနီ ဘာမှားခဲ့သလဲဆိုတာ ကိုရီးယားက မြင်တွေ့ခဲ့ရသည်။ ထိုအတွေ့အကြုံကို လေ့လာရလိမ့်မည်။

(၂) မြောက်ကိုရီးယားသည် အရှေ့ဂျာမနီ၏ မှီခိုရေးယဉ်ကျေးမှုကို ဖန်တီးခြင်း မပြုပေ။

(၃) တောင်ကိုရီးယား၏စီးပွားရေးအောင်မြင်မှုသည် အနောက်ဂျာမနီထက် သာလွန်သည်။

ခက်ခဲသည့်အကြောင်းများမှာ–

(၁) တစ်စုတစ်ပေါင်းတည်း ဖြစ်ရန် အချိန်ကို ဆိုဗီယက်အင်ပါယာ ပြိုကွဲသွားသကဲ့သို့ ပြင်ပမှ အဖြစ်အပျက်က သတ်မှတ်ပေး၍မရ။ သို့သော် မြောက်ကိုရီးယားပြည်တွင်း မငြိမ်မသက်ဖြစ်အောင် လှုံ့ဆော်ခံရလိမ့်မည်။

(၂) မြောက်ကိုရီးယားတွင် နျူကလီးယားလက်နက်အပါအဝင် စစ်အင်အားရှိသည်။

(၃) မြောက်ကိုရီးယားပြည်သူများသည် အရှေ့ဂျာမနီထက် အနောက်ဂျာမနီ၏အတွေးအခေါ်များရှိကြပြီး အနောက်နိုင်ငံများ၏တီဗွီကို

ကြည့်ရှုနိုင်ကြသည်။

(၄) ဂျာမနီမှာကြုံးစားသကဲ့သို့ တောင်ကိုရီးယားသည် မြောက်ပိုင်း၏ လူနေမှုအဆင့်အတန်းကို တောင်ပိုင်းနှင့်ညီမျှအောင် ငါးနှစ်တာကာလ အတွင်း လုပ်ဆောင်ခြင်းမပြုနိုင်ခဲ့ပေ။ (တောင်ပိုင်း၏လူဦးရေသည် မြောက်ပိုင်းထက် နှစ်ဆများသည်။ ဂျာမနီပြည်၏ သုံးပုံတစ်ပုံရှိ သည်)

နှစ်နိုင်ငံ ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အလွန်တရာကွဲပြားလိမ့်မည်။ တစ်ပြည်က တစ်ပြည်အား သိမ်းပိုက်ရေးထက် နှစ်နိုင်ငံပေါင်းစည်းရေးကို စိတ်ဝင်စားကြသည်။ ထိုပြန်လည်ပေါင်းစည်းရေးကိစ္စသည် မြောက်ပိုင်းတွင် နိုင်ငံရေးအကြီးအကျယ်ပြောင်းလဲမှုက ဖြစ်ပေါ်စေမည်။ ထိုပြောင်းလဲမှုသည် နှစ်နိုင်ငံလုံး၏တည်ငြိမ်မှုကို ဆိုးဝါးစွာချက်ဆီးနေသည်။ စီးပွားရေးအောင်မြင်မှုနှင့် လူဦးရေများခြင်းကြောင့် တောင်ပိုင်းက လွှမ်းမိုးနိုင်စွမ်းရှိသည်။ သို့သော် ဈေးကွက်စီးပွားရေးစနစ်အကြောင်း သင်ယူရန်လိုအပ်သည်။ တောင်ပိုင်းမှ ချမ်းသာကြွယ်ဝမှုများကို မြောက်ပိုင်းသို့ ကြီးမားစွာ လွှဲပြောင်းပေးလိမ့်မည်မဟုတ်။

မြောက်ပိုင်း၏ ဈေးကွက်စီးပွားရေးသည် မကြာမီ စတင်လှုပ်ရှားလာလိမ့်မည်။ အထူးသဖြင့် ဗီယက်နမ်က စီမံကိန်းစီးပွားရေးမှသည် ဈေးကွက်စီးပွားရေးသို့ ကူးပြောင်းနေသည်မှာ ထင်ရှားသည်။

ထို့ကြောင့် ၂၀၂၀ ခုနှစ်တွင် ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းပြီး တောင်ပိုင်းက မြောက်ပိုင်းကို စီးပွားရေးလျှင်မြန်စွာပြောင်းလဲပြီး ကူညီလိမ့်မည်။ ပြည်တွင်းစစ်အတွင်းက အပျက်အစီးများကို ပြန်လည်တည်ဆောက်ကြမည်။ တောင်ပိုင်းသည် ယခုလက်ရှိအင်အားနှင့် အားနည်းချက်များစွာရှိနေပြီး စီးပွားရေးအရ သီးခြားရပ်တည်လျက်ရှိ၏။ အလယ်အလတ်တန်းစားနည်းပညာဖြင့် ထုတ်လုပ်ထားသော ကုန်ပစ္စည်းများနှင့် ဂျပန်အတွက် ဆပ်ဘ်ကန်ထရိုက်လုပ်ငန်း လုပ်ပေးရင်း အင်အားကြီးနေဦးမည်။ သို့သော် အပေါ်ဈေးကွက်ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဦးဆောင်နိုင်စွမ်းရှိမည်မဟုတ်။ မြောက်ပိုင်းက ချူကာလီးယားလက်နက်ထုတ်လုပ်ရန် နည်းပညာလိုအပ်နေသည့်အစား ဥရောပနှင့် မြောက်အမေရိကတို့အား ခြိမ်းခြောက်နေသည်ဟု ယူဆခြင်းမပြုကြချေ။ ပြည်တွင်းအတွက် နိုးရိမ်ပူပန်မှုများက ကြီးတင်နေရာယူထားကြလိမ့်မည်။ သို့သော် ဘာတွေဖြစ်မလဲ၊ ဘယ်တော့လဲဟူသောမေးခွန်းကို ဖြေဆိုရန် လွယ်ကူသည်ဟု ရှုမြင်ကြသည်။

တရုတ်တိုင်ပေသည် အခါအားလျော်စွာပင် တရုတ်ပြည်မကြီးနှင့် အဆောင်း

အဖော်ဖြစ်သည်ကို တွေ့မြင်ကြရသည်။ သို့သော် ဆောဆောပိုင်းကာလက ငြင်းခုံခဲ့ကြသလို အချိန်ရောက်တော့ တကယ့်ဆက်နွယ်မှုသည် ကွဲပြားခြားနားသော တရုတ်ပြည်သာဖြစ်၏။ တရုတ်တိုင်ပေ၏စီးပွားရေးသည် ကိုရီးယားထက် ပိုမိုအားကောင်းပြီး ဗဟိုစီမံကိန်းနှင့် ပြည်ပငွေကြေးကို မှီခိုမှုနည်းပါးစွာဖြင့် ကျယ်ပြန့်စွာအခြေခံထားသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်တွင် တရုတ်ပြည်နှင့် ဘယ်လိုပေါင်းသင်းဆက်ဆံသည်ဖြစ်စေ တရုတ်တိုင်ပေ၏ တိုးတက်မှုကတော့ နှေးကွေးသွားလိမ့်မည်။ တရုတ်တိုင်ပေတွင် နောက်တစ်ဆင့် စီးပွားရေးတိုးတက်ရန် အခြေခံအဆောက်အအုံတွင် ကြီးမားသောရင်းနှီးမြှုပ်နှံမှု လိုအပ်သည်သာမက တန်ဖိုးကြီးသောပစ္စည်းများထုတ်လုပ်ရန်လိုအပ်သည်။ လွယ်ကူသည်တော့မဟုတ်။

နိုင်ငံရေးက အလွန်အရေးကြီးသည်။ အကယ်၍ အီးယူနှင့် အမေရိကန်က အရှေ့အာရှတွင် ကာကွယ်ရေးစနစ်ကို ယေဘုယျအားဖြင့်ချမှတ်လျှင် တရုတ်တိုင်ပေအနေဖြင့် တရုတ်ပြည်မကြီး၏ဈေးကွက်ကို မဖြစ်မနေမျှော်ကြည့်ရတော့မည်။ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တည်ဆောက်ရန် အလွယ်ကူဆုံးနည်းကတော့ တဖြည်းဖြည်းတိုးတက်သော စီးပွားရေးအရ ဆက်သွယ်ခြင်းဖြစ်၏။ ၂၀၂၀ ပြည့်နှစ်ရောက်လျှင် တရုတ်တိုင်ပေသည် တရုတ်ပြည်၏စီးပွားရေးဇုန်တစ်ခုဖြစ်လာပြီး ကိုယ်ပိုင်အစိုးရအုပ်ချုပ်ရေးကို ထိန်းသိမ်းရင်း လွတ်လပ်စွာကုန်သွယ်ခွင့် ရရှိလာမည်။

အကယ်၍ နိုင်ငံရေးက တရုတ်တိုင်ပေ၏မျှော်လင့်ချက်ကို လွှမ်းမိုးခဲ့လျှင် ဟောင်ကောင်၏ကိစ္စကိုကြည့်လျှင် အရာအားလုံးပင်ဖြစ်နိုင်သည်။ အစွန်းနှစ်ဖက်ကိုစဉ်းစားကြည့်ကြစို့။ ၂၁ ရာစုနှစ် နယူးယောက်ဟုခေါ်နိုင်သည့် တရုတ်ပြည်၏တောက်ပသော ဘဏ္ဍာရေးမြို့တော်သည် တရုတ်တိုင်ပေဖြစ်လာနိုင်သည်။ သို့မဟုတ် ခုံညားမှုတွေ လွင့်ပြယ်လျက်ရှိသော ငိုက်မျဉ်းနေသည့်မြို့ကလေးတစ်မြို့ဖြစ်လာပြီး တစ်ချိန်က တောက်ပသောဘဏ်အဆောက်အဦတာဝါများနှင့် ရုံးများသည် ညစ်ပေသောအိမ်ရာများဖြစ်လာလိမ့်မည်။ ဒါကတော့ တရုတ်၏ အကြိုက်ပင်ဖြစ်သည်။

စင်ကာပူကတော့ ဗိတ်ကူးယဉ်ရာကောင်း၏ ဘာကြောင့်လဲဆိုတော့ ကမ္ဘာပေါ်မှာ စည်းကမ်းရှိပြီး အမိန့်ပေးခြင်း နာယူခြင်းအရာတွင် အပြစ်ကင်း၍ နမူနာယူလိုက်သော မြို့ပြနိုင်ငံဖြစ်၏။ သို့ရာတွင် သဘာဝရင်းမြစ်မရှိ။ ပညာရေး၌ အသုံးချခြင်းနှင့် စည်းကမ်းလိုက်နာခြင်းတို့တွင် ကမ္ဘာမှာ နမူနာစံပြဖြစ်၏။ သို့သော် အရွယ်သေးငယ်သောကြောင့် ကမ္ဘာ့စီးပွားရေးတွင် အရေးမပါချေ။ မိုနာကိုပြည်အားကြီးသည်ပြောလျှင် တရုတ်ပြည်သည် မသေးငယ်ပေ။ အကယ်၍ ပင်လယ်ရေက

ရတ်တရက် ဝါးမျိုသွားလျှင် ကြေကွဲဖွယ်ရာဖြစ်၏။ သို့ပေမင့် နမူနာတစ်ခုအဖြစ် အရေးကြီးသည်။ နောင်မျိုးဆက်များ စိတ်ဝင်စားသည်ကတော့ အကယ်၍ အရှေ့အာရှတွင် ဂျပန်ကို ယှဉ်ပြိုင်နိုင်ပါက အလျားအတိုင်းဆွဲယူသွားလျှင် မအောင်မြင်နိုင်။ သို့သော် ဥရောပနှင့် အမေရိကန်ရှေ့မှ ဘယ်တိုင်းပြည်ရှိသလဲဟုမေးလျှင် အဲဒါ စင်ကာပူပဲဟု ဖြေရလိမ့်မည်။


စင်ကာပူ၏စွမ်းဆောင်ချက်များသည် မှတ်သားဖွယ်ရာဖြစ်သောကြောင့် ဆက်လက်၍ အကောင်းမြင်ရန်ခက်ခဲသည်။ ပို့ကုန် သွင်းကုန် စီးပွားရေးအချက်အချာတစ်ခုအနေဖြင့် ဒေသတည်ငြိမ်မှုမရှိလျှင် ပျက်စီးသွားနိုင်၏။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ပျက်စီးမှုဖြစ်လျှင် ကုန်သွယ်ရေးလည်း ပျက်စီးသွားလိမ့်မည်။

၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူ၏ ပုံတူရုပ်သည် အောင်မြင်နေသော ကျွန်းငယ်ကလေးအဖြစ် မြင်တွေ့ကြရမည်။ သို့သော် ပြည်သူတွေ၏ စိတ်ဝင်စားမှု လျော့နည်းသွားနိုင်သည်။ လူဦးရေပိုနည်းပြီး အသက်တွေကြီးသွားလိမ့်မည်။ တခြားစင်တာများ ပေါ်ပေါက်လာပြီး စင်ကာပူကို ယှဉ်ပြိုင်လာနိုင်သည်။ အရှေ့အာရှ တခြားနေရာများထက် စင်ကာပူတွင် အနောက်တိုင်း၏နည်းပညာများကို အတုယူရန် လွယ်ကူကြောင်း ပြသလိမ့်မည်။

ဤဒေသများတွင် ကျားအသစ်များ ဖြစ်ပေါ်လာလိမ့်မည်။ ထိုအထဲမှာ နိုင်ငံအရွယ်အစားကျယ်ဝန်းပြီး သဘာဝရင်းမြစ်များ ပေါကြွယ်ဝသော အင်ဒိုနီးရှား ပါဝင်နိုင်သည်။ ဂျပန်နှင့် တရုတ်ပြီးလျှင် အကြီးဆုံးစီးပွားရေးဒေသဖြစ်လာမည်။ ထိုကျားအသစ်ထဲ၌ စင်ကာပူ၏အကူအညီ မလေးရှားလည်း ပါလာနိုင်သည်။ သို့သော် စီးပွားရေးတိုးတက်သည့် အရေးကြီးဆုံးသောနေရာသည် ထွန်းသစ်စမြောက်ပိုင်းမှ တိုင်းပြည်များဖြစ်သည့် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် မြန်မာတို့ဖြစ်၏။ ရိုးသား၍ အရည်အချင်းပြည့်စုံသော အစိုးရက ဈေးကွက်စီးပွားရေးကို ဆောင်ရွက်နေသောကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ထိုဒေသတစ်ခုလုံးသည် စီးပွားရေးစွမ်းဆောင်နိုင်ပြီး တိုးတက်မှုရှိလာနိုင်သည်။ ယနေ့တရုတ်တိုင်ပေကဲ့သို့ ဝင်ငွေရရှိလာမည်။ အစိုးရက ဒီမိုကရေစီအစိုးရဖြစ်ရန်မလို။ အရည်အချင်းရှိပြီး အာဏာသုံးနိုင်ဖို့သာ လိုအပ်သည်။ တိုင်းပြည်အားလုံး ဤကဲ့သို့ မလုပ်နိုင်ကြသည်ပြင် တိုးတက်မှုသည် အခါအားလျော်စွာဖြစ်ပေါ်မည်မဟုတ်။ ထိုင်းက နမူနာပုံစံတစ်မျိုးဖြစ်ပြီး မကြာမီ ဗီယက်နမ်ကပြလိမ့်မည်။ တရုတ်ပြည်၏နမူနာသည် ထိုဒေသတွင် အရေးကြီးသော ရိုက်ခတ်မှုရှိသည်။ အကယ်၍ စစ်ဘုရင်ဝါဒအတွင်းသို့ စုပေါင်းလိုက်

မည်ဆိုလျှင် တခြားအုပ်စိုးသူများအပေါ် အာဏာရှိ၍ မကျေလုံးမပေးနိုင်သော အကျိုး တရားများ ဖြစ်ပေါ်စေမည်။ အကယ်၍ ဗဟိုချုပ်ကိုင်မှုပုံစံတချို့နှင့် အစိုးရအမိန့်ကို ထိန်းသိမ်းဆက်ခံလျှင် ထိုအရာသည် စံနမူနာပြတစ်ခုဖြစ်တော့သည်။ သို့သော် ဒေသသည် သူ၏ ကိုယ်ပိုင်ခရီးဆုံးကို ရောက်အောင်သွားရန်ရှိ၏။ အနောက်မှ မည်သည့်တိုင်းပြည်ကမှ အကူအညီပေးရန် လှုံ့ဆော်လိမ့်မည်မဟုတ်။ ဒေသတစ်ခု လုံးသည် သူ့ကိုယ်ပိုင်လမ်းကြောင်းပေါ်မှာ တိုးတက်လာလိမ့်မည်။

●



## အနောက်နှင့်ဆက်ဆံရေး

ဤအရေးကိစ္စသည် ဒေသတစ်ခုလုံးအတွက် ကြီးမားသော စိန်ခေါ်မှု ဖြစ်ကောင်းဖြစ်လိမ့်မည်။ တောက်ပြောင်ရဲ့စွာပြုလုပ်ခဲ့ကြသည်။ မတော်တဆမဟုတ်။ အသေအချာဖြစ်သည်။ သို့သော် တောက်ပြောင်စွာသင် အချည်းနှီးဖြစ်ခဲ့ပြန်သည်။ သို့သော် ဤတိုးတက်မှုကတော့ ဖြစ်နိုင်သည်။ ဘာကြောင့်လဲဆိုတော့ အနောက်နိုင်ငံများက သူတို့ကုန်ပစ္စည်းများကို ဝယ်ယူရန် ပြင်ဆင်ထားသောကြောင့်ဖြစ်၏။ ထို့ပြင် အကြောင်းချင်းများစွာတွင် ပြင်ပလုံခြုံရေးနှင့် ဆက်နွယ်နေသည်။ အနောက်နိုင်ငံများက အရှေ့အာရှ၏ကုန်ပစ္စည်းများကို ဝယ်ကြသည်မှာ သမိုင်းအရ ဆက်သွယ်မှု (စင်ကာပူ၊ ဟောင်ကောင်)နှင့် စစ်ရေးအရ (ဂျပန်၊ ကိုရီးယား) အကျိုးရှိသောကြောင့်ဖြစ်၏။ အနောက်သည် ထိုကစားပွဲ ဆက်လက်ကစားမည်မဟုတ်။ ကာကွယ်ရေးစနစ်ကို မိတ်ဆက်ပေးပြီး အာရှဈေးကွက်တွင်း အကြီးအကျယ်ဝင်ရွှင်တောင်းဆိုလိမ့်မည်။ စရိတ်နည်းကုန်ထုတ်မှုကို ဒေသ၏ယှဉ်ပြိုင်အကျိုးအတွက် အများအားဖြင့် လျှပ်စစ်ပစ္စည်းများကို ဆက်လက်ထုတ်လုပ်မည်၊ သို့သော် တရုတ်

ကဲ့သို့ စရိုက်နည်းစီးပွားရေးဒေသသို့ ရွှေ့ပြောင်းထုတ်လုပ်ရန်ရှိသည်။ ခေါင်းဆောင်များက အလွန်မြင့်သောနည်းပညာများဖြင့် အနောက်ကို ယှဉ်ပြိုင်ရမည်ဟု တွေ့ရှိကြလိမ့်မည်။ ဂျပန်သည် ဆက်လက်အောင်မြင်ရန် ပြည်ပပို့ကုန်လုပ်ငန်းကို လုံလောက်စွာထိန်းထားရန် စီမံနေသည်။ စီးပွားရေးတစ်ခုလုံး၏အချိုးအစားသည် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအနေဖြင့် ကျုံ့ဝင်လျက်ရှိသည်။ တခြားတိုင်းပြည်များကလည်း အခက်အခဲများကို တွေ့ကြုံနေသည်။ သူတို့ ပိုမိုအောင်မြင်လေ အနောက်နိုင်ငံ များလာမည်ကို စိုးရိမ်ပူပန်နေကြရသည်။ ပြည်ပသို့ ကုန်ပို့ရန်လည်း ပိုမိုခက်ခဲလာကြောင်း သူတို့တွေ့ရလိမ့်မည်။ ထိုဒေသသည် ကြီးပွားရေးအတွက် အတွင်းပိုင်းကို ကြည့်ရမည်။ အပြင်သို့ ကြည့်ရန်မဟုတ်။

မြောက်အမေရိကနှင့် ဥရောပတို့က ကာကွယ်ရေးဝါဒ ချမှတ်ကျင့်သုံးသည်ကို ရှေ့နေလိုက်ရန် မဟုတ်ချေ။ အရှေ့အာရှရှိ ပွင့်လင်းသောစီးပွားရေးဆက်ဆံမှုကို တိတ်တဆိတ်ဝင်ရောက်လာသည့် ကာကွယ်ရေးဝါဒက ဖျက်ဆီးလိမ့်မည်မဟုတ်။ စက်မှုကမ္ဘာနှင့် အကြီးအကျယ်ပျော့ရှင်စွာခံစားရလိမ့်မည်သာ။ ရိုးသားစွာပြောရလျှင် အရှေ့အာရှက လျင်မြန်စွာတိုးတက်လာလေ အနောက်က ကြိုဆိုမှုနည်းလေဖြစ်၏။ ရှေ့အနာဂတ်ကို ကြိုတင်ရှုမြင်သည့်အနေဖြင့် ဒေသက အမေရိကန်နှင့် နိုင်ငံရေးယှဉ်ပြိုင်မှုမပြုလုပ်လျှင် ဘီလူးနှစ်နိုင်ငံဖြစ်သော ဂျပန်နှင့် တရုတ်တို့သည် ၂၀၂၀ ပြည့်နှစ်ရောက်သည့်အခါ အမေရိကန်ကို မျက်စိထဲမှာကြည့်၍ရလိမ့်မည်။ ထို့ပြင် သူတို့၏အခန်းကဏ္ဍကို လေးစားစေချင်သည်။ သူတို့သည် ကမ္ဘာကြီးအား ပုံသွင်းနေလိမ့်မည်။ အာဆီယံခေါင်းဆောင်များသည် ပတ်ဝန်းကျင်နှင့် လူ့သားအခွင့်အရေးကိစ္စများကဲ့သို့သော ကမ္ဘာနှင့်သက်ဆိုင်သည့်ကိစ္စများတွင် ဩဇာရှိရန် မျှော်လင့်ကြသည်။ ထိုအချိန်တွင် ထင်ရှားသော အာဆီယံအတွေးအခေါ်များသည် အနောက်သို့ ဩဇာပျံ့နှံ့စပြုလာပြီ။ အာဆီယံငွေကြေးသည် ဤသို့မဟုတ်လျှင် ... ဤသို့မဟုတ်လျှင် အနာဂတ်တွင် တစ်နေရာသို့ ထွက်သွားနိုင်သည်။ ကျွန်တော်တို့ မှန်းဆရုံသာ တတ်နိုင်သောကြောင့် အန္တရာယ်တချို့တော့ရှိသည်။

●



## ၂၀၂၀ နောက်ပိုင်းအခြေအနေ (နိဂုံးချုပ်)

ယနေ့ခေတ်အခြေအနေနှင့် ထူးခြားစွာပြောင်းလဲခြင်းရှိမည်မဟုတ်သည့် ကမ္ဘာကြီးကို မျိုးဆက်တစ်ဆက်ထက် ကျော်လွန်၍ မှန်းဆကြည့်ရှုရန် မဖြစ်နိုင်ပေ။ ကမ္ဘာကြီး၏တည်ငြိမ်မှုကို ခြိမ်းခြောက်နေသည့် အင်အားစုများသည် မျိုးဆက်သစ် တစ်ဆက်ထက် ပို၍ကြာနိုင်သည်။ သို့သော် သိပ်တော့ကြာမည်မဟုတ်။ ကျွန်တော် သည် အကျိုးအကြောင်းပြည့်စုံစွာဖြင့် နောင်နှစ်ပေါင်း ၃၀ တွင် ဖြစ်ပေါ်လာမည့် အောင်မြင်မှုများကို ယုံကြည်လက်ခံထားသည်။ သို့သော် ထို့ထက်လျှော့နိုင်မည်ဟု မျှော်မှန်းမိသည်။ အကယ်၍ ယခုအခါ ကမ္ဘာကြီးအန္တရာယ်ရှိနေသည်ဟု ထင်မြင် လျှင် ၂၀၂၀ ပြည့်နှစ်ကျော်လျှင် သည့်ထက်အန္တရာယ်ရှိလိမ့်မည်ဟု ထင်ရလိမ့်မည်။

ယခုအချိန်မှာ စူပါ ပါဝါနိုင်ငံကြီးတစ်နိုင်ငံတည်းသာရှိ၏။ ထိုနိုင်ငံကြီးမှာ အမေရိကန်ဖြစ်သည်။ ထိုအမေရိကန်ပြည်သည် ဒီမိုကရေစီစနစ်နှင့် သီးခြားလွတ် လပ်ရေးကို ကျင့်သုံးရာမှာ အမှားတွေ ဘယ်လောက်နက်နဲစွာ ဖြစ်ပေါ်သည်ဖြစ်စေ ဒီမိုကရေစီကိုသာ ဦးတည်၍သွားလျက်ရှိ၏။ အကယ်၍ အမေရိကန်သည် ကုန်ကျ

စရိတ်များသောအပြောင်းအလဲနှင့် ရှုပ်ထွေးသောအဖွဲ့အစည်းနှင့် ဆက်ဆံခြင်းမပြုလျှင် ၂၀၂၀ ပြည့်နှစ်လျှင် စူပါ ပါဝါနိုင်ငံအဖြစ်မှ ရပ်စဲသွားရန် အချိန်နီးကပ်လာလိမ့်မည်။ ကမ္ဘာကြီးကို ဩဇာလွှမ်းမိုး၍ သူ့ပြိုင်ဘက်သည် တရုတ်ဖြစ်နိုင်သည်။ နောင်မျိုးဆက် အမေရိကန်လူမျိုးများသည် ပြိုင်ဘက် တရုတ်များထက်ပို၍ ပညာကောင်းစွာတတ်မြောက်ခြင်း၊ စည်းကမ်းကြီးစွာရှိခြင်းနှင့် စီးပွားရေးအင်အားကို မပြနိုင်လျှင် ထိုအချိန်မှစ၍ ကမ္ဘာ့ခေါင်းဆောင်မှုသည် တဖြည်းဖြည်းနှင့် သို့သော် မလွဲမရှောင်သာဘဲ တရုတ်ပြည်သို့ ရွေ့လျားသွားလိမ့်မည်။ သို့သော် ထိုရွေ့လျားသွားမည့် တရုတ်သည် ယနေ့တရုတ်ပြည်နှင့်မတူ၊ ကွဲပြားခြားနားလိမ့်မည်။ တရုတ်ပြည်သည် ဗဟိုချုပ်ကိုင်မှု ပိုမိုကျင့်သုံးလာနိုင်ပြီး ပြည်ပနယ်စပ်များပေါ်မှာ နိုင်ငံရေးအရ ထိန်းချုပ်မှု လျှော့ချသွားနိုင်သည်။ အကျိုးဆက်ကတော့ ကမ္ဘာကြီး၏ လုံခြုံစိတ်ချမှု လျော့နည်းသွားခြင်းဖြစ်၏။

နောင်မျိုးဆက်သစ်အပေါ် အမေရိကန်၏ ဩဇာလွှမ်းမိုးမှုသည် မလွဲမရှောင်သာဘဲ လျော့နည်းသွားလိမ့်မည်။ သို့သော် အမေရိကန်ပြည်သူလူထုသည် ဘယ်အတိုင်းအတာအထိ ဖြစ်လိမ့်မည်ကို ရွေးချယ်ခွင့်ရှိသည်။ နောင်နှစ်ပေါင်းသုံးဆယ်ကျော်လျှင် သူတို့သည် ဆုံးဖြတ်ချက်ပေါင်းများစွာကို ချမှတ်ရလိမ့်မည်။ ဤဆုံးဖြတ်ချက်ထဲမှ တချို့သည် ဘဏ္ဍာရေး၊ အထူးသဖြင့် ပို၍ချွေတာငွေစုရန်ဖြစ်၏။ ဤဆုံးဖြတ်ချက်အတွက် တိုင်းပြည်သည် မြီရှင် သို့မဟုတ် မြီစားအဖြစ် ဆက်လက်တည်နေမလားဆိုတာ စဉ်းစားရလိမ့်မည်။ တခြားဆုံးဖြတ်ချက်များကတော့ ပညာရေးနှင့်ပတ်သက်သည်။ ထို့ပြင် ပြည်သူ့အမိန့်၊ မူးယစ်ဆေးဝါးအပေါ် သဘောထား၊ မိသားစုအပေါ် သဘောထားဖြစ်၏။ ဤရွေးချယ်မှုများသည် မကြာမီအဆိုသလို ရေရှည်အောင်မြင်တိုးတက်ရေးအတွက် ရေတိုကျေနပ်နှစ်သိမ့်မှုပေးခြင်း ပါဝင်သည်။

တခြားဖွံ့ဖြိုးပြီးနိုင်ငံများသည် မတူညီသော ရွေးချယ်မှုများနှင့် ရင်ဆိုင်နေရ၏။ အမေရိကန်က အနောက်နိုင်ငံ မဟာမိတ်များထဲ ခေါင်းဆောင်အဖြစ် ဆက်လက်တည်ရှိနေမည်ဆိုလျှင် သူတို့သည် အမေရိကန်၏ကာကွယ်မှုအောက်မှာ ခိုနားနေနိုင်ကြလိမ့်မည်။ အမေရိကန်၏ကြီးစိုးမှုကျဆင်းလာသောကြောင့် သူတို့သည် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းသာယာရေးအတွက် ဘယ်လိုတာဝန်ယူကြမလဲဆိုတာကို ဆုံးဖြတ်ကြရလိမ့်မည်။ အနောက်ဥရောပရှိ အမျိုးအစားမတူသော တိုင်းပြည်များသည် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အင်အားတစ်ရပ်အနေဖြင့် အတူတူပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီရှိနိုင်မလားဆိုတာကိုလည်း ဆုံးဖြတ်ကြရပေလိမ့်မည်။ ဆိုလိုသည်မှာ ရှေးက မနာလိုဝန်တိုမှုများကို ဘေးဖယ်ထားလိုက်ဖြစ်၏။ သူတို့၏စီးပွားရေးကို

ဂျပန်နှင့် ကမ္ဘာပေါ်မှာ မည်ကဲ့သို့ သဟဇာတဖြစ်အောင် ပြုလုပ်ရမည်ကိုလည်း ဆုံးဖြတ်ကြရလိမ့်မည်။ သူတို့တိုင်းပြည်တွင် သက်ကြီးရွယ်အိုလူဦးရေက များနေသည်။ ဂျပန်အနေဖြင့်လည်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအင်ပိုင်ယာကို မည်ကဲ့သို့ စီမံခန့်ခွဲမည်ဆိုသည်ကို လေ့လာရလိမ့်မည်။ ထို့ပြင် သူ့ဒေသတွင် ပိုမိုကြီးမားသည့် နိုင်ငံရေးညီဇာ သက်ရောက်ရန် ဆန္ဒရှိ မရှိကိုလည်း ဆုံးဖြတ်သင့်သည်။ ဆိုလိုသည်မှာ ဂျပန်သည် ကိုယ်ပိုင်စစ်သမိုင်းအရ စကားပြောရန်ရှိပြီး အရှေ့တောင်အာရှတွင် သံသယဖြစ်မှုခံနေကြောင်း ပြောချင်ပုံရ၏။ အကယ်၍ အနောက်ဥရောပနှင့် ဂျပန်တို့သည် ပိုမို၍ တာဝန်ကြီးကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့လျှင် နှောင်ရာစုနှစ်၏ ဒုတိယလေးနှစ်တွင် ကမ္ဘာကြီးသည် အလွန်တရာအန္တရာယ်ကြီးသောနေရာဒေသ ဖြစ်လာလိမ့်မည်။

ကမ္ဘာကြီးသည် တိုးပွားလာသောလူဦးရေကို သဘာဝရင်းမြစ်များအပေါ် သည်းမခံနိုင်လောက်အောင် အာရုံစူးစိုက်ခြင်းမပြုဘဲ ကျွေးမွေးနိုင်သည်။ သို့သော် လူဦးရေ ဆက်လက်တိုးပွားလာလျှင် ၂၀၂၀ ပြည့်နှစ်လွန်လျှင် ဤကဲ့သို့တိုးတက် ကျွေးမွေးရန် ခက်ခဲလာလိမ့်မည်။ သတင်းအရ မိသားစုကလေးများသည် လူဦးရေ လျင်မြန်စွာတိုးလျက်ရှိသော တိုင်းပြည်များသို့ သေရေးရှင်ရေးတမျှ ပျံ့နှံ့သွားကြမည် ဆိုလျှင် ဝေ်မွတ်ခြင်းနှင့် စိတ်ဒုက္ခရောက်ခြင်းဘေးတို့မှ လွတ်မြောက်ကြလိမ့်မည် ဟု သိရှိရသည်။ ကံအားလျော်စွာ လူဦးရေတိုးမှုအားလုံးသည် ယခုအခါ ဆင်းရဲသည့် တိုင်းပြည်များတွင်ရှိသည့်အချက်ကြောင့် ချမ်းသာသည့်နိုင်ငံနှင့် ဆင်းရဲသည့် နိုင်ငံများ၏ ဆက်ဆံမှုသည် အလွန်အမင်းအာရုံစိုက်ခံနေရသည်။ ချမ်းသာသည့် နိုင်ငံများသည် ဆင်းရဲသည့်နိုင်ငံများလူဦးရေတိုးပွားခြင်းကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ကူညီရန်လိုအပ်လာသည်။ သို့သော် လောကနှစ်ခုအကြား ယုံကြည်မှုနှင့် နားလည်မှု ရှိရန် လိုအပ်သော်လည်း မရှိဘဲဖြစ်နေ၏။ စက်မှုကမ္ဘာတွင် လူဦးရေတိုးခြင်းကို (ဥပမာ ရောမကက်သလစ်ဘုရားကျောင်း) အမှန်တကယ် ထိန်းထားနိုင်သည်။ နှစ်စဉ် လူဦးရေ ကိုးသန်းကျော်တိုးနေသဖြင့် နှောင်ရာစုနှစ်ထက်ဝက်ရောက်လျှင် ဖိအားပေးမှုနှင့် ကြုံကြရလိမ့်မည်။

လူဦးရေ လျင်မြန်စွာတိုးခြင်းမရှိလျှင်လည်း သဘာဝရင်းမြစ်အားလုံး၏ ဖိအားပေးမှုကတော့ ပိုများလာသည်။ ဖိအားပေးမှုအတိုင်းအတာသည် သဘာဝ အလျောက် ဖြစ်ပေါ်လာခြင်းဖြစ်၏။ ဥပမာ ရေကောင်းရေသန့် ပေးဝေဖြန့်ဖြူးရန်ကိစ္စ သည် ရပ်ကြွင်းလောင်စာ ဖြန့်ဖြူးရေးထက် ပိုမိုခက်ခဲသည်။ သဘာဝရင်းမြစ်ပေါ်များ သည့်နေရာမှာပင် သုံးစွဲရန် ကုန်ကျစရိတ်များသည်။ ကမ္ဘာ၏ ရပ်ကြွင်းလောင်စာ

များသည် မျိုးဆက်များစွာကြာသည့်တိုင်အောင် ရှိနေဦးမည်ဟု ခန့်မှန်းကြသည်။ သို့သော် ရာသီဥတုပြောင်းလဲသဖြင့် ကုန်ကျစရိတ်များလာမည်မှာ ထင်ရှားသည်။ ရေကို အဖိုးတန်ပစ္စည်းအဖြစ် အရေးတကြီးမှတ်ယူထားရမည်။ အကြောင်းမှာ ကမ္ဘာ့နေရာတချို့တွင် မျိုးဆက်တစ်ဆက်အတွင်း ပြတ်လပ်မှုနှင့် ကြုံနိုင်သောကြောင့်ဖြစ်၏။ သဘာဝရင်းမြစ်အားလုံးသည် ရှားပါးသဖြင့် ချွေတာသုံးစွဲသည့် ယဉ်ကျေးမှုအား အနာဂတ်မှာ ရှားပါးပြတ်လပ်မှုမရှိသည့်တိုင်အောင် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရန်လိုအပ်သည်။ ဤမျိုးဆက်က ပြုလုပ်သည့် ဆုံးဖြတ်ချက်များသည် နောက်မျိုးဆက်အတွက် ကမ္ဘာကြီး လုံခြုံသလားနှင့် လောကွတ်ပျူငှာရှိရဲ့လားဆိုတာကို စဉ်းစားကြည့်ရလိမ့်မည်။

ယခုအချိန်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဘာတွေဖြစ်လာမလဲဆိုသည်မှာ လူသားများ၏အနာဂတ်အတွက် အလွန်အရေးကြီးသည် ဤအကြောင်းအရာသည် ဖွံ့ဖြိုးပြီးကမ္ဘာ၏ ပစ္စုပ္ပန်ကာလမှာ အဓိကဆွေးနွေးစရာဖြစ်နေသည်။ ထို့ပြင် ဆက်သွယ်လာမည့် တိုင်းပြည်သစ်များအတွက် မကြာမီဆွေးနွေးစရာ အဓိကအချက်ဖြစ်လာလိမ့်မည်။ အကယ်၍ ကျွန်တော်တို့သည် ပုဂ္ဂလိကတစ်ဦးချင်းအနေဖြင့် နေ့စဉ် ဘဝမှာ နေထိုင်ရသောနည်းလမ်းများကို သဘောပေါက်ပြီး ကြင်နာသော ဆုံးဖြတ်ချက်များ ချမှတ်လျှင် ကျွန်တော်တို့နေထိုင်ရသော လူမှုအဖွဲ့အစည်းသည် ပို၍ သဘောကောင်းပြီး ကြင်နာသနားတတ်လာလိမ့်သည်။ သည့်ထက်ပို၍ ပြောရလျှင် ဖွံ့ဖြိုးပြီးကမ္ဘာသည် တခြားတိုင်းပြည်များအတွက် စံပြဖြစ်လာနိုင်သည့်အပြင် ဖွံ့ဖြိုးသည့်အနေအထားကို ဆွမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ တခြားနည်းအားဖြင့် အကယ်၍ ကျွန်တော်တို့သည် ဖျင်းရိပြီး အဂတိလိုက်စားကြကာ လောဘကြီးလျှင် ချမ်းသာကြွယ်ဝသော ကမ္ဘာကြီးသည် သြဇာတိက္ကမ ကျဆင်းမည့်အပြင် ချမ်းသာကြွယ်ဝမှုလည်း နည်းပါးသွားလိမ့်မည်။ ဤဆွေးနွေးချက်သည် ပြည်သူအားလုံးအတွက်ဖြစ်ပြီး နိုင်ငံရေးသမားများအတွက် မဟုတ်။ ကမ္ဘာကြီးသည် ၂၀၂၀ ပြည့်နှစ်အထိ ပြောင်းလဲတိုးတက်နေသည်ကို ကျွန်တော်တို့ နားလည်သဘောပေါက်လျှင် အနာဂတ်နှစ်ပေါင်းများစွာလွန်သည်အထိ လုံခြုံစိတ်ချရသည့်အခွင့်အရေးကို ရရှိနိုင်ကြပေလိမ့်မည်။